MYANMAR HARP

# ဒီမိုကရေစီ နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်း

သူရိန်မျိုးမြင့်



ပုံနှိပ်

# မှတ်တမ်း

ထုတ်ဝေသူ ● ဦးကျော်စွာ(၀၂၃၉၂)
(Myanmar Marp Media)
အမှတ်(၁၈၀)၊ မြေညီထပ်၊ ၃၅ လမ်း (အလယ်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၉၇၂၇၄၂၁၅၀၊ ၀၉ ၇၇၇၀၀၁၀၀၇

ပုံနှိပ်တိုက် ● ဦးအောင်ဇော်ထွန်း၊ ပုံရိပ်ရှင် အော့ဖ်ဆက် (၀၀၈၃၆)
အမှတ် (၈)၊ အိမ်ကြီးလမ်း၊ (၉) ရပ်ကွက်၊ ရေကျော်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း ● တော်တီဆွေ

ထုတ်ဝေသည့်ခုနှစ် ● ၂၀၁၉

တန်ဖိုး ● ၃၅၀၀ ကျပ်

အုပ်ရေ ● ၅၀၀

ထုတ်ဝေသည့်ကပ်ပါတလောက်အညွှန်း (CIP)

သူရိန်မျိုးမြင့်

ဒီမိုကရေစီနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း

ဦးကျော်စွာ(Myanmar Harp)၊ ၂၀၁၉။

# ဒီမိုကရေစီနှင့်
# ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း

## သူရိန်မျိုးမြင့်


MYANMAR HARP

မြန့်ဖိုရေး

**Myanmar Harp Publishing House**

အမှတ်(၁၈၀)၊ မြေညီထပ်၊ ၃၅ လမ်း (အလယ်)

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉၉၇၂၇၄၂၁၅၀၊ ၀၉၇၇၇၀၀၁၀၁၇

# မာတိကာ


အခန်း (၁)

ဒီမိုကရေစီဆိုသည်မှာ ၁၁

- ဒီမိုကရေစီရဲ့အဓိပ္ပါယ် ၂၄
- ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း ရှုထောင့်များ ၂၉

အခန်း (၂)

အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ ၃၃

- ဒီမိုကရေစီအတွက် ကြိုတင်လိုအပ်ချက်များ ၃၆
- နိုင်ငံရေးဇာတ်ကောင်များ ဒီမိုကရေစီကို ရွေးချယ်ခြင်း ၄၃
- လတ်တလော အသွင်ကူးပြောင်းမှုများ ၄၆
- အသွင်ကူးပြောင်းခြင်းနှင့် ခိုင်မာစေခြင်းဖြစ်စဉ်များ ၆၄

အခန်း (၃)

ရပ်တန့်သွားသောအသွင်ကူးပြောင်းမှုများ ၇၇

- ရွေးကောက်ပွဲနှင့် ဒီမိုကရေစီ ၈၁
- ချိန်ခွင်နိုင်ငံများနှင့် ဒီမိုကရေစီ ၉၃
- ထိပ်ပိုင်းအီလစ်များ၏ လွှမ်းမိုးမှုနှင့် ဒီမိုကရေစီ ၉၈
- လူထုလှုပ်ရှားမှုနှင့် အဖွဲ့အစည်းများ ၁၀၃

အခန်း (၄)

ပြည်ပနိုင်ငံများ၏အကူအညီဖြင့်
အသွင်ကူးပြောင်းခြင်း ၁၀၉

- ပြည်ပနိုင်ငံများနှင့် ဒီမိုကရေစီ ၁၁၃
- ဒီမိုကရေစီကို အစပြုခြင်း ၁၁၈
- အကြီးမားဆုံး စိန်ခေါ်မှုဖြစ်သော
  ခိုင်မာစေခြင်း အဆင့် ၁၂၂

အခန်း (၅)

ဒီမိုကရေစီကြောင့်ဖြစ်ပေါ်လာသောပြည်တွင်း
အကျိုးဆက်များ (ဖွံ့ဖြိုးမှုနှင့်လူမှုဖူလုံရေး) ၁၃၅

- ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ်အငြင်းအခုံ ၁၃၈
- အိန္ဒိယနှင့် တရုတ် ၁၄၅
- အာဏာပိုင်စနစ်၏ ပုံစံများ ၁၅၇
- အာဏာပိုင်စနစ် အခြေခံဖွံ့ဖြိုးတိုးတက်မှုပုံစံ ၁၅၉
  - အာဏာပိုင်စနစ်အခြေခံဖွံ့ဖြိုးမှုပုံစံ ၁၆၀
  - အာဏာပိုင်စနစ်အခြေခံ ထိပ်ပိုင်းအီလစ်
    အကျိုးစီးပွားအဓိကပုံစံ ၁၆၃
- ဒီမိုကရေစီ၏ ပုံစံများ ၁၆၇
  - ထိပ်ပိုင်းအီလစ်များ လွှမ်းမိုးသော
    ဒီမိုကရေစီနှင့် ဆိုရှယ်ဒီမိုကရေစီ ၁၆၇
  - လူထုအခြေပြုဒီမိုကရေစီ ၁၇၂
  - လတ်တလော ဒီမိုကရေစီ
    အသွင်ကူးပြောင်းခြင်းများတွင် တွေ့ရသည့်
    စီးပွားရေးစွမ်းဆောင်ချက် ၁၇၄

● ဒီမိုကရေစီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၁၇၇
● ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ၁၈၀

အခန်း (၆)
**ဒီမိုကရေစီနှင့်နိုင်ငံတကာအခင်းအကျင်း**
**(ငြိမ်းချမ်းရေးနှင့်ပူးပေါင်းဆောင်ရွက်ခြင်း)** ၁၈၅
● ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအခြေအခံ ၁၈၈
● ပြည်တွင်းအခင်းအကျင်း ၁၉၃
(ဒီမိုကရေစီနိုင်ငံများ၏ နိုင်ငံခြားရေးပေါ်လစီ)
● နိုင်ငံတကာအခင်းအကျင်း ၂၀၅
(ဒီမိုကရေစီနိုင်ငံများကြားမှ ပူးပေါင်းဆောင်ရွက်မှု)
● ဒီမိုကရေစီနိုင်ငံများကြား
စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု ၂၁၂
● ငြိမ်းချမ်းရေးဟာ ဒီမိုကရေစီရဲ့
ရလာဒ်ဟုတ်သလား ၂၁၆

အခန်း (၇)
**ဒီမိုကရေစီနှင့်ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း၏**
**အနာဂတ်** ၂၁၉

## အခန်း (၁)

# ဒီမိုကရေစီဆိုသည်မှာ

# ဒီမိုကရေစီဆိုသည်မှာ

ဒီမိုကရေစီဆိုတာဟာ အုပ်ချုပ်ရေးပုံစံတစ်မျိုးဖြစ်ပြီး ပြည်သူတွေက အုပ်ချုပ်တဲ့ စနစ်လည်းဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာကျင့်သုံးရမယ့် နည်းလမ်းတွေ၊ ဒီစနစ် ရှင်သန်ဖို့အတွက်ရှိရမယ့် အခြေအနေတွေ၊ ကြိုတင် လိုအပ်ချက်တွေနဲ့ ပတ်သက်လို့လည်း ရာစုနှစ်ပေါင်းများစွာ ငြင်းခုံခဲ့ကြတာကိုတွေ့ရမှာ ဖြစ်ပါတယ်။ အမှန်တကယ်လည်း ဒီမိုကရေစီနဲ့ ပတ်သက်တဲ့ ပြောဆိုဆွေးနွေးမှုတွေကို ရှေးဟောင်းဂရိခေတ်အထိ ခြေရာကောက်ကြည့်လို့ ရပါတယ်။ ဒီမိုကရေစီနဲ့ ကမ္ဘာမှာ ယနေ့ရှိနေတဲ့ သူ့ရဲ့ အနေအထားကို နားလည်ဖို့ဆိုရင်တော့ သူ့ရဲ့ အဓိပ္ပါယ်ရယ်၊ ယနေ့တွေ့နေရတဲ့ သူ့ရဲ့ အဓိကသွင်ပြင်လက္ခဏာတွေရယ်၊ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှု အခြေအနေတွေက ဒီမိုကရေစီရဲ့ အရည်အသွေးအပေါ် ဘယ်လိုသက်ရောက်သလဲဆိုတာရယ် စတာတွေနဲ့ ပတ်သက်တဲ့ အရေးအပါဆုံး ငြင်းခုံဆွေးနွေး မှုတွေကို သိမြင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် ဒီအကြောင်းအရာတွေကို ဆက်လေ့လာကြည့်ပါမယ်။

ဒီမိုကရေစီဆိုတဲ့ ဝေါဟာရက ဂရိစကားလုံးနှစ်လုံးကနေ ဆင်းသက်လာတယ်။ အဲဒါကတော့ ပြည်သူ (demos) နဲ့ အုပ်ချုပ်ရေး (kratos) ပဲ ဖြစ် တယ်။ ပြည်သူ့အုပ်ချုပ်ရေးဆိုတဲ့ ဝေါဟာရကိုကြည့်ရင် ရှင်းလင်းလွန်းနေတယ်လို့ ထင်ရပေမယ့်၊ တကယ်တော့ ရှုပ်ထွေးတဲ့ အကြောင်းခြင်းရာတွေကိုလည်း မြင်ရတယ်။ အရေးအပါဆုံးတွေကို အနှစ်ချုပ် ကြည့်မယ်ဆိုရင် ဒီလိုတွေ့ရမယ်။

(၁) ပြည်သူတွေဆိုတာက ဘယ်သူတွေကို ပြောတာလဲ။
(၂) ပြည်သူတွေက ဘယ်လိုပါဝင်ဆောင်ရွက်မှုမျိုးတွေ လုပ်နိုင်မလဲ။
(၃) ပြည်သူတွေကို ပါဝင်ဆောင်ရွက်လာစေတဲ့ အခြေအနေတွေက ဘာတွေလဲ။
(၄) ဒီမိုကရက်တစ်နည်းကျတဲ့ လှုပ်ရှားဆောင်ရွက်မှုတွေ ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာကို ဘယ်လို သတ်မှတ်မလဲ။
(၅) ဒီမိုကရက်တစ် စည်းမျဉ်းတွေက ဘာတွေနဲ့ သက်ဆိုင်နေသလဲ။ တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတွေကြားက ဆက်ဆံရေး၊ စီးပွားရေး၊ ပြည်တွင်းနယ်ပယ် ဒါမှမဟုတ် ကိုယ်ရေးကိုယ်တာနယ်ပယ် စတာတွေနဲ့ရော သက်ဆိုင်သလား။
(၆) ပြည်သူတွေရဲ့ အုပ်ချုပ်မှုဆိုတာကို မဖြစ်မနေ လက်ခံရမှာလား။ လက်ခံမှုနဲ့ ဆန့်ကျင်မှုတွေကို ဘယ်လို ဖော်ပြနိုင်မလဲ။
(၇) ပါဝင်ဆောင်ရွက်မှု မရှိသူတွေအတွက်ရော၊ ဘယ်လို အခြေအနေမျိုးတွေကို ခွင့်ပြုပေးထားသလဲ။
(၈) ဒီမိုကရေစီမှာက ဘယ်လို အခြေအနေမျိုးမှာ ကိုယ့်ပြည်သူတွေကို ဖြစ်စေ၊ ပြည်ပကိုဖြစ်စေ၊ အင်အားသုံးပြီးနိုင်ထက် စီးနင်းလုပ်ပိုင်ခွင့်ရှိသလဲ။

MYANMAR HARP

သေချာတာကတော့ ဒီမိုကရေစီအကြောင်းကို ဆွေးနွေးတဲ့အခါမှာ ပြည်သူ့အုပ်ချုပ်ရေးကို ထူထောင်နိုင်စေမယ့် နည်းလမ်းတွေနဲ့ ပတ်သက်တဲ့ သီအိုရီတွေတင်မကပဲ၊ ဘယ်လိုအကောင်းဆုံးတည်ဆောက်သင့်တယ်ဆိုတာကို တွေးခေါ်ထားတဲ့ ဒဿနတွေလည်း ပါဝင်နေရမှာဖြစ်တယ်။ ဒါ့အပြင် မတူတဲ့ အချိန်ကာလတွေမှာ မတူတဲ့ လူ့အဖွဲ့အစည်းတွေအတွင်း အုပ်ချုပ်ရေးစနစ်တွေကို တည်ဆောက်ခဲ့ကြတာနဲ့ ပတ်သက်တဲ့ လက်တွေ့ အတွေ့အကြုံတွေကိုလည်း နားလည်နေရမှာဖြစ်တယ်။ လူမှုရေး ဆက်စပ်အခြေအနေတွေ ပြောင်းလဲတာနဲ့ အမျှ ဒီမိုကရေစီအပေါ် ငြင်းခုံဆွေးနွေးမှုတွေ၊ အမြင်ရှုထောင့်တွေဟာလည်း ပြောင်းလဲလာတယ်။

သမိုင်းမှာကြည့်ရင် ဒီမိုကရေစီကို မလိုလားခဲ့သူတွေထဲမှာ ပလေတိုဟာ ထင်ရှားတယ်။ အေသင်မြို့ကြီး ဆုတ်ယုတ်ပျက်စီးလာတာ၊ စပါတာကို စစ်ရှုံးတာ၊ ကျင့်ဝတ်တွေနဲ့ခေါင်းဆောင်မှုတွေ ပျက်စီးလာတာတွေကို မြင်ပြီး၊ သူက အေသင်ရဲ့ ဒီမိုကရေစီကို ဝေဖန်ခဲ့တာ။ အေသင်မှာက ဒီမိုကရေစီဆိုတာ ညံ့ဖျင်းတဲ့ လူများစုရဲ့ အုပ်ချုပ်ရေးပဲလို့ သူကမြင်တယ်။ လူတွေက ပရမ်းပတာနဲ့ ကိုယ်လုပ်ချင်ရာ လုပ်နေကြပြီး၊ မိသားစုအတွင်းမှာ၊ စာသင်ကျောင်းတွေမှာနဲ့ နေရာတိုင်းမှာ အထက်အာဏာပိုင်တွေကို လေးစားမှု မရှိကြတော့ဘူး။ ဒီလိုနဲ့ အဆုံးမှာတော့ ဥပဒေတွေကို မလေးစားယုံတင်မက၊ ဥပဒေဆိုတာဟာ လူတွေရဲ့ လွတ်လပ်မှုကို တိုက်ခိုက်နေတာလို့တောင် မြင်လာကြလိမ့်မယ်။ ဒီအခါမှာ တော့ မင်းမဲ့အခြေအနေတွေ ဖြစ်လာမယ်။ ဝရုန်းသုန်းကားတွေ ဖြစ်လာမယ်။ ဒီအခြေအနေတွေက အာဏာရှင်တစ်ဦးထဲက အုပ်ချုပ်တဲ့ မင်းဆိုးမင်းညစ် အုပ်ချုပ်ရေးကို ပေါ်ပေါက်လာစေလိမ့်မယ်လို့ သူက ထင်မြင်ခဲ့တယ်။ ဒါမျိုး မဖြစ်ဖို့အတွက်အဖြေကတော့ ကောင်းမွန်စွာ လေ့ကျင့်သင်ကြားထားတဲ့ ပညာရှိ ဒဿနဆရာတွေကို အုပ်ချုပ်စေဖို့ပဲလို့ သူကပြောတယ်။

MYANMAR HARP

ရောမအင်ပါယာ အားနည်းလာတဲ့အချိန်မှာတော့ ဒီမိုကရေစီ အကြောင်း ဆွေးနွေးငြင်းခုံမှုတွေ ပျောက်သွားတယ်။ အလယ်ခေတ်ရဲ့ ကံကြွေးချေစနစ်မှာက အာဏာဟာ ရွေးကောက်ခံ အဖွဲ့အစည်းရဲ့ လက်ထဲမှာ မရှိဘူး။ မျိုးရိုးစဉ်ဆက် ဆက်ခံမှု ဒါမှမဟုတ် အင်အားသုံး သိမ်းပိုက်မှုတွေမှာပဲ အခြေခံတယ်။ ရီနေဆွန်းခေတ်ရောက်တော့မှသာ ဒီမိုကရေစီအကြောင်း ကို ပြန်လည်ပြောဆိုလာကြပြီ။ ၁၉ ရာစုရောက်တဲ့အခါမှာတော့ အတော်ကြီးကို ဖြစ်ထွန်းနေပြီ။ ဒီကာလအတွင်းမှာက ဒီမိုကရေစီအိုင်ဒီယာတွေဟာ ခေတ်သစ်စက်မှုအရင်းရှင် လူ့အဖွဲ့အစည်းရဲ့ ဖြစ်ထွန်းမှုနဲ့ ဆက်စပ်ပြီး ပေါ်ပေါက်လာခဲ့တယ်။ ဒီနိုင်ငံတွေမှာ လစ်ဘရယ်ဒီမိုကရေစီ စပေါ်လာတော့ လွတ်လပ်မှုနဲ့ ပတ်သက်တဲ့ အငြင်းအခုံ အသစ်တွေလည်း ပေါ်ထွက်လာတယ်။ ဘာကြောင့်လဲဆိုတော့ လစ်ဘရယ်တန်ဖိုးတွေဟာ တစ်ခုနဲ့ တစ်ခု ပြိုင်ဆိုင်နေကြလို့ ဖြစ်တယ်။ ဉပမာအားဖြင့် တန်းတူညီမျှမှုနဲ့ စုစည်း ညီညွတ်မှု တန်ဖိုးတွေဟာ တစ်သီးပုဂ္ဂလ လွတ်လပ်မှုနဲ့ ကိုယ့်ကို ကိုယ်ပိုင်စိုးမှု တန်ဖိုးတွေနဲ့ ယှဉ်ပြိုင်နေတာမျိုး ဖြစ်နေနိုင်တယ်။ ဒါဆိုရင် ပြိုင်ဆိုင်နေတဲ့ တန်ဖိုးတွေကြားက သင့်လျော်တဲ့ လစ်ဘရယ်ဒီမိုကရက်တစ်မျှခြေဟာ ဘာဖြစ်မလဲ။ အဲဒီလို မျှခြေမျိုးရော၊ ရှိနိုင်ပါ့မလား။

လတ်တလောကာလတွေမှာတော့ ကမ္ဘာအနှံ့က နိုင်ငံတွေမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်တွေ ပေါ်ပေါက်နေပြီ။ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ အခြားသော အကြောင်းအရာတွေကလည်း နိုင်ငံတွေကို ပိုနီးကပ်အောင် လုပ်နေတယ်။ ဒီဖြစ်ထွန်းမှုတွေကြောင့် ဒီမိုကရေစီကို ဖွံ့ဖြိုးစေမယ့် စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ လူမှုရေး အခြေအနေတွေနဲ့ ပတ်သက်ပြီး ငြင်းခုံမှုအသစ်တွေလည်း ထပ်ပေါ် ပေါက်လာတယ်။ ဒါကြောင့် ဒီမိုကရေစီရဲ့ အဓိကသွင်ပြင်တွေကို ခေတ်သစ်အမြင်အရ လေ့လာကြည့်မယ်၊ ငြင်းခုံမှု အဓိကဖြစ်နေတဲ့ နယ်ပယ်တွေကို လေ့လာကြည့်မယ်။

MYANMAR HARP

လစ်ဘရယ်ဝါဒဟာ အလယ်ခေတ် အထက်အောက်ဖွဲ့စည်းပုံကို ဆန့်ကျင်ပြီး ပေါ်ထွက်လာတယ်။ အဲဒီခေတ်တုန်းကဆိုရင် အာဏာရှင်ဆန်တဲ့ ဘုရင်တွေက သူတို့ရဲ့ အကြွင်းမဲ့အာဏာ ကျင့်သုံးမှုကို ဘုရားသခင်က ခွင့်ပြုတယ်လို့ ပြောတတ်ကြတယ်။ ဒီစနစ်ဟောင်းကို လစ်ဘရယ်ဝါဒက မျက်နှာစာနှစ်ခုကနေ တိုက်ခိုက်တယ်။ ပထမက လစ်ဘရယ်ဝါဒီတွေဟာ နိုင်ငံတော်ရဲ့ ပါဝါလျှော့ကျသွားဖို့ တိုက်ပွဲဝင်တယ်။ ပုဂ္ဂလိက လုပ်ငန်းတွေ၊ နိုင်ငံတော်မဟုတ်တဲ့ အင်စတီကျူးရှင်းတွေ၊ မိသားစုတွေနဲ့ ကိုယ်ရေးကိုယ်တာ ဘဝတွေလိုမျိုး၊ လူမှုဆက်ဆံရေးတွေကို နိုင်ငံတော်ရဲ့ စွက်ဖက်မှုမခံရဘဲ၊ ဖြစ်ထွန်းလာဖို့ လိုလားကြတယ်။ တဖြည်းဖြည်းနဲ့ လစ်ဘရယ်ဝါဒဟာ ဘာသာရေး၊ စီးပွားရေးနဲ့ နိုင်ငံရေးတွေကို တစ်ယောက်ချင်းစီကနေ မိမိတို့ကြိုက်သလို၊ ရယူကြမယ်ဆိုတဲ့ တစ်သီးပုဂ္ဂလ မူဝါဒနဲ့တွဲဖက်လာတယ်။ ဒီအရေးအရာတွေဟာဆိုရင် နေ့စဉ်ဘဝတွေနဲ့ သက်ဆိုင်နေတာလည်း ဖြစ်တယ်။ ဒါ့အပြင် ဒီအယူအဆအတွင်းမှာ ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုကို အခြေခံတဲ့ ဈေးကွက်စီးပွားရေးကိုလည်း အားပေးထားတယ်။

ဒုတိယကတော့ အစောပိုင်းလစ်ဘရယ်ဝါဒမှာက နိုင်ငံတော်အာဏာကို သူ့အလိုအလျောက် ဖြစ်လာတယ်ဆိုတာမျိုး၊ သဘာဝလွန် တန်ခိုးရှင်တစ်ယောက်ကနေ ပေးလိုက်လို့ ရလာတယ်ဆိုတာမျိုးကို လက်မခံဘူး။ အချုပ်အခြာအာဏာပိုင် ပြည်သူတွေရဲ့ ဆန္ဒအရသာ ပေါ်ပေါက်လာရမှာဖြစ်တယ်။ ဒီအယူအဆကနေ နောက်ဆုံးမှာ ဒီမိုကရေစီကို တောင်းဆိုမှုဆီဦးတည်သွားတာကို တွေ့နိုင်တယ်။ ဒါပေမယ့် အဲဒီအချိန်တုန်းကတော့ ဒီမိုကရေစီ ယန္တရားတွေ တည်ဆောက်ဖို့ ဆိုတာကို အစောပိုင်းလစ်ဘရယ်ဝါဒက ဦးစားပေးမထားဘူး။ လစ်ဘရယ်ဒီမိုကရေစီရဲ့ အစဉ်အလာကိုကြည့်ရင် ပထမဆုံးလစ်ဘရယ်အရင်ဖြစ်ရမယ် (အရပ်ဘက်လူ့အဖွဲ့အစည်းအပေါ် နိုင်ငံတော်အာဏာရဲ့ ချုပ်ခြယ်မှုကိုကန့်သတ်ခြင်း)၊ နောက်မှသာ ဒီမိုကရက်တစ်

MYANMAR HARP

ဖြစ်ရမယ် (နိုင်ငံတော်အာဏာကိုင်စွဲသူတွေကို လူများစုရဲ့ ထောက်ခံမှုနဲ့ ရွေးချယ်မယ့် စနစ်တည်ဆောက်ခြင်း)။ တကယ်တော့ လစ်ဘရယ်တွေဟာ ဒီမိုကရေစီကို ရှုံ့တွန့်တွန့် ဖြစ်ခဲ့ကြဘူးတယ်။ ဒီမိုကရေစီက လစ်ဘရယ် လူ့အဖွဲ့အစည်း တည်ဆောက်မှုကို ဖျက်ဆီးပစ်မယ်လို့ စိုးရိမ်ခဲ့ကြဖူးတယ်။ အမှန်တကယ်လည်း လစ်ဘရယ်ဒီမိုကရေစီ ဖြစ်ထွန်းလာခြင်းဟာ ဒီနှစ်ခု ကြားက ရှုပ်ထွေးတဲ့ ဆက်ဆံရေးကို သဟဇာတဖြစ်အောင် လုပ်လိုက်နိုင်တာ ကြောင့်လို့ ဆိုရမယ်။

လစ်ဘရယ်ဒီမိုကရေစီရဲ့ အစောဆုံးပုံစံကတော့ ၁၈၂၀ ခန့်မှာ ဂျရယ် မီဘန်သမ်နဲ့ ဂျိမ်းမေးလ်တို့ရဲ့ အရေးအသားတွေကို အခြေခံပြီး ဖြစ်ထွန်းလာတယ်။ ဒီပုံစံကို အကာအကွယ်ပေးသော ဒီမိုကရေစီလို့ အချို့က ခေါ်ကြတယ်။ ဒီပုံစံမှာ နိုင်ငံသားတွေကို အစိုးရဆီကနေ ကာကွယ်ပေးတဲ့ အယူအဆတွေကိုတွေ့ရပြီး၊ အုပ်ချုပ်သူတွေဟာ နိုင်ငံသားတွေရဲ့ အကျိုးစီးပွား နဲ့ ကိုက်ညီမယ့် ပေါ်လစီ တွေကိုသာဆောင်ရွက်ဖို့ ဆိုထားတယ်။ ဒီလိုမျိုး ဖြစ်နေဖို့အတွက် မဲပေးရွေးချယ်တဲ့ စနစ်ရှိနေမယ်၊ အုပ်ချုပ်သူတွေကို မဲ ဆန္ဒရှင်တွေက ဖယ်ရှားနိုင်မယ်။

လက်တွေ့မှာတော့ သူတို့နှစ်ယောက်စလုံးက အမျိုးသမီးတွေနဲ့ အလုပ်သမားလူတန်းစားအများစု မဲပေးခွင့်မရတာကို လက်ခံခဲ့ကြတယ်။ ဒါကြောင့် သူတို့က ဒီမိုကရက်တစ်အပိုင်းထက် လစ်ဘရယ်အပိုင်းကို ပို အားသန်တယ်လို့ ဆိုရမယ်။ သူတို့က နိုင်ငံရေးနယ်ပယ်မှာ ကန့်သတ်မှုတွေ လုပ်နိုင်ဖို့ လိုလားတယ်။ အထူးသဖြင့် အစိုးရရဲ့ လှုပ်ရှားမှုတွေနဲ့ အစိုးရ အင်စတီကျူးရှင်းတွေကို ကန့်သတ်လိုကြတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်း ဟာ ကိုယ့်ဘာသာကိုယ် လည်ပတ်မှာဖြစ်တယ်။

ဒီအမြင်အရ ဒီမိုကရေစီဆိုတာဟာ လူများစုကနေ ဥပဒေပြုနိုင်မယ့် စနစ်တစ်ခုဖြစ်လို့ လိုလားအပ်တယ်။ ဒါပေမယ့် ဒီလူများစုဟာ အစိုးရရဲ့

MYANMAR HARP

လုပ်ရှား မှုတွေအပေါ် ကန့်သတ်ချက်တွေရှိနေတာကိုလည်း လက်ခံရလိမ့်မယ်။ ဒါဟာ အလွန်အရေးကြီးတယ်။ ဒီလိုမှမဟုတ်ရင် ဒီမိုကရေစီနဲ့ လွတ်လပ်မှု တို့ ပဋိပက္ခ ဖြစ်နေလိမ့်မယ်။

ဒါကြောင့် ဒီသဘောတရားကိုကြည့်ရင် နိုင်ငံသားတွေအပေါ်မှာရှိတဲ့ နိုင်ငံရေးအာဏာကို ထိန်းချုပ်နိုင်ဖို့ အဓိကထားတာကိုတွေ့ရတယ်။ လွတ်လပ်မှုဆိုတာက အရပ်ဘက်လူ့အဖွဲ့အစည်း နယ်ပယ်ထဲမှာရှိတဲ့ တစ်သီးပုဂ္ဂလ လွတ်လပ်မှုဖြစ်တယ်။ ဒီမိုကရေစီဆိုတာက ဒါကိုရရှိဖို့အတွက် နည်းလမ်း တစ်ခု ဖြစ်နိုင်တယ်။

ဂျိမ်းမေးလ်ရဲ့ သားဖြစ်တဲ့ ဂျွန်စတူးဝပ်မေးလ် (၁၈၀၆–၁၈၇၃) ကတော့ သူ့အဖေထက်ကို ဒီမိုကရက်တစ် အပိုင်းမှာ ပိုအားတက်သရော ရှိတယ်။ သူက ဒီမိုကရေစီကို လွတ်လပ်တဲ့ လူသားဖွံ့ဖြိုးမှုအတွက် အရေး ပါတဲ့ အစိတ်အပိုင်းလို့မြင်တယ်။ နိုင်ငံရေးဘဝအတွင်း ပါဝင်ဆောင်ရွက် ခြင်းဖြင့် တစ်ဦးချင်းရဲ့ အစွမ်းအစတွေကို အမြင့်ဆုံးနဲ့ သဟဇာတအဖြစ်ဆုံး ချဲ့ထွင်ထားတဲ့ အခြေအနေဆီ ဦးတည်သွားနိုင်မယ်လို့ ဆိုတယ်။ ဒါပေမယ့် တချိန်တည်းမှာပဲ အကာအကွယ်ပေးသော ဒီမိုကရေစီရဲ့ အခြေခံအယူအဆ တွေထဲက တစ်ခုကိုလည်း သူကလက်ခံထားတယ်။ အဲဒါကတော့ နိုင်ငံသား တွေအတွက် အမြင့်ဆုံးလွတ်လပ်မှု ဖြစ်ဖို့ဆိုရင် နိုင်ငံတော်ရဲ့ လှုပ်ရှားမှု နယ်ပယ်တွေကို ကန့်သတ်ဖို့ လိုအပ်တယ်ဆိုတဲ့ အချက်ပဲ ဖြစ်တယ်။ သူက ကိုယ်စားပြုအစိုးရနဲ့ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေး အတွဲအဖက်ကို ကြိုမြင်ခဲ့တယ်။

မဲပေးခွင့်နဲ့ ပတ်သက်လို့တော့ တချို့သူတွေမှာ မဲအရေအတွက် ပိုပေးခွင့်ရှိတာမျိုးကို သူကလိုလားတယ်။ အသိပညာနိမ့်ပြီး အရည်အချင်း လည်းနည်းတဲ့ သူတွေထက် ပညာရှိပြီး အရည်အချင်းရှိသူတွေကို မဲအရေ အတွက် ပိုများများပေးခွင့် ရစေချင်တယ်။ ဒါပေမယ့်လည်း ဂျွန်စတူးဝပ်မေးလ်

MYANMAR HARP

ဆီမှာ သူ့အဖေထက်ပို ဒီမိုကရက်တစ်ဖြစ်တဲ့ အယူအဆနှစ်ခုရှိတယ်။ ပထမတစ်ခုက ကျင့်ဝတ်အမြင်ဖြစ်တယ်။ သူက နိုင်ငံရေးလုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်ခြင်းကို လွတ်လပ်မှုနဲ့ ကိုယ့်ကိုကိုယ် ဖွံ့ဖြိုးတိုးတက်မှုကို ရစေနိုင်မယ့် နည်းလမ်းအဖြစ်မြင်တယ်။ ဒုတိယတစ်ခုကတော့ သူက ၁၉ ရာစုနှစ်အလယ် အင်္ဂလိပ်လူ့အဖွဲ့အစည်းမှာတွေ့ရတဲ့ မညီမျှမှုတွေကို တိုက်ရိုက်ထိပ်တိုက်ရင်ဆိုင်တယ်။ ဒါတွေက ဒီမိုကရက်တစ် လုပ်ငန်းစဉ် အတွက် အဟန့်အတားတွေပဲလို့ သူကယူဆတယ်။ မိန်းမတွေကို နှိမ်ထား တာကို သူက ပြင်းပြင်းထန်ထန်ဝေဖန်ပြီး၊ လိင်ပိုင်းဆိုင်ရာ တန်းတူညီမျှ မှုဟာ လူသားဖွံ့ဖြိုးမှုနဲ့ ဒီမိုကရေစီအတွက် ကြိုတင်လိုအပ်ချက်ပဲလို့ ပြောတယ်။ သူက နိမ့်ကျတဲ့ လူတန်းစားတွေရဲ့ လူသားဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားထားတဲ့ ဝင်ငွေ၊ ခနနဲ့ အာဏာ အလွန်အမင်း မညီမျှမှုတွေကိုလည်း ပြင်းထန်စွာ ဝေဖန်တယ်။ ဒါတောင်မှ သူ့ရဲ့ အယူအဆတွေမှာ ဝိရောဓိတွေကို တွေ့နေရတယ်။ သူက ပါဝင်ဆောင်ရွက်ခြင်းနဲ့ တန်းတူညီမျှမှုကို ပြောတဲ့ တချိန်တည်းမှာပဲ၊ အစိုးရရဲ့ လှုပ်ရှားမှုတွေကို ကန့်သတ်ချုပ်ခြယ်ချင်တယ်။ ဒီတော့ကာ မညီမျှမှုနဲ့ ပတ်သက်ပြီး၊ အစိုးရက ဘာမှလုပ်စရာမလိုဘူးလို့ အဓိပ္ပါယ်ထွက်နေတယ်။ နောက်တစ်ခုက အပေါ်မှာ ပြောခဲ့သလို၊ ပိုတော်တဲ့ သူတွေကို မဲအရေအတွက် ပိုပေးခွင့်ရစေချင်တယ် ဆိုတော့ကာ သူလိုချင်တဲ့ တန်းတူညီမျှမှုနဲ့ ဆန့်ကျင်ဘက် ဖြစ်နေပြန်ရော။

ဒီလို မေးလ်ပြောတဲ့ ပါဝင်ဆောင်ရွက်ခြင်းဟာ ဒီမိုကရေစီရဲ့ အရေးပါတဲ့ အစိတ်အပိုင်းဖြစ်ပြီး၊ လူမှုစီးပွား မညီမျှမှုဟာ ဒီမိုကရေစီနဲ့ နိုင်ငံရေးတန်းတူညီမျှမှု တွေကို ဟန့်တားနေတယ်ဆိုတဲ့ အယူအဆတွေကို အချို့သော တွေးခေါ်ရှင်တွေဆီမှာလည်း တွေ့ရတယ်။

ရှုဆိုး (၁၇၁၂– ၁၇၇၈) ဆိုရင် ကိုယ်စားပြုမှု အယူအဆကို ဝေဖန်ပြီး၊ နိုင်ငံသားတွေဟာ ဥပဒေပြုခြင်းမှာ တိုက်ရိုက်ပါဝင်သင့်တယ်လို့

MYANMAR HARP

ဆိုတယ်။ ဒီလိုမှ မဟုတ်ရင် ဘာလွတ်လပ်မှုမှ ရှိမှာမဟုတ်ဘူးလို့လည်း ဆိုတယ်။ အင်္ဂလိပ်တွေဟာ သူတို့ကိုယ်သူတို့ လွတ်လပ်တယ်လို့ ထင်နေကြတယ်။ တကယ်တော့ ရွေးကောက် ပွဲကာလ အတွင်းမှာသာ လွတ်လပ်နေတာဖြစ်ပြီး။ ရွေးကောက်ပွဲ ပြီးသွားတာနဲ့ ကျွန်တွေ ပြန်ဖြစ်သွားကြတယ်လို့ ဆိုခဲ့တယ်။ ဒီတော့ကာ စစ်မှန်တဲ့ လွတ်လပ်မှုရဖို့အတွက် တိုက်ရိုက်ဒီမိုကရေစီကို လိုအပ်တယ်။

သူ့ရဲ့ အယူအဆတွေဟာ ဒီနေ့ ခေတ်သစ်ကာလမှာတွေ့ရတဲ့ လူဦးရေ များပြားလှတဲ့ လူ့အဖွဲ့အစည်းတွေအတွက် အလုပ်မဖြစ်တာကြောင့် ခေတ်မစားတော့ဘူး။ ဒါပေမယ့် ပညာရှင်မက်ဖာဆန်နဲ့ ပိတ်မန်တို့ကတော့ ရူဆိုးရဲ့ အိုင်ဒီယာတွေဟာ ယနေ့အချိန်အတွက်လည်း အသုံးပြုလို့ရပြီး။ ဒီမိုကရေစီကို ပုံမှန်ထက် အဆင့်မြင့်ချင်တယ်ဆိုရင် ကိုယ်စားပြုအစိုးရစနစ်နဲ့ တိုက်ရိုက်ပါဝင်ဆောင်ရွက်မှုတွေကို ပေါင်းစပ်ပေးဖို့ လိုတယ်လို့ ဆိုကြတယ်။ သူတို့ရဲ့ အဆိုအရ ဒေသန္တရလူ့အဖွဲ့အစည်းနဲ့ မိမိတို့ရဲ့ အလုပ်ခွင်တွေမှာ တိုက်ရိုက်ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကိုယ်စားပြု ဒီမိုကရေစီဟာ အရည်အသွေး ပိုမြင့်လာမယ်လို့ ဆိုကြတယ်။

မေးလ်လိုပဲ၊ ရူဆိုးကလည်း လူမှုစီးပွား မညီမျှမှုကြောင့် နိုင်ငံသားတွေ အနေနဲ့ နိုင်ငံရေးအခွင့်အရေးတွေကို တန်းတူမရနိုင်ဘူးလို့ ယုံကြည်တယ်။ နောက်တစ်မျိုးပြောမယ်ဆိုရင် လူမှုစီးပွား မညီမျှမှုရှိနေရင် နိုင်ငံရေးဒီမိုကရေစီ မရှိနိုင်ဘူး။ ကားလ်မာ့က်စ် (၁၈၁၈–၁၈၈၃) ကလည်း မညီမျှမှု တည်ရှိနေတဲ့အဖြစ်နဲ့ အရင်းရှင် လူ့အဖွဲ့အစည်းက ထုတ်လုပ်လိုက်တဲ့ လူတန်းစား ကွာခြားမှုနဲ့ကို ဆက်စပ်ပြတယ်။ အရင်းရှင်လူ့အဖွဲ့အစည်းအတွင်းမှာ နိုင်ငံရေးတန်းတူမှုရှိတဲ့ နိုင်ငံသားတွေကို အခြေခံထားတဲ့ လွတ်လပ်တဲ့ ရွေးကောက်နဲ့ နိုင်ငံတော်ဆိုတာ ဟန်ပြသက်သက်ဖြစ်ပြီး။ အရင်းရှင်လူတန်းစားရဲ့ အုပ်ချုပ်ရေးကို မမြင်နိုင်အောင် ဖုံးကွယ်ထားတယ်။ စစ်မှန်တဲ့ နိုင်ငံရေးနဲ့

MYANMAR HARP

စီးပွားရေး တန်းတူညီမျှမှုတွေကိုရဖို့ရယ်၊ နိုင်ငံတော်နဲ့ လူ့အဖွဲ့အစည်းအတွက် ဒီမိုကရေစီ အပြည့်အဝရဖို့ရယ်ဆိုရင် အရင်းရှင်စနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စနစ်နဲ့ အစားထိုးရမယ်။ ဒီလိုနဲ့ အဆုံးမှာ ကွန်မြူနစ်ဝါဒကို ရရှိမယ်။ လွတ်လပ်မှုနဲ့ ဒီမိုကရေစီကိုရရှိဖို့ လစ်ဘရယ်အရင်းရှင်ဝါဒကို ပယ်ချရမှာဖြစ်တယ်။

အရင်းရှင်ဝါဒနဲ့ ဒီမိုကရေစီရဲ့ကြားက ဆက်ဆံရေးနဲ့ပတ်သက်တဲ့ အငြင်း အခုံတွေကိုကြည့်မယ်ဆိုရင် ဒီလိုတွေ့ရမယ်။ လစ်ဘရယ်အမြင်အရ အရင်းရှင်စနစ်ကသာ လွတ်လပ်မှုနဲ့ ဒီမိုကရေစီအတွက် လိုအပ်တဲ့ အခြေခံ တွေကို ဖန်တီးပေးနိုင်မယ်။ မာ့က်စ်ဝါဒအမြင်က ဒါကိုပယ်ချတယ်။ အရင်းရှင် စနစ်ကို ဆိုရှယ်လစ်စနစ်နဲ့ အစားထိုးရမယ်လို့ ပြောတယ်။ ဒါပေမယ့် အရင်းရှင်စနစ်ကို အခြေခံတဲ့ လစ်ဘရယ်ဒီမိုကရေစီနိုင်ငံတွေထက် ပိုပြီး ဒီမိုကရက်တစ်ဖြစ်တဲ့စနစ်ကို မာ့က်စ်ဝါဒ အစဉ်အလာကိုလက်ခံတဲ့ အရင်းရှင် မဟုတ်တဲ့ နိုင်ငံတွေက မတည်ဆောက်ပြနိုင်တာကြောင့် လစ်ဘရယ် အမြင် က အောင်ပွဲခံလိုက်တယ်လို့ ဆိုနိုင်တယ်။

ဒါပေမယ့် အငြင်းအခုံတွေက ဒီမှာတင် ပြီးသွားတာမဟုတ်ဘူး။ အရင်း ရှင်စနစ် ကျင့်သုံးတဲ့နိုင်ငံတိုင်း ဒီမိုကရေစီနိုင်ငံ ဖြစ်နေတာမဟုတ်သလို၊ စီးပွားရေး မညီမျှမှုကြောင့် ဒီမိုကရေစီအတွက် ဆိုးကျိုးတွေ ဖြစ်လာတယ် ဆိုတာကို သိဖို့ အတွက်လည်း မာ့က်စ်ဝါဒီတစ်ယောက် ဖြစ်နေစရာမလိုဘူး။ ရောဘတ်ဒါးလ်ကဆိုရင် ခေတ်သစ်ကော်ပိုရိတ် အရင်းရှင်စနစ်ကြောင့် လူမှု ရေးနဲ့ စီးပွားရေး မညီမျှမှုတွေ သိပ်ကြီးမားလာပြီး၊ နိုင်ငံရေးတန်းတူညီမျှ မှုနဲ့ ဒီမိုကရက်တစ်လုပ်ငန်းစဉ်တွေအပေါ် ကြီးမားတဲ့ ဆိုးကျိုးတွေ ဖြစ်လာစေ တယ်လို့ ဆိုခဲ့တယ်။ သူက စီးပွားရေးကို စုပေါင်းထိန်းချုပ်မယ့် စနစ်ကို အကြံပြုခဲ့တယ်။ ဒီလိုမျိုး စီးပွားရေးနဲ့ လူမှုရေးအတွက် အစိုးရကသာ မဟုတ်ဘဲ၊ ကျန်သူတွေကပါ ဝင်ရောက်ဆုံးဖြတ်မယ့် စနစ်ကို အခြားသူတွေ

MYANMAR HARP

ကလည်း အကြံပြုခဲ့ကြတယ်။

ဒါကြောင့် အရင်းရှင်ဝါဒနဲ့ ဒီမိုကရေစီနဲ့ ပတ်သက်တဲ့ လတ်တလော အငြင်းအခုံတွေမှာဆိုရင် အမြင်နှစ်မျိုးကိုတွေ့ရမယ်။ ပထမတစ်မျိုးက အစိုးရရဲ့ စွက်ဖက်မှုကို ကန့်သတ်ချုပ်ခြယ်ပြီး၊ တစ်သီးပုဂ္ဂလရဲ့ ဘဝ၊ လွတ်လပ်မှုနဲ့ ပိုင်ဆိုင်မှုကို ကာကွယ်မယ့် အမြင်၊ ဒုတိယတစ်မျိုးက အရင်းရှင်ဝါဒကို ပြုပြင် ပြောင်းလဲဖို့ လိုအပ်ပြီး၊ ဒါမှသာ နိုင်ငံရေးမှာသာ မဟုတ်ဘဲ၊ လူမှုရေးနဲ့ စီးပွားရေး ဘဝတွေမှာပါ၊ မညီမျှမှု လျော့ကျသွားပြီး၊ ဒီမိုကရေစီ ပိုမြင့်လာမယ်ဆိုတဲ့အမြင်ပဲ ဖြစ်ပါတယ်။

**ဒီမိုကရေစီရဲ့အဓိပ္ပါယ်**

သေချာတာကတော့ ပြည်သူ့အုပ်ချုပ်ရေး အယူအဆမှာ ရှုပ်ထွေးတဲ့ သဘောတရားတွေ ပါဝင်နေတယ်။ ယနေ့အချိန်မှာ ဒီမိုကရေစီဆိုတာ ဘာလဲလို့ ပြောမယ်ဆိုရင် စံနှုန်းတွေအပေါ် အခြေခံပြီး စဉ်းစားရမှာဖြစ်တယ်။ အခြေခံအားဖြင့် ဒီမိုကရေစီနဲ့ ပတ်သက်ပြီး သတ်မှတ်ချက်နှစ်မျိုးကို တွေ့ရမယ်။ ပထမသတ်မှတ်ချက်က ဘောင်ကျဉ်းပြီး၊ ဒုတိယသတ်မှတ်ချက်ကတော့ ပိုကျယ်ပြန့်တယ်။

ဘောင်ကျဉ်းတဲ့ အယူအဆကို ဖော်ထုတ်ခဲ့သူကတော့ ဂျိုးဇက်ရှုမ်းပီတာ ဖြစ်တယ်။ သူ့အတွက်တော့ ဒီမိုကရေစီဆိုတာ နိုင်ငံရေးခေါင်းဆောင်တွေကို ရွေးကောက်ခြင်းသာဖြစ်တယ်။ မဲရဖို့ ပြိုင်ဆိုင်နေတဲ့ နိုင်ငံရေးခေါင်းဆောင်တွေကို ရွေးချယ်ခွင့်က နိုင်ငံသားတွေဆီမှာရှိတယ်။ ရွေးကောက်ပွဲနှစ်ခုကြားမှာတော့ ဆုံးဖြတ်ချက်တွေကို နိုင်ငံရေးသမားတွေကသာလျှင် ပြုလုပ်တယ်။ နိုင်ငံသားတွေ အနေနဲ့ နောက်ရွေးကောက်ပွဲကျရင် နောက်ထပ် ရွေးချယ်ခွင့် ထပ်ရမယ်။ ဒီလို ရွေးကောက်ပွဲအချိန်တွေမှာ ခေါင်းဆောင်တွေကို ရွေးချယ်နိုင်တာဟာ ဒီမိုကရေစီပဲ။

MYANMAR HARP

ဒီထက် ပိုကျယ်ပြန့်တဲ့ အယူအဆကိုတော့ ရောဘတ်ဒါးလ်က ဖော်ထုတ်ခဲ့တယ်။ သူက ဒီပုံစံကို ပေါ်လီအာခီလို့ သုံးစွဲတယ်။ ပေါ်လီအာခီ ဟာ ရွေး ကောက်ခံအစိုးရနဲ့ နိုင်ငံသားလွတ်လပ်ခွင့်တွေရဲ့ ပေါင်းစပ်မှု အပေါ် တည်မှီနေပြီး၊ လူ့အဖွဲ့အစည်းအတွင်းရှိ ကွဲပြားတဲ့ အဖွဲ့တွေ အနေနဲ့ နိုင်ငံရေးစနစ်အတွင်း ပါဝင်နိုင်ခွင့်ကိုလည်း အာမခံထားပါတယ်။ ဒါ့အပြင် ဒီမိုကရေစီအတွက် အင်စတီ ကျူးရှင်းဆိုင်ရာ အာမခံချက်တွေရှိဖို့ လိုတယ်လို့ သူကဆိုပါတယ်။ အဲဒါတွေကတော့

(၁) အစိုးရကို ရွေးကောက်ခြင်း

(၂) လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ – ပုံမှန် ကျင်းပပြီး နိုင်ထက်စီးနင်း အကြမ်းဖက်မှု မရှိတဲ့ ရွေးကောက်ပွဲ တွေ ဖြစ်ရမယ်။

(၃) အားလုံးပါဝင်သည့် မဲပေးခွင့် – အရွယ်ရောက်သူတိုင်း မဲပေး ခွင့် ရှိရမယ်။

(၄) အစိုးရဌာနများတွင် တာဝန်ယူနိုင်ရန်အတွက် နိုင်ငံသား အားလုံးတွင် ပြိုင်ဆိုင်နိုင်ခွင့် – ရွေးကောက်ပြီး တင်မြှောက်ရတဲ့ အစိုးရ ဌာနတွေအတွက် အရွယ်ရောက်ပြီး နိုင်ငံသားတိုင်းမှာ ယှဉ်ပြိုင်နိုင်ခွင့် ရှိရမယ်။ စည်းမျဉ်းအရ အသက် ကန့်သတ် ချက်တော့ ရှိကောင်းရှိမယ်။

(၅) လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့် – နိုင်ငံသားတွေဟာ နိုင်ငံ ရေးအရ ပြစ်ဒဏ်ခတ်မခံရဘဲ၊ ဆန္ဒဖော်ထုတ်ခွင့် ရှိရမယ်။ အစိုးရ၊ အုပ်ချုပ် ရေးစနစ်၊ လူမှုစီးပွားအခြေအနေနဲ့ အိုင်ဒီ အိုလိုဂျီတွေကို ဝေဖန်နိုင်ခွင့်ရှိရမယ်။

(၆) အခြားမှ သတင်းအချက်အလက် ရယူခွင့် – နိုင်ငံသားတွေ အနေနဲ့ အစိုးရရဲ့ သတင်းအချက်အလက်ကိုသာမက အခြား

MYANMAR HARP

မှလည်း သတင်းအချက်အလက် ရယူခွင့်ရှိရမယ်။

(၇) အသင်းအဖွဲ့များ လွတ်လပ်စွာ တည်ရှိခွင့် – သီးခြားလွတ်လပ်တဲ့ နိုင်ငံရေးပါတီများနဲ့ အကျိုးစီးပွားအဖွဲ့များ စသည်ဖြင့် ပါဝင်တဲ့ အဖွဲ့အစည်းတွေကို လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခွင့် ရှိရမယ်။

ဒီအချက်တွေနဲ့ ပြည့်စုံမှုရှိရင် နိုင်ငံရေးဒီမိုကရေစီကို ရရှိနေပြီလို့ ဆိုနိုင် တယ်။ ဒီအချက်တွေဟာ အုပ်ချုပ်ရေးပုံစံအပေါ်ကို အာရုံစိုက်ထားတာကြောင့် ဒါကိုပဲတခါတရံမှာ လစ်ဘရယ်ဒီမိုကရေစီလို့ သတ်မှတ်လေ့ ရှိကြတယ်။ ဒီ အခြေခံ အခြေအနေ ခုနစ်ချက်ဟာဆိုရင် နိုင်ငံရေးဒီမိုကရေစီရဲ့ အဓိကရှုထောင့် သုံးရပ်ကို ဖော်ပြနေတယ်။ အဲဒါတွေကတော့ (၁) ယှဉ်ပြိုင်မှု (၂) ပါဝင်ဆောင်ရွက်မှုနဲ့ (၃) နိုင်ငံသားနဲ့ နိုင်ငံရေးလွတ်လပ်မှုများပဲဖြစ်တယ်။ ဒီအချက်တွေအရ နိုင်ငံရေးဒီမိုကရေစီကို အောက်ပါအချက်တွေရှိနေတဲ့ အုပ်ချုပ်ရေးစနစ်အဖြစ် မြင်လို့ရတယ်။

(၁) တစ်ဦးချင်းကြားမှာဖြစ်စေ၊ အုပ်စုတွေကြားမှာဖြစ်စေ (အထူးသဖြင့် နိုင်ငံရေးပါတီများ) အုပ်ချုပ်ရေးအာဏာကို ရယူနိုင်ဖို့အတွက် အဓိပ္ပါယ်ရှိပြီး၊ ကျယ်ပြန့်တဲ့ ယှဉ်ပြိုင်မှုရှိနေရမယ်။ ဒီယှဉ်ပြိုင်မှုတွေကို ပုံမှန်အချိန်ကာလ သတ်မှတ်ပြီး ပြုလုပ်ရမှာဖြစ်သလို၊ နိုင်ထက်စီးနင်း အင်အားသုံးတာမျိုးလည်း မရှိရဘူး။

(၂) ခေါင်းဆောင်တွေနဲ့ ပေါ်လစီတွေကို ရွေးချယ်ရာမှာ အားလုံးပါဝင် နိုင်တဲ့ နိုင်ငံရေးပါဝင်ဆောင်ရွက်ခြင်း ဖြစ်ဖို့လိုတယ်။ အနည်းဆုံး တော့ ပုံမှန်ကျင်းပပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေကနေတဆင့် ဒါမျိုးဖြစ်စေရမယ်။ ပြီးတော့ ဘယ်အဓိကလူမှုအုပ်စုတွေကိုမှ ဘေးဖယ်မထားရဘူး။

MYANMAR HARP

(၃) နိုင်ငံသားနဲ့ နိုင်ငံရေးလွတ်လပ်မှုတွေ ရှိနေရမယ်။ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခွင့်တွေ ရှိရမှာဖြစ်ပြီး၊ နိုင်ငံရေးအရ ယှဉ်ပြိုင်မှုနဲ့ ပါဝင်ဆောင်ရွက်ခြင်းတွေ ကိုလည်း ဖြောင့်မတ်မှန်ကန်စေရမယ်။

ဒီတော့ကာ နိုင်ငံတစ်နိုင်ငံရဲ့ ဒီမိုကရေစီ အဆင့်အတန်းကို ဆုံးဖြတ်ဖို့ဆိုရင် အဲဒီနိုင်ငံမှာ ယှဉ်ပြိုင်မှု၊ ပါဝင်ဆောင်ရွက်မှုနဲ့ လွတ်လပ်မှု အဆင့်အတန်းတွေ လက်တွေ့မှာ ဘယ်လောက်ရှိနေသလဲဆိုတာကို အကဲဖြတ်ဖို့ လိုတယ်။ သတိပြုရမှာကတော့ နိုင်ငံအတော်များများမှာ ဒီအဆင့်အတန်းတွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံမတူညီတဲ့ ပမာဏနဲ့ ရှိနေတဲ့ အချက်ပဲဖြစ်တယ်။

ဒါကြောင့် နိုင်ငံတစ်နိုင်ငံကို ဒီမိုကရက်တစ် ဖြစ်တယ်လို့ ပြောနိုင်ဖို့ဆိုရင် ရှုထောင့်တစ်ခုစီအတွက် အနိမ့်ဆုံး တန်ဖိုးသတ်မှတ်ပေးထားဖို့တော့ လို တယ်။ ဥပမာအားဖြင့် မက္ကဆီကိုနိုင်ငံဟာ အပြည့်အဝ ဒီမိုကရေစီမဟုတ်ဘူးလို့ ပြောလို့ရချင်ရမယ်။ ဒါပေမယ့် ဆာဟာရအောက်ပိုင်း အာဖရိကမှာ ရှိတဲ့ နိုင်ငံအတော်များများထက်တော့ ဒီမိုကရက်တစ် ပိုဖြစ်တယ်။ ဒါ့အပြင် ပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ လုံးဝဒီမိုကရေစီမဟုတ်တဲ့ အခြေအနေနှစ်မျိုး ကြားမှာကြည့်မယ် ဆိုရင် ဒီမိုကရေစီ တပိုင်းတွေ၊ အာဏာရှင်တပိုင်းတွေကလည်း အတော်များတယ်။

ပညာရှင်တွေကြားမှာ ဆိုရင်လည်း ဒီမိုကရေစီဖြစ်တယ်လို့ ပြောနိုင်တဲ့ ရှုထောင့်တွေနဲ့ ပတ်သက်လို့ဖြစ်စေ၊ ဒီရှုထောင့်တွေမှာ အနိမ့်ဆုံး ရှိနေရမယ့် စံနဲ့ပတ်သက်လို့ဖြစ်စေ၊ အငြင်းပွားမှုတွေ ရှိနေတယ်။ အပေါ်မှာ ပြောခဲ့တဲ့ ရှုထောင့်သုံးမျိုးကိုသာကွက်ပြီး တိုင်းတာမယ်ဆိုရင်လည်း အခက်အခဲတွေ ရှိနေပြန်တယ်။ ဥပမာအားဖြင့် ရွေးကောက်ပွဲ မသမာမှုရှိမရှိ

MYANMAR HARP

တစ်ခုတည်းကိုကြည့် တာမျိုး။ အတိုက်အခံပါတီတွေ မျှတစွာ ယှဉ်ပြိုင်နိုင်မှု ရှိမရှိ တစ်ခုတည်းကိုကြည့် တာမျိုး။


အခုလောလောဆယ် နိုင်ငံရေးဒီမိုကရေစီကို တိုင်းတာပုံကို မပြောခင် ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်း လုပ်ငန်းစဉ်တွေကို အကျဉ်းအားဖြင့် ကြည့်ရအောင်။ ဒီမိုကရေစီကို ယှဉ်ပြိုင်မှု၊ ပါဝင်ဆောင်ရွက်မှုနဲ့ လွတ်လပ်မှုတွေအရ သတ်မှတ်ထားရင် ဒီမိုကရက်တစ် မဖြစ်ခြင်းကနေ ဒီမိုကရက်တစ် ဖြစ်ခြင်းဆီကိုသွားတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းဟာလည်း ကွဲပြားတဲ့ နည်းလမ်းတွေနဲ့ ပေါ်ပေါက်နိုင်တယ်။ ဒါးလ်ကတော့ ဒီမိုကရေစီကိုသွားတဲ့ လမ်းကြောင်းအဖြစ် ပါဝင်ဆောင်ရွက်ခြင်းနဲ့ ယှဉ်ပြိုင်ခြင်းတို့ကို ဖော်ပြတယ်။ ပါဝင်ဆောင်ရွက်မှု ပိုများလာတယ်ဆိုတဲ့ အဓိပ္ပါယ်က နိုင်ငံရေး အခွင့်အရေးနဲ့ လွတ်လပ်မှုတွေကို ရလာတဲ့ နိုင်ငံသားတွေ ပိုများလာခြင်းဖြစ်တယ်။ ဒီမို ကရက်တစ်မဟုတ်တဲ့ အစိုးရတွေဆိုရင် လူဦးရေအများစုကို ပါဝင်ဆောင်ရွက်မှု မလုပ်နိုင်အောင် ဖယ်ထုတ်ထားတယ်။ ဒီမိုကရေစီမှာတော့ အရွယ်ရောက်ပြီး သူတိုင်းဟာ အခွင့်အရေးနဲ့ လွတ်လပ်မှုတွေကို အပြည့် အဝခံစားရတယ်။

ယှဉ်ပြိုင်မှု ဒါမှမဟုတ် ဖြေလျှော့ပေးမှုကတော့ နိုင်ငံရေးစနစ် အတွင်း ရှိနေသူတွေက အခွင့်အရေးတွေ၊ လွတ်လပ်မှုတွေကို ဘယ်လောက် ခံစားရသလဲ ဆိုတာနဲ့ သက်ဆိုင်တယ်။ ဖြေလျှော့ပေးမှု ပိုများလာတယ်ဆိုရင် နိုင်ငံရေးအရ အတိုက်အခံလုပ်ဖို့ ပိုဖြစ်နိုင်လာပြီး၊ အုပ်ချုပ်ရေးအာဏာရ နိုင်မယ့် ယှဉ်ပြိုင်မှုကိုလည်း ပိုလုပ်လာနိုင်တယ်။ အောက်ကပုံမှာ ပြထား တာကတော့ ဒီမိုကရက်တစ် မဟုတ်တဲ့ အုပ်ချုပ်ရေးကနေ ဒီမိုကရေစီဆီကို သွားတဲ့ ဖြစ်နိုင်ခြေရှိတဲ့ လမ်းကြောင်းတွေဖြစ်ပြီး၊ ဒီဂရီအနိမ့်အမြင့်မတူတဲ့ ပါဝင်ဆောင်ရွက်ခြင်းတွေ၊ ယှဉ်ပြိုင်ခြင်းတွေ ပါဝင်နေတယ်။

ဒီပုံမှာဆိုရင် နိုင်ငံလေးနိုင်ငံကို တွေ့ရမယ်။ ဒိန်းမတ်က ဒီမိုကရေစီ

MYANMAR HARP

နိုင်ငံ ဖြစ်ပြီး၊ အရွယ်ရောက်သူတိုင်း အခွင့်အရေးတွေ၊ လွတ်လပ်ခွင့်တွေ အပြည့်အဝခံစားရတယ်။ ယခင် ဆိုဗီယက်ပြည်ထောင်စုမှာက ရွေးကောက်ပွဲတွေကို ပုံမှန် ကျင်းပပြီး၊ အရွယ်ရောက်သူတိုင်း မဲပေးနိုင်ပေမယ့် အတိုက်အခံ ပါတီတွေ ဖွဲ့စည်းခွင့်မပေးဘူး။ ပါဝင်ဆောင်ရွက်ခြင်း အတော်အတန်မြင့်ပေမယ့်၊ နိုင်ငံရေးယှဉ်ပြိုင်မှုမရှိဘူး။ လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်၊ လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခွင့်စတဲ့ လွတ်လပ်မှုအစစ်တွေကိုလည်း မခံစားကြရဘူး။ ဒါကြောင့် ဆိုဗီယက်ပြည်ထောင်စုက ဒီမိုကရေစီမဟုတ်ဘူး။ အရင် တုန်းက တောင်အာဖရိကမှာတော့ အခြေအနေကတမူကွဲပြားတယ်။ လူနည်းစုလူဖြူတွေက နိုင်ငံရေးယှဉ်ပြိုင်မှုအတွက်လိုအပ်တဲ့ နိုင်ငံရေး အခွင့်အရေးတွေနဲ့ လွတ်လပ်မှုတွေကို ခံစားခဲ့ကြပေမယ့်၊ လူများစုလူမည်းတွေကိုတော့ ပါဝင်ဆောင်ရွက်ခွင့် မပြုခဲ့ဘူး။ ဒီကိစ္စမှာဆိုရင်တော့ လူများစုလူမည်းတွေကို ပါဝင်ဆောင်ရွက်ခွင့်ပေးခြင်းဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်းရဲ့ အဓိကလုပ်ငန်းစဉ်တစ်ခုအနေနဲ့ တွေ့ရမယ်။ မြောက်ကိုရီးယားကတော့ သူ့နိုင်ငံသားတွေအပေါ် ဖြေလျှော့မှုလည်း မလုပ်ဘူး။ ပါဝင်ဆောင်ရွက်ခွင့်လည်း မပေးဘူး။ ဒီနှစ်မျိုးစလုံးမှာ အနိမ့်ဆုံး ဖြစ်နေတာကို တွေ့ရမယ်။




MYANMAR HARP

## ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း ရှုထောင့်များ

နိုင်ငံရေးဒီမိုကရေစီကို အပြန့်ကျယ်စေမယ့် အချက်နှစ်ချက်ရှိတယ်။ အဲဒါတွေကတော့ ဖြေလျှော့မှုကို ပိုလုပ်ခြင်းနဲ့ ပိုမိုပါဝင်ဆောင်ရွက်ခြင်းတွေပဲဖြစ်တယ်။ နိုင်ငံရေးဒီမိုကရေစီကို ရရှိပြီဆိုရင် အသွင်ကူးပြောင်းမှုကို တိုးလုပ်ဖို့ ဖြစ်နိုင်လာတယ်။ ရှုထောင့်တစ်ခုကတော့ ပိုပြီးဖြေလျှော့ပေးခြင်းဖြစ်တယ်။ တကယ်လို့ နိုင်ငံသားတွေမှာသာ တန်းတူအခွင့်အရေးတွေ မရှိနေဘူးဆိုရင် နိုင်ငံရေးအခွင့်အရေးတို့၊ လွတ်လပ်မှုတို့ဆိုတာကလည်း သူတို့အတွက် တန်ဖိုးရှိနေမှာ မဟုတ်ဘူး။ ဥပမာအားဖြင့် အလွန်အမင်း ဆင်းရဲမွဲတေမှုကို တိုက်ဖျက်ပြီး၊ လူမှုစီးပွား မညီမျှမှုတွေကို ကုစားပေးမယ့် လူမှုဖူလုံရေး နိုင်ငံတော်ဆိုတာ မရှိရင်ဆင်းရဲတဲ့ နိုင်ငံသားတွေဟာ နိုင်ငံရေးအခွင့်အရေးတွေကို အပြည့်အဝ ခံစားနိုင်မှာ မဟုတ်ဘူး။ ဆင်းရဲမွဲတေမှုကို တိုက်ဖျက်နိုင်မှသာ စာရွက်ပေါ်က တန်းတူအခွင့်အရေးတွေဟာ အကောင်အထည်ရှိတဲ့ တန်းတူအခွင့်အရေးတွေ ဖြစ်လာနိုင်မယ်။

ပါဝင်ဆောင်ရွက်ခြင်းဆိုတဲ့ နောက်ရှုထောင့်တစ်ခုကို ချဲ့ထွင်ဖို့ကလည်း ဖြစ်နိုင်ပါတယ်။ နိုင်ငံရေးဒီမိုကရေစီရဲ့ သဘောတရားအရ ပါဝင်ဆောင်ရွက်ခြင်းဆိုတာဟာ အုပ်ချုပ်ရေးနဲ့ အများပြည်သူ အင်စတီကျူးရှင်းတွေကို စိတ်ဝင်စားတာကို ပြောတာပါ။ ပညာရှင် ဟဲလ်ကတော့ လူမှုအင်စတီကျူးရှင်းတွေနဲ့ စီးပွားရေးကဏ္ဍအထိကို ပါဝင်ဆောင်ရွက်ခြင်းကို ချဲ့ထွင်ထားတယ်။ ဒါကိုသူက ဒီမိုကရေစီနည်းကျ ကိုယ့်ကိုကိုယ်ပိုင်စိုးမှုလို့ သုံးနှုန်းတယ်။

ဒီတော့ကာ နိုင်ငံရေးဒီမိုကရေစီဆိုတာကို ပါဝင်ဆောင်ရွက်ခြင်း၊ ယှဉ်ပြိုင်ခြင်း၊ နိုင်ငံသားနဲ့ နိုင်ငံရေးလွတ်လပ်မှုများရှိခြင်း လို့တွေ့နိုင်တယ်။ ဒီနိုင်ငံရေး ဒီမိုကရေစီနဲ့ ပိုကျယ်ပြန့်တဲ့ ဒီမိုကရေစီနည်းကျ ကိုယ့်ကိုကိုယ်ပိုင်စိုးမှုတို့ရဲ့ကြားမှာလည်း အဆက်အစပ်ရှိတာကိုလည်း တွေ့နိုင်တယ်။

MYANMAR HARP

ဆက်လက်ပြီး နိုင်ငံရေး ဒီမိုကရေစီကို အခြေခံထားပြီး ဒီမိုကရေစီရဲ့ အဆင့်အတန်းကို တိုင်းတာဖို့ ကြိုးစားပုံတွေကို လေ့လာပါမယ်။

ဒီမိုကရေစီရဲ့အရည်အသွေးကို အကောင်းဆုံးတိုင်းတာမှုနဲ့ ပတ်သက်လို့ အငြင်းပွားမှုတွေရှိပါတယ်။ ဒီနယ်ပယ်မှာဆိုရင် အခက်အခဲတွေ များတာကြောင့် ဒီမိုကရေစီရဲ့ အရည်အသွေးကို ခန့်မှန်းတဲ့အခါမှာ သတိထားဖို့ လိုပါတယ်။ ညွှန်းကိန်းတွေ၊ မြှင့်သုံးသပ်ချက်တွေဟာ အသုံးဝင်ကောင်း ဝင်နိုင်ပေမယ့်၊ နိုင်ငံတွေကိုလည်း အနီးကပ် လေ့လာဆန်းစစ်ဖို့ လိုအပ် ပါတယ်။ ဒီလိုလေ့လာတဲ့အခါမှာ လူသိများတာကတော့ ဖရီးဒမ်းဟောက်စ် ညွှန်းကိန်းပဲ ဖြစ်ပါတယ်။

ဒီညွှန်းကိန်းက ယှဉ်ပြိုင်မှုနဲ့ပါဝင်ဆောင်ရွက်ခြင်း (ဒါကို နိုင်ငံရေး အခွင့် အရေးတွေလို့ခေါ်တယ်) တွေအတွက် တိုင်းတာချက်တစ်ခုထားပြီး၊ နိုင်ငံသား လွတ်လပ်ခွင့်တွေအတွက် တိုင်းတာချက်တစ်ခု ထားပါတယ်။ နိုင်ငံရေးအခွင့်အရေး ခေါင်းစဉ်အောက်မှာ (၁) ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေ (၂) နိုင်ငံရေးဗဟုဝါဒနဲ့ ပါဝင်ဆောင်ရွက်ခြင်း (၃) အစိုးရရဲ့ လုပ်ငန်းလည်ပတ်ပုံ စတာတွေပါဝင်ပါတယ်။ နိုင်ငံသားလွတ်လပ်ခွင့် ခေါင်းစဉ်အောက်မှာတော့ (၁) လွတ်လပ်စွာ ပြောဆိုခွင့်နဲ့ ကိုးကွယ်ခွင့် (၂) အသင်းအပင်းများ ဖွဲ့စည်းခွင့် (၃) တရားဥပဒေစိုးမိုးမှု (၄) ကိုယ့်ကိုကိုယ်ပိုင်စိုးမှု စတာတွေ ပါဝင်ပါတယ်။ တိုင်းတာချက်တစ်ခုစီမှာ အမှတ် ခုနစ်မှတ်စီရှိပြီး၊ အရည်အသွေးအမြင့်ဆုံး ဆိုရင် နှစ်မျိုးစလုံးအတွက် (၁) ဖြစ်ပါမယ်။ အနိမ့်ဆုံး ဆိုရင်တော့ (၇) ဖြစ်ပါမယ်။ နောက်တစ်မျိုးပြောမယ်ဆိုရင် အာဏာရှင်စနစ် (၇ – ၇) နဲ့ ဒီမိုကရေစီ (၁ – ၁) တွေကြားက တဝက်တပျက် ဒီမိုကရေစီတွေ၊ တဝက်တပျက် အာဏာရှင်စနစ်တွေကိုလည်း တွေ့နိုင်တာ ဖြစ်ပါတယ်။

ပျမ်းမျှသတ်မှတ်နှုန်း (၁) နဲ့ (၂.၅) ကြားက နိုင်ငံတွေဆိုရင်

MYANMAR HARP

လွတ်လပ်တဲ့ နိုင်ငံတွေဖြစ်ပြီး၊ (၃) နဲ့ (၅) ကြားဆိုရင်တော့ တစိတ်တပိုင်းလွတ်လပ်တဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ (၄,၅) ကနေ (၇) အထိဆိုရင်တော့ မလွတ်လပ်တဲ့ နိုင်ငံတွေဖြစ်ပါတယ်။ ဖရီးဒမ်းဟောက်စ်ရဲ့ ၂၀၀၆ ခုနှစ်တိုင်းတာချက်အရ နိုင်ငံ ၈၉ နိုင်ငံဟာ လွတ်လပ်တဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ ၅၈ နိုင်ငံက တစိတ်တပိုင်း လွတ်လပ်ပြီး၊ ၄၅ နိုင်ငံက မလွတ်လပ်တဲ့ နိုင်ငံတွေဖြစ်ပါတယ်။

စစ်အေးခေတ်ပြီးဆုံးသွားပြီးနောက် ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေ ဖြစ်ပေါ်လာတာကြောင့် ဒီမိုကရေစီနိုင်ငံတွေလည်း ပိုများလာခဲ့တယ်။ ဒါပေမယ့် တချို့နိုင်ငံတွေရဲ့ ဒီမိုကရေစီ အရည်အသွေးက အတော်လေးနိမ့်ကျတာကိုလည်း တွေ့ရပြန်တယ်။ အချို့ကဆိုရင် အနည်းနဲ့အများ ဒီမိုကရက်တစ်ဖြစ်တဲ့ နိုင်ငံရေးစနစ်တွေရဲ့ ကွဲပြားမှုကို ဖော်ပြရာမှာ ဖရီးဒမ်းဟောက်စ်ရဲ့ ညွှန်းကိန်းက မလုံလောက်ဘူးဆို့ ဆိုကြပါတယ်။ ဒါနဲ့ အတူ ဝေါဟာရအသစ်တွေလည်း ပေါ်ထွက်လာပါတော့တယ်။ ထိပ်ပိုင်းအီလစ်လွှမ်းမိုးသော၊ အေးခဲသွားသော၊ ကန့်သတ်ခံရသော၊ လစ်ဘရယ်မဆန်သော၊ တစိတ်တပိုင်းဖြစ်သော၊ မျိုးစပ်ထားသော၊ ရွေးကောက်ပွဲဒီမိုကရေစီစတဲ့ ဝေါဟာရတွေကို တွေ့လာရပါတယ်။ နောက်တစ်မျိုးပြော ရရင် ဒီမိုကရေစီအသစ်တွေကို အဆင့်သတ်မှတ်ခြင်းဖြင့် သူတို့ရဲ့ လျှပ်တပြက်ပုံရိပ်ကိုသာ တွေ့နိုင်ပါတယ်။ တကယ်တော့ ဒီ,ဒီမိုကရေစီအသစ်တွေဟာ ရွေ့လျားနေကြတာဖြစ်ပြီး၊ အုပ်ချုပ်ရေးစနစ်တစ်မျိုးကနေ နောက်တစ်မျိုးဆီကို မရေရာတဲ့ အသွင်ကူးပြောင်းမှုတွေနဲ့ သွားနေရသူတွေလည်း ဖြစ်ပါတယ်။

❑ ❑ ❑

MYANMAR HARP

အခန်း (၂)

# အုပ်ချုပ်ရေးစနစ်
# ပြောင်းလဲလာပုံ

# အုပ်ချုပ်ရေးစနစ် ပြောင်းလဲလာပုံ

ဘယ်လို အခြေအနေတွေက နိုင်ငံရေးဒီမိုကရေစီကို ဖြစ်ထွန်းလာစေသလဲ။ အခန်း (၁) မှာတုန်းက ဒီမိုကရေစီ ပေါ်ပေါက်လာမှုအပေါ် သက်ရောက်တဲ့ စီးပွားရေး၊ လူမှုရေးနဲ့ အခြားအခြေအနေတွေကို ဆွေးနွေးခဲ့တယ်။ တချို့သော အခြေအနေတွေဟာ အခြားသော အခြေအနေတွေထက် ဒီမိုကရေစီကို ပိုဖြစ်ထွန်းစေတယ်။ ဒါပေမယ့် အပြည့်အဝ နားလည်နိုင်ဖို့ဆိုရင်တော့ ဒီအခြေအနေတွေကြားက အပြန်အလှန်သက်ရောက်မှုအပြင်၊ နိုင်ငံရေးဇာတ်ကောင်တွေရဲ့ ရွေးချယ်မှုတွေကိုပါ သိမြင်ဖို့လိုပါတယ်။

ဘာကြောင့် လတ်တလောကာလတွေမှာ နိုင်ငံအများအပြားက ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို လုပ်လာကြသလဲ။ ဒါနဲ့ပတ်သက်လို့ တစ်ခုတည်းသော အကြောင်းအချက်တော့ မရှိဘူး။ ပြည်တွင်းအကြောင်းအချက်တွေ၊ ပြည်ပအကြောင်းအချက်တွေ များစွာပါဝင်နေတာကို တွေ့ရမယ်။ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီစနစ်ဆီ ကူးပြောင်းမှုဟာဆိုရင်

ပုံသဏ္ဌာန်မျိုးစုံနဲ့ ဖြစ်ပေါ်နေပြီး ရေရှည်သွားရတဲ့ လုပ်ငန်းစဉ်လည်း ဖြစ်တယ်။ မတူကွဲပြားတဲ့ အဆင့်တွေကလည်းများတယ်။ အခုလတ်တလောမှာ တွေ့နေရတဲ့ အသွင်ကူးပြောင်းမှု အတော်များများဟာဆိုရင် အစောပိုင်း အဆင့်မှာပဲ ရှိနေသေးတယ်။

## ဒီမိုကရေစီအတွက် ကြိုတင်လိုအပ်ချက်များ

ဒီမိုကရေစီ ပေါ်ထွန်းလာပြီး ခိုင်မာစေဖို့အတွက် ဘယ်အကြောင်း အချက်ကို အလိုအပ်ဆုံးလဲ။ စီးပွားရေးလား၊ လူမှုရေးလား၊ ယဉ်ကျေးမှုလား။ ဒါမှမဟုတ် တခြားအကြောင်းအချက်တွေလား။ ဒီမိုကရေစီ ပျံ့နှံ့လာခြင်းဟာ လတ်တလောမှာ တွေ့ရတဲ့ ထူးခြားဖြစ်စဉ်ဖြစ်ပြီး ဒီမိုကရေစီကို ထုတ်လုပ်ဖို့ ခေတ်သစ် စက်မှုလူ့အဖွဲ့အစည်းကို လိုအပ်တယ်လို့ဆိုနိုင်တယ်။ ဒီအိုင်ဒီယာ က ဆီမော်မာတင် လစ်ဆက်ရဲ့ နာမည်ကျော် အယူအဆကနေ ဆင်းသက် လာတယ်။ နိုင်ငံတွေဟာ ပိုချမ်းသာလေ၊ ဒီမိုကရေစီကို ရေရှည်တည်တံ့ အောင် ထိန်းသိမ်းနိုင်ဖို့ အခွင့်အလမ်း ပိုများလေလို့ သူကပြောတယ်။

ခေတ်မီတိုးတက်စေခြင်း (modernization) နဲ့ ကြွယ်ဝမှုတွေဟာ ဒီမိုကရေစီကို ဖြစ်ထွန်းစေမယ့် အကြောင်းအချက်တွေကို ထုတ်လုပ်ပေး တယ်။ စာတတ်မြောက်မှုနဲ့ ပညာတတ်မှုနှုန်းတွေ မြင့်မားပြီး မြို့ပြမှာ အခြေချမှုတွေကို ဖြစ်လာစေတယ်။ ဒါ့အပြင် ကြွယ်ဝမှုကနေ အရင်းအမြစ်တွေ ပေါ်ထွက်လာပြီး ဒီအရင်းအမြစ်တွေက နိုင်ငံရေးပဋိပက္ခတွေကြောင့် ဖြစ် လာတဲ့ တင်းမာမှုတွေကို လျှော့ချပေးတယ်။ ဒီအဆိုကို ထောက်ခံနေတဲ့ လက်တွေ့အထောက်အထားတွေကိုလည်း တွေ့နိုင်တယ်။ ဒါကြောင့်လည်း ၁၉၅၁ မှာ ရောဘတ်ဒါးလ်က နိုင်ငံတစ်နိုင်ငံရဲ့ လူမှုစီးပွားအဆင့် ပိုမြင့် တာနဲ့အမျှ အဲဒီနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ ပိုများလေပဲလို့ ဆိုခဲ့တယ်။

ဒါပေမယ့် ဒီအယူအဆဟာ အမြဲတမ်းတော့ မှန်နေတာ မဟုတ်ဘူး။

MYANMAR HARP

အာဂျင်တီးနားဆိုရင် တစ်ဦးချင်းဝင်ငွေ အတော်အတန် မြင့်ပေမယ့်၊ အာဏာရှင် စနစ်အောက်မှာ နှစ်ပေါင်းများစွာ နေခဲ့ရဖူးတယ်။ ထိုင်ဝမ်နဲ့ တောင်ကိုရီးယား တို့ဆိုရင်လည်း ဒီလိုပဲ။ ဒီနိုင်ငံနှစ်နိုင်ငံမှာဆိုရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်မှုနဲ့အတူ အတော်လေးမျှတတဲ့ ဝင်ငွေခွဲဝေမှုကိုလည်း ယှဉ်တွဲပြီး တွေ့ရတယ်။ တောင်အမေရိကနိုင်ငံတွေကို လေ့လာတဲ့ ဂီလာမိုအိုဒေါနယ်လ်ကဆိုရင် လစ်ဆက်ရဲ့ အယူအဆကို ပြောင်းပြန်လှန်ပစ်တယ်။ ဒီမိုကရေစီ မဟုတ်ဘဲ အာဏာပိုင်စနစ်ကသာလျှင် ပိုမြင့်တဲ့ ခေတ်မီတိုးတက်မှုကို လုပ်နိုင်ခြေပိုများ တယ်လို့ သူကဆိုတယ်။ ၁၉၆၀ နဲ့ ၁၉၇၀ ပြည့်နှစ်တွေအတွင်း လက်တင်အမေရိက နိုင်ငံအချို့မှာ ခေတ်မီတိုးတက်မှုဖြစ်လာပေမယ့် လူအများစုအတွက်တော့ ဘာမှလောက်လောက်လားလား မလုပ်ပေးနိုင်ဘူး။ ပြည်သူအများက ဆန့်ကျင်နေလျက်နဲ့ ဒါကို ဆက်လက်ဆောင်ရွက်နိုင်ဖို့ အတွက် အာဏာပိုင်ဝါဒကို ထိပ်ပိုင်းအီလစ်တွေက ကျင့်သုံးတယ်။

လတ်တလော သုတေသနတွေမှာဆိုရင်လည်း နေကြွယ်ဝမှုနဲ့ ဒီမိုကရေစီရဲ့ကြားက ဆက်ဆံရေးကို ပိုအသေးစိတ် လေ့လာထားကြတယ်။ အဒမ်ရှဲဗော့စကီးနဲ့ ဖာနန်ဒိုလီမွန်ဂီတို့က ပိုချမ်းသာလာတာနဲ့အမျှ ဒီမိုကရေစီဆီကို ဦးတည်မယ် ဆိုတဲ့ အဆိုကို ဝေဖန်ကြတယ်။ အချို့သော ချမ်းသာတဲ့ အာဏာရှင်နိုင်ငံတွေဟာ ပိုချမ်းသာလာပေမယ့် အာဏာပိုင်စနစ်ကို ဆက်ကျင့်သုံးကြတယ်။ တချိန်တည်းမှာပဲ၊ ဒီမိုကရေစီဖြစ်နေပြီးသား နိုင်ငံတွေမှာဆိုရင်ကြွယ်ဝမှု အဆင့်တစ်ဆင့်ကိုရောက်တာနဲ့ တည်ငြိမ်တဲ့ ဒီမိုကရေစီကို ရေရှည်ထိန်းသိမ်းနိုင်ကြတယ်။ ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံမှာ တစ်ဦးချင်းဝင်ငွေ အမေရိကန်ဒေါ်လာ ခြောက်ထောင် ရောက်သွားပြီဆိုရင် အဲဒီနိုင်ငံဟာ အာဏာရှင်စနစ် ဖြစ်သွားဖို့ အလွန်ကိုမဖြစ်နိုင်တော့ဘူး။ အချုပ်ဆိုရရင် နေကြွယ်ဝမှုနဲ့ ဒီမိုကရေစီကြားမှာ အဆက်အစပ်ရှိတာကတော့

MYANMAR HARP

သေချာတယ်။ ဒါပေမယ့်ပြေပြစ်ချောမွေ့ပြီး၊ တကြောင်းဆွဲ ဖြစ်နေတာတော့ မဟုတ်ဘူး။

ခေတ်မီတိုးတက်စေခြင်းက ပထမကြိုတင်လိုအပ်ချက်ဆိုရင် ဒုတိယ ကတော့ နိုင်ငံရေးယဉ်ကျေးမှု ဖြစ်တယ်။ လူ့အဖွဲ့အစည်းအတွင်းမှာ လက်ခံထားတဲ့ တန်ဖိုးစံတွေ၊ ယုံကြည်မှုတွေရှိတယ်။ ဒါတွေက ဒီလူ့အဖွဲ့ အစည်းရဲ့ နိုင်ငံရေးလှုပ်ရှားမှု အခြေအနေတွေ၊ အဓိပ္ပါယ်တွေကို ပုံဖော် နေတယ်။ ဒါကို နိုင်ငံရေးယဉ်ကျေးမှုလို့ ပြောတာဖြစ်တယ်။ လူ့အဖွဲ့အစည်း ထဲက ယဉ်ကျေးမှုစနစ်ကြီးထဲမှာ နိုင်ငံရေးယဉ်ကျေးမှုကလည်း ပါဝင်နေတယ် ဆိုရင် ဒီမိုကရေစီကို ဖြစ်ထွန်းစေမယ့် ယဉ်ကျေး မှုတန်ဖိုးတွေ၊ ယုံကြည်ချက် တွေကို ဖော်ထုတ်ပြသလို့ ရနိုင်မလား။

ပရိုတက်စတင့်ဝါဒက ဒီမိုကရေစီကို အားပေးပြီး၊ ကက်သလစ်ဝါဒ ကတော့ ဒီမိုကရေစီကို ဆန့်ကျင်တယ်ဆိုတဲ့ အယူအဆရှိခဲ့ဖူးတယ်။ အထူးသဖြင့် လက်တင် အမေရိကနိုင်ငံတွေမှာ ဒီလိုမြင်ခဲ့ကြတယ်။ ဆိုလိုတာ ကတော့ အချို့သော ယဉ်ကျေးမှုတွေက အထက်အောက်ဖွဲ့စည်းမှု၊ အာဏာ ပိုင်မှုနဲ့ သည်းမခံမှုတွေကို အားပေးပြီး၊ ဒီမိုကရေစီကို အားလျော့စေတယ်။ ကက်သလစ်ဝါဒလိုဘဲ၊ အစ္စလမ်နဲ့ ကွန်ဖြူးရှပ်ဝါဒတွေကိုလည်း ဒီလိုမြင်ခဲ့ ကြဖူးတယ်။ အစ္စလမ်နဲ့ ဒီမိုကရေစီကြား လိုက်လျောညီထွေဖြစ်မဖြစ်ဆိုတာ နဲ့ ပတ်သက်တဲ့ ငြင်းခုံမှုတွေလည်း အများအပြား ပေါ်ပေါက်ခဲ့တယ်။

ဒါပေမယ့်လည်း ယဉ်ကျေးမှုတစ်ခုကို အတိအကျ လက်ညှိုးထိုးပြီး၊ ဒီ ယဉ်ကျေးမှုကတော့ ဒီမိုကရေစီနဲ့ မကိုက်ညီပါဘူးဆိုပြီး ပြောနိုင်ဖို့ ကတော့ ခက်ခဲတယ်။ ယဉ်ကျေးမှုဆိုတာကလည်း သူ့မှာ လျင်မြန်တဲ့ အပြောင်းအလဲတွေ ရှိနေတတ်တာမျိုး။ လက်တင်အမေရိကမှာဆိုရင် ကက် သလစ်ဝါဒက ဒီမိုကရေစီကို အရင်တုန်းက ဆန့်ကျင်ခဲ့ပေမယ့်၊ ၁၉၈၀ ပြည့်နှစ်တွေအတွင်းရောက်တော့ အာဏာရှင်စနစ်ကို တွန်းလှန်ဖို့ ကက်သလစ်

MYANMAR HARP

ကျောင်းတော်က တက်ကြွစွာပါဝင်ခဲ့တယ်။

တတိယ ကြိုတင်လိုအပ်ချက်ကတော့ လူ့အဖွဲ့အစည်းရဲ့ လူမှုတည်ဆောက်ပုံ အနေအထားပဲ ဖြစ်တယ်။ လူ့အဖွဲ့အစည်းအတွင်း ဘယ်လူတန်းစားတွေက ကြီးစိုးနေသလဲ၊ ဘယ်အစုအဖွဲ့တွေက အားသာသလဲ စသည်ဖြင့်။ ဒါဆိုရင် ဒီမိုကရေစီကို လိုလားတဲ့အုပ်စုတွေကို ဖော်ပြဖို့ဖြစ်နိုင်မလား။ ဥပမာအားဖြင့် လူလတ်တန်းစား၊ ဘူဇွာ၊ အလုပ်သမားစသည်ဖြင့်။ ဒီမိုကရေစီကို မလိုလားတဲ့ အုပ်စုတွေကိုရော။ ဥပမာအားဖြင့် ရှေးရိုးအစဉ်အလာ မြေပိုင်ရှင်ကြီးများ စသည်ဖြင့်။

ဘာရင်တန်မိုးက ဒီမိုကရေစီနဲ့ အာဏာရှင်စနစ်တွေရဲ့ သမိုင်းဆိုင်ရာ ဇစ်မြစ်တွေကို လေ့လာခဲ့တယ်။ သူက ပါလီမန်ဒီမိုကရေစီဖွံ့ဖြိုးဖို့အတွက် တက်ကြွသွက်လက်ပြီး သီးခြားလွတ်လပ်တဲ့ မြို့နေလူတန်းစားတွေကို မရှိမဖြစ် လိုအပ်တယ်လို့ ဆိုခဲ့တယ်။ ဒါနဲ့ ပြောင်းပြန်ကတော့ မြေရှင်ကြီးတွေဟာ ဒီမိုကရေစီကို ဆန့်ကျင်ကြတယ်။ စိုက်ပျိုးမွေးမြူရေးမှာ အသေးစား စိုက်ပျိုးမွေးမြူရေးက အဓိကလွှမ်းမိုးထားမယ်၊ မြေယာခွဲဝေမှုက အတော်အတန်ညီမျှမယ်ဆိုရင်တော့ သူတို့က ဒီမိုကရေစီကို ထောက်ခံတတ်ကြတယ်လို့ သူကဆိုခဲ့တယ်။ ဒါပေမယ့်ဘူဇွာတွေဟာ ဒီမိုကရေစီကို အမြဲတမ်း ထောက်ခံနေတာတော့ မဟုတ်ဘူး။ ဂိုရန်သာဘွန်းကဆိုရင် ဒီမိုကရေစီ ပေါ်ပေါက်လာတာဟာ ပြည်သူလူထုကနေ ဘူဇွာလူတန်းစားအတွင်းက ထိပ်ပိုင်းလူတစ်စုကို တွန်းလှန် တိုက်ပွဲဝင်ခြင်းကြောင့် ဖြစ်တယ်လို့ ဆိုခဲ့တယ်။

နောက်ဆုံးတွေ့ရတဲ့ ကြိုတင်လိုအပ်ချက်ကတော့ ပြင်ပကနေလာတဲ့ အကြောင်းအချက်တွေပဲဖြစ်တယ်။ စီးပွားရေး၊ နိုင်ငံရေး၊ အိုင်ဒီအိုလိုဂျီ အစရှိသဖြင့် တွေ့ရမှာဖြစ်ပြီး၊ နိုင်ငံတစ်နိုင်ငံအပေါ် နိုင်ငံတကာဆက်စပ်အခြေအနေ အဖြစ် သက်ရောက်ခြင်းဖြစ်တယ်။ ဒါပေမယ့် ဒီမိုကရေစီအပေါ် ပြင်ပရဲ့သက်ရောက်မှုနဲ့ ပတ်သက်လို့ ရိုးရိုးရှင်းရှင်းတော့ ကောက်ချက်ချလို့

MYANMAR HARP

မရဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေ ဆိုရင် ပြင်ပရဲ့ သက်ရောက်မှုကို ပိုခံရတယ်။ အထူးသဖြင့် အနောက်နိုင်ငံတွေဆီကလာတဲ့ ဩဇာလွှမ်းမိုးလာမှုတွေကို ပိုခံရတယ်။ ခေတ်မီတိုးတက်ရေး သီအိုရီသမားတွေက ဒီဩဇာလွှမ်းမိုးလာမှုဟာ ဒီမိုကရေစီဖြစ်ထွန်းမှုအတွက် အကျိုးရှိစေတဲ့အရာလို့ ယူဆကြတယ်။ မှီခိုရေး သီအိုရီသမားတွေကတော့ ဆန့်ကျင်ဘက်အမြင်ကို ကိုင်စွဲထားတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ ကမ္ဘာ့စီးပွားရေးစနစ်ကို မှီခိုနေခြင်းကြောင့် စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ မညီမျှမှုတွေ၊ ဖရိုဖရဲဖြစ်မှုတွေကို ကြုံတွေ့ရတယ်။ ဒါကြောင့်လည်း ဒီမိုကရေစီ ဖော်ဆောင်ရာမှာ အခက်အခဲတွေကို ရင်ဆိုင်ရတယ်လို့ သူတို့ကယူဆတယ်။ အနောက်နိုင်ငံတွေကတော့ ကမ္ဘာကြီးမှာ ဒီမိုကရေစီမြှင့်တင်ဖို့အတွက် ကြီးမားတဲ့ ပရိုဂရမ်တွေကို ဆောင်ရွက်လာတယ်။ ဒါကြောင့်ပဲ၊ ပြင်ပကနေလာတဲ့ ဒီမိုကရေစီမြှင့်တင်ခြင်းအပေါ် ကောင်းခြင်း၊ ဆိုးခြင်း ငြင်းခုံမှုတွေ ပေါ်ပေါက်လာတော့တယ်။

အထက်မှာ တင်ပြခဲ့တာကတော့ ကြိုတင်လိုအပ်ချက် လေးမျိုးပဲဖြစ်တယ်။ အချို့သော ပညာရှင်တွေကတော့ ဒီထက်ပိုများတဲ့ ကြိုတင်လိုအပ်ချက်တွေကို ဖော်ပြကြတယ်။ ရောဘတ်ဒါးလ်ဆိုရင် ကြိုတင်လိုအပ်ချက် ၁၇ မျိုးကို ဖော်ပြပြီး၊ ကဏ္ဍ ၇ ခုအောက်မှာ ထည့်သွင်းထားတယ်။ လယ်ရီဒိုင်းမွန်း၊ ဟွမ်းလင့်ဇ်နဲ့ လစ်ဆက်တို့ဆိုရင်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို လေ့လာဖို့ ဒါးလ်လိုပဲ ချဉ်းကပ်ခဲ့ကြဖူးတယ်။ ဒါပေမယ့် အကြောင်းအချက်တိုင်းကို ဒီမိုကရေစီ ဖြစ်ထွန်းစေမှုလို့ မြင်လို့ရသလို၊ ဆန့်ကျင်မှုလို့လည်း မြင်လို့ရနေတယ်။ ဒါ့အပြင် နိုင်ငံအများအပြားမှာ မတူတဲ့ ကြိုတင်လိုအပ်ချက်တွေဟာ မတူတဲ့လားရာတွေအလိုက် ရှိနေနိုင်တယ်။ ဥပမာအားဖြင့် ယဉ်ကျေးမှုက ဒီမိုကရေစီကို ဖြစ်ထွန်းစေချိန်မှာ စီးပွားရေးက မဖြစ်ထွန်းစေတာမျိုးကို တွေ့နိုင်တယ်၊ တချို့အချိန်တွေမှာဆိုရင် ဘယ်အကြောင်းအချက်တွေကဖြင့် ဒီမိုကရေစီကို ဖြစ်ထွန်းစေတယ်၊ ဒါမှ

MYANMAR HARP

မဟုတ် မဖြစ်ထွန်းစေဘူး ဆိုတာမျိုး ညွှန်ပြလို့ ရကောင်းရမယ်။ ဒါပေမယ့် တချိန်တည်းမှာဘဲ၊ ဆန့်ကျင်ဘက် ဥပမာတွေကို ပြလို့ရနေပြန်တယ်။

ဒါကြောင့် ဒီမိုကရေစီ ဖြစ်ထွန်းမှုနဲ့ ပတ်သက်ပြီး ပုံသေကားကျ အသေသတ်မှတ်ထားလို့ မရနိုင်ဘူး။ ကြိုတင်လိုအပ်ချက် အေ၊ ဘီနဲ့ စီ ရှိနေရင် ဒီမိုကရေစီ ဖြစ်ထွန်းမယ်ဆိုပြီး ပြောလို့မရဘူး။ ဒီဥပဒေသတွေဟာ ဆိုရင် နိုင်ငံရေးဇာတ်ကောင်တွေရဲ့ ရွေးချယ်မှုတွေကို ထည့်သွင်းမစဉ်းစား တဲ့အတွက် ဖြစ်နိုင် ခြေမရှိဘူးလို့ ဆိုရမယ်။ အချို့သော အခြေအနေတွေမှာ ခေါင်းဆောင်တစ်ဦးတစ် ယောက်ရဲ့ ( ဥပမာ– ချားလ်စ်ဒီဂေါလ် ) ထူးခြားတဲ့ အရည်အချင်းတွေ၊ ကိုယ်ရည်ကိုယ်သွေးတွေက ရလာဒ်တွေကို ပြောင်းလဲ ပေးနိုင်ပြီ။ ဒါကို ဘယ်ပုံစံနဲ့မှ ကြိုခန့်မှန်းလို့ မရဘူး။ တောင်အာဖရိကမှာဆို ရင်လည်း အသွင်ကူးပြောင်းရေးမှာ နယ်ဆင်မင်ဒဲလားက မရှိမဖြစ် အခန်း ကဏ္ဍကနေ ပါဝင်ခဲ့တာမျိုးကို တွေ့နိုင်တယ်။

တချို့ကိစ္စတွေမှာဆိုရင် ကြိုတင်လိုအပ်ချက် လုံးဝမရှိတဲ့ အခြေအနေ ဒါမှမဟုတ် အနည်းငယ်ပဲရှိတဲ့ အခြေအနေမျိုးမှာတောင် ဒီမိုကရေစီဟာ ဖြစ်ထွန်း လာနိုင်တယ်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ အခြားသော အကြောင်းအချက်တွေဟာ ဒီမိုကရေစီဖြစ်ထွန်းမှုကို အဟန့်အတား ပြုကောင်း ပြုမယ်။ ဒါပေမယ့်ဒီမိုကရေစီစနစ်ပေါ်ပေါက်ခြင်း၊ မပေါ်ပေါက်ခြင်းကို သူတို့ တွေကသာ စီမံပေးနေတာမဟုတ်ဘူး။ လွန်ခဲ့တဲ့ နှစ်လေးဆယ်အတွင်းမှာ ခေတ်မီတိုးတက်ခြင်းနဲ့ ကြွယ်ဝခြင်းတွေမရှိဘဲ၊ နိုင်ငံရေးယဉ်ကျေးမှုနဲ့ အင်စတီကျူးရှင်းတွေ၊ လူမှုတည်ဆောက်ပုံတွေ အားနည်းချို့နဲ့နေတဲ့ နိုင်ငံ တွေမှာတောင် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွေ ပေါ်ပေါက်လာတယ်။

သတိပြုရမယ့်အချက်ကတော့ နိုင်ငံရေးဇာတ်ကောင်တွေရဲ့ ရွေးချယ် မှုတွေဟာ အရေးပါတယ်ဆိုပေမယ့်၊ ကြိုတင်လိုအပ်ချက်တွေဟာ အလကား ပဲလို့မဆိုလိုဘူး။ နိုင်ငံရဲ့အခြေအနေအရ ဇာတ်ကောင်တွေကိုယ်တိုင် အခြေ

MYANMAR HARP

အနေတွေရဲ့ (ကြိုတင်လိုအပ်ချက်တွေ) ချုပ်နှောင်မှုကို ခံထားရတာမျိုး ဖြစ်နေနိုင်တယ်။ ဒါကြောင့်လည်း အရင်တည်းက ရှိနေခဲ့တဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစတဲ့ အခြေအနေတွေနဲ့ နိုင်ငံရေးဇာတ်ကောင်တွေရဲ့ လက်ရှိ ဆုံးဖြတ်ချက်တွေကြားက အပြန်အလှန်သက်ရောက်မှုကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်တယ်။

တကယ်တော့ ဇာတ်ကောင်တွေအတွက်ဇာတ်စင်ကို လက်ရှိ အခြေအနေတွေက တည်ဆောက်ပေးထားတာ။ ဇာတ်စင်ရဲ့ အနေအထား အရသာ ဇာတ်ကောင်က ကပြနေရတာဖြစ်တယ်။ ဇာတ်ကောင်ရဲ့ ဆောင်ရွက်မှုကြောင့် ဒီမိုကရေစီ ဖြစ်ထွန်း လာမလား၊ မလာဘူးလားဆိုတာကို ရှိနေတဲ့ အခြေအနေ တွေကိုကြည့်ပြီး ပြောလို့မရဘူး။ ဒါပေမယ့် ဇာတ်ကောင်တွေဆီက ဘယ်လိုရလာဒ်တွေ ထွက်လာမလဲဆိုတာကို ခန့်မှန်းနိုင်စေမယ့် သတင်းအချက်အလက်တွေကိုတော့ပေးတယ်။ လတ်တလော သုတေသနတွေအရ ဘယ်လိုအခြေအနေမျိုးမှာမဆို၊ ဒီမိုကရေစီ အစပျိုးတာမျိုးက ဖြစ်နိုင်တယ်။ ဒါပေမယ့် တည်ငြိမ်ပြီး၊ ခိုင်မာတဲ့ဒီမိုကရေစီ ဖြစ်ဖို့အတွက်တော့ သင့်လျော်တဲ့ ကြိုတင်လိုအပ်ချက်တွေကို လိုတယ်ဆိုတာကို တွေ့လာရတယ်။ ဥပမာအားဖြင့် စီးပွားရေးဖွံ့ဖြိုးမှုမြင့်တဲ့ နိုင်ငံတိုင်း ဒီမိုကရေစီ မဖြစ်ပေမယ့်၊ ဒီမိုကရေစီဖြစ်နိုင်မယ့် အလားအလာကတော့ နိမ့်တဲ့နိုင်ငံထက်မြင့်တဲ့နိုင်ငံမှာ ပိုများတယ်။ ဆိုးဝါးတဲ့ စီးပွားရေး၊ လူမှုရေးနဲ့ အခြားအခြေအနေတွေ ရှိနေတဲ့ ဆင်းရဲတဲ့နိုင်ငံတွေ (အာဖရိကနိုင်ငံတွေလိုမျိုး) ဒီမိုကရေစီကို အသွင်ကူးပြောင်း လာနိုင်ပေမယ့်၊ အဲဒီနိုင်ငံတွေမှာ ဒီမိုကရေစီ ခိုင်မာအောင် လုပ်နိုင်ဖို့က သင့်လျော်တဲ့ ကြိုတင်လိုအပ်ချက်တွေရှိနေတဲ့ နိုင်ငံတွေထက် ပိုခက်ခဲတယ်။ ဒီလို ဆိုးဝါးတဲ့အခြေအနေတွေအောက်မှာ ဒီမိုကရေစီ ပေါ်ထွက်လာရင်လည်း မတည်မငြိမ်နဲ့ ချို့ယွင်းပြီး၊ ထိခိုက်လွယ်တဲ့ ဒီမိုကရေစီမျိုး ဖြစ်နေတတ်တယ်။ အချုပ်ဆိုရရင်တော့ ကြိုတင်လိုအပ်ချက်တွေကို ကြည့်ပြီး၊

MYANMAR HARP

ရလာဒ်ကို အပိုင်မခန့်မှန်းနိုင်ပေမယ့်၊ ဒီမိုကရေစီရဲ့ အလားအလာ၊ အထူးသဖြင့် ဒီမိုကရေစီခိုင်မာစေခြင်းနဲ့ ပတ်သက်လို့တော့ အရေးပါတဲ့ အချက်အလက်တွေကို သိရှိနိုင်တယ်။

**နိုင်ငံရေးဇာတ်ကောင်များ ဒီမိုကရေစီကို ရွေးချယ်ခြင်း**

ဒီမိုကရေစီဟာ မိုးပေါ်ကနေကျလာတာမဟုတ်ပါဘူး။ လူတစ်ဦးချင်းစီပါဝင်နေတဲ့ လူမှုအုပ်စုတွေ၊ လူမှုဇာတ်ကောင်တွေကနေ တိုက်ပွဲဝင်ခြင်းကြောင့် ရလာတာပါ။ အဒမ်ရှဗော့စကီးဆိုရင် အရေးပါတဲ့ ဇာတ်ကောင်တွေရဲ့ ရွေးချယ်မှုတွေကြောင့် သူတို့ နိုင်ငံတွေ ဒီမိုကရေစီဆီကို ဦးတည်သွားပုံကို လေ့လာခဲ့တယ်။ သူက ဒီမိုကရေစီဟာ နိုင်ငံရေးဖြစ်စဉ်အတွင်းမှာ မရေရာမှုတွေကို ရှိလာစေတယ်လို့ ဆိုပါတယ်။ ဘယ်အုပ်စုကမှ သူတို့ရဲ့ လိုလားချက်တွေ အဆုံးမှာ အောင်မြင်မယ်လို့ သေချာပေါက် မပြောနိုင်ကြဘူး။ အားအကြီးဆုံး အုပ်စုတောင်မှ (လက်နက်ကိုင်အဖွဲ့၊ ဗျူရိုကရေစီ၊ အခွင့်ထူးခံလူတန်းစားစသည်ဖြင့်) အခြားအုပ်စုကို ရှုံးနိမ့်သွားနိုင်ခြေ ရှိတဲ့အဖြစ်ကို ရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ထားရမယ်။ ဆိုလိုတာက သူတို့ရဲ့ လိုလားချက်တွေကို မရနိုင်တော့ဘူး။ ဒီမိုကရေစီစနစ်မှာက ပါဝါရှိပြီး၊ အခွင့်ထူးခံ လွှမ်းမိုးထားတဲ့ အုပ်စုတွေကို ထိခိုက်စေနိုင်တဲ့ ပေါ်လစီမျိုးကို နိုင်ငံရေးဇာတ်ကောင်တွေက ရွေးချယ်ပြုလုပ်လာနိုင်ခြေ ရှိတယ်။

အာဏာရှင်စနစ်အောက်မှာ နိုင်ငံရေးမလုပ်နိုင်အောင် တားမြစ်ခံထားရသူတွေက ဒီမိုကရေစီစနစ်ကိုတောင်းဆိုတာကမထူးဆန်းဘူး။ ဒါပေမယ့် ဘာကြောင့် အာဏာပိုင်ဝါဒကို ထောက်ခံသူတွေက သူတို့ရဲ့ အကျိုးစီးပွားကို ထိခိုက်စေနိုင်တဲ့ ဒီမိုကရေစီကို ရွေးချယ်လာကြတာလဲ။

အမှန်တကယ်က ဒီလူတွေဟာ အာဏာပိုင်စနစ်ကို ဆက်အသက်သွင်းနိုင်ဖို့ ကြိုးစားနေတာလည်း ဖြစ်နေနိုင်တယ်။ အာဏာပိုင်စနစ်တစ်ခု

MYANMAR HARP

ကနေ နောက်အာဏာပိုင်စနစ်တစ်ခုကို ပြောင်းသွားတာမျိုးလည်း ဖြစ်ကောင်း ဖြစ်မယ်။ ဒါပေမယ့် ဒီလို လွှမ်းမိုးထားတဲ့ အင်အားစုတွေက ဟန့်တားနေလျက်နဲ့ ဒီမိုကရေစီရရှိလာတာမျိုးလည်း ဖြစ်နိုင်တယ်။ အာဏာရှင်အစိုးရက နိုင်ငံခြားနဲ့ စစ်ဖြစ်တာမှာ ဒါမှမဟုတ် ပြည်တွင်းစစ်မှာ ရှုံးသွားတာမျိုး၊ သူတို့အချင်းချင်းရဲ့ အကွဲအပြဲကြောင့် ပြိုလဲသွားတာမျိုး၊ ပြည်သူတွေရဲ့ တောင်းဆိုတိုက်ပွဲဝင်မှု အောင်မြင်သွားတာမျိုး စတာတွေကြောင့် ဒီမိုကရေစီ ရလာနိုင်တယ်။

ဒါပေမယ့်လည်း ဒီမိုကရေစီဆီကူးပြောင်းမှုကို ကြည့်မယ်ဆိုရင် အာဏာပိုင် ထိပ်ပိုင်းအီလစ်တွေ လုံးဝရှုံးနိမ့်သွားလို့ အကူးအပြောင်း ဖြစ်လာတာမျိုးက အလွန်ရှားပါးတယ်။ သာဓကအများစုကို ကြည့်မယ်ဆိုရင် ဒီမိုကရေစီ အကူးအပြောင်းက အာဏာရှင်စနစ်ကို ထောက်ခံနေတဲ့ အင်အားစုတွေနဲ့ စေ့စပ်ညှိနှိုင်းပြီးဖြစ်လာတယ်။ ဒါဆိုရင် ဘာကြောင့် အာဏာရှင် အင်အားစုတွေက ဒီလို စေ့စပ်ညှိနှိုင်းမှုမျိုးကို လုပ်လာရသလဲ။

ဒါနဲ့ပတ်သက်လို့တော့ အကြောင်းအချက် အချို့ရှိနေနိုင်တယ်။ အာဏာ ရှင်အုပ်စုအတွင်း သဘောထားတင်းမာသူနဲ့ ပျော့ပြောင်းသူတွေကြား အကွဲအပြဲ ရှိတာကြောင့် ဖြစ်ချင်ဖြစ်မယ်။ သဘောထားပျော့ပြောင်းသူတွေက ပြည်တွင်းနဲ့ ပြည်ပဖိအားတွေကို ရင်ဆိုင်နေရလို့ပဲဖြစ်စေ၊ သဘောထား တင်းမာသူတွေနဲ့ ဖြစ် တဲ့ ပဋိပက္ခမှာ အသာစီးရချင်လို့ပဲဖြစ်စေ၊ ဒီမိုကရေစီကို ယုံကြည်လာလို့ဖြစ်စေ ဒီမိုကရေစီစနစ်ကို လိုလားလာကြတာ ဖြစ်ကောင်းဖြစ်မယ်။

ပိုပြီးလက်တွေ့ကျတဲ့ အချက်ကတော့ ဒီမိုကရေစီကြောင့် ရလာနိုင်တဲ့ အကျိုးကျေးဇူးတွေနဲ့ ပတ်သက်တယ်။ ဥပမာအားဖြင့် ဒီမိုကရေစီက လက်ရှိ လူမှုအခင်းအကျင်းကို တရားဝင်ကြောင်း ပြသပေးနိုင်တယ်။ ပွင့်လင်းမြင်သာပြီး စနစ်ကျတဲ့ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွေကြောင့် ကောင်းမွန်တဲ့ စီးပွားရေး

MYANMAR HARP

လောကကို ဖြစ်စေနိုင်တယ်။ နောက်ထပ် အကျိုးကျေးဇူးကတော့ နိုင်ငံတကာရဲ့ အသိအမှတ် ပြုမှုကို ရလာခြင်းဖြစ်တယ်။ ဒါနဲ့အတူ နိုင်ငံခြား အထောက်အပံ့တွေ၊ ချေးငွေတွေ ရရှိလာနိုင်တယ်။

ထိပ်ပိုင်းအီလစ်တွေက သူတို့ရဲ့ အကျိုးအတွက် ဒီမိုကရေစီကို ထောက်ခံ တာမျိုးလည်း ဖြစ်နိုင်တယ်။ ဒီလို အခြေအနေမျိုးမှာဆိုရင် ဒီမိုကရေစီက ထိခိုက်လွယ်ပြီး၊ သိပ်မရေရာဘူး။ စေ့စပ်ညှိနှိုင်းမှုတွေမှာဆိုရင် သူတို့ရဲ့ အကျိုးစီးပွားကို မထိခိုက်စေမယ့် ဒီမိုကရက်တစ် အင်စတီကျူးရှင်းတွေ ဖြစ်လာအောင် သူတို့က ကြိုးပမ်းကြတယ်။ ဘရာဇီးလ်နိုင်ငံက ၁၉၈၂ ရွေးကောက်ပွဲမှာဆိုရင် အာဏာပိုင်အစိုးရက သူတို့ကိုလိုလားတဲ့ပါတီ အသာရအောင် ဥပဒေကြောင်းအရ အဖြစ်နိုင်ဆုံး ဆောင်ရွက်တယ်။ သမ္မတ ရွေးကောက်ပွဲမှာလည်း မဲအများစုရအောင် ဆောင်ရွက်ခဲ့တယ်။ ဘာတွေ လုပ်ခဲ့တာလည်းဆိုတော့ အတိုက်အခံတွေကွဲသွားအောင် အရန်ပါတီ အမြောက်အများ ဖွဲ့ခွင့်ပေးတယ်။ သူတို့ အာဏာရလာတဲ့ ၁၉၆၄ မတိုင်ခင်မှာ လူကြိုက်များခဲ့တဲ့ ပါတီတွေကို ပါတီမှတ်ပုံတင်တဲ့အခါ အခက်တွေ့အောင် လုပ်တယ်။ စာမတတ်သူတွေက သူတို့ကို ဆန့်ကျင်မှာကို သိနေလို့ ဒီလူတွေ မဲပေး တဲ့အခါ အခက်တွေ့အောင်လုပ်တယ်။

ရှမော့စကီးကတော့ ဒီမိုကရေစီနည်းကျ ယှဉ်ပြိုင်တဲ့အခါမှာ အဓိက နိုင်ငံရေးအဖွဲ့တွေရဲ့ အကျိုးစီးပွားတွေကို ဆိုးဆိုးဝါးဝါး မထိခိုက်မှသာ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်နိုင်လိမ့်မယ်လို့ ဆိုတယ်။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် အာဏာရှင်ထိပ်ပိုင်းအီလစ်တွေဟာ သူတို့ရဲ့ အကျိုးစီးပွားတွေကို မထိခိုက်ဘူးဆိုမှ သာလျှင် ဒီမိုကရေစီကို လက်ခံလိမ့်မယ်။ ဒီတော့ကာ၊ သူတို့နဲ့ စေ့စပ်ညှိနှိုင်းပြီး ထွက်ပေါ်လာတဲ့ ဒီမိုကရက်တစ် အင်စတီကျူးရှင်းတွေဆိုတာလည်း အကန့်အသတ်နဲ့သာ လည်ပတ်နိုင်လိမ့်မယ်။

MYANMAR HARP

ဒါ့အပြင် ဒီမိုကရေစီရွေးကောက်ပွဲကနေ ပေါ်ပေါက်လာတဲ့ အစိုးရကနေ လူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ ပေါ်လစီတွေကို ပြုလုပ်တဲ့အခါမှာ အရင်ကလိုမျိုးပဲ ဖြစ်စေဖို့ ဒီထိပ်ပိုင်းအီလစ်တွေက လိုလားတယ်။ ဒီတော့ကာ အာဏာရှင် ထိပ်ပိုင်းအီလစ်တွေနဲ့ စေ့စပ်မှုကြောင့် ပေါ်ထွက်လာတဲ့ အသွင်ကူးပြောင်းမှုမှာဆိုရင် ကန့် သတ်ချက် အတော်များများ ရှိနေမှာဖြစ်ပြီး ဒီအထဲမှာ လူမှုရေးနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေ မလုပ်နိုင်အောင် ကန့်သတ်ခံထားရတဲ့ အချက်တွေလည်း ပါဝင်လိမ့်မယ်။

လတ်တလောနှစ်တွေအတွင်း တွေ့ရတဲ့ အသွင်ကူးပြောင်းမှုတွေဆိုရင် ဒီလိုပုံစံတွေများတယ်။ ဒါကြောင့်လည်း စေ့စပ်ညှိနှိုင်းမှုကြောင့် အသွင်ကူးပြောင်းမှု ဖြစ်လာနိုင်ပေမယ့်၊ ဒီမိုကရေစီကို ပိုပြီးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့ကတော့ မရေရာတာကို တွေ့ရတယ်။

## လတ်တလော အသွင်ကူးပြောင်းမှုများ

ရှေ့အပိုင်းမှာ ဒီမိုကရေစီအတွက် ကြိုတင်လိုအပ်ချက်တွေကို ပြောခဲ့သလို၊ ဒီအခြေအနေတွေနဲ့ နိုင်ငံရေးဇာတ်ကောင်တွေရဲ့ ရွေးချယ်မှုတွေကြားက အပြန်အလှန်သက်ရောက်မှုတွေကို လေ့လာဖို့ လိုအပ်ကြောင်း ဆွေးနွေးခဲ့တယ်။ ဒီအပိုင်းမှာတော့ လတ်တလောကာလအတွင်း နိုင်ငံအတော်များများမှာ အသွင်ကူးပြောင်းမှုတွေ ဖြစ်လာတာ ဘာကြောင့်လဲဆိုတာကို လေ့လာပါမယ်။

နိုင်ငံပေါင်း လေးဆယ်ကျော်ဟာ ၁၉၇၄ နဲ့ ၂၀၀၅ ကြားမှာ အသွင် ကူးပြောင်းလာကြတယ်။ ဒါကြောင့် ဒီမိုကရေစီနိုင်ငံတွေကလည်း လေးဆယ်ကနေ ရှစ်ဆယ့်ကိုးနိုင်ငံဖြစ်လာတယ်။ အသွင်ကူးပြောင်းမှုက ဥရောပတောင်ပိုင်းမှာ စတယ်။ ဂရိ၊ စပိန်နဲ့ ပေါ်တူဂီ။ နောက်ထပ် အသွင်ကူးပြောင်းတာက လက်တင်အမေရိကမှာ ဖြစ်တယ်။ အာဂျင်တီးနား၊ ဥရု

MYANMAR HARP

ငွေး၊ ပီရူး၊ အီကွေဒေါ်၊ ဘိုလီးဗီးယား၊ ဘရာဇီးလ်နဲ့ ပါရာဂွေး။ ဒါပြီးတော့ အလယ်ပိုင်းအမေရိကမှာ အသွင်ကူးပြောင်းတယ်။ ဟွန်ဒူးရပ်စ်၊ အယ်လ်ဆာဗေဒို၊ နီကာရာဂွာ၊ ဂွာတီမာလာနဲ့ မက္ကဆီကို။ သူတို့ရဲ့နောက်မှာ အသွင်ကူးပြောင်းတာက အရှေ့ဥရောပနိုင်ငံတွေ။ ပိုလန်၊ ချက်ကိုစလို ဗက်ကီးယား၊ ဟန်ဂေရီ၊ ရိုမေးနီးယား၊ ဘူလ်ဂေးရီးယားနဲ့ အရှေ့ဂျာမနီ။ သူတို့ ပြီးတဲ့နောက်မှာတော့ အာဖရိကနိုင်ငံတွေနဲ့ ယခင်ဆိုဗီယက်ပြည်ထောင်စုကနေ ခွဲထွက်လာတဲ့ နိုင်ငံတွေ။ နောက်ဆုံးမှာတော့ ၁၉၇၀ ပြည့်နှစ် အစောပိုင်းကစပြီး အသွင်ကူးပြောင်းလာကြတဲ့ အာရှတိုက်က နိုင်ငံတွေ။ ပါပူဝါနယူးဂီနီ၊ ထိုင်း၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ မွန်ဂိုလီးယားနဲ့ နီပေါ။

ဒီအပြောင်းအလဲတွေ ဖြစ်လာပြီးတဲ့နောက် အချို့နိုင်ငံတွေဟာ အချိန် တိုအတွင်း ဒီမိုကရေစီ ဖွံ့ဖြိုးမှုကို ရလာနိုင်ကြတာကို တွေ့ရတယ်။ ဒါပေမယ့် စဉ်းစားစရာ အချက်တွေလည်းရှိတယ်။ ပထမဆုံးက အချို့နိုင်ငံတွေ (ရုရှား၊ ဘိုလီးဗီးယားနဲ့ အိုင်ဗရီကို့စ် ) ဟာ အာဏာပိုင်စနစ်ဆီ နောက်ပြန်သွားနေကြတယ်။ အချို့က ရှေ့ဆက်တိုးနေပြီး တချို့ကတော့ နောက်ပြန်ဆုတ်နေတာကို အချိန်နဲ့အမျှ တွေ့နေရတယ်။ ဒုတိယက အခုပြောခဲ့တဲ့ နိုင်ငံအတော်များများဟာ ဒီမိုကရေစီ အပြည့်အဝ မရသေးဘူး။ အသွင်ကူးပြောင်းမှုရဲ့ အစောပိုင်းအဆင့်ပဲ ရှိနေသေးတယ်။ နောက်ဆုံးအချက်က ၁၉၇၄ ခုနှစ်ကနေ စတင်လာတဲ့ အသွင်ကူးပြောင်းမှု တွေကို ပိုကျယ်ပြန့်တဲ့ သမိုင်းဆိုင်ရာ ဆက်စပ်အခြေအနေအတွင်း ထည့်သွင်းပြီး ကြည့်ရမှာဖြစ်တယ်။ ၁၉၇၄ ကနေစတင်လာတဲ့ တိုးတက်မှုကို ၁၉၆၀ ပြည့်နှစ်တွေနဲ့ ၁၉၇၀ ပြည့်နှစ်တွေ အစောပိုင်းမှာ ကြုံတွေ့ခဲ့ရတဲ့ ဒီမိုကရေစီ ကျဆုံးမှုနဲ့ နှိုင်းယှဉ်ကြည့်ဖို့လည်း လိုအပ်တယ်။

တကယ်တော့ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီဆီကို အသွင်

MYANMAR HARP

ကူးပြောင်း လာတာဟာ အလိုအလျောက် ဖြစ်လာတာမဟုတ်ဘူး။ ဒီဖြစ်စဉ်ဟာ အလွန်ကြာမြင့် နိုင်ပြီး၊ များပြားလှတဲ့ အဖြစ်အပျက်တွေလည်း ပါဝင်နေမယ်။ ဒါတွေကို အဓိကနိုင်ငံရေးဇာတ်ကောင်တွေက ပုံဖော်နေတာဖြစ်ပြီး၊ နောက်ဆုံး ရလာမယ့် အဖြေကိုလည်း ကြိုမသိနိုင်ဘူး။ ဖြစ်ခဲ့ပြီးသား အသွင်ကူးပြောင်း မှုကို ပြန်ကြည့်ရင်တော့ လွယ်တာပေါ့။ ဘယ်အချက်တွေကတော့ဖြင့် အာဏာပိုင်စနစ်ကို ပြိုလဲသွားစေတယ်၊ ဘယ်အချက်တွေကတော့ဖြင့် ဒီမို ကရေစီအသွင်ကူးပြောင်းမှုကို ဖြစ်ထွန်းစေခဲ့တယ် စသည်ဖြင့် ပြောနိုင်တာပေါ့။

၁၉၈၄ ခုနှစ်မှာ ဆင်မြူရယ်ဟန်တင်တမ်က ကမ္ဘာကြီးဟာ ၁၉၅၄ ခုနှစ်ကနဲ့စာရင် ၁၉၈၄ ခုနှစ်က အနည်းနဲ့ အများတော့ ဒီမိုကရက်တစ် ပိုဆန်တယ်လို့ ပြောခဲ့တယ်။ ဒီရှုထောင့်က ကြည့်မယ်ဆိုရင် ၁၉၇၄ နဲ့ ၁၉၈၄ ကြား ဒီမိုကရေစီ ဖြစ်ထွန်းလာခြင်းဟာ ဒီကာလမတိုင်မီ ဒီမိုကရေစီ ပြိုလဲခဲ့တာကို ပြန်ထေမိစေခြင်းပဲဖြစ်တယ်။ လက်တင်အမေရိကရဲ့ ဒီမို ကရေစီ နိုင်ငံအသစ်တွေ၊ အရှေ့ဥရောပနိုင်ငံတွေ၊ ၁၉၈၄ ခုနှစ်ကတည်းက အသွင်ကူးပြောင်းလာတဲ့ အာရှနိုင်ငံတွေဟာဆိုရင် ပြန်လည်အသွင်ကူးပြောင်း လာတဲ့ နိုင်ငံတွေအဖြစ် သတ်မှတ်ခံရတယ်။ ဆိုလိုတာက အာဏာရှင်စနစ် အောက်မှာ ကာလတစ်ခုကျရောက်ခဲ့ပြီးတဲ့နောက် ပိုပြီးဒီမိုကရက်တစ်ဆန်တဲ့ အခြေအနေဆီ ရောက်ရှိလာတယ်။

လတ်တလောနှစ်တွေရဲ့ အသွင်ကူးပြောင်းမှုကို အကြောင်းအချက် တစ်ခု တည်းနဲ့ မရှင်းပြနိုင်ဘူး။ ဒါနဲ့ပတ်သက်လို့ ရှုပ်ထွေးတဲ့ ပြည်တွင်း အကြောင်းတရားတွေ၊ ပြည်ပအကြောင်းတရားတွေရှိမယ်။ မျိုးစုံတဲ့ အခြေ အနေတွေအတွင်း မတူကွဲပြားတဲ့ ဇာတ်ကောင်တွေ၊ အုပ်စုတွေရဲ့ လှုပ်ရှားမှု တွေရယ်၊ သူတို့ရဲ့ကြားက အပြန်အလှန်သက်ရောက်မှုတွေရယ် စသည်ဖြင့် တွေ့နိုင်တယ်။ လုပ်သင့်တာ ကတော့ နိုင်ငံတစ်နိုင်ငံချင်းစီကို လေ့လာဖို့ပဲ။ ဒါပေမယ့် ဒါဆိုရင် အင်မတန် ကြီးမားကျယ်ပြန့် သွားမယ်။ အဲဒီတော့ကာ

MYANMAR HARP

အဓိကဒေသကြီးတွေမှာ တွေ့ရတဲ့ အသွင်ကူးပြောင်းမှုတွေကို ကြည့်မယ်။ တချို့သော နိုင်ငံတွေကို လေ့လာမယ်။

၁၉၇၀ ပြည့်နှစ်တွေအတွင်း ပထမဆုံး အသွင်ကူးပြောင်းမှုတွေကို ဥရောပတောင်ပိုင်းမှာ တွေ့ရတယ်။ အထူးသဖြင့် စပိန်၊ ပေါ်တူဂီနဲ့ ဂရိနိုင်ငံတွေမှာ ဖြစ်တယ်။ ဒီသုံးနိုင်ငံစလုံးမှာ ထိပ်ပိုင်းအီလစ်တွေကြား အကွဲအပြဲကြောင့် အာဏာ ရှင်စနစ် ကျဆုံးသွားရတယ်။ ဒါ့အပြင် အာဏာရှင်စနစ် ပြိုကွဲပြီး၊ ဒီမိုကရေစီကို ထူထောင်တဲ့အခါမှာ မတူကွဲပြားတဲ့ အဆင့်တွေကို ဒီသုံးနိုင်ငံစလုံး ကြုံတွေ့ခဲ့ရတယ်။

စပိန်မှာဆိုရင် အာဏာရှင်ဖရန့်ကိုက သူမရှိတဲ့နောက်မှာ အာဏာရှင်စနစ် ဆက်လက်ရှင်သန်နိုင်ဖို့ စီစဉ်ထားခဲ့တယ်။ ရေတပ်မိုလ်ချုပ်ကြီး ကာရီရိုဘလန်ကိုက အစိုးရအဖွဲ့ကိုဦးဆောင်ရမှာဖြစ်ပြီး၊ ဖရန့်ကိုရဲ့ ကြီးကြပ်မှု အောက်မှာ ပညာ တတ်မြောက်ခဲ့တဲ့ ဘုရင် ဟွမ်ကားလို့စ်က နိုင်ငံ့ဦးသျှောင် ဖြစ်လာဖို့ စီစဉ်ထားခဲ့တယ်။ ဒါပေမယ့် ဘလန်ကို လုပ်ကြံခံလိုက်ရတဲ့အခါ မှာတော့ အစီအစဉ်ဟာ ကမောက်ကမဖြစ်သွားပြီး၊ ၁၉၇၅ မှာ ဖရန့်ကို ကွယ်လွန်သွားတဲ့နောက် နိုင်ငံ့ ဦးသျှောင်ဖြစ်တဲ့ ဟွမ်ကားလို့စ်ဟာ လွတ်လွတ် လပ်လပ် လှုပ်ရှားလာနိုင်တယ်။ သူက ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို ထောက်ခံအားပေးဖို့ ရွေးချယ်လိုက်တယ်။ ဒါနဲ့ပတ်သက်လို့ အပြောင်း အလဲ ကို ဖြစ်စေတဲ့ ပြည်တွင်း၊ ပြည်ပအခြေအနေတွေကို အလွယ်တကူ တွေ့နိုင်တယ်။ ပြည်တွင်းမှာဆိုရင် လျင်မြန်တဲ့ စီးပွားရေးဖွံ့ဖြိုးမှုကြောင့် အလုပ်သမားတွေ၊ လူလတ်တန်းစားတွေနဲ့ ကျောင်းသားတွေလို လူမှု အုပ်စုအသစ်တွေ ပေါ်ထွက်လာပြီး၊ သူတို့က အပြောင်းအလဲကို လိုလား ကြတယ်။ နောက်ပြီးတော့ ဂရိနဲ့ ပေါ်တူဂီလိုပဲ၊ စပိန်ကလည်း ဥရောပသမဂ္ဂ (အီးယူ) ထဲကို အလွန်ဝင်ချင်တယ်။ အီးယူထဲ ဝင်နိုင်ဖို့က နိုင်ငံရေး အပြောင်းအလဲလုပ်ဖို့ လိုတယ်။ ဒါပေမယ့် ၁၉၇၅ ခုနှစ်မှာ ရွေးချယ်စရာ

MYANMAR HARP

နိုင်ငံရေးစနစ်က ဒီမိုကရေစီတစ်ခုတည်း ရှိတာမဟုတ်ဘူး။ တကယ်တော့ အစိုးရနဲ့ အတိုက်အခံ နှစ်ဘက်စလုံးမှာရှိတဲ့ ခေါင်းဆောင်တွေရဲ့ အရည်အချင်းကြောင့် စေ့စပ်ညှိနှိုင်းမှုနဲ့ အသွင်ကူးပြောင်းနိုင်ခဲ့ပြီး ဒီမိုကရေစီကို ခိုင်မာအောင် လုပ်နိုင်ခဲ့တာဖြစ်တယ်။

ပေါ်တူဂီမှာတော့ အာဏာရှင် အန်တိုနီယိုဆာလာဇာက အာဖရိကမှာ ပေါ်တူဂီအင်ပိုင်ယာတွေကို ဆက်ထိန်းထားတာကြောင့် တိုင်းပြည်ရဲ့ ဘဏ္ဍာငွေ တွေ ဆုံးရှုံးကုန်တယ်။ ကိုလိုနီနယ်မြေတွေမှာ ပြောက်ကျားစစ်နဲ့ ရင်ဆိုင်နေရပြီး နိုင်ငံတော်ဘတ်ဂျက်ရဲ့ တဝက်က ကာကွယ်ရေးအသုံးစရိတ်ထဲ ဝင်သွားတယ်။ ဒါကို အရာရှိငယ်တွေက မကျေနပ်တာကြောင့် ၁၉၇၄ မှာ အာဏာသိမ်းတယ်။ ဒီနောက်မှာတော့ ကျင့်သုံးမယ့် နိုင်ငံရေးစနစ်နဲ့ ပတ်သက်ပြီး ငြင်းခုံမှုတွေ ပေါ်ပေါက်လာသလို၊ ရာနဲ့ချီတဲ့ နိုင်ငံရေးအုပ်စုတွေလည်း ပေါ်ထွက်လာတယ်။ ၁၉၇၆ ရောက်တော့မှသာ နောက်ဆုံးရလာဒ်အဖြစ် ဒီမိုကရေစီစနစ် ပေါ်ထွက်လာခဲ့တယ်။

ဂရိမှာတော့ အသွင်ကူးပြောင်းရေးက ပိုမြန်တယ်။ တူရကီက ၁၉၇၄ ဇူလိုင် ၂၀ မှာ ဆိုက်ပရပ်စ်ကို ဝင်သိမ်းတော့ ဒါကိုတုံ့ပြန်ဖို့ ဂရိစစ်အစိုးရ စစ်ပြင်တယ်။ ဒါပေမယ့် ဒီလုပ်ရပ်ကို စစ်တပ်ထဲမှာတောင် အပြည့်အဝ မထောက်ခံကြဘူး။ ဒီလိုနဲ့ ဒီအကျပ်အတည်းနဲ့ ပတ်သက်ပြီး နိုင်ငံရေးအဖြေရှာဖို့ ဆွေးနွေးကြရာက တဆင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်ပေါ်လာခဲ့တယ်။

လက်တင်အမေရိကရဲ့ အသွင်ကူးပြောင်းမှုတွေကတော့ ၁၉၈၀ ပြည့်နှစ် တွေအတွင်း ပေါ်ပေါက်ခဲ့တယ်။ ဥရောပတောင်ပိုင်းမှာလိုပဲ၊ လက်တင်အမေရိက နိုင်ငံတွေဟာလည်း ဒီမိုကရေစီ အသွင်ကူးပြောင်းဖို့ အနောက်ဥရောပနဲ့ အမေရိကန် တို့ရဲ့ ဖိအားပေးမှုကို ခံရတယ်။ ဒါပေမယ့် ပြည်တွင်းအခြေအနေတွေရဲ့ သက် ရောက်မှုကပိုကြီးမားတယ်။ အရေးပါတဲ့

MYANMAR HARP

အကြောင်းအချက်တစ်ခုကတော့ စီးပွားရေး ဖွံ့ဖြိုးမှုပုံစံနဲ့ သက်ဆိုင်တယ်။ စစ်တပ်ရဲ့ ကျောထောက်နောက်ခံနဲ့ အုပ်ချုပ်နေတဲ့ ထိပ်ပိုင်းအီလစ်တွေဟာ လူနည်းစုအတွက်သာ အကျိုးရှိစေမယ့် စီးပွားရေးပေါ်လစီတွေကို အာဏာရှင်စနစ်ကို အသုံးပြုပြီး ဆောင်ရွက်ကြတယ်။ ကုန်ထုတ်လုပ်မှုကို မော်တော်ကား၊ အီလက်ထရောနစ်ပစ္စည်းစတဲ့ ကုန်ပစ္စည်းတွေ ထုတ်လုပ်ဖို့သာ အလေးထားပြီး၊ ဒါဟာ အထက်လွှာလူလတ်တန်းစားတွေအတွက် ရည်ရွယ်တာဖြစ်တယ်။ လူများစုဖြစ်တဲ့ ဆင်းရဲသားတွေရဲ့ အခြေခံလိုအပ်ချက်တွေကို လုံးဝ ဂရုမစိုက်ဘူး။ ၁၉၈၀ ပြည့်နှစ်တွေ အစောပိုင်း ရောက်လာတော့ ဒီပုံစံမှာ ပြဿနာတွေ တက်လာတယ်။ နိုင်ငံခြားကြွေးမြီ၊ စီးပွားရေးတုံ့နှေးမှု၊ ငွေကြေးဖောင်းပွမှု၊ အလုပ်လက်မဲ့နှုန်း မြင့်မားလာမှု၊ လူမှုရေးပို မညီမျှလာမှုတွေကို ရင်ဆိုင် လာရတယ်။ ဒါပေမယ့် စီးပွားရေး အကျပ်အတည်းက ပြည်တွင်း အခြေအနေတွေ သက်သက်ကြောင့်တော့ မဟုတ်ဘူး။ ရေနံဈေးအလွန်အမင်း မြင့်တက်လာတာ ကြောင့်လည်း လက်တင်အမေရိကနိုင်ငံတွေ အထိနာရတယ်။ ဒီလို အသုံးစရိတ်ပိုကြီးလာတာကို ဖြေရှင်းတဲ့ နည်းလမ်းတစ်ခုကတော့ နိုင်ငံခြားကနေ ပိုက်ဆံပိုချေးတဲ့ နည်းလမ်းပဲဖြစ်တယ်။ ၁၉၈၀ ပြည့်နှစ်တွေအတွင်း ဒီချေးငွေတွေအပေါ် အတိုးနှုန်းတွေ ကြီးကြီးမားမား မြင့်တက်လာတဲ့အခါမှာတော့ စီးပွားရေးအကျပ်အတည်းက အလွန်အမင်း ပိုဆိုးဝါးလာတယ်။

တချို့နိုင်ငံတွေ၊ ဥပမာ– ဘရာဇီးလ်လိုနိုင်ငံမျိုးမှာဆိုရင် အာဏာရှင် အစိုးရတွေဟာ သူတို့လက်ထက်မှာ စီးပွားရေးကောင်းလာတာကို ပြချင်ကြတယ်။ ဒါပေမယ့် ရလာတဲ့အကျိုးစီးပွားတွေကို ပြည်သူတွေအားလုံးက ခံစားရတာတော့ မဟုတ်ဘူး။ ဒီအစိုးရတွေ စီးပွားရေး အကျပ်အတည်း ကြုံလာရတဲ့အခါမှာတော့ သူတို့ရဲ့ တရားဝင်မှုဟာလည်း နိမ့်ကျသွားတော့တယ်။ အာဂျင်တီးနားနဲ့ ဘိုလီး ဗီးယားလို နိုင်ငံမျိုးတွေကျတော့

MYANMAR HARP

အာဏာရှင်တွေမှာ ပြစ်ရာစီးပွားရေးတိုးတက်မှုတောင် မရှိတော့ကာ တရားဝင်မှု အကျပ်အတည်းကို ပိုရင်ဆိုင်ရတယ်။

ဒီလိုပြဿနာတွေကြောင့် အာဏာရှင်အစိုးရအဖွဲ့အတွင်းမှာ အကွဲအပြဲတွေ ဖြစ်လာတယ်။ သဘောထား တင်းမာသူတွေနဲ့ သဘောထား ပျော့ပြောင်း သူတွေရယ်လို့ ဖြစ်လာပြီး၊ လူ့အဖွဲ့အစည်းအပေါ် ချုပ်ကိုင်မှု အားပျော့လာတော့ တယ်။ ဒီလိုနဲ့ နိုင်ငံရေး ဖြေလျှော့မှုတွေကို ဖြစ်လာစေတယ်။ ရလာဒ်ကတော့ ဒီမိုကရေစီကိုတောင်းဆိုမှု ပိုနိုင်မာလာပြီး အာဏာရှင်စနစ်ရဲ့ တရားဝင်မှုဟာ ပိုဆုတ်ယုတ်သွားတယ်။ ဒီလိုအခြေအနေမှာ လက်တင်အမေရိက,က လူမှုရေး အုပ်စုတွေဟာ နိုင်ငံရေးဒီမိုကရေစီကို ပိုတောင်းဆိုလာကြတာဖြစ်တယ်။ ကြမ်းတမ်းတဲ့ အာဏာရှင်စနစ် အောက်မှာ တုန်းက ဖက်ဆစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ စသည်ဖြင့် အမျိုးမျိုးသော နိုင်ငံရေး စနစ်တွေကို ပြည်သူတွေက စိတ်ဝင်စားကြတယ်။ ဒါပေမယ့် နိုင်ငံရေးဖြေလျှော့မှု ဖြစ်လာတဲ့ အခါမှာတော့ ဒီမိုကရေစီကို ပိုလိုလားလာကြတယ်။ ကက်သလစ်ဘုန်းတော်ကြီးတွေ၊ ဂျာနယ်လစ်တွေ၊ ပါမောက္ခတွေ၊ အလုပ်သမား အဖွဲ့တွေနဲ့ လူမှုရေးလှုပ်ရှားမှုအဖွဲ့တွေက ထောက်ခံတာကြောင့်လည်း ဒီမိုကရေစီကို လိုလားလာကြတာဖြစ်တယ်။

လက်တင်အမေရိကနိုင်ငံအချို့မှာဆိုရင် ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟာ အုပ်ချုပ်ရေးစနစ် ဖြေလျှော့ပေးမှုကနေ စတင်လာတာကို တွေ့ရတယ်။ ဒါကြောင့်လည်း အဲဒီနိုင်ငံတွေမှာ အသွင်ကူးပြောင်းမှုက တဖြည်းဖြည်းချင်း ဖြစ်ပေါ်တာကို တွေ့ရမှာဖြစ်တယ်။ အာဂျင်တီးနားမှာတော့ စီးပွားရေးကျဆင်းမှုကြောင့် စစ်အစိုးရက ပြည်သူတွေကို အာရုံလွှဲဖို့ ဖော့ကလန်ကျွန်းစစ်ပွဲကို ဆင်နွှဲခဲ့တယ်။ ဒါပေမယ့် စစ်ရှုံးသွားတဲ့နောက် စစ်အစိုးရလဲ ပြိုလဲသွားတယ်။

နောက်ထပ် ဒီမိုကရေစီအသွင်ကူးပြောင်းလာတဲ့ ဒေသကတော့ အရှေ့ ဥရောပပဲဖြစ်တယ်။ ပိုလန်နိုင်ငံမှာ အလုပ်သမားတွေက သူတို့ရဲ့

MYANMAR HARP

စီးပွားရေး အခြေအနေတွေ တိုးတက်စေဖို့အတွက် ၁၉၈၀ မှာ ဆိုလစ်ဒယ်ရတီအဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ပထမတော့ သူတို့က နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို မတောင်းဆိုဘဲ၊ သမဂ္ဂတွေ လွတ်လပ်စွာ တည်ရှိနိုင်ခွင့်ကိုသာ တောင်းဆိုခဲ့တယ်။ ဒါပေမယ့် နိုင်ငံရေးစနစ် မပြောင်းလဲဘဲနဲ့ သူတို့ရဲ့ တောင်းဆိုချက်တွေ မရနိုင်ဘူးဆိုတာ သဘောပေါက်လာတယ်။ ဒါပေမယ့် သူတို့ရဲ့ တောင်းဆိုချက်တွေကို အာဏာရှင်အစိုးရတွေက မလိုက်လျောဘဲ ဖိနှိပ်ခဲ့တယ်။ ၁၉၈၉ ရောက်တော့မှသာ အရှေ့ဥရောပမှာ အာဏာရှင်အစိုးရတွေ ပြိုလဲခဲ့တယ်။ အရှေ့ဥရောပမှာ အရင်တုန်းက အာဏာရှင် ဆန့်ကျင်ရေးလှုပ်ရှားမှုတွေ ရှိခဲ့ဖူးတယ်။ ၁၉၅၂ မှာ အရှေ့ဂျာမနီ၊ ၁၉၅၃ မှာ ပိုလန်၊ ၁၉၅၆ မှာ ဟန်ဂေရီ၊ ၁၉၆၈ မှာ ချက်ကိုစလိုဗက်ကီးယား စသည်ဖြင့် အာဏာရှင်ကွန်မြူနစ်အစိုးရတွေကို ဆန့်ကျင်အုံကြွခဲ့ကြဖူးတယ်။ ဒါပေမယ့် နိုင်ငံရေးအပြောင်းအလဲကိုတော့ မရခဲ့ကြဘူး။ ဒါဆိုရင် ၁၉၈၉ မှာ ဘာတွေ ကွာခြားသွားသလဲ။ အဖြေကတော့ ဂေါ်ဘာချော့ဗ်၊ ဟယ်လ်ဆင်ကီးနဲ့ တော့ခ်ဗီးလ်တို့ပဲဖြစ်တယ်။

ဆိုဗီယက်ပြည်ထောင်စုမှာ မီခေးလ်ဂေါ်ဘာချော့ဗ် ခေါင်းဆောင်ဖြစ်လာတော့ ဆိုဗီယက်ရဲ့ အရှေ့ဥရောပ ပေါ်လစီမှာလည်း အပြောင်းအလဲတွေ ဖြစ်လာတယ်။ ဂေါ်ဘာချော့ဗ် မတိုင်ခင်ရှိခဲ့တဲ့ ဘရက်ဇနက် မူဝါဒကတော့ အရှေ့ဥရောပမှာ မလိုလားအပ်တဲ့ အစိုးရတွေ အာဏာမရလာအောင် ဆိုဗီယက်ကနေ ဝင်ရောက် စွက်ဖက်ဖို့ကို အားပေးထားတယ်။ ဂေါ်ဘာချော့ဗ် လက်ထက်ရောက်တော့ အပြောင်းအလဲတွေ ဖြစ်လာပြီ။ ဒါကို စင်နာထရာ မူဝါဒလို့လည်း ခေါ်ကြတယ်။ ၁၉၈၉ ခုနှစ် ဩဂုတ်လမှာ ဂေါ်ဘာချော့ဗ်က အတိုက်အခံတွေကို အစိုးရဖွဲ့ခွင့်ပေးဖို့ ပိုလန်ကွန်မြူနစ်အစိုးရကို တိုက်တွန်းခဲ့တယ်။ ၁၉၈၉ အောက်တိုဘာမှာ အရှေ့ဂျာမနီထူထောင်ခြင်း နှစ်လေးဆယ်ပြည့် အခမ်းအနားကို တက်ရောက်တဲ့အခါမှာလည်း အရှေ့

MYANMAR HARP

ဂျာမနီခေါင်းဆောင် အဲရစ်ဟွန်နက်ကာကို သူက အရှေ့ဂျာမနီရဲ့ ပြဿနာတွေကို မော်စကိုမှာ ဖြေရှင်းရမှာ မဟုတ်ဘဲ၊ ဘာလင်မှာသာ ဖြေရှင်းရမယ်လို့ ပြောခဲ့တယ်။

ဒါပေမယ့် အရှေ့ဥရောပက အုပ်ချုပ်သူတွေဟာ ဆိုဗီယက်က ဝင်ရောက် မစွက်ဖက်တော့ရင်တောင် သူတို့ရဲ့ စစ်တပ်တွေကိုလွှတ်ပြီး ဆန္ဒပြသူတွေကို နှိမ်နင်းနိုင်းလို့ ရတာပဲ။ ဒါဆိုရင်ဘာကြောင့် သူတို့ မပြုတ်မသား ဖြစ်နေခဲ့ကြသလဲ။ ဒါကတော့ ဟယ်လ်ဆင်ကီး အကြောင်းအချက်ကြောင့်ပဲဖြစ်တယ်။ အနောက်နိုင်ငံ တွေက ဟယ်လ်ဆင်ကီး သဘောတူညီချက်နဲ့ အရှေ့ဥရောပမှာ လူ့အခွင့်အရေးတွေကို လေးစားလိုက်နာလာစေဖို့ ကြိုးစားတယ်။ အပြန်အလှန်အနေနဲ့ စီးပွားရေး အထောက်အပံ့တွေကို ပေးတယ်။ ဟယ်လ်ဆင်ကီး အကြောင်းအချက်နဲ့အတူ တော့ခ်ဗီးလ် အကြောင်းအချက်ကိုလည်း တွေ့နိုင်တယ်။ တော့ခ်ဗီးလ် အကြောင်း အချက်ဆိုတာက အိုမင်းနေပြီဖြစ်တဲ့ အုပ်ချုပ်သူအီလစ်တွေကိုယ်တိုင်က သူတို့ရဲ့ အုပ်ချုပ်ခွင့်နဲ့ တရားဝင်မှုတွေကို ယုံကြည်မှု ကင်းမဲ့လာတာကို ပြောတာဖြစ်တယ်။

ပြည်သူတွေရဲ့ အုံကြွမှုကိုလည်း နားလည်ဖို့ လိုအပ်တယ်။ အရှေ့ဥရောပမှာ စီးပွားရေးအကျပ်အတည်းတွေ ပိုမိုပြင်းထန်လာတော့ ဗဟိုက ချုပ်ကိုင်တဲ့ စီမံကိန်းစီးပွားရေးတွေဟာ အလုပ်မဖြစ်ဘူးဆိုတာ ထင်ရှားလာတယ်။ ပြည်သူတွေအတွက် အခြေခံအကျဆုံး လိုအပ်ချက်တွေကိုတောင်မှ ဖြည့်ဆည်းမပေးနိုင်ဘူးဆိုတာ တွေ့လာရတယ်။ ဒီလိုအခြေအနေတွေကြောင့်လည်း ဆိုဗီယက်ပြည်ထောင်စုမှာ ဂေါ်ဘာချော့ဗ် အာဏာရလာတာဖြစ်တယ်။ ဒီခေါင်းဆောင်တွေက အနောက်နဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သူတို့ရဲ့ စနစ်ကို ပြန်အားသစ်လောင်းပြီး ပြုပြင်ပြောင်းလဲဖို့ ဆန္ဒရှိကြတယ်။

ဒါပေမယ့် စနစ်ကို ဖွင့်ပေးလိုက်ခြင်းကြောင့် ထိပ်ပိုင်းအီလစ်တွေ

MYANMAR HARP

အတွက် ခြိမ်းခြောက်မှုတွေ ပေါ်ထွက်လာတယ်။ အထီးကျန်မနေဘဲ၊ နိုင်ငံတကာ စနစ်အတွင်းကို ဝင်ရောက်လိုက်ခြင်းကြောင့် အလုံးစုံအာဏာရှင် စနစ်ရဲ့ ပါဝါအဆောက်အအုံကို ရေရှည်ထိန်းသိမ်းထားဖို့က ခက်ခဲလာ တယ်။ တကယ်တော့ အာဏာရှင်နိုင်ငံရေးစနစ်နဲ့ ဗဟိုကချုပ်ကိုင်တဲ့ စီမံကိန်းစီးပွားရေးဆိုတာက အာဏာ၊ ကုန်ထုတ်လုပ်မှုနဲ့ ဖြန့်ဖြူးမှုတွေကို ကျားကန်ပေးထားတဲ့ အဓိကဒေါက်တိုင်တွေဖြစ်တယ်။ စနစ်ရဲ့ အစိတ် အပိုင်းတစ်ခုကို ပြောင်းလဲလိုက်ရင် (ဥပမာအားဖြင့် စီးပွားရေးချုပ်ကိုင်မှုကို ဖြေလျှော့ပြီး နိုင်ငံခြားကုမ္ပဏီတွေနဲ့ ဖက်စပ်ဆောင်ရွက်တာမျိုး) စနစ်တစ်ခု လုံးအပေါ် ရိုက်ခတ်မှုတွေ ရှိလာလိမ့်မယ်။ ဒီအခြေအနေက အုပ်ချုပ်သူ အီလစ်တွေကို အကျဉ်းအကျပ်ထဲကို ရောက်သွားစေတယ်။ သူတို့က စနစ်ကို ပြုပြင်ပြောင်းလဲဖို့ ကြိုးစားရာကနေ သူတို့ရဲ့ အာဏာဟာ ခြိမ်းခြောက်ခံလာ ရတယ်။ ဒါပေမယ့်လည်း လူမှုစီးပွား အကျပ်အတည်းတွေကို မထိန်းနိုင် မသိမ်းနိုင် အခြေအနေမျိုး မရောက် သွားအောင်အတွက် ရယ်ဒီကယ်ကျတဲ့ ဆောင်ရွက်ချက်တွေကို ပြုလုပ်ဖို့ လိုအပ် နေပြန်တယ်။

ဒီထိပ်ပိုင်းအီလစ်တွေဟာ ဒီအကျပ်ရိုက်မှုကို ဖြေရှင်းနိုင်မယ့် အဖြေတွေ ထုတ်နိုင်စွမ်း မရှိကြဘူး။ ဒီအစား သူတို့အတွက် ကျင့်ဝတ် ဆိုင်ရာ အကျပ်ရိုက်မှုကို သူတို့ကိုယ်တိုင်က ဖန်တီးမိလျက်သား ဖြစ်နေ ကြတယ်။ ဝါဒဖြန့်ချိရေးက အားလုံး ကောင်းပါတယ်ဆိုပြီး ပြောပေမယ့်၊ အခြေအနေမှန်တွေကို သိနေတဲ့ ပြည်သူတွေ အတွက်ကတော့ အနှစ်မဲ့တဲ့ စကားတွေ ဖြစ်နေတော့တယ်။ ဒီလိုနဲ့ အမှန်တရားနဲ့ ဝါဒဖြန့်ချိရေးကြား၊ လူတွေတွေးထင်တာနဲ့ လူတွေ ပြောခွင့်ရှိတာရဲ့ကြားက ကွာဟချက်တွေက ကြီးသထက်ကြီးလာပြီး ဘယ်လိုမှဆက်ပြီး သည်းခံလို့မရတော့တဲ့ အနေ အထားမျိုး ဖြစ်လာတော့တယ်။ ဒီအခါမှာ အမှန်တရားအတွက် တောင်းဆို မှုက တားဝတ်နေရေးအတွက် တောင်းဆိုမှုနဲ့ တန်းတူအရေးပါလာပြီး စာရေး

MYANMAR HARP

ဆရာတွေ၊ ပညာရှင်တွေက တောင်းဆိုတိုက်ပွဲဝင်မှုမှာ တက်ကြွစွာ ပါဝင်လာတော့တယ်။ ရုပ်ဝတ္ထုအခြေအနေတွေ တိုးတက်ဖို့အတွက် တောင်းဆိုမှုက အရေးပါသလို၊ စိတ်ပိုင်းဆိုင်ရာ လွတ်လပ်မှုရဖို့ တောင်းဆိုမှုကလည်း တန်းတူအရေးပါတယ်လို့ ဆိုရမယ်။

အရှေ့ဥရောပ ပြီးတဲ့နောက်တော့ အာဖရိကမှာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေကို တွေ့လာရတယ်။ ၁၉၈၉ ခုနှစ် ဘာလင်တံတိုင်း ပြိုလဲချိန်မှာ ဆာဟာရအောက်ပိုင်းက ၄၅ နိုင်ငံအနက် ၃၈ နိုင်ငံဟာ အရပ်သားတစ်ပါတီအစိုးရ ဒါမှမဟုတ် စစ်အစိုးရဆိုတဲ့ အာဏာရှင်စနစ် တစ်မျိုးမျိုးအောက်မှာ ရှိနေခဲ့တယ်။ နောက် ၁၈ လ ကြာတဲ့အခါမှာတော့ ဒီနိုင်ငံတွေရဲ့ တဝက်ကျော်မှာ အပြိုင်အဆိုင်ရှိတဲ့ ရွေးကောက်ပွဲတွေကို ဖြစ်စေ၊ ဒီလို ရွေးကောက်ပွဲမျိုးတွေကို ကျင်းပပေးပါမယ်လို့ ကတိပေးတဲ့ နိုင်ငံတွေကို ဖြစ်စေ တွေ့လာရတယ်။

အရှေ့ဥရောပက လျင်မြန်တဲ့ အပြောင်းအလဲတွေက အာဖရိကအတွက် အရေးပါတဲ့ ဓာတ်ကူပစ္စည်းလို့ ဆိုရမယ်။ တစ်ဖက်မှာကြည့်ရင် အာဖရိကမှာရှိတဲ့ အနောက်လိုလားတဲ့ အာဏာရှင်နိုင်ငံတွေကိုဖြစ်စေ၊ ဆိုဗီယက်ကို လိုလားတဲ့ အာဏာရှင်နိုင်ငံတွေကိုဖြစ်စေ၊ သူတို့ရှင်သန်ရပ်တည်နိုင်ဖို့ အကူအညီပေးနေတဲ့ စစ်အေးတိုက်ပွဲက ပြီးဆုံးသွားပြီ။ နောက်တစ်ဖက်မှာကျတော့ ရှိနေပြီးသား လူထုလှုပ်ရှားမှုတွေကို ပိုအားကောင်းလာစေတယ်။ အာဖရိကနိုင်ငံတွေဟာ ပြင်းထန်တဲ့ စီးပွားရေးကျဆင်းမှုတွေ၊ နိုင်ငံခြားကြွေးမြီ များပြားခြင်း၊ အကျင့်ပျက်ခြစားခြင်းတွေကို ရင်ဆိုင်နေရတဲ့ နိုင်ငံတွေဖြစ်တယ်။ ဒီလို ပြည်တွင်းအကြောင်းခံတွေ ရှိနေချိန်မှာ အရှေ့ဥရောပရဲ့ အဖြစ်အပျက်တွေကြောင့် အုံကြွမှုတွေဟာ ပိုအားကောင်းလာတယ်။ ဒါ့အပြင် ဒီမိုကရေစီကို တောင်းဆိုလာစေတဲ့ အကြောင်းတွေလည်း ရှိတယ်။ အဲဒါတွေကတော့ မြို့ပြမှာ နေထိုင်သူ ပိုများလာမှုနဲ့ ပညာရေး

MYANMAR HARP

အဆင့်အတန်း မြင့်လာမှုနဲ့အတူ ဒီလူတွေဟာ ထုံးတမ်းစဉ်လာနဲ့ အသေချည်နှောင်မှုကို မခံကြဘဲ၊ အာဏာရှင်စနစ်ကိုလည်း မလိုလားတတ်ကြဘူး။

ဒီဖြစ်ထွန်းမှုတွေကြောင့် အာဖရိကမှာတွေ့ရတဲ့ အုပ်ချုပ်ရေးနဲ့ ပတ်သက်တဲ့ ထုံးတမ်းစဉ်လာ အိုင်ဒီယာတွေဟာ အားနည်းသွားတယ်။ ဒီအိုင်ဒီယာမှာတွေ့ရတဲ့ အဓိကအချက်နှစ်ချက်ကတော့ အားလုံးသဘောညီဆုံးဖြတ်ခြင်းနဲ့ တစ်ပါတီ အုပ်ချုပ်ရေးစနစ်တွေပဲဖြစ်တယ်။ ပထမ အယူအဆက ကျော်ကြားတဲ့ ပါလာဗာသစ်ပင် အမြင်ကနေ ဆင်းသက်လာတယ်။ ဘာလဲဆိုတော့ အဲဒီနေရာမှာအားလုံး သဘောတူညီချက် ရတဲ့အထိ ပြည်သူတွေ ဆုံညီတွေ့ဆုံဆွေးနွေးခြင်း ဖြစ်တယ်။ ဒီနည်းနဲ့ လူများစုက လူနည်းစုကို သူတို့ဖြစ်စေချင်သလို အတင်းအကျပ် လက်ခံနိုင်းလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ ဒီလုပ်ငန်းစဉ်မှာ တစ်ဦးချင်းစီ ပါဝင်နေတာကြောင့်ဖြစ်တယ်။ စံနှုန်းအရကြည့်ရင် အားလုံးရဲ့ သဘောတူညီမှု အတွင်းမှာ တစ်ဦးချင်းစီရဲ့ ကွာခြားမှုတွေကိုလည်း ထည့်သွင်းစဉ်းစားမှာဖြစ်တယ်။ တစ်ပါ တီစနစ်ကတော့ ဒီလိုအဆုံးအဖြတ်တွေအတွက် ယုတ္တိကျတဲ့ အဖွဲ့အစည်းမှုဘောင် [illegible] စီးပွားရေးနဲ့ လူမှုရေး ဖွံ့ဖြိုးမှုတွေလုပ်ဖို့ အမှုတပြင်း လိုအပ်နေတဲ့ အချိန်မှာ အကျိုးမရှိတဲ့ နိုင်ငံရေးယှဉ်ပြိုင်မှုတွေနဲ့ တစ်ပါတီစနစ်က သူ့ရဲ့ စွမ်းအင်တွေကို အကုန်မခံဘူး။ လက်တွေ့မှာတော့ ဒီအချက်နှစ်ချက်ဟာ အလုပ်မဖြစ်တာကို တွေ့ရတယ်။ အားလုံးသဘောညီ ဆုံးဖြတ်ခြင်းက လူဦးရေများပြားပြီး၊ ရှုပ်ထွေးလှတဲ့ လူ့အဖွဲ့အစည်းတွေမှာ အလုပ်မဖြစ်သလို၊ တစ်ပါတီစနစ်ဆိုတာကလည်း အာဏာရှင်စနစ်ကိုသာ ပေါ်ပေါက်လာစေတယ်။ ဒီလိုနဲ့ အကျင့်ပျက်နေတဲ့ အာဏာရှင်တွေဟာ ကိုယ်ကောင်းစားရေး၊ ဆွေမျိုးသားချင်း ကောင်းစားရေး ဒါမှမဟုတ် ကိုယ့်လူမျိုးစု ကောင်းစားရေး စတာတွေကိုသာ ဆောင်ရွက်နေတော့တယ်။

အိုင်ဗရီကို့စ်နဲ့ ဂါဘွန်လိုနိုင်ငံမျိုးတွေမှာတော့ အာဏာရနေတဲ့

MYANMAR HARP

ခေါင်းဆောင်တွေဟာ ဒီမိုကရေစီရေစီးကြောင်းနဲ့အတူ လိုက်ပါနိုင်ဖို့ ကြိုးစားကြတယ်။ ဥပမာအားဖြင့် အတိုက်အခံတွေစုဖွဲ့မှု အားမကောင်းသေးချိန်မှာ လွတ်လပ်တဲ့ ရွေးကောက်ပွဲတွေ ကျင်းပပေးတယ်။ စီးပွားရေးအရင်းအမြစ်တွေနဲ့ သတင်းမီဒီယာတွေကို သူတို့က ထိန်းချုပ်ထားတာကြောင့် အတိုက်အခံတွေအနေနဲ့က ဒီလိုပါဝါကြီးတဲ့ သူတွေနဲ့ ယှဉ်ပြိုင်ဖို့ အဆင်သင့် မဖြစ်သေးဘူး။

ပြင်ပအကြောင်းအချက်ကတော့ အာဖရိကနိုင်ငံတွေ လိုအပ်တဲ့ အလှူငွေနဲ့ စီးပွားရေး အထောက်အပံ့တွေ ပေးနေတဲ့ အလှူရှင်နိုင်ငံတွေနဲ့ အေဂျင်စီတွေရဲ့ အခန်းကဏ္ဍပဲဖြစ်တယ်။ နောက်ထပ် အကူအညီလိုချင်ရင် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို လုပ်ရမယ်ဆိုပြီး သူတို့က ဖိအားတွေ ပေးတယ်။ ဒီဖိအားတွေကို အာဖရိကနိုင်ငံ အနည်းငယ်ကသာ ရှောင်လွှဲနိုင်တယ်။ ဥပမာအားဖြင့် ပြင်သစ်ရဲ့အခန်းကဏ္ဍ အရေးပါပုံကို တွေ့ရမယ်။ ပြင်သစ်ရဲ့ ကိုလိုနီ ဖြစ်ခဲ့ဘူးပြီး၊ လက်ရှိလည်း နီးကပ်တဲ့ ဆက်ဆံရေးရှိတဲ့ အာဖရိကနိုင်ငံတွေဆိုရင် အထောက်အပံ့နဲ့ ပတ်သက်လို့ ပြင်သစ်ကို အလွန်အမင်း မှီခိုနေရတယ်။

နောက်ဆုံးအနေနဲ့ အာဖရိကရဲ့ ဒိုမီနိုသက်ရောက်မှုကို တွေ့ရတယ်။ အချို့နိုင်ငံတွေမှာ အပြောင်းအလဲဖြစ်လာတာနဲ့ အခြားနိုင်ငံတွေမှာပါ အပြောင်းအလဲ ဖြစ်လာနိုင်ခြေ ပိုများလာတယ်။ ဒီလိုသက်ရောက်မှုမျိုးကို လက်တင်အမေရိကမှာလည်း တွေ့ရတယ်။ ပထမဆုံး ပီရူးနိုင်ငံ ပြောင်းလဲလာပြီးနောက် နောက်ထပ် ဆယ်စု နှစ်တစ်ခုအတွင်းမှာ အီကွေဒေါ၊ အာဂျင်တီးနား၊ ဘိုလီးဗီးယား၊ ဥရုဂွေးနဲ့ ဘရာဇီးလ်တို့ အသွင်ကူးပြောင်းလာတယ်။ အရှေ့ဥရောပမှာတော့ အပြောင်းအလဲက ပိုပြီးမြန်တာကိုတောင် တွေ့ရတယ်။ တချိန်တည်းမှာပဲ၊ ဒီဒိုမီနိုသက်ရောက်မှုဟာ နိုင်ငံအတော်များများကို တချိန်တည်းမှာ ရိုက်ခတ်နေတဲ့ နိုင်ငံတကာအခြေအနေတွေရဲ့ အပြောင်း

MYANMAR HARP

အလဲနဲ့ နီးကပ်စွာ ဆက်စပ်နေတာလည်းဖြစ်တယ်။ ဥပမာအားဖြင့် အာဖရိက နိုင်ငံတွေအပေါ် အလျှုရှင်နိုင်ငံတွေရဲ့ သဘောထားအပြောင်းအလဲ၊ ဆိုဗီယက်ရဲ့ အရှေ့ဥရောပပေါ်လစီအပြောင်းအလဲ စသည်ဖြင့်။ ဒါပေမယ့် သတိပြုရမှာကတော့ ဒီပြင်ပမှာဖြစ်ပေါ်တဲ့ အပြောင်းအလဲတွေဟာ ဒီမိုကရေစီကို ဖြစ်ထွန်းစေမယ့် ပြည်တွင်း အကြောင်းအချက်တွေနဲ့ ဟန်ချက်ညီညီ ပေါင်းစပ်နိုင်မှသာ အမြင့်ဆုံးသက်ရောက်မှုကို ဖြစ်စေလိမ့်မယ်ဆိုတဲ့ အချက်ပဲ ဖြစ်တယ်။

အာရှရဲ့ အသွင်ကူးပြောင်းမှုကတော့ အနှစ်ချုပ်ပြဖို့ခက်တယ်။ အာရှမှာက အကူးအပြောင်းတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်အတွင်း ပြန့်ကျဲပြီး ဖြစ်ပေါ်တာကို တွေ့ရတယ်။ ဒါတင်မက ဒီမိုကရေစီကနေ အာဏာရှင်စနစ်ဆီ သွားနေ တာမျိုးကိုတောင် တွေ့ရတော့ကာ မြင်ကွင်းက ပိုရှုပ်ထွေးလာတယ်။ အာရှနိုင်ငံတွေမှာ မတူညီတဲ့ ဖွံ့ဖြိုးတိုးတက်မှု အဆင့်တွေရှိနေပြီး၊ ကွဲပြားတဲ့ စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံရေးတည်ဆောက်ပုံတွေလည်း ရှိနေတယ်။ ဒါတောင်မှ အဆင်းရဲဆုံးနဲ့ ဖွံ့ဖြိုးမှု အနိမ့်ဆုံးနိုင်ငံတွေ (ဥပမာ– မွန်ဂိုလီးယား) မှာ ဒီမိုကရေစီ အကူးအပြောင်းတွေ ဖြစ်လာသလို ချမ်းသာတဲ့နိုင်ငံတွေ (တောင်ကိုရီးယားနဲ့ ထိုင်ဝမ်)၊ အလယ်အလတ်အဆင့်ရှိတဲ့ နိုင်ငံတွေ ( ထိုင်းနဲ့ ဖိလစ်ပိုင် ) မှာလည်း အကူးအပြောင်းတွေ ဖြစ်လာခဲ့တယ်။ ဒီအကူးအပြောင်းတွေနဲ့ ပတ်သက်လို့ တစ်ခုတည်းသော အကြောင်း အချက်ကိုတော့ တွေ့ရမှာမဟုတ်ဘူး။ ဖိလစ်ပိုင်၊ နီပေါနဲ့ ထိုင်ဝမ်တို့ကို ကြည့်မယ်ဆိုရင် အတော်လေးကွာခြားတဲ့ ဖြစ်စဉ်တွေကို တွေ့မှာ ဖြစ်ပြီး၊ ဒီအချက်တွေက အာရှရဲ့ အကူးအပြောင်းတွေမှာ တွေ့ရတဲ့ လူမှုစီးပွား အကြောင်းအချက် တွေနဲ့ နိုင်ငံရေးဖြစ်စဉ်တွေကို ရှင်းပြကောင်း ရှင်းပြနိုင်လိမ့်မယ်။

ဖိလစ်ပိုင်မှာဆိုရင် ၁၉၈၂ ခုနှစ်မှာ ဖာဒီနန်မားကို့စ်က မာရှယ်လော

MYANMAR HARP

မထုတ်ခင်မှာ မတည်ငြိမ်တဲ့ ဒီမိုကရေစီကို တွေ့ကြုံခဲ့ရတယ်။ အဲဒီအချိန်ကဆိုရင် မားကို့စ်ရဲ့ လုပ်ရပ်ကို ထောက်ခံသူတွေရှိတယ်။ မာရှယ်လောကြောင့် တည်ငြိမ် အေးချမ်းမှုကိုရလာတယ်၊ ရန်စောင်နေကြတဲ့ အုပ်စုတွေကြားက အကြမ်းဖက်မှုတွေ လျော့ကျသွားတယ်။ မြေယာပြုပြင်ပြောင်းလဲရေးကို လုပ်နိုင်ပြီး။ ထိရောက်တဲ့အုပ်ချုပ်ရေးကို ဖော်ဆောင်နိုင်တာနဲ့အတူ စီးပွားရေး ဖွံ့ဖြိုးမှုကိုရလာတယ်။ ဒါပေမယ့် ၁၉၈၀ ရောက်တဲ့အခါမှာတော့ အခြေအနေက မဟန်တော့ဘူး။ ရေနံစတဲ့ သွင်းကုန်ဈေးနှုန်းတွေ မြင့်တက်လာတယ်။ ဖိလစ်ပိုင် ပို့ကုန်ဈေးကွက် သေးငယ်သွားတယ်။ နိုင်ငံခြား ကြွေးမြီတွေ များပြားလာတယ်။ ဒီအချက်တွေကြောင့် စီးပွားရေးအကျပ်အတည်း ပေါ်ပေါက်လာတယ်။ တချိန်တည်းမှာပဲ၊ မားကို့စ်ရယ်၊ သူ့မိန်းမရယ်၊ သူတို့ရဲ့ အပေါင်းအပါ ခရိုနီတွေရယ်က အရေးအပါဆုံး စက်မှုလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ထားကြတာကြောင့် သူတို့အပေါ် ဝေဖန်မှုတွေ ပိုများလာတယ်။ အိုင်အမ်အက်ဖ်ကလည်း မားကို့စ်က လက်ဝါးကြီးအုပ်ထားတာကို မစွန့်လွှတ်ရင် ကြွေးမြီပြဿနာကို ကူညီဖို့ ဆန္ဒမရှိဘူး။ ကျေးလက်ဒေသတွေမှာ လည်း ကွန်မြူနစ်ပြောက်ကျားတွေရဲ့ လှုပ်ရှားမှုတွေ အရှိန်အဟုန် မြင့်လာခဲ့တယ်။ အကယ်၍သာ အတိုက်အခံခေါင်းဆောင် ဘီနစ်နိုအကွီနိုကို မားကို့စ်ရဲ့ လုံခြုံရေး အဖွဲ့တွေက ပစ်မသတ်ခဲ့ဘူးဆိုရင် သူ့အနေနဲ့ အခြေအနေကို ထိန်းသိမ်းနိုင် လောက်တယ်။ ဒါပေမယ့် ဒီလုပ်ကြံမှုကြောင့် အတိုက်အခံတွေ စုစည်းမိလာပြီး၊ စစ်တပ်အတွင်းမှာလည်း ကာကွယ်ရေးဝန်ကြီး ဟွမ်ပွန်စီအင်ရိုင်းရဲ့ ကမကထပြုမှု နဲ့အတူ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုပေါ်ထွက်လာတယ်။ ဒီလုပ်ကြံမှုကို အမေရိကန်ပြည်ထောင်စုကလည်း အပြင်းအထန်ဝေဖန်ခဲ့တယ်။ သူ့အပေါ် ဝေဖန်မှုတွေကို တုံ့ပြန်တဲ့အနေနဲ့ လွတ်လပ်တဲ့ ရွေးကောက်ပွဲလုပ်ပေးမယ်လို့ မားကို့စ်က အဆိုပြုတယ်။ ဒီရွေးကောက်ပွဲမှာ ကိုရာဇန်အကွီနို အနိုင်ရခဲ့

MYANMAR HARP

တယ်။ ဒီအချိန်မှာ မားကိုစ်က ရွေးကောက်ပွဲရလာဒ်ကို ပယ်ဖျက်ဖို့ ကြိုးစားပေမယ့်၊ ပြည်တွင်းမှာဆိုရင် စစ်တပ်ရဲ့ ထောက်ခံမှုကိုမရတဲ့အပြင်၊ ပြည်ပမှာဆိုရင်လည်း အမေရိကန်ရဲ့ ထောက်ခံမှုကို မရတော့ဘူး။

နီပေါရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုက ဖိလစ်ပိုင်နဲ့ လုံးဝကွဲပြားတယ်။ နီပေါဟာ သေးငယ်ပြီး ဆင်းရဲတဲ့နိုင်ငံ ဖြစ်သလို၊ သူ့ရဲ့ စီးပွားရေးက လယ်ယာ စိုက်ပျိုးရေးနဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို အားထားနေရတယ်။ စီးပွားရေးနဲ့ရော၊ အခြားအကြောင်းတွေနဲ့ပါ၊ အိမ်နီးချင်း အိန္ဒိယကို အတော်မှီခိုနေရတယ်။ ၁၉၉၀ တုန်းကဆိုရင် နီပေါရဲ့ အုပ်ချုပ်ရေးစနစ်က အကြွင်းမဲ့ဘုရင်စနစ်ဖြစ်ပြီး၊ နှစ်ပေါင်းနှစ်ရာလောက် သက်တမ်းရှိနေပြီ။ ဒါပေမယ့် အဲဒီနှစ်မှာပဲ၊ ဘုရင်နဲ့ သူ့အစိုးရကို ဘက်သုံးဘက်ကနေ ဖိအားတွေပေးလာတယ်။ ပထမက နီပေါနဲ့ အိန္ဒိယကြားက ကုန်သွယ်ရေးနဲ့ ဖြတ်သန်းသယ်ယူပို့ဆောင်ခွင့် စာချုပ်ကို နှစ်ဘက်ညှိနှိုင်းကြတာ တစ်နှစ်ကျော်ကြာတဲ့အထိ မအောင်မြင်သေးဘူး။ ဒီတော့ကာ စီးပွားရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ကုန်ပစ္စည်းတွေ ရှားပါးလာတယ်။ ဒုတိယက နိုင်ငံတကာ အလှူရှင်တွေက ပြည်တွင်းမှာ လူ့အခွင့်အရေးအခြေအနေတွေ ပိုတိုးတက်အောင်လုပ်ဖို့ ဖိအားပိုပေးလာတယ်။ နောက်ဆုံးက အတိုက်အခံအုပ်စုတွေဟာ အရှေ့ဥရောပ အဖြစ်အပျက်တွေကြောင့် အားတက်လာကြပြီ။ ပထမဆုံး အကြိမ်အဖြစ် လက်ဝဲနဲ့ လက်ယာအုပ်စုတွေဟာ အတူတကွ ပူးပေါင်းဆောင်ရွက်လာကြတယ်။

ဘုရင်နဲ့ သူ့အစိုးရက ပထမတော့ ခပ်ကြမ်းကြမ်းတုံ့ပြန်တယ်။ ရဲတပ်ဖွဲ့ကို သုံးပြီး ဆန္ဒပြသူတွေကို နှိမ်နင်းတယ်။ အတိုက်အခံ သတင်းစာတွေကို ပိတ်တယ်။ ဒါပေမယ့် ထိပ်တိုက်ရင်ဆိုင်မှု ပိုပြင်းထန်လာတဲ့အခါမှာတော့ ဘုရင်က စေ့စပ်ညှိနှိုင်း လိုကြောင်းပြသလာတယ်။ နောက်ဆုံးတော့ အလယ်အလတ်လမ်းစဉ်ရှိတဲ့ အတိုက် အခံခေါင်းဆောင်ကို ခေါ်ယူတွေ့

MYANMAR HARP

ဆုံပြီး၊ အစိုးရဖွဲ့စေခဲ့တယ်။ ပြီးတော့ အခါမှာတော့ ဘုရင်နဲ့ ကက်ဘိနက်က စည်းမျဉ်းခံဘုရင်စနစ်ကို အခြေခံမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ် ရေးဆွဲတဲ့ လုပ်ငန်းစဉ်ကို ချုပ်ကိုင်နိုင်ဖို့ ကြိုးစားလာတယ်။ နောက်ပိုင်းမှာတော့ ဘုရင်က အထူးအာဏာတွေ သုံးစွဲနိုင်ဖို့ ကြိုးစားလာသလို၊ ကျေးလက်ဒေသမှာလည်း မော်ဝါဒီသူပုန်တွေက လှုပ်ရှားနေကြတယ်။

၂၀၀၆ ခုနှစ်ရောက်တဲ့အခါမှာတော့ ဘုရင်ရဲ့ ဒီမိုကရေစီမဆန်တဲ့ အုပ်ချုပ်မှုကို ဆန့်ကျင်တဲ့ ဒီမိုကရေစီလှုပ်ရှားမှု ပေါ်ပေါက်လာတယ်။ ဒီအခါမှာတော့ ဘုရင်က နီပေါ ပါလီမန်ကို ၂၀၀၆ ဧပြီမှာ ပြန်ခေါ်ပေးတယ်။ သူက ခုနစ်ပါတီ မဟာမိတ်အဖွဲ့ကို ဖိတ်ခေါ်ပြီး၊ အစိုးရဖွဲ့ခိုင်းတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲဖို့အတွက် ရွေးကောက်ပွဲကို ထွက်ပေါ်လာတဲ့ ပါလီမန်အသစ်ကနေ ကျင်းပပေးမယ်လို့ အစိုးရက ကြေညာတယ်။

ဒါပေမယ့် ဒီလမ်းစဉ်ကို မော်ဝါဒီသူပုန်တွေက ပယ်ချတယ်။ ပါလီမန်က ပြဿနာတွေကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူးလို့ သူတို့ကဆိုပြီး၊ အစိုးရကို ဆက်လက် တိုက်ပွဲဝင်တယ်။ ဧပြီ၂၈ ရက်နေ့မှာတော့ မော်ဝါဒီတွေက သုံးလ အပစ်အခတ် ရပ်စဲကြောင်း ကြေညာတယ်။ ရွေးကောက်ပွဲတွေဟာ လွတ်လပ်ပြီး၊ တရားမျှတရင် ရလာဒ်ကို လေးစားမယ်လို့လည်း ကြေညာခဲ့တယ်။ ဒါဟာ ဒီမိုကရက်တစ် လုပ်ငန်းစဉ်ကို မော်ဝါဒီတွေ လက်ခံလာတယ်ဆိုတာကို ပြသတဲ့ ကြီးမားတဲ့ခြေလှမ်းပဲဖြစ်တယ်။ ဒီလို အခြေအနေတွေအောက်မှာ ဖွဲ့စည်းပုံအသစ် ထွက်ပေါ်လာပြီး၊ ဘုရင့်လက်ထဲကများစွာသော အာဏာတွေကို ပယ်ဖျက်လိုက်တယ်။ ဒါပေမယ့် ဒီဖွဲ့စည်းပုံကို ယာယီအားဖြင့်သာ သဘောထားခဲ့ကြပြီး၊ ၂၀၀၈ ခုနှစ်မှာတော့ ဘုရင်စနစ်ကို အပြီးဖျက်သိမ်းပြီး၊ သမ္မတနိုင်ငံ ထူထောင်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွက်လာတော့တယ်။

ထိုင်ဝမ်မှာတော့ သူ့ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို စီးပွားရေး

MYANMAR HARP

အောင်မြင်မှုက လွှမ်းမိုးထားတယ်။ နှစ်ပေါင်းများစွာအတွင်း နိုင်ငံတော်ကနေ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ လမ်းညွှန်ပေးခဲ့တယ်။ ဖိလစ်ပိုင်နဲ့မတူတာက ထိုင်ဝမ် နိုင်ငံရေးမှာ အကျင့်ပျက်မှုတွေ၊ မသမာမှုတွေ သိပ်မတွေ့ရဘူး။ ပြည်တွင်းစစ်မှာ ကွန်မြူနစ်တွေကို ရှုံးနိမ့်ပြီးတဲ့နောက် ကူမင်တန်ခေါင်းဆောင်တွေက သူတို့ရဲ့ အမှုအကျင့်တွေကို ပြင်ဆင်ပြီး၊ ထိုင်ဝမ်ကျွန်းပေါ်မှာ လျင်မြန်တဲ့ စီးပွားရေးဖွံ့ဖြိုးမှုတွေကို ဆောင်ရွက်နိုင်ခဲ့ကြတယ်။ ထိုင်ဝမ်က ဂျပန်လက်အောက်ကို နှစ်ငါးဆယ်လောက် ကျရောက်ခဲ့ဖူးတော့ ခိုင်မာတဲ့ အခြေခံအဆောက်အအုံတွေ၊ ကောင်းမွန်တဲ့ လယ်ယာ စိုက်ပျိုးရေးတွေ ကျန်ခဲ့သလို၊ ပညာရေးအဆင့်အတန်းကလည်း အတော်လေး ကောင်းမွန်တဲ့ အနေအထားမှာ ရှိနေခဲ့တယ်။ ဒါ့အပြင် အမေရိကန်ကလည်း စစ်အေးခေတ်အတွင်းမှာ ထိုင်ဝမ်ကို စီးပွားရေး အကူအညီတွေပေးခဲ့တယ်။ ဒီလိုနဲ့ ထိုင်ဝမ်က အာဏာရှင်အစိုးရဟာ စီးပွားရေးကို အောင်မြင်အောင် ဆောင်ရွက်နိုင် ခဲ့တယ်။ ဒါကြောင့်ပဲ၊ နိုင်ငံရေးအရ အကျပ်အတည်းတွေကို ရင်ဆိုင်လာရတယ်။ လျင်မြန်တဲ့ စီးပွားရေးဖွံ့ဖြိုးမှုကြောင့် နိုင်ငံတော် ချုပ်ကိုင်မှုကနေ ကင်းလွတ်တဲ့ လူမှုအင်အားစုတွေ ပေါ်ထွက်လာတယ်။ ပုဂ္ဂလိက လုပ်ငန်းတွေ၊ စက်ရုံအလုပ်သမားတွေ၊ လူလတ်တန်းစားတွေ ပေါ်ထွက်လာခဲ့တယ်။ သူတို့တွေကနေ နိုင်ငံတော်ကို တောင်းဆိုမှုအသစ်တွေ လုပ်လာတယ်။ အဲဒီတောင်းဆိုမှုတွေထဲမှာ ပိုပြီး ဒီမိုကရက်တစ်ဆန်တဲ့ လူ့အဖွဲ့အစည်းဖြစ်စေဖို့ဆိုတဲ့ တောင်းဆိုချက်လည်းပါတယ်။ တချိန်တည်းမှာပဲ၊ ထိုင်ဝမ်နဲ့ပြည်မကြား ရှုပ်ထွေးတဲ့ဆက်ဆံရေးကလည်း နိုင်ငံရေးဖြစ်စဉ်မှာ အရေးပါတာကို တွေ့ရတယ်။

ကောက်ချက်ချရမယ်ဆိုရင်တော့ အသွင်ကူးပြောင်းလာတဲ့ နိုင်ငံတွေဟာ ပိုပြီးဒီမိုကရေစီဆန်လာနိုင်သလို၊ အာဏာရှင်စနစ်ဆီကိုလည်း အလွယ်တကူ နောက်ပြန်ရောက်သွားနိုင်တယ်။ အရှေ့ဥရောပ နိုင်ငံတွေ

MYANMAR HARP

ကတော့ နိုင်မာတဲ့ ဒီမို ကရေစီကိုရရှိလာကြပြီး၊ အာဖရိကကတော့ ကွဲလွယ် ရှလွယ်အဖြစ်ဆုံးပဲ။ အာဏာရှင်စနစ်ဆီကနေ ခြေတလှမ်းစာလောက်ပဲ လှမ်းနိုင်သေးတယ်လို့ ဆိုရမယ်။


**အသွင်ကူးပြောင်းခြင်းနှင့် ခိုင်မာစေခြင်းဖြစ်စဉ်များ**

ဒီမိုကရေစီမဟုတ်တဲ့ စနစ်ကနေ ဒီမိုကရေစီအုပ်ချုပ်ရေးဆီ အကူး အပြောင်းဟာ ရှုပ်ထွေးတဲ့ ဖြစ်စဉ်ဖြစ်ပြီး၊ အဆင့်အတော်များများ ပါဝင်နေ နိုင်တယ်။ အဆင့်တွေ ဘယ်နေရာမှာ စပြီး၊ ဘယ်နေရာမှာ ဆုံးတယ်ဆိုတာကို ပြောနိုင်ဖို့ကတော့ခက်ခဲတယ်။ ခေတ်ပြိုင် အဖြစ်အပျက်တွေမှာတော့ ဒီမို ကရေစီ မဟုတ်တဲ့ အုပ်ချုပ်ရေးစနစ်အတွင်း အကျပ်အတည်းတွေ ဖြစ်လာ ရင်၊ ပြီးတော့ ပြိုလဲသွားရင် ဒါကို ဖြစ်စဉ်ရဲ့ အစလို့ သတ်မှတ်နိုင်တယ်။ အာဏာရှင်အုပ်ချုပ်ရေးမှာ အကျပ်အတည်းတွေ ဖြစ်လာပြီး၊ အုပ်ချုပ်သူ တွေက ရာထူးတွေကို စွန့်လွှတ်ကြမယ်ဆိုရင် ဒါကို အသွင်ကူးပြောင်းခြင်း အစလို့ ဆိုနိုင်တယ်။ ပြီးတော့ လွတ်လပ်တဲ့ ရွေးကောက်ပွဲအားဖြင့် အစိုးရ အသစ် ပေါ်ထွက်လာတဲ့ အခြေအနေကိုတော့ ဒီအဆင့် ပြီးဆုံးသွားခြင်းလို့ ဆိုနိုင်တယ်။

ဒါပေမယ့် အောင်မြင်တဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဆိုတာ ဒီနေရာမှာတင် ရပ်မနေဘူး။ အုပ်ချုပ်ရေးစနစ်အသစ်ဟာ ကန့်သတ်ခံထား ရတဲ့ ဒီမို ကရေစီ ဖြစ်နေနိုင်တယ်။ အရင်စနစ်ထက် ဒီမိုကရေစီ ပိုဆန်ပေမယ့်၊ အပြည့်အဝ ဒီမိုကရေစီတော့ မဖြစ်သေးဘူး။ ဒီမိုကရေစီကို နက်ရှိုင်းစေဖို့ အတွက် အဆင့်အချို့ကို လိုအပ်ပြီး၊ အဓိကနိုင်ငံရေးဇာတ်ကောင်တွေ အကုန်လုံးက ဒီမိုကရေစီကို လက်ခံရမယ့် တစ်ခုတည်းသော နည်းလမ်းလို့ မြင်လာကြပြီဆိုရင်တော့ ဒီမိုကရေစီ ခိုင်မာပြီလို့ ဆိုနိုင်တယ်။ အဆင့် တစ်ခုနဲ့ တစ်ခုကြားမှာလည်း အရောအထပ် ဖြစ်နေတာမျိုးတွေ ရှိနိုင်တယ်။

MYANMAR HARP

အခုပြောထားတဲ့ အဆင့်တွေဟာဆိုရင် တဖြောင့်တည်းသွားတာမျိုး ဖြစ်ချင်မှဖြစ်မယ်။ အကျပ်အတည်းတွေ၊ နောက်ပြန်လည်သွားတာမျိုး တွေလည်း ဖြစ်နိုင်တယ်။ ပြီးတော့လည်း ပြောင်းလာတဲ့ အုပ်ချုပ်ရေးစနစ်က ဒီမိုကရေစီ ဖြစ်ချင်မှလည်း ဖြစ်မယ်။ တကယ်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ တွေ့နေကျပုံစံကတော့ အနည်းနဲ့အများ အာဏာပိုင်စနစ် ဖြစ်နေတဲ့ အခြေ အနေရယ်၊ ခိုင်မာတဲ့ ဒီမိုကရေစီ ရယ်ကြားမှာ ဟိုဘက်ကူးလိုက်၊ ဒီဘက်ကူး လိုက် အခြေအနေမျိုးပဲ ဖြစ်တယ်။ ပြီးတော့လည်း ခိုင်မာတဲ့ ဒီမိုကရေစီ ဖြစ်ဖို့ လိုအပ်တဲ့လုပ်ငန်းစဉ်တစ်ခုလုံးက ကြာမြင့်နိုင်ပြီး၊ ဆယ်စုနှစ် အတော် များများတောင် ကြာနိုင်တယ်။ ဂရိတ်ဗြိတိန်ဆိုရင် နှစ်ပေါင်းနှစ်ရာ လောက် တောင် ကြာခဲ့တာ။ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုရဲ့ အဆင့်တွေနဲ့ ပြဿနာ တွေနဲ့ ပတ်သက်လို့ အဓိကလုပ်ငန်းစဉ်တွေကိုတော့ ဒီလို ပုံစံနဲ့တွေ့နိုင်တယ်။



ဒါပေမယ့် ဒီပုံစံကိုကြည့်ပြီး၊ အာဏာရှင်စနစ်ကို စွန့်ခွာလာတဲ့ နိုင်ငံတိုင်း ဒီမိုကရေစီ ခိုင်မာလာမယ်လို့ ကျိန်းသေ မပြောနိုင်ဘူး။ တကယ် တော့ ဒီမိုကရေစီဆီ အသွင်ကူးပြောင်းလာတဲ့ နိုင်ငံအများစုဟာ ခိုင်မာတဲ့ အဆင့်ဆီ မရောက်နိုင်ကြတာကိုတောင် တွေ့နေရတာဖြစ်တယ်။ ဒါပေမယ့် ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းလာခြင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့ အတွက်တော့ ဒီပုံစံကို လိုအပ်နေတာဖြစ်တယ်။

ဒီပုံစံမှာဆိုရင် အသွင်မကူးပြောင်းခင် ရှိနေရမယ့် နောက်ခံအခြေ အနေတစ်ခုကိုတွေ့ရလိမ့်မယ်။ အဲဒါကတော့ အမျိုးသားညီညွတ်မှု (national unity) ပဲဖြစ်တယ်။ ပညာရှင်ရပ်စတိုးရဲ့ အဆိုအရ ဒီမိုကရေစီဆီ အသွင်

MYANMAR HARP

ကူးပြောင်းလာမယ့် နိုင်ငံထဲက နိုင်ငံသား အများစုအနေနဲ့ ဘယ်နိုင်ငံရေး ကွန်မြူနတီအတွင်း သူတို့ ပါဝင်နေတယ်ဆိုတာကို သိရှိကြတယ်။ ဒါကို အမျိုးသားညီညွတ်မှုက ညွှန်ပြပေးတယ်လို့ ဆိုတယ်။ ပြည်သူတွေကြား မှာက လူမျိုးစုရေး အကွဲအပြဲနဲ့ အခြားသော အကွဲအပြဲတွေ ရှိနေနိုင်တယ်။ ဒီပြဿနာတွေက အမျိုးသားညီညွတ်ရေးကို ထိပါးနိုင်တယ်ဆိုရင်တော့ အသွင်မကူးပြောင်းခင် ဖြေရှင်းနိုင်ဖို့လိုတယ်။ ယနေ့ကြည့်မယ်ဆိုရင် အိန္ဒိယ၊ ပါကစ္စတန်၊ ကိုဆိုဗို၊ ရုရှားနဲ့ အချို့သော အာဖရိကနိုင်ငံတွေမှာ အမျိုးသား ညီညွတ်ရေး ပြဿနာတွေ ရှိနေတယ်။

ဒီပြဿနာကို အခြားနေရာတွေမှာလည်း တွေ့ရတယ်။ တရုတ် မှာသာ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ဖြစ်လာမယ်ဆိုရင် အဲဒါမတိုင်ခင် တိဘက်ရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး တောင်းဆိုနေတဲ့ ပြဿနာကို ရှင်း ထားဖို့လိုလိမ့်မယ်။ အင်အားသုံးပြီး စုစည်းထားတဲ့ အင်ပိုင်ယာတွေအနေနဲ့ အမျိုးသားညီညွတ်ရေးကို အသွင်ကူးပြောင်းမှုမတိုင်ခင် ကြိုတင်လိုအပ်ချက် အဖြစ် သတ်မှတ်ထားဖို့ လိုတယ်။ နယ်နမိတ်မျဉ်းတွေ မတည်တံ့ဘူးဆိုရင် အုပ်ချုပ်သူတွေနဲ့ ပေါ်လစီတွေကိုလည်း ဒီမိုကရေစီနည်းကျ ပြောင်းလဲနိုင်မှာ မဟုတ်ဘူး။

ဒီပြဿနာတွေကိုသာ ဒီမိုကရေစီနည်းကျ မဖြေရှင်းနိုင်ဘူးဆိုရင် (ဥပမာ အားဖြင့် လူနည်းစုအခွင့်အရေးကို အာမခံချက်ပေးတာမျိုး၊ ဒေသန္တရ ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်ပေးတာမျိုး) အကျိုးဆက်အနေနဲ့ လူနည်းစုလူမျိုးတွေ အပေါ် ဖိနှိပ်ခြင်း၊ ပြည်တွင်းစစ်တွေ ဖြစ်ပွားခြင်းစတာတွေနဲ့အတူ ဒီမိုကရေစီ ဟာလည်း ပြိုလဲသွား နိုင် တယ်။ ဥပမာအားဖြင့် ချေချင်းညာနဲ့ သီရိလင်္ကာ။ ဒီတော့ကာ ဒီမိုကရေစီကို ထပ်မံဖော်ဆောင်မယ်ဆိုရင် အမျိုးသားညီညွတ်မှု ပြဿနာကို ဖြေရှင်းပြီးသား ဖြစ်နေဖို့လိုတယ်။

ဒီလို အမျိုးသားညီညွတ်မှုကို တစ်ခုတည်းသော နောက်ခံအခြေအနေ

MYANMAR HARP

အဖြစ် သတ်မှတ်ပြီးတဲ့နောက်မှာ ပထမအဆင့်အနေနဲ့ ပြင်ဆင်တဲ့ အဆင့်ကို တွေ့ရမယ်။ ဒီအဆင့်မှာက ရှည်ကြာပြီး မပြတ်မသား ဖြစ်နေမယ့် နိုင်ငံရေး အရ ရုန်းကန်ရမှုတွေကို တွေ့ရမယ်။ လူတစ်ဦးချင်းစီရယ်၊ လူမှုအုပ်စုတွေ ရယ်နဲ့ လူတန်းစားအလွှာအသီးသီးရယ်ကနေ ဒီမိုကရေစီမဟုတ်တဲ့ အုပ်ချုပ် သူတွေကို စိန်ခေါ် ကြတယ်။ ဒါပေမယ့် သူတို့ရဲ့ အဓိကရည်မှန်းချက်က ဒီမိုကရေစီ ဟုတ်ချင်မှဟုတ်မယ်။ အုပ်ချုပ်သူတွေကို စိန်ခေါ်တဲ့ လူမှုအုပ်စု တွေရဲ့ စုဖွဲ့မှုတွေကလည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူကြဘူး။

အဆင့်တွေ အရောအထပ် ဖြစ်နေတာကိုလည်း တွေ့ရတယ်။ အိန္ဒိယ မှာဆိုရင် အမျိုးသားညီညွတ်မှုနဲ့ လွတ်လပ်ရေး မရခင်ကတည်းက ဒီမိုကရေစီအတွက် ပြင်ဆင်တဲ့အဆင့်က စတင်နေပြီဖြစ်တယ်။ လွတ်လပ် ရေးအတွက် ကြိုးပမ်းတဲ့ အမျိုးသားကွန်ဂရက်လှုပ်ရှားမှုအတွင်းက အင်အား စုတွေကပဲ၊ ဒီမို ကရေစီအတွက်လည်း ကြိုးပမ်းကြတာ ဖြစ်တယ်။

အခြားပညာရှင်တွေက ပြင်ဆင်တဲ့အဆင့်ကို ခွဲခြမ်းစိတ်ဖြာလေ့လာ ကြတယ်။ အယ်လဖရက်စတီပင်က ဒီမိုကရေစီဆီကိုသွားတဲ့ မတူတဲ့ လမ်း ကြောင်း ၁၀ မျိုးကို ပြတယ်။ ယခင်အာဏာရှင်အစိုးရရဲ့ သဘောသဘာဝ၊ ကွဲပြားတဲ့ လူ့အဖွဲ့အစည်းတွေအတွင်း နိုင်ငံရေးနဲ့ လူမှုရေးအင်အားစုတွေရဲ့ စုဖွဲ့မှုနဲ့ မတူညီတဲ့ နိုင်ငံတကာ ဆက်စပ်အခြေအနေတွေစတဲ့ အချက်တွေပေါ် မူတည်ပြီး၊ လမ်း ကြောင်းတွေ ကွဲပြားရတယ်လို့ဆိုတယ်။ လက်တင်အမေရိက မှာလို အာဏာရှင် တွေကိုယ်တိုင်က စတင်လိုက်တဲ့ အသွင်ကူးပြောင်း မှုတွေ၊ အရှေ့ဥရောပမှာလိုမျိုး၊ ပြင်ပအင်အားစုတွေရဲ့ ရိုက်ခတ်မှုကြောင့် ဖြစ်လာတဲ့ အသွင်ကူးပြောင်းမှုတွေကိုလည်း တွေ့နိုင်တယ်။

အခန်း (၁) မှာ ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းရဲ့ အခြေခံရှုထောင့် နှစ်ခု ဖြစ်တဲ့ ဖြေလျှော့ခြင်းနဲ့ ပါဝင်ဆောင်ရွက်ခွင့် ရလာခြင်းတို့ကို ဖော်ပြ ခဲ့တယ်။ အိုဒေါ်နယ်နဲ့ ရှမစ်ထာတို့ရဲ့ လက်တင်အမေရိကနဲ့ ဥရောပတောင်ပိုင်း

MYANMAR HARP

အသွင် ကူးပြောင်းမှုတွေကို နှိုင်းယှဉ်လေ့လာချက်အရ အသွင်ကူးပြောင်းခြင်းကို ဖြေလျှော့ ပေးမှုနဲ့ စတင်တယ်။ အာဏာရှင်တွေက နိုင်ငံသားအခွင့်အရေးနဲ့ နိုင်ငံရေး အခွင့်အရေးအချို့ကို ပြည်သူတွေကို ပေးလာတယ်။ အတိုက်အခံ နိုင်ငံရေးလှုပ်ရှားမှုတွေကိုလည်း ဆောင်ရွက်ခွင့်ရလာတယ်။ ဒါပေမယ့် အာဏာရှင်တွေက သတ်မှတ်ပေးထားတဲ့ လှုပ်ရှားခွင့်အတွင်းမှာသာ လှုပ်ရှား နေနိုင်ဦးမှာဖြစ်တယ်။ ဥပမာအားဖြင့် ဘရာဇီးလ်မှာဆိုရင် ၁၉၇၄ ခုနှစ်မှာ စာပေစီစစ်ရေးကို ပယ်ဖျက် ပေးလိုက်တဲ့အခါမှာ ဒီအဆင့် စတင်တယ်။ ဒီလိုနဲ့ ပါဝင်ဆောင်ရွက်ခြင်းတွေ ပိုများပြားလာပြီး နောက်ဆုံးမှာ အရပ်သား သမ္မတကို ၁၉၈၅ ခုနှစ် ရွေးကောက်ပွဲမှာ တင်မြှောက်နိုင်ခဲ့တယ်။

ဒါနဲ့ ခပ်ဆင်ဆင် ဖြေလျှော့မှုတွေကို အရှေ့ဥရောပနိုင်ငံအချို့မှာ တွေ့ရတယ်။ တစ်ပါတီစနစ်အတွင်း ယှဉ်ပြိုင်မှု ပေးလာခြင်းက ဒီအဆင့်ရဲ့ အစလို့ ဆိုရမယ်။ ကွန်မြူနစ်ပါတီ တစ်ပါတီတည်း ဖြစ်ပေမယ့်၊ ပြည်သူတွေ အနေနဲ့ ကိုယ်စားလှယ်လောင်း တစ်ယောက်တည်း မဟုတ်တဲ့ အများထဲကနေ ရွေးချယ်ခွင့်ရှိလာတယ်။ ဒါပေမယ့် ဒီစနစ်ကလည်း အာဏာရှင်တွေရဲ့ တရားနည်းလမ်းကျမှုကို မြင့်တက်လာအောင် မလုပ်နိုင်ဘူး။ နောက်အဆင့် တွေမှာတော့ ဆန့်ကျင်မှုတွေ ပိုများလာတာနဲ့အတူ ပိုလန်၊ ဟန်ဂေရီနဲ့ ဆိုဗီယက်ပြည်ထောင်စုတွေမှာ ၁၉၈၀ ပြည့်နှစ်တွေနောက်ပိုင်း ပါတီစုံ ရွေးကောက်ပွဲတွေ ပေါ်ပေါက်လာခဲ့တယ်။

ဒီပုံစံမှာတွေ့ရတဲ့ ဒုတိယအဆင့်ကတော့ ဆုံးဖြတ်တဲ့ အဆင့်ဖြစ် တယ်။ ဒီအဆင့်မှာ နိုင်ငံရေးခေါင်းဆောင်တွေက အသေအချာ စဉ်းစားပြီး တော့ အချို့သော အရေးပါတဲ့ ဒီမိုကရက်တစ် လုပ်ထုံးလုပ်နည်းတွေကို ကျင့်သုံးဖို့ ဆုံးဖြတ်ကြတယ်။ ဒီမှာလည်း ဆုံးဖြတ်တဲ့အဆင့်နဲ့ သူ့ရှေ့က ပြင်ဆင်တဲ့ အဆင့်တို့ကြားမှာ အရော အထပ်တွေ ရှိနေနိုင်တယ်။ ပြီးတော့ ဆုံးဖြတ်တဲ့အဆင့်မှာ အောက်အဆင့်တွေ ထပ်ကွာသွားနိုင်တယ်။ ဒီလိုမျိုး

MYANMAR HARP

တဖြည်းဖြည်းချင်း ရှေ့တိုးလာတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအဖြစ် အင်္ဂလန်ကို အကောင်းဆုံးဥပမာအနေနဲ့ တွေ့ရမယ်။ ဒီဖြစ်စဉ်ဟာ အင်္ဂလန်မှာ ၁၆၈၈ မှာ ဂုဏ်ရောင်ပြောင် တော်လှန်ရေးနဲ့အစပြုခဲ့ပြီး ၁၉၂၈ အမျိုးသမီးတွေ မဲပေးခွင့်ရလာတဲ့အထိ မပြီးပြတ်သေးဘူး။ အင်္ဂလန်လို အချိန်ကာလ မကြာမြင့်ရင်တောင် ဆုံးဖြတ်တဲ့ အဆင့်မှာ အဆင့်အတော်များများပါဝင်နေနိုင်သေးတယ်။ အမှန်တကယ်လည်း အသွင်ကူးပြောင်းလာတဲ့ နိုင်ငံအတော် များများဟာဆိုရင် ဆုံးဖြတ်တဲ့အဆင့်ရဲ့ အစောပိုင်းမှာသာ ပိတ်မိနေပြီး၊ အကူး အပြောင်းတစ်ခုလုံးကို ပြီးပြတ်အောင် မလုပ်နိုင်ကြသေးတာကို တွေ့ရတယ်။

အချိန်တိုတောင်းရင်တော့ အတိုက်အခံတွေမှာ နိုင်ငံရေးနယ်ပယ်အတွင်း စနစ်တကျလှုပ်ရှားနိုင်မယ့် အခွင့်အလမ်း အနည်းငယ်သာ ရှိနေနိုင်တယ်။ ရှိမေး နီးယားမှာ ဖြေလျှော့လာမှုကြောင့် မဟုတ်ဘဲ၊ တော်လှန်ရေးကြောင့် အာဏာရှင်တွေ ပြုတ်ကျသွားတော့ကာ ယာယီအစိုးရကို ဖွဲ့စည်းရတယ်။ ဒီအစိုးရကို သဘောထား ပျော့ပြောင်းတဲ့ ကွန်မြူနစ်တွေက ကြီးစိုးထားခဲ့တယ်။ အုပ်ချုပ်သူအသစ်တွေဆီမှာ ရယ်ဒီကယ်ကျတဲ့ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေ မရှိဘူး။ ဒီလိုနဲ့ ရိုမေးနီးယားဟာ ဒီမိုကရေစီ ပိုဆန်လာဖို့အတွက် နှေးကွေးစွာနဲ့တုံ့ဆိုင်းတုံ့ဆိုင်း သွားခဲ့ရတာ ဖြစ်တယ်။

အကူးအပြောင်းရဲ့ သွားနှုန်းက ရလာဒ်အပေါ် လွှမ်းမိုးသလို၊ အရင်ရှိခဲ့တဲ့ အာဏာရှင် အင်စတီကျူးရှင်းတွေရဲ့ အမွေအနှစ်ကလည်း ရလာဒ်အပေါ် လွှမ်းမိုးတယ်။ အာဏာရှင်စနစ်အောက်မှာ နိုင်ငံရေးပါတီတွေ၊ ဒေသန္တရ အစိုးရတွေ၊ လူမှုရေးလှုပ်ရှားမှုတွေကို ဘယ်လောက်အထိ လုပ်နိုင်ခဲ့ကြသလဲ။ ပေါ်တူဂီလို နိုင်ငံမျိုးတွေမှာတော့ အင်စတီကျူးရှင်းတွေ ဖျက်ဆီးခံခဲ့ရတာကြောင့် အကူးအပြောင်းကာလ အစိုးရအနေနဲ့ အင်စတီကျူးရှင်းတွေကို အစကနေစပြီး ထူထောင်ခဲ့ရတယ်။ ဘရာဇီးလ်နဲ့ ပီရူးတို့

MYANMAR HARP

မှာတော့ အာဏာရှင်စနစ်မတိုင်ခင် ဒီမိုကရေစီခေတ်က တည်ဆောက်ပုံတွေ ကျန်ရစ်ခဲ့နိုင်တာကြောင့် အကူးအပြောင်းကာလမှာ အသုံးဝင်အောင် ဆောင်ရွက်နိုင်ခဲ့ကြတယ်။ အာဖရိကမှာဆိုရင်လည်း အသွင်ကူးပြောင်းလာတဲ့ နိုင်ငံတိုင်းလိုလိုမှာ ဒီမိုကရက်တစ်အဖွဲ့အစည်းတွေကို စနစ်တကျနဲ့ ထိရောက်စွာ ဖွဲ့စည်းမထားနိုင်တာကို တွေ့ရတယ်။

ဒီမိုကရေစီကို ခိုင်မာလာစေမှုအတွက် အရေးပါတဲ့ အကြောင်းအချက်တစ်ခုကတော့ အကူးအပြောင်းကို ဘယ်သူတွေက ဦးဆောင်နေသလဲဆိုတဲ့ အချက်ပဲ။ ဒါနဲ့ပတ်သက်လို့ နှစ်မျိုးတွေ့ရတယ်။ ပထမတစ်မျိုးကတော့ အာဏာရှင် စနစ်ရဲ့ အုပ်ချုပ်သူဟောင်းတွေကပဲ လွှမ်းမိုးထားတဲ့ အကူးအပြောင်းဖြစ်တယ်။ နောက်တစ်မျိုးက လူထုလှုပ်ရှားမှုမှာ ဦးဆောင်ထားသူတွေက အပေါ်စီးရထားတဲ့ အကူးအပြောင်းဖြစ်တယ်။ ပထမတစ်မျိုးကို အပေါ်ကလာတဲ့ အကူးအပြောင်းလို့ ခေါ်နိုင်တယ်။ အာဏာရှင်ဟောင်းတွေဟာ အောက်ကနေ ဖိအားတွေလာပေမယ့် စေ့စပ်ပြီးတော့ဖြစ်စေ၊ အင်အားသုံးပြီးဖြစ်စေ၊ ဒီနှစ်မျိုးကို ရောစပ်ပြီးဖြစ်စေ၊ သူတို့ရဲ့ အာဏာအချို့ကို အောင်မြင်စွာ ဆက်လက်ကိုင်စွဲထားနိုင်ကြတယ်။ လက်တင်အမေရိကမှာဆိုရင် ဒီပုံစံနဲ့ အသွင်ကူးပြောင်းတာကို အများဆုံးတွေ့ရတယ်။

လက်တင်အမေရိကမှာ လွန်ခဲ့တဲ့ နှစ်လေးဆယ်အတွင်း ဒီမိုကရေစီကို ခိုင်မာစေတဲ့ အောက်ကလာတဲ့ အကူးအပြောင်းကို မတွေ့ရဘူး။ ဒါပေမယ့် ထိပ်ပိုင်းအီလစ်တွေက အကူးအပြောင်းလုပ်ငန်းစဉ်ကို လွှမ်းမိုးထားတယ် ဆိုရင်တောင် ပါဝင်ဆောင်ရွက်ခြင်းနဲ့ တက်ကြွစွာလှုပ်ရှားမှုတွေကို လုပ်ဆောင်လာတဲ့ လူထုကလည်း အကူးအပြောင်း အပေါ် လွှမ်းမိုးနိုင်တာကို တွေ့ရတယ်။ ကားလ်နဲ့ရှမစ်ထာတို့ကတော့ ဥရောပတောင်ပိုင်းနဲ့ အရှေ့ပိုင်းတွေရဲ့ အကူးအပြောင်း အတော်များများကို အပေါ်ကလာတဲ့ အကူးအပြောင်းလို့ ဆိုနိုင်ပေမယ့်၊ အချို့သောနိုင်ငံတွေရဲ့ ရှုပ်ထွေးတဲ့ သမိုင်းရေး

MYANMAR HARP

ပုံစံကြောင့် အမျိုးအစားခွဲခြားဖို့က တခါတရံမှာ ခက်ခဲတယ်လို့ ဆိုကြတယ်။ ဆိုဗီယက်ပြည်ထောင်စုမှာဆိုရင် ဂေါ်ဘာချော့ဗ်ရဲ့ ပယ်ရီစထရိုက်ကာနဲ့ အတူ ထိပ်ပိုင်းအီလစ်တွေက ထိန်းချုပ်ထားတဲ့ ဖြစ်စဉ်ကို တွေ့ခဲ့ရပေမယ့်၊ ၁၉၉၁ ခုနှစ် မအောင်မြင်တဲ့ အာဏာသိမ်းမှုနောက်မှာတော့ အကူးအပြောင်း အပေါ် သူတို့ရဲ့ လွှမ်းမိုးမှုက အလွန်အမင်း လျော့နည်းသွားတယ်။

အချုပ်ပြောရရင်တော့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်လာပေမယ့်၊ ကန့်သတ်ခံရတဲ့ ဒီမိုကရေစီ ဖြစ်လာနိုင်တယ်။ ကန့်သတ်မခံရတဲ့ ဒီမိုကရေစီမှာတော့ ထိပ်ပိုင်းအီလစ်တွေရဲ့ အကျိုးစီးပွား ထိခိုက်မှာကို ငဲ့ကွက်စရာ မလိုတဲ့ ပေါ်လစီတွေကို အကောင်အထည်ဖော်နိုင်တယ်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုရဲ့ နောက်ဆုံးအဆင့်ကတော့ ခိုင်မာစေတဲ့ အဆင့်ပဲဖြစ်တယ်။ ဒါဆိုရင် ခိုင်မာစေခြင်းဆိုတာဘာလဲ။ ဒါနဲ့ ပတ်သက်လို့ အယူအဆတွေ မတူကြဘူး။ အမြင့်ဆုံးစံကို ကြည့်မယ်ဆိုရင်တော့ ဒီမိုကရေစီ အင်စတီကျူးရှင်းတွေ အားလုံး ဖွံ့စည်းပြီး ဖြစ်ရမယ်။ ရှုံးတဲ့သူက နိုင်တဲ့သူကို အာဏာအသာတကြည် လွှဲပြောင်းပေးတဲ့စနစ် ဖြစ်နေရမယ်။ ဒါမှသာ ခိုင်မာတယ်လို့ ပြောနိုင်မယ် လို့တွေ့ရတယ်။ ဒီစံအတိုင်းသာဆိုရင်တော့ ခိုင်မာတဲ့ ဒီမိုကရေစီ ရှိမှာတောင် မဟုတ်တော့ဘူး။ ဒီတော့ကာ အလယ်အလတ်ကျတဲ့ ဟွမ်းလင့်ဗ်ရဲ့ အယူအဆကို ကြည့်ကြည့်မယ်။ သူက ခိုင်မာသွားပြီဖြစ်တဲ့ ဒီမိုကရေစီဆိုတာဟာ အဓိက နိုင်ငံရေး ဇာတ်ကောင်တွေ၊ ပါတီတွေ၊ အင်အားစုတွေ၊ အင်စတီကျူးရှင်းတွေက အာဏာရဖို့အတွက် ဒီမိုကရက်တစ် လုပ်ငန်းစဉ်နဲ့သာ ဆောင်ရွက်ရမယ် ဆိုတာကို လက်ခံထားကြတဲ့ အခြေအနေကို ပြောတာဖြစ်တယ်လို့ ဆိုပါ တယ်။ ဒါ့အပြင် ဘယ်နိုင်ငံရေးအင်စတီကျူးရှင်း၊ ဘယ်အုပ်စုကမှ ဒီမိုကရေစီ နည်းကျ ရွေးကောက် ခံထားရတဲ့ သူတွေရဲ့ လုပ်ပိုင်ခွင့်တွေကို မပယ်ချနိုင်တဲ့ အခြေအနေလို့လည်းဆိုပါတယ်။ ဒါပေမယ့် ဒီမိုကရက်တစ် ဖြစ်စဉ်ရဲ့ တရား

MYANMAR HARP

နည်းလမ်းကျမှုကို ဒီမိုကရေစီ မဟုတ်တဲ့ နည်းလမ်းတွေကို သုံးပြီး စိန်ခေါ်တဲ့သူတွေ အနည်းစုတော့ ရှိနေနိုင်ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ လမ်းစဉ်တွေဟာ အောင်မြင်မှာ မဟုတ်ဘဲ၊ နိုင်ငံရေးအရလည်း ဘေးရောက်နေမှာဖြစ်တယ်။ ရှင်းရှင်းပြောရရင်တော့ ဒီမိုကရေစီကိုသာ တစ်ခုတည်းသော ကစားပွဲအဖြစ် လက်ခံထားကြပြီဖြစ်ပါတယ်။ နောက်ထပ် ကြည့်သင့်တာကတော့ ခိုင်မာတဲ့ ဒီမိုကရေစီကိုပြသတဲ့ လယ်ရီဒိုင်းမွန်းရဲ့ ဇယားကွက်ပွဲဖြစ်ပါတယ်။ ဒါကို အောက်မှာ တွေ့နိုင်ပါတယ်။

### ခိုင်မာသည့် ဒီမိုကရေစီဖြစ်ကြောင်း ပြသည့် ဇယားကွက်

| အလွှာ | စံနှုန်းများနှင့် ယုံကြည်မှုများ | အမူအကျင့် |
|---|---|---|
| ထိပ်ပိုင်းအီလစ်များ | လူ့အဖွဲ့အစည်းရဲ့ နယ်ပယ်အသီးသီးက ထင်ရှားတဲ့ ခေါင်းဆောင်အများစုက ဒီမိုကရေစီရဲ့ တရားနည်းလမ်း ကျမှုကို ယုံကြည်ကြတယ်။ အစိုးရနဲ့ နိုင်ငံရေးအရ အရေးပါတဲ့ ပါတီတွေက အဓိက ခေါင်းဆောင်တွေဟာ ဒီမို ကရေစီကို အကောင်းဆုံးအုပ်ချုပ်မှု စနစ်လို့ ယုံကြည်ကြတယ်။ | အစိုးရ နိုင်ငံတော်အင်စတီကျူးရှင်းတွေ၊ အရေးပါတဲ့ နိုင်ငံရေးပါတီတွေနဲ့ အကျိုးစီးပွားအုပ်စုရဲ့ ခေါင်းဆောင်တွေက လူတွေမှာ အာဏာရဖို့အတွက် ငြိမ်းချမ်းစွာ ယှဉ်ပြိုင်ခွင့် ရှိတယ်ဆိုတဲ့ အချက်ကို လေးစားကြတယ်။ သူတို့ဟာ အကြမ်းဖက်မှုကို ရှောင်ရှားကြပြီး ဥပဒေတွေ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတွေကို လိုက်နာကြတယ်။ နိုင်ငံရေးအရ ဘယ်လိုပြုမူ ကျင့်ကြံရမယ်ဆိုတဲ့ သဘောတူသတ်မှတ်ချက်တွေကိုလည်း လိုက်နာကြတယ်။ |

MYANMAR HARP

| | | |
|---|---|---|
| အဖွဲ့အစည်းများ | နိုင်ငံရေးအရ အရေးပါတဲ့ ပါတီတိုင်း၊ အကျိုးစီးပွားအုပ်စုတိုင်း၊ လူမှုလှုပ်ရှားမှုတိုင်းက ဒီမိုကရေစီရဲ့ တရားနည်းလမ်းကျမှုကို ထောက်ခံကြတယ်။ | နိုင်ငံရေးအရ အရေးပါတဲ့ ပါတီ၊ အကျိုးစီးပွားအုပ်စု၊ လှုပ်ရှားမှု၊ အင်စတီကျူးရှင်း စသည်ဖြင့် ဘယ်သူကမှ ဒီမိုကရေစီကို ချေမှုန်းဖို့ မကြိုးစားကြဘူး။ |
| ပြည်သူလူထု | ပြည်သူ ၇၀ ရာနိုင်နှုန်းကျော်က ဒီမိုကရေစီဟာ အခြားအုပ်ချုပ်ရေးပုံစံ တစ်ခုထက် ပိုကောင်းတယ်လို့ လက်ခံကြတယ်။ အာဏာရှင်စနစ်ကို နှစ်သက်တဲ့ ပြည်သူက ၁၅ ရာနိုင်နှုန်း မကျော်ရဘူး။ | ဒီမိုကရေစီကို ဆန့်ကျင်တဲ့ လှုပ်ရှားမှု၊ ပါတီ၊ အဖွဲ့အစည်း စသည်ဖြင့်ကို ထောက်ခံသူ အရေအတွက်က အရေးပါလောက်အောင် မများဘူး။ |

အသွင်ကူးပြောင်းမှုဟာ လုပ်ငန်းစဉ်သဘော ဖြစ်နေတဲ့အတွက် ခိုင်မာစေတဲ့အဆင့်က ဆုံးဖြတ်တဲ့အဆင့်နဲ့ ရောထပ်နေတာကို တွေ့ရတယ်။ ကန့်သတ်ခံရတဲ့ ဒီမိုကရေစီကနေ ကန့်သတ်မခံရတဲ့ ဒီမိုကရေစီဆီကို တဖြည်းဖြည်းနဲ့ တိုးတက်လာတာကို တဖြည်းဖြည်း ခိုင်မာလာခြင်းလို့ ပြောနိုင်တယ်။ ဆုံးဖြတ်တဲ့ အဆင့်အတွင်းက ဒီမိုကရေစီကို ပိုနက်ရှိုင်းလာစေတဲ့ လုပ်ငန်းစဉ်တွေကို ခိုင်မာစေတဲ့ အဆင့်ရဲ့ အစောပိုင်းလို့ ဆိုလို့ရတယ်။ တကယ်လို့သာ လက်တင်အမေရိကရဲ့ စစ်တပ်တွေလို၊ အရှေ့ဥရောပက ထိပ်ပိုင်းအီလစ်တွေလို အားကြီးတဲ့အုပ်စုတွေ၊ အင်စတီကျူးရှင်းတွေက ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်တွေကို ဗိတ်ပင်ဖို့ ဒါမှမဟုတ် ဒီဇိုင်းနဲ့ ပယ်ချဖို့ ကြိုးစားရင်တော့ ဒီမိုကရေစီဟာ အပြည့်အဝ မခိုင်မာသေးဘူးလို့ ဆိုရမယ်။

ပြီးတော့လည်း ခိုင်မာစေခြင်းဟာ နိုင်ငံရေးလုပ်ငန်းစဉ် သက်သက် မဟုတ်ဘဲ၊ လူမှုရေးနဲ့ စီးပွားရေး အပြောင်းအလဲတွေကိုလည်း လိုအပ်တယ်လို့ ပြောလို့ရတယ်။ လူ့အဖွဲ့အစည်းအတွင်းက ကြီးမားတဲ့ မညီမျှမှုတွေကို ဖြေရှင်းနိုင်မယ့် အပြောင်းအလဲတွေကို မလုပ်နိုင်ရင် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံထားရတဲ့ နိုင်ငံရေးခေါင်းဆောင်တွေအပေါ် ထောက်ခံမှုတွေ

MYANMAR HARP

လျှော့ကျသွားနိုင်သလို၊ ဒီမို ကရေစီစနစ်ရဲ့ တရားနည်းလမ်းကျမှုကလည်း လျှော့ကျသွားနိုင်တယ်။

နိုင်မာစေတဲ့ အဆင့်ရဲ့ နောက်ဆုံးအပိုင်းမှာတော့ ဒီမိုကရက်တစ် အင်စတီကျူးရှင်းတွေနဲ့ လုပ်ထုံးလုပ်နည်းတွေဟာ နိုင်ငံရေးယဉ်ကျေးမှုအတွင်း ပေါင်း စပ်သွားတယ်။ နိုင်ငံရေးခေါင်းဆောင်တွေသာမက၊ နိုင်ငံရေးဇာတ်ကောင် အများစု၊ ပြည်သူအများစုကလည်း ဒီမိုကရက်တစ်လုပ်ထုံးလုပ်နည်းတွေကို မှန်ကန်တဲ့ သဘာဝတရားအဖြစ် မြင်နေပြီဖြစ်တယ်။

နောက်ခံအခြေအနေဖြစ်တဲ့ အမျိုးသားညီညွတ်မှုကနေစပြီး၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟာ အဆင့်သုံးဆင့်နဲ့ ဖြစ်ပေါ်တယ်။ လက်တွေ့မှာတော့ ဒီအဆင့်တွေဟာ တစ်ခုနဲ့တစ်ခု ရောထပ်နေတာကို တွေ့ရမယ်။ ပြင်ဆင်တဲ့အဆင့်မှာ နိုင်ငံရေးတိုက်ပွဲတွေကြောင့် ဒီမိုကရေစီမဟုတ်တဲ့ အုပ်ချုပ်ရေးစနစ်တွေ ပြိုလဲလာတာကိုတွေ့ရတယ်။ ဆုံးဖြတ်တဲ့အဆင့်မှာတော့ ဒီမိုကရေစီရဲ့ စံနှုန်းတွေကို စတင်ထူထောင်လာကြပြီး၊ နိုင်မာစေတဲ့ အဆင့်မှာတော့ ဒီမိုကရေစီအသစ်ဟာ ပိုပြီးဖွံ့ဖြိုးတိုးတက်လာတယ်။ နောက်ဆုံးမှာ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းတွေဟာ နိုင်ငံရေးယဉ်ကျေးမှုရဲ့ အစိတ်အပိုင်း ဖြစ်လာတယ်။ ဆုံးဖြတ်တဲ့အဆင့်မှာ အရေးပါတာကတော့ လွတ်လပ်ပြီး၊ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဖြစ်တယ်။ ဒီရွေးကောက်ပွဲတွေကို ကျင်းပမှုနဲ့ သူတို့ရဲ့ အရေးပါမှုတွေကို လေ့လာဖို့ အရေးကြီးတယ်။ ခိုင်မာခြင်းကိုပြတဲ့ အရေးပါတဲ့ အမှတ်ကတော့ ရေရှည်တည်တံ့မှုရှိခြင်းပဲဖြစ်တယ်။ နိုင်ငံရေးဖြစ်စဉ်ရဲ့ စည်းမျဉ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အင်စတီကျူးရှင်းတွေ ဖွံ့ဖြိုးလာပြီး၊ ဒါတွေကို အဓိကနိုင်ငံရေးအုပ်စုတွေက လေးစားလိုက်နာကြတယ်။

သတိပြုရမှာကတော့ ဒီအဆင့်တွေ မလွဲမရှောင်သာ ဖြစ်လာမယ့် အဆင့်တွေတော့ မဟုတ်ဘူး။ အသွင်ကူးပြောင်းမှုဖြစ်စဉ်ဟာ တဖြောင့်တည်း

MYANMAR HARP

သွားကို သွားလိမ့်မယ်လို့ သေချာပေါက် ပြောလို့မရဘူး။ အပေါ်မှာပြောခဲ့သလိုပဲ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆိုရင် တဝက်တပျက် အာဏာရှင်စနစ်နဲ့ ချိန်းတဲ့ ဒီမိုကရေစီကြားမှာ ကူးသန်းနေကြတာကို တွေ့နိုင်တယ်။ ဒီတော့ကာ ကမ္ဘာပေါ်က နိုင်ငံအားလုံး အနေးနဲ့အမြန်ဆိုသလို ဒီအဆင့်တွေကို ဖြတ်သန်းပြီး ခိုင်မာတဲ့ ဒီမိုကရေစီ ဖြစ်သွားကြလိမ့်မယ်လို့တော့ တထစ်ချယူဆထားလို့ မရဘူး။

❑ ❑ ❑

MYANMAR HARP

# အခန်း (၃)

# ရုပ်တာန့်သွားသော အသွင်ကူးပြောင်းမှုများ

# ရုပ်တန့်သွားသော အသွင်ကူးပြောင်းမှုများ

အသွင်ကူးပြောင်းမှုဆိုတဲ့ ဝေါဟာရဟာ အုပ်ချုပ်ရေးစနစ် အပြောင်းအလဲနဲ့ပတ်သက်ပြီး အလွန်ကောင်းမြင်စိတ်တွေကို ဖြစ်စေတယ်။ အမှန်အကယ်တွေ့နေရတာကတော့ နိုင်ငံအတော်များများဟာ ပြောင်ကျတဲ့ အာဏာရှင်စနစ်နဲ့ ပြည့်ဝတဲ့ ဒီမိုကရေစီစနစ်တို့ကြားက မီးခိုးရောင်ဇုန်ထဲမှာ ကျရောက်နေခြင်းဖြစ်တယ်။ အသွင်ကူးပြောင်းမှုဆိုတဲ့ ဝေါဟာရကြောင့် နိုင်ငံတွေဟာ လမ်းကြောင်းမှန်ပေါ် ရောက်နေပြီ။ ပိုကောင်းလာလိမ့်မယ်လို့ မျှော်လင့်ကြတယ်။ ဒါပေမယ့် အထောက်အထားတွေအရတော့ ဒီလိုဖြစ်လာတာက အများစုပဲ။ သူတို့တွေက တဝက်တပျက် ဒီမိုကရေစီ ဒါမှမဟုတ် တဝက်တပျက် အာဏာရှင်စနစ်အဖြစ် ဆက်ရှိနေဖို့က ဖြစ်နိုင်ခြေ ပိုများနေတယ်။

လတ်တလောကာလမှာတွေ့ရတဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအကြောင်း အုပ်ချုပ်ရေးစနစ် အပြောင်းအလဲနဲ့ ပတ်သက်လို့ လက္ခဏာရပ်များ ရှိနေတယ်။ ဒီလက္ခဏာရပ်တွေ တွင်ကျယ်နေတာကြောင့် အသွင်

ကူးပြောင်းမှုဟာ ရပ်တန့်သွား ရတာဖြစ်တယ်။

ပထမ လက္ခဏာရပ်ကတော့ ရွေးကောက်ပွဲတွေနဲ့ ပတ်သက်တယ်။ အနည်းနဲ့ အများတော့ ဒီမိုကရေစီနည်းကျပါတယ်လို့ ပြောနိုင်တဲ့ ရွေးကောက်ပွဲတွေကို ကျင်းပပေးတဲ့ နိုင်ငံတွေ ပိုများလာပေမယ့်၊ အခြားကိစ္စတွေမှာတော့ ဒီနိုင်ငံတွေဟာ ဒီမိုကရေစီ မဆန်သလို၊ ဒီမိုကရေစီ ဆန်လာဖို့လည်း ဘာမှ ဆောင်ရွက်မနေကြဘူး။ သူတို့တွေဟာ ရွေးကောက်ပွဲ ဒီမိုကရေစီ အဖြစ်သာ ဆက်ရှိနေတယ်။ ဒုတိယ လက္ခဏာရပ်ကတော့ နိုင်ငံတော်ဖြစ်မှု ကင်းမဲ့နေခြင်းပဲ။ ဆိုလိုတာက တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းပြီး၊ ပေါ်လစီတွေကို ထိရောက်စွာ ရေးဆွဲအကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့ အင်စတီကျူးရှင်းတွေ၊ အစီအစဉ်တွေ မရှိဘူး။ နိုင်ငံအတော်များများဆိုရင် ဒီမိုကရေစီရဲ့ သွင်ပြင်အချို့ကို ပြသနေတဲ့ တချိန်တည်းမှာပဲ သူတို့တွေဟာ ချို့နဲ့နိုင်ငံတွေ ဖြစ်နေကြပြီး၊ တခါတရံမှာ ပြိုလဲတော့မယ့် အခြေအနေကို ရင်ဆိုင်နေရတယ်။ တတိယ လက္ခဏာရပ်ကတော့ ထိပ်ပိုင်းအီလစ်တွေရဲ့ လွှမ်းမိုးကြီးစိုးမှု ဖြစ်တယ်။ အာဏာရှင်ဆန်ဆန် ကျင့်ကြံတတ်တဲ့သူနဲ့ သူ့ရဲ့နောက်က လက်တဆုပ်စာ အီလစ်တွေက နိုင်ငံရေးကို စိုးမိုးထားပြီး၊ သူတို့ရဲ့ အကျိုးစီးပွားတွေကို ထိခိုက်စေမယ့် ပေါ်လစီတွေ မထွက်ပေါ်လာအောင် ဟန့်တား ထားကြတာကို ပြောခြင်းဖြစ်တယ်။ ဒီလက္ခဏာရပ် သုံးခုဟာ ရောထပ်နေပေမယ့်၊ ရှင်းအောင် တစ်ခုချင်းစီကို ခွဲပြီးလေ့လာရင် အကျိုးရှိတာကို တွေ့ရတယ်။

အကောင်းဘက်ကကြည့်ရင်တော့ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်တဲ့ လူထုလှုပ်ရှားမှုတွေ၊ အဖွဲ့အစည်းတွေဟာ အရင်ကနဲ့ မတူအောင် ကျယ်ပြန့်လာပြီဖြစ်တယ်။ ဒါကြောင့်လည်း အာဏာရှင်စနစ်ဆီ ပြန်သွားဖို့က ပိုခက်ခဲသွားတယ်။

MYANMAR HARP

## ရွေးကောက်ပွဲနှင့် ဒီမိုကရေစီ

ဒီမိုကရေစီကို အစပြုတဲ့အချိန်မှာ ရွေးကောက်ပွဲတွေကို အာရုံစိုက်ကြရတယ်။ ရွေးကောက်ပွဲတွေဟာ ထင်သာမြင်သာရှိပြီး၊ အသွင်ကူးပြောင်းမှု လမ်းကြောင်းပေါ် ရောက်ပြီဆိုတာကိုပြတဲ့ အမှတ်လည်းဖြစ်တယ်။ ရွေးကောက်ပွဲ ကျင်းပခြင်းကို ရှေ့အခန်းမှာ ပြောခဲ့တဲ့ ဆုံးဖြတ်တဲ့အဆင့်ရဲ့ အဓိကအစိတ်အပိုင်းလို့လည်း မြင်ကြတယ်။ ပညာရှင် တယ်ရီလင်းကားကဆိုရင် အပြိုင်အဆိုင်ရှိပြီး၊ အရွယ်ရောက် သူတိုင်း မဲပေးနိုင်တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲတွေကို ကျင်းပခြင်းဟာ နိုင်ငံရေးစည်းမျဉ်းတွေ ပြောင်းလဲသွားပြီဆိုတာကို ပြသခြင်းလို့ဆိုတယ်။ ရွေးကောက်ပွဲ တစ်ခုတည်းနဲ့ အသွင်ကူးပြောင်းမှုက ပြီးဆုံးသွားမှာ မဟုတ်ဘဲ၊ အာဏာရှင် စနစ်ဆီကို နောက်ပြန်လှည့်သွားနိုင်နေသေးတယ်။ ပြီးတော့ ရွေးကောက်ပွဲတွေဟာ ဒီမိုကရေစီ ခိုင်မာဖို့ကိုလည်း အာမမခံပါဘူး။ ဒါပေမယ့် ရွေးကောက်ပွဲတွေက အုပ်ချုပ်ရေးစနစ်အသစ်ကို စတင်အကောင်အထည် ဖော်ပြီဖြစ်ကြောင်း ပြသနေတယ်။ ဒါ့အပြင် ဒီရွေးကောက်ပွဲတွေသာ အသွင်ကူးပြောင်းမှုနဲ့ ဆက်စပ်ပြီး ဖြစ်ပေါ်တယ်ဆိုလို့ရှိရင် တိုင်းပြည်ရဲ့ နိုင်ငံရေးဦးတည်ရာကိုတောင် လုံးဝပြောင်းလဲ ပစ်နိုင်လောက်အောင် အရေးပါကြောင်း ပါနိုင်တယ်လို့ ဆိုပါတယ်။

ဒီအမြင်ဟာ ရွေးကောက်ပွဲတွေနဲ့ ပတ်သက်ပြီး အကောင်းဘက်က မြင်ထားတာဖြစ်တယ်။ ဒီရွေးကောက်ပွဲတွေက နိုင်ငံရေးစည်းမျဉ်းတွေနဲ့ ပတ်သက်ပြီး၊ ပြတ်သားတဲ့ အပြောင်းအလဲတွေကို ဖြစ်စေတယ်။ ဆိုလိုတာက အရင်ရှိခဲ့တဲ့ အာဏာရှင်လုပ်ထုံးလုပ်နည်းတွေကနေ အသစ်ဖြစ်လာတဲ့ ဒီမိုကရေစီ လုပ်ထုံးလုပ်နည်းတွေဆီကို ဦးတည်လာတယ်။ ဒါကြောင့် ဒီရွေးကောက်ပွဲတွေကို အုတ်မြစ်ချပေးတဲ့ ရွေးကောက်ပွဲတွေလို့ခေါ်တယ်။ ဒါပေမယ့် ပြဿနာက ရွေးကောက်ပွဲ အတော်များများဟာ ဒီလိုဆွဲဆောင်မှု

MYANMAR HARP

ကောင်းမနေဘူး။ အာဏာရှင်နိုင်ငံတွေဟာ (ဥပမာ– စစ်အေးကာလအတွင်း ဆိုဗီယက်နဲ့ ယနေ့ခေတ် မြောက်ကိုရီးယားနဲ့ ကျူးဘား) ရွေးကောက်ပွဲတွေကို ကျင်းပပေမယ့်၊ အာဏာရှင်စနစ်ကနေ တရွေ့သားမျှ လျော့မသွားဘူး။ စစ်အေးကာလပြီးဆုံးသွားပြီး၊ ဆိုဗီယက်ပြိုကွဲတော့မှသာ လစ်ဘရယ် အိုင်ဒီယာတွေက လွှမ်းမိုးလာခဲ့တာ။ ဒီလို နိုင်ငံတကာအခြေအနေ ပြောင်းလဲ သွားတာကြောင့်လည်း အာဏာရှင်စနစ်နဲ့ အုပ်ချုပ်ပါတယ်လို့ ဖြောင်ကျကျ ပြောဖို့က အာဏာရှင်တွေအတွက် မပိုက်တော့ဘူး။ ဒီတော့ကာ ဒီမိုကရေစီ အနံ့ကလေးပါတဲ့ ရွေးကောက်ပွဲတွေ ကျင်းပဖို့ကို သူတို့ကိုယ်တိုင်က အား ထုတ်လာကြတော့တယ်။ အကျိုးဆက်အနေနဲ့ ရွေးကောက်ပွဲတိုင်းက ဒီမို ကရေစီအသွင်ကူးပြောင်းမှုကို ပြသနေတဲ့ ရွေးကောက်ပွဲတွေ မဟုတ်တော့ဘူး။ ဒြီးတော့လည်း အာဏာရှင်စနစ်ရဲ့ အဓိကသွင်ပြင်တွေ ဆက်ရှိနေတဲ့ မျိုးစပ် အုပ်ချုပ်ရေး စနစ်အောက်မှာကျင်းပတဲ့ ရွေးကောက်ပွဲတွေကိုလည်း တွေ့နေ ရတယ်။ ဒီတော့ကာ ဒီမိုကရေစီဆီကိုသွားနေတဲ့ လမ်းကြောင်းတွေကို တွေ့နေရသလို၊ မျိုးစပ်အုပ်ချုပ်ရေးစနစ်ဆီ သွားနေတဲ့ လမ်းကြောင်းတွေ ကိုလည်း အပြိုင်တွေ့နေရတာဖြစ်တယ်။

ဒီလိုအခြေအနေတွေကြောင့် ရွေးကောက်ပွဲတွေကို ဝေဖန်ဆန်းစစ် ထားတဲ့ အမြင်တွေကို တွေ့လာရတယ်။ ဘယ်လိုအချိန်မှာ ဒီရွေးကောက်ပွဲ တွေကို အသွင်ကူးပြောင်းမှုကို ပြသနေပြီး၊ ခိုင်မာတဲ့ ဒီမိုကရေစီဆီကို သွားနေတဲ့ လွတ်လပ်တရားမျှတပြီး၊ အပြိုင်အဆိုင်ရှိတဲ့ အုတ်မြစ်ချပေးတဲ့ ရွေးကောက်ပွဲတွေလို့ ပြောနိုင်သလဲ။ ဘယ်လိုအချိန်မှာ ဒီရွေးကောက်ပွဲတွေ ကို အာဏာရှင်တွေ အပြကောင်းဖို့ ဟန်ဆောင်ကျင်းပတဲ့ ရွေးကောက်ပွဲတွေ လို့ ပြောနိုင်မလဲ။ တကယ်တော့ အုပ်ချုပ်ရေးစနစ်ဟာ ဒီအစွန်းနှစ်ဖက် ကြားမှာ ရှိနေနိုင်တယ်။ ကောင်းမွန်တဲ့ ရွေးကောက်ပွဲလို့ ပြောမယ်ဆိုရင် မကျင်းပခင် ကြိုတင်ပြင်ဆင်နေတဲ့ အချိန်မှာ ရှိနေတဲ့ အခင်းအကျင်းနဲ့

MYANMAR HARP

ကျင်းပပြီးတဲ့နောက် တွေ့လာရတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေကိုလည်း ကြည့်ရမှာဖြစ်တယ်။ ရောဘတ်ဒါးလ်က လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတွေ ဆိုတာဟာ ဒီမိုကရက်တစ်ဖြစ်စဉ် ပြီးဆုံးခြင်းဖြစ်ပြီး၊ အစပျိုးခြင်း မဟုတ်ဘူးလို့ ဆိုတယ်။ အခြားသော ရပိုင်ခွင့်တွေ၊ လွတ်လပ်ခွင့်တွေကို အခိုင်အမာ မကာကွယ်ပေးထားဘူးဆိုရင် လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတွေ မရှိနိုင်ဘူး။ ဒီမိုကရေစီ ဖြစ်လုဖြစ်ခင် အခြေအနေရှိနေတဲ့ နိုင်ငံတွေကလွဲလို့၊ ဒီမို ကရေစီမဟုတ်တဲ့ နိုင်ငံတစ်ခုက ခေါင်းဆောင်တစ်ယောက်ကို ရွေးကောက်ပွဲလုပ်ပေးဖို့ ဆွဲဆောင်နိုင်ရင် ပြည့်ဝတဲ့ ဒီမိုကရေစီ ဖြစ်လာလိမ့်မယ်လို့ ထင်ရင်တော့ မှားလိမ့်မယ်လို့ ဆိုပါတယ်။

အက်ကာလစ်နဲ့ ဆဗန်ဆန်တို့ကလည်း လက်ခံနိုင်တဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ် ဖြစ်ဖို့အတွက်ရှိရမယ့် အဓိက အချက်တွေကို ပြသတယ်။ ရွေးကောက်ပွဲနေ့မှာ မဲဆန္ဒရှင်တွေဟာ ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ပါဝင်ဆောင်ရွက်နိုင်ရမယ်။ ခြိမ်းခြောက်မှုတွေ မရှိဘဲ၊ လျှို့ဝှက်မဲပေးစနစ် ဖြစ်ရမယ်။ ဒီ့အပြင် ရွေးကောက်ပွဲ မတိုင်မီနဲ့ ကျင်းပပြီးနောက် ရှိနေရမယ့် အဓိကအချက်တွေလည်း ရှိသေးတယ်။ အဲဒါတွေကို အောက်က ဇယားကွက်မှာ ဖော်ပြထားတယ်။

MYANMAR HARP

## ရွေးကောက်ပွဲမတိုင်မီရှိနေရမည့် အဓိကအချက်များပြဇယား

| အချိန် | လွတ်လပ်ခြင်း | တရားမျှတခြင်း |
|---|---|---|
| ရွေးကောက်ပွဲနေ့ မတိုင်မီ | - လွတ်လပ်စွာ ပြောဆိုခွင့်<br>- လွတ်လပ်စွာ စုဝေးခွင့်<br>- လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခွင့်<br>- ရွေးကောက်ပွဲနှင့် ပတ်သက်၍ ကြောက်ရွံ့မှု မရှိခြင်း<br>- လွတ်လပ်စွာ သွားလာခွင့်<br>- ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်အပေါ် အဟန့်အတားများ မရှိခြင်း<br>- တန်းတူညီ အရွယ်ရောက်သူတိုင်း မဲပေးခွင့် | - ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲ လုပ်ငန်းစဉ်<br>- မည်သူ့ကိုမျှ အထူးအခွင့်အရေး မပေးသော ရွေးကောက်ပွဲဥပဒေ<br>- သီးခြားလွတ်လပ်ပြီး ဘက်မလိုက်သော ရွေးကောက်ပွဲကော်မရှင်<br>- မဲပေးပုံပေးနည်းကို ဘက်မလိုက်ဘဲ အသိပညာပေးခြင်း<br>- ရွေးကောက်ပွဲအတွက် မှတ်ပုံတင်ရာတွင် အဟန့်အတားများ မရှိခြင်း<br>- မဲဆန္ဒရှင်စာရင်းကို ကြည့်ရှုနိုင်ခွင့်<br>- တည်ငြိမ်အေးချမ်းသော မဲဆွယ်ခြင်း<br>- မီဒီယာကို တန်းတူ ထိတွေ့နိုင်ခွင့်<br>- အစိုးရ အသုံးအဆောင်များအား အလွဲသုံးစား မလုပ်ခြင်း |

MYANMAR HARP

## ရွေးကောက်ပွဲမတိုင်မီရှိနေရမည့် အဓိကအချက်များပြဇယား

| | | |
|---|---|---|
| ရွေးကောက်ပွဲ ကျင်းပပြီးနောက် | – ဥပဒေကြောင်းအရ ကန့်ကွက်နိုင်ခွင့်<br>– သီးခြားလွတ်လပ်ပြီး ဘက်မလိုက်သော တရားရုံးများ<br>– ရွေးကောက်ပွဲနှင့် ပတ်သက်သော ပဋိပက္ခများကို ဖြေရှင်းနိုင်ခြင်း | စနစ်တကျ မဲရေတွက်ပြီး ကြေညာခြင်း<br>– ရွေးကောက်ပွဲဆိုင်ရာ ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်ခြင်း<br>– ရလာဒ်ကို မီဒီယာများက ဘက်မလိုက်ဘဲ ထုတ်ပြန်ခြင်း<br>– ကန့်ကွက်မှုများကို ဘက်မလိုက်ဘဲ ကိုင်တွယ်ခြင်း<br>– ရွေးကောက်ပွဲတွင် ပါဝင်သူအားလုံးက ရလာဒ်ကို လက်ခံခြင်း |

ဒီအချက်တွေ ကင်းမဲ့နေမယ်ဆိုရင် ရွေးကောက်ပွဲဟာ ဒီမိုကရေစီဆီကိုသွားကြောင်း ပြသနေတယ်ဆိုတဲ့အပေါ် သံသယဝင်ကြမှာဖြစ်တယ်။ ဥပမာအားဖြင့် အိုင်ဗရီကို့စ်မှာ သမ္မတဖိလစ်ဘွိုင်နီက ရွေးကောက်ပွဲတွေ ကျင်းပမယ်လို့ ၁၉၉၀ မှာ ကြေညာလိုက်တော့ အတိုက်အခံတွေ အံ့အားသင့်သွားကြတယ်။ နှစ်ပေါင်းသုံးဆယ်ခန့် အတိုက်အခံလှုပ်ရှားမှုတွေ မရှိခဲ့ပေမယ့် သမ္မတကနေ နိုင်ငံရေးအုပ်စု ၂၆ အုပ်စုကို ဖိတ်ခေါ်ပြီး ရွေးကောက်ပွဲ ကျင်းပမယ့်အကြောင်း ပြောတယ်။ အတိုက်အခံတွေက အချိန်ပိုပေးဖို့ တောင်းဆိုပေမယ့် ပယ်ချခံရတယ်။ အတိုက်အခံတွေကိုယ်တိုင်က ရွေးကောက်ပွဲ ချက်ခြင်းလုပ်ပေးဖို့ တောင်းဆိုတာကြောင့် အချိန်ပိုပေးဖို့ မဖြစ်နိုင်ဘူးလို့ သမ္မတက အကြောင်းပြတယ်။ အကျိုးဆက်အနေနဲ့တော့ ရွေးကောက်ပွဲကို သမ္မတရဲ့ပါတီက ထိန်းချုပ်ထားပြီး မီဒီယာကိုလည်း ဒီပါတီဝင် အများအားဖြင့် ချုပ်ကိုင်ထားတာဖြစ်တယ်။ ဒီလိုနဲ့ သမ္မတ ရွေးကောက်ပွဲသော လွတ်တော်ရွေးကောက်ပွဲပါ အာဏာရအစိုးရက သက်တောင့်သက်သာ အနိုင်ရပြီး ဒါဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနဲ့ ဘာမှမဆိုင်

MYANMAR HARP

တာကို တွေ့ရတယ်။

ပညာရှင် ရှက်ဒလာကတော့ ဒီမိုကရက်တစ် ရွေးကောက်ပွဲ လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ဖြစ်နိုင်ခြေရှိတဲ့ ချိုးဖောက်မှုတွေကို ပြောတယ်။ သူက ဒီမိုကရက်တစ် ရွေးချယ်မှုနဲ့ ပတ်သက်ပြီး အခြေအနေ ခုနစ်မျိုးနဲ့ ဖြစ်နိုင်ခြေရှိတဲ့ ချိုးဖောက်မှုတွေကို ပြသတယ်။ ဒါတွေကို အောက်က ဇယားကွက်မှာ ဖော်ပြထားတယ်။

**ဒီမိုကရက်တစ် ရွေးချယ်မှုနဲ့ပတ်သက်သော အခြေအနေခုနစ်မျိုး**

| အခြေအနေများ | ဖြစ်နိုင်ခြေရှိသော ချိုးဖောက်မှုများ | ဥပမာပေးထားသော နိုင်ငံများ |
|---|---|---|
| (၁) လုပ်ပိုင်ခွင့်ပေးခြင်း – ရွေးကောက်ပွဲတွေက အာဏာပိုင်ခွင့်ကိုပေးတယ်။ | (၁) နေရာများ ဖယ်ထားခြင်း – တချို့ဌာနတွေကို ရွေးကောက်ပွဲ အနိုင်ရသူတွေ မစီမံနိုင်အောင် ကန့်သတ်ထားတယ်။ (၂) လုပ်ပိုင်ခွင့်များကို ကန့်သတ်ခြင်း – ရွေးကောက်ပွဲ အနိုင်ရသူတွေ စီမံခွင့် ရလာတဲ့ ဌာနတွေရဲ့ လုပ်ပိုင်ခွင့်တွေကို ကန့်သတ်ထားတယ်။ | မော်ရိုကို (နေရာများ ဖယ်ထားခြင်း) တူရကီ (လုပ်ပိုင်ခွင့်များကို ကန့်သတ်ခြင်း) |
| (၂) လွတ်လပ်စွာ မူပေါင်းခွင့်၊ အားပေးခွင့် – လွတ်လပ်စွာ ပါတီဝင်ခြင်း။ ပါတီကို ထောက်ခံခြင်း။ ကိုယ်စားလှယ်လောင်းများ။ ပေါ်လစီများကို ထောက်ခံအားပေးခြင်း၊ | (၁) အတိုက်အခံများကို ဘေးဖယ်ထုတ်ခြင်း – ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ကို ကန့်သတ်တယ်။ (၂) အတိုက်အခံအဖွဲ့များ အစိတ်စိတ်ကွဲနေစေရန် ဆောင်ရွက်ခြင်း – စနစ်တကျ မစုစည်းနိုင်စေရန် ရည်ရွယ်တယ်။ | ကင်ညာ၊ ဇမ်ဘီယာ၊ အီဂျစ်၊ တူနီရှား အယ်ဂျီးရီးယား (ဘေးဖယ်ထုတ်ခြင်း) အီရန်၊ ယူကရိန်း၊ ပီရူး (အစိတ်စိတ် ကွဲနေစေခြင်း) |

MYANMAR HARP

| | | |
|---|---|---|
| (၃) လွတ်လပ်စွာ ရယူနိုင်ခွင့် – မတူကွဲပြားမှုများကို လေ့လာနိုင်ခွင့်၊ သတင်းအချက်အလက် မျိုးစုံကို သိရှိခွင့် | (၁) ဖိနှိပ်ခြင်း – နိုင်ငံရေးနဲ့ နိုင်ငံသား လွတ်လပ်ခွင့်တွေကို ချုပ်ခြယ်တယ်။ (၂) မမျှတခြင်း – မီဒီယာနဲ့ ငွေကြေးတွေ မရနိုင်အောင် ချုပ်ခြယ်တယ်။ | ဆဟာရအောက်ပိုင်း အာဖရိက နိုင်ငံအချို့ |
| (၄) ပါဝင်ခွင့်ရှိခြင်း – တန်းတူ ပါဝင်ဆောင်ရွက်နိုင်ခွင့် | မဲပေးနိုင်ခွင့်ကို ကန့်သတ်ခြင်း | ၁၉၉၀ ပြည့်နှစ်တွေအတွင်းက မော်ရီတေးနီးယား |
| (၅) အကာအကွယ်ပေး ခံရခြင်း – ရွေးကောက်ပွဲမှာ မိမိတို့ အကြိုက်ကို လွတ်လပ်စွာ ပြသနိုင်ခွင့် | (၁) ခြိမ်းခြောက်ခြင်း – မဲပေးသူများကို ခြိမ်းခြောက်ခြင်း (၂) အကျင့်ပျက်ခြစားခြင်း – မဲဝယ်ခြင်း | ဇင်ဘာဘွေ (ခြိမ်းခြောက်ခြင်း) ဖိလစ်ပိုင်၊ မက္ကဆီကို (မဲဝယ်ခြင်း) |
| (၆) ခြောင့်မှန်ခြင်း – လူတစ်ကိုယ် မဲတစ်မဲစနစ် ဖြစ်ရမယ်။ | (၁) ရွေးကောက်ပွဲ မသမာမှု (၂) အင်စတီကျူးရှင်းဆိုင်ရာ ဘက်လိုက်မှု – ရွေးကောက်ပွဲ စည်းမျဉ်းများ | ဟေတီ၊ ဇင်ဘာဘွေ (မသမာမှု) ကင်ညာ၊ ဂမ်ဘီယာ (ဘက်လိုက်မှု) |
| (၇) ပြောင်းပြန်လှန်မှု မရှိခြင်း – ရွေးကောက်ပွဲ အနိုင်ရသူကို အာဏာအပ်နှင်းတယ်။ | (၁) မစီမံနိုင်ခြင်း – အာဏာ အပ်နှင်း ခံရသော်လည်း စီမံခွင့် မပေးခြင်း (၂) ပြောင်းပြန်လှန်ပစ်ခြင်း – အနိုင်ရသူကို အာဏာ မပေးခြင်း | ဆဟာရအောက်ပိုင်း အာဖရိက နိုင်ငံအချို့ |

ဒါဆိုရင် ခိုင်မာတဲ့ ဒီမိုကရေစီနဲ့ တင်းပြည့်ကျပ်ပြည့် အာဏာရှင်စနစ်တို့ရဲ့ကြားက မီးခိုးရောင်ဇုန်ထဲမှာ ရှိနေတဲ့ အုပ်ချုပ်ရေးစနစ်တွေကို ဘယ်လို လက္ခဏာသတ်မှတ်နိုင်သလဲ။ အိုဒေါ်နယ်ကတော့ သူ့ရဲ့ အစောပိုင်း ရေးသားချက်တွေမှာ ကိုယ်စားလှယ်သဘော ဒီမိုကရေစီလို့သုံးတယ်။ ဒီမိုကရေစီနည်းကျ ရွေးကောက်ခံရတဲ့ အစိုးရပေါ်ထွက်လာတာဟာ ဒီမိုကရေစီခိုင်မာခြင်းနဲ့ မတူဘူးလို့ သူက ပြောတယ်။ ရွေးကောက်ပွဲက ဒုတိယ

MYANMAR HARP

အသွင်ကူးပြောင်းမှုဆီကို သွားတဲ့လမ်းကို ဖွင့်ပေးတယ်။ ဒီလမ်းက အာဏာရှင်စနစ်ကနေ ကူးပြောင်းလာတာထက် ပိုကြာကောင်းကြာပြီး ပိုရှုပ်ထွေးနိုင်တယ်။ အောင်အောင်မြင်မြင် ခိုင်မာစေဖို့ဆိုတာက အင်စတီကျူးရှင်းတွေ ဖွံ့ဖြိုးလာမှုနဲ့ အစိုးရရဲ့ ထိရောက်စွာ စွမ်းဆောင်နိုင်မှုတွေရဲ့ အတွဲအဖက် အပေါ်လည်း မူတည်နေတယ်။ ဒါပေမယ့် နိုင်ငံအတော်များများကတော့ ဒီနှစ်မျိုးစလုံးကို မရရှိကြဘူး။ ဒီနိုင်ငံတွေဟာ ကိုယ်စားလှယ်သဘော ဒီမိုကရေစီတွေ ဖြစ်ကြတယ်လို့ ဆိုတယ်။

နောက်တစ်မျိုးပြောမယ်ဆိုရင် ကိုယ်စားလှယ်သဘော ဒီမိုကရေစီတွေဟာ အာဏာကို သမ္မတလက်ထဲမှာ စုစည်းထားလိုပြီး လွှတ်တော်ကနေတဆင့်သွားရတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်ကို ဘေးဖယ်ထုတ်လိုကြတယ်။ ဒီမိုကရက်တစ် အယူအဆဖြစ်တဲ့ ကိုယ်စားပြုခြင်းကို သူ့လောက်ဒီမို ကရက်တစ် မဆန်တဲ့ ကိုယ်စားလှယ်သဘောက အစားထိုးလိုက်တယ်။ ဆိုလိုတာက အာဏာအပြည့်အဝ ကိုင်ထားတဲ့ သမ္မတကနေ သူ့စိတ်ကြိုက် ဆုံးဖြတ်ဆောင်ရွက်ခြင်းဖြစ်တယ်။ ၁၉၉၄ ခုနှစ်ကဆိုရင် အာဂျင်တီးနား၊ ဘရာဇီးလ်နဲ့ ပီရူးတို့ဟာ ကိုယ်စားလှယ်သဘော ဒီမိုကရေစီတွေဖြစ်တယ်လို့ အိုဒေါ်နယ်က ဆိုတယ်။ ဟူဂိုချာဗက်စ် လက်အောက်က ဗင်နီဇွဲလားနဲ့ ပူတင်ရဲ့ ရုရှားတို့ဆိုရင်လည်း ကိုယ်စားလှယ်သဘော ဒီမိုကရေစီတွေလို့ ဆိုရမယ်။ ဒီသမ္မတနှစ်ယောက်စလုံးက အာဏာကို သူတို့လက်ထဲမှာ စုထားပြီး၊ နိုင်ငံရေးလုပ်ငန်းစဉ်ကို ခြယ်လှယ်ကြတယ်။ ကွဲပြားတဲ့ ဆန္ဒတွေကို ပြသတဲ့ ဒီမိုကရေစီရဲ့ ဗဟုသဘောကို ငြင်းပယ်ကြတယ်။

ဖာရိဒ်ဇာခါရီးယားကလည်း မလွတ်မလပ်ဒီမိုကရေစီဆိုတဲ့ အသုံးကို ဖော်ထုတ်လာတယ်။ သူက ဒီမိုကရေစီနည်းကျ ရွေးကောက်ခံ အစိုးရတွေဟာ သူတို့ရဲ့ ပါဝါအပေါ် ကန့်သတ်ထားတဲ့ ဖွဲ့စည်းပုံဆိုင်ရာ အကန့်အသတ်တွေကို မကြာခဏဆိုသလို လျစ်လျူရှုကြပြီး၊ သူတို့နိုင်ငံသားတွေရဲ့

အခြေခံရပိုင်ခွင့်တွေနဲ့ လွတ်လပ်ခွင့်တွေကို ထိပါးကြတယ်လို့ ဆိုတယ်။ ပီရူးကနေ ပါလက်စတိုင်းအထိ၊ ဆီရာလီယွန်ကနေ ဆလိုဗက်ကီးယားအထိ၊ ပါကစ္စတန်ကနေ ဖိလစ်ပိုင်အထိ မလွတ်မလပ်ဒီမိုကရေစီတွေ ကြီးထွားလာတာကို စိတ်ပျက်ဖွယ်မြင်နေရတယ်လို့ ဆိုခဲ့တယ်။ နောက်တစ်မျိုး ပြောမယ် ဆိုရင်တော့ ရွေးကောက်ပွဲတွေကို ကျင်းပချင်ကျင်းပမယ်။ ဒါပေမယ့် ဒီမိုကရေစီရဲ့ လစ်ဘရယ်ဘက်ခြမ်းဖြစ်တဲ့ တရားဥပဒေစိုးမိုးခြင်း။ အာဏာခွဲဝေခြင်း။ အခြေခံအခွင့်အရေးတွေကို ကာကွယ်ပေးခြင်း စတာတွေကတော့ မဖွံ့ဖြိုးလာဘူး။ ရွေးကောက်ခံခေါင်းဆောင်တွေရှိတဲ့ နိုင်ငံအတော်များများမှာ ဒီလိုလွတ်လပ်ခွင့်တွေ ကင်းမဲ့နေတာကို တွေ့ရတယ်။ ဒီချို့တဲ့ချက်တွေကို အနှာအဆာရှိတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်နဲ့ တွဲဖက်ကြည့်လို့လည်းရတယ်။

မီးရှိုးရောင်ဖုန်အတွင်းက နိုင်ငံတွေနဲ့ပတ်သက်လို့ နောက်ထပ်ပြောလာသူ ကတော့ သောမတ်ကရိုသာဖြစ်တယ်။ သူက ၁၉၈၀ နဲ့ ၁၉၉၀ ပြည့်နှစ်တွေအတွင်းမှာ ဒီမိုကရေစီအသွင်ကူးပြောင်းလာတဲ့ နိုင်ငံပေါင်းဟာ တစ်ရာနီးပါးခန့် ရှိပေမယ့်၊ အဲဒီအထဲက အနည်းငယ်သာ (နှစ်ဆယ်အောက်ခန့်) အောင်မြင်စွာနဲ့ ကောင်းစွာလည်ပတ်တဲ့ ဒီမိုကရေစီတွေအဖြစ် ဒါမှမဟုတ် အနည်းဆုံးအားဖြင့် ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်မှုကို ပြနိုင်တဲ့ နိုင်ငံတွေအဖြစ် ပေါ်ထွက်လာကြတယ်လို့ သူကဆိုတယ်။ ကျန်တဲ့ နိုင်ငံတွေကတော့ အာဏာရှင်စစ်စစ်လည်းမဟုတ်၊ ဒီမို ကရေစီဆီကို ရှင်းရှင်းလင်းလင်းနဲ့ သွားနေသူတွေလည်း မဟုတ်ဘူး။ ဒီနိုင်ငံတွေဟာ ဒီမိုကရေစီချို့တဲ့မှုကို ကြီးကြီးမားမား ခံစားနေရတယ်။ အဲဒါတွေကတော့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို မဆောင်ရွက်ပေးနိုင်ခြင်း။ မဲပေးတာကလွဲလို့ နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်မှု နည်းပါးခြင်း။ အစိုးရအရာရှိတွေက ဥပဒေကို မကြာခဏ ချိုးဖောက်ခြင်း။ ရွေးကောက်ပွဲတွေရဲ့ တရားနည်းလမ်းကျမှု

MYANMAR HARP

မရေရာခြင်း၊ နိုင်ငံတော်အင်စတီကျူးရှင်းတွေအပေါ် အများပြည်သူရဲ့ ယုံကြည်မှုက အလွန်နိမ့်ခြင်း၊ နိုင်ငံတော်ရဲ့ အင်စတီကျူးရှင်းဆိုင်ရာ စွမ်းဆောင်ချက်တွေက ဆက်တိုက်ညံ့ဖျင်း နေခြင်း စတာတွေပဲဖြစ်တယ်။

ကရိုသာက မီးခိုးရောင်ဇုန်အတွင်းက နိုင်ငံတွေနဲ့ပတ်သက်ပြီး၊ အဓိက လက္ခဏာနှစ်ရပ်ကို ပြောတယ်။ အဲဒါတွေကတော့ တာဝန်မဲ့သော ဗဟုဝါဒ (feckless pluralism) နဲ့ ပါဝါတစ်ခုတည်းက လွှမ်းမိုးထားတဲ့ နိုင်ငံရေးတွေပဲဖြစ်တယ်။ တာဝန်မဲ့သော ဗဟုဝါဒမှာဆိုရင် နိုင်ငံရေးလွတ်လပ်ခွင့် အတော်အတန်ရှိမယ်။ ပုံမှန်ကျင်းပတဲ့ ရွေးကောက်ပွဲတွေရှိပြီး၊ မတူတဲ့ အုပ်စုတွေ တပြန် တလှည့် အာဏာရလာတဲ့ အနေအထားလည်းရှိတယ်။ ဒီလို ကောင်းတဲ့သွင်ပြင်တွေရှိပေမယ့် ဒီမိုကရေစီဟာ ပေါ့ပျက်ပျက်ဖြစ်နေပြီး၊ ပြဿနာတွေကိုလည်း တွေ့နေရတယ်။ နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက် ခြင်းဆိုရင် ရွေးကောက်ပွဲအချိန်မှာ ကျယ်ပြန့်ပေမယ့်၊ ကျန်တဲ့အချိန်တွေမှာတော့ အလွန်နိမ့်ကျတယ်။ အဓိကပါတီတွေနဲ့ အုပ်စုတွေအားလုံးမှာရှိတဲ့ နိုင်ငံရေးထိပ်ပိုင်းအီလစ်တွေကို အကျင့်ပျက်နေသူတွေ၊ ကိုယ်ကျိုးရှာသူတွေ၊ ထိရောက်အောင် မစွမ်းဆောင်နိုင်သူတွေလို့ မြင်ကြတယ်။ အာဏာလွှဲပေးတယ် ဆိုတာကလည်း မစွမ်းဆောင်နိုင်တဲ့ အစိုးရတစ်ခုကနေ သူ့လိုပဲ ညံ့ဖျင်းတဲ့ အစိုးရဆီ ပြဿနာတွေကို လက်လွှဲပေးလိုက်တဲ့ သဘောသာဖြစ်နေတယ်။ ခြုံကြည့်ရင်တော့ နိုင်ငံရေးဆိုတာကို ငြီးငွေ့ဖွယ်ကောင်းပြီး၊ ခြစားနေတဲ့အရာ၊ ထိပ်ပိုင်းအီလစ်တွေကသာ လွှမ်းမိုးထားတဲ့ အရာအဖြစ်မြင်ကြ ပြီး၊ တိုင်းပြည်အတွက် ကောင်းကျိုး သိပ်မရှိဘူးလို့ မြင်ကြတယ်။

ပါဝါတစ်ခုတည်းက လွှမ်းမိုးထားတဲ့ နိုင်ငံရေးဆိုတာကတော့ အဲဒီနိုင်ငံရေးမှာ လှုပ်ရှားခွင်တွေဟာ ကန့်သတ်ခံထားရတယ်။ ဒါပေမယ့် အတိုက်အခံတွေကနေ နိုင်ငံရေးယှဉ်ပြိုင်မှုတွေကို ဆောင်ရွက်နိုင်တယ်။ သို့သော်လည်း နိုင်ငံရေးပါတီတစ်ခု ဖြစ်စေ၊ မိသားစုတစ်စုကဖြစ်စေ၊ ခေါင်းဆောင်

MYANMAR HARP

တစ်ယောက်ကဖြစ်စေ စနစ်ကို လွှမ်းမိုးထားတာကြောင့် အာဏာအပြောင်းအလဲဖြစ်ဖို့က အလားအလာနည်းတယ်။ တာဝန်မဲ့တဲ့ ဗဟုဝါဒကို တွေ့နေရတဲ့ နိုင်ငံတွေနဲ့မတူတာက ပါဝါတစ်ခုတည်းက လွှမ်းမိုးထားတဲ့ နိုင်ငံတွေမှာ နိုင်ငံတော်နဲ့ အာဏာရပါတီတို့ရဲ့ကြားက မျဉ်းကြောင်းက မှုန်ဝါးနေတယ်။ ငွေကြေး၊ အလုပ်အကိုင်၊ မီဒီယာ၊ လက်နက်ကိုင်အဖွဲ့ စတဲ့ နိုင်ငံတော်ရဲ့ ပိုင်ဆိုင်မှုတွေကို အာဏာရပါတီက တဖြည်းဖြည်းချင်းနဲ့ တိုက်ရိုက် သုံးစွဲလာတယ်။ ဒီလိုမျိုး အာဏာကို တစ်ပါတီတည်းကနေ ကြာမြင့်စွာ ချုပ်ကိုင်ထားတဲ့ အခါမှာတော့ ကြီးမားတဲ့ အကျင့်ပျက်ခြစားမှုတွေနဲ့ ခရိုနီအရင်းရှင်စနစ်တွေ ပေါ်ပေါက်လာတော့တယ်။

တာဝန်မဲ့တဲ့ ဗဟုဝါဒကို လက်တင်အမေရိကမှာ အများဆုံးတွေ့ရတယ်လို့ ကရိုသာကဆိုတယ်။ ဥပမာအားဖြင့် နီကာရာဂွာ၊ အီကွေဒေါ၊ ဂွာတီမာလာ၊ ပနားမား၊ ဟွန်ဒူးရပ်စ်၊ ဘိုလီးဗီးယားတို့မှာတွေ့ရပြီး အာဂျင်တီးနားနဲ့ ဘရာဇီးလ်တို့မှာ အထိုက်အလျောက်တွေ့ရတယ်။ ဒါ့အပြင် ကွန်မြူနစ်အလွန် နိုင်ငံတွေ၊ အာရှနိုင်ငံအချို့နဲ့ ဆာဟာရအောက်ပိုင်း အာဖရိကနိုင်ငံအချို့မှာလည်း တွေ့နိုင်တယ်။ ပါဝါတစ်ခုတည်းက လွှမ်းမိုးထားတဲ့ နိုင်ငံတွေကိုတော့ ဒေသသုံးခုမှာတွေ့ရတယ်။ ကင်မရွန်း၊ တန်ဇေးနီးယား၊ ကင်ညာ စတဲ့ ဆာဟာရအောက်ပိုင်း အာဖရိကနိုင်ငံအချို့၊ အာမေးနီးယား၊ အဇာဘိုင်ဂျန်၊ ဂျော်ဂျီယာ၊ ကာဇက်စတန်စတဲ့ ယခင်ဆိုဗီယက်ပြည်ထောင်စုအတွင်း ပါဝင်ခဲ့တဲ့ နိုင်ငံတွေနဲ့ အရှေ့အလယ်ပိုင်း နိုင်ငံအချို့က တွေ့ရတယ်။ ဒီဒေသအတွင်းမှာဆိုရင် အချို့နိုင်ငံတွေဟာ အာဏာရှင်စနစ်ကိုဆက်လက် ကျင့်သုံးနေဆဲဖြစ်တယ်။

ကရိုသာက ပြောချင်တဲ့ အချက်ကတော့ မီးခိုးရောင်ဇုန်ထဲက နိုင်ငံတွေဟာ အများအားဖြင့် ဒီမိုကရက်တစ် ပိုမဆန်လာဘူး။ ဒီအဓိပ္ပါယ်အရ သူတို့ဟာ အသွင်ကူးပြောင်းရေး ဖြစ်စဉ်အတွင်းမှာလည်း ရှိမနေဘူး။

MYANMAR HARP

သူတို့တွေအနေနဲ့က မီးခိုးရောင်ဇုန်အတွင်း ဆက်ရှိနေဖို့များပြီး၊ ဒီမိုကရေစီ မဆန်တဲ့ လက္ခဏာရပ်တွေလည်း သူတို့မှာ ဆက်ရှိနေမှာဖြစ်တယ်။

ရောဘတ်ဒါးလ်ကတော့ တည်ငြိမ်တဲ့ ဒီမိုကရက်တစ်အုပ်ချုပ်ရေး ဖြစ်ထွန်းစေဖို့အတွက် အခြေအနေ ၅ ရပ်ကို ပြောတယ်။ အဲဒါတွေက တော့ –

(၁) ခေါင်းဆောင်တွေက အာဏာရဖို့နဲ့ ရပြီးသား အာဏာကို ဆက်ထိန်းထားဖို့ ရဲနဲ့ စစ်တပ်တွေကို သုံးပြီး၊ နိုင်ထက်စီးနင်း အင်အားမသုံးဘူး။

(၂) ခေတ်မီတိုးတက်ပြီး၊ သွက်လက်မြန်ဆန်တဲ့ ဗဟုလူ့အဖွဲ့ အစည်း တည်ရှိရမယ်။

(၃) တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ ယဉ်ကျေးမှုအောက်မှာ မတူတဲ့ အောက် အဆင့်ယဉ်ကျေးမှုတွေရှိတယ်။ သူတို့ကြားမှာပဋိပက္ခတွေ မဖြစ်အောင် တားဆီးပေးနိုင်မယ့် သည်းခံနိုင်မှုရှိနေရမယ်။

(၄) နိုင်ငံအတွင်းက ပြည်သူတွေကြားမှာ၊ အထူးသဖြင့် နိုင်ငံရေး အလွှာမှာ ဒီမိုကရေစီနဲ့ ပေါ်လီအာခီကို ဖြစ်ထွန်းစေမယ့် နိုင်ငံရေးယဉ်ကျေးမှုတွေ တည်ရှိနေရမယ်။

(၅) နိုင်ငံခြားရဲ့ဩဇာနဲ့ ချုပ်ခြယ်မှုတွေနဲ့ ပတ်သက်လို့ လျစ်လျူ ရှုနိုင်တဲ့ အခြေအနေ ဒါမှမဟုတ် ကိုယ့်အတွက် ကောင်းကျိုး ဖြစ်စေမယ့် အခြေအနေမျိုး ဖြစ်နေရမယ်။

မီးခိုးရောင်ဇုန်အတွင်းက နိုင်ငံတွေမှာ ဒီငါးချက်စလုံး မတွေ့ရဘူး။ ခြွင်းချက်အနေနဲ့ နောက်ဆုံးအချက်တော့ ရှိကောင်းရှိနေနိုင်တယ်။ ဒီနောက်ခံ အခြေအနေအရ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေဟာ ခိုင်မာတဲ့ ဒီမို ကရေစီအဆင့်အထိ သွားလိမ့်မယ်လို့ သိပ်မျှော်လင့်လို့ မရဘူး။ ဒါကြောင့် အကူးအပြောင်းလို့ သုံးတာထက် ရပ်တန့်သွားသောလို့ သုံးခြင်းအားဖြင့်

MYANMAR HARP

ဒီနိုင်ငံအများစုဟာ ရှေ့ဆက်မတိုးတော့ဘဲ၊ မီးခိုးရောင်ဇုန်အတွင်း ဆက်ရှိနေမယ်လို့ ဆိုလိုတယ်။

**ချိနဲ့နိုင်ငံများနှင့် ဒီမိုကရေစီ**

မီးခိုးရောင်ဇုန်အတွင်းက နိုင်ငံအတော်များများဟာ ချိနဲ့နိုင်ငံတွေ ဖြစ်ကြတယ်။ ဒီနိုင်ငံတွေအနေနဲ့ ဒီမိုကရေစီဆန်တဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက် ကောင်းဆောင်ရွက်မယ်။ ဒါပေမယ့် ချိနဲ့နေတဲ့ နိုင်ငံအခြေအနေကြောင့် ဒီမိုကရေစီ ခိုင်မာဖို့ ဆောင်ရွက်ရာမှာ အခက်အခဲတွေ တွေ့ရတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအောင်မြင်ဖို့ လိုအပ်တာကတော့ ဒီနိုင်ငံတွေမှာ နိုင်ငံတော်ဖြစ်မှု ပီပြင်လာစေဖို့ ဖြစ်တယ်။

ချိနဲ့နိုင်ငံတော်ဆိုတာနဲ့ ပတ်သက်လို့လည်း အယူအဆအမျိုးမျိုး ရှိတယ်။ ဒီနေရာမှာတော့ ကျယ်ပြန့်တဲ့ အယူအဆနဲ့ ကျဉ်းမြောင်းတဲ့ အယူအဆနှစ်မျိုးကို ခွဲခြားကြည့်မယ်။ နိုင်ငံတော်ဆိုတာဟာ ပြည်သူ၊ အစိုးရနဲ့ သတ်မှတ်နယ်နမိတ်တို့ပါဝင်တဲ့ အချုပ်အခြာအာဏာပိုင် အရှိတရားဖြစ်တယ်။ ကျယ်ပြန့်တဲ့ အယူအဆအရ ချိနဲ့နိုင်ငံတော်ဟာ အခြေခံအကြောင်းအရာ သုံးခုမှာ ချို့တဲ့နေတယ်။ ပထမအချက်က စီးပွားရေးမှာ အပြစ်အနာအဆာတွေ ရှိနေတယ်။ ရှေ့နောက်ညီညွတ်တဲ့ အမျိုးသားစီးပွားရေး ကင်းမဲ့နေတာကြောင့် ပြည်သူတွေရဲ့ လူမှုဖူလုံရေးကို အခြေခံ အဆင့်အနေနဲ့တောင် မထောက်ပံ့နိုင်သလို၊ နိုင်ငံတော်ကို ထိထိရောက်ရောက်လည်ပတ်နိုင်ဖို့ အရင်းအမြစ်တွေကိုလည်း မဖန်တီးနိုင်ဘူး။ ဒီနိုင်ငံတွေမှာ စီးပွားရေးက အခြေခံကုန်ပစ္စည်း တစ်မျိုး ဒါမှမဟုတ် အချို့ကို တင်ပို့ပြီး၊ ပိုအဆင့်မြင့်တဲ့ နည်းပညာအခြေခံကုန်ပစ္စည်းတွေကို တင်သွင်းမှုအပေါ် အခြေခံနေတာကြောင့် ကမ္ဘာ့ဈေးကွက်ကို အထူးမှီခိုနေရတယ်။ ဆာဟာရအောက်ပိုင်း အာဖရိကမှာဆိုရင် အခြေခံကုန်ပစ္စည်းက တင်ပို့မှု စုစုပေါင်းရဲ့ ၈၀ – ၉၀ ရာခိုင်နှုန်းခန့်

MYANMAR HARP

ရှိတယ်။ ဒီလို အားနည်းတဲ့ စီးပွားရေးမှာဆိုရင် မြို့ပြမှာရော၊ ကျေးလက်မှာပါ လူအများစုဟာ စီးပွားရေးကို ပုံစံတကျ လုပ်ကိုင်နေတာ မဟုတ်ကြဘဲ၊ အသက်ရှင်သန်ရုံ လှုပ်ရှားရုန်းကန်နေရတယ်။

ဒုတိယအချက်ကတော့ လူ့အဖွဲ့အစည်းအတွင်း ပြည်သူတွေရဲ့ကြားက ဆက်ဆံရေးနဲ့သက်ဆိုင်တယ်။ ဒီနိုင်ငံတွေမှာ ညီညွတ်တဲ့ အမျိုးသားကွန်မြူနတီ မရှိဘူး။ အမျိုးသားကွန်မြူနတီဆိုတာဟာ စိတ်ခံစားချက်ကို အခြေခံတဲ့ ကွန်မြူနတီဖြစ်တယ်။ ဆိုလိုတာက စာပေ၊ ဒဏ္ဍာရီ၊ သင်္ကေတ၊ ဂီတနဲ့ အနုပညာ တွေအပေါ် အခြေခံနေတဲ့ ဘုံဘာသာစကား။ ဘုံယဉ်ကျေးမှုနဲ့ သမိုင်းရေး သရုပ်သကန်တွေ ရှိနေတယ်။ ချို့နဲ့နိုင်ငံတွေမှာက ဒီကွန်မြူနတီတွေဟာ အလွန်အားနည်းတယ်။ မျိုးတူစု၊ ဘာသာရေးနဲ့ တူညီတဲ့ လက္ခဏာရပ်တွေကို အခြေခံတဲ့ လူမျိုးစု သရုပ်သကန်တွေက အမျိုးသားသရုပ်သကန်ကို ဖုံးလွှမ်းနေတယ်။ အဆိုးဆုံး အခြေအနေမှာဆိုရင် ဒီလို အမျိုးသားကွန်မြူနတီ ကင်းမဲ့ခြင်းက ဒီမိုကရေစီ အသွင်ကူးပြောင်းမှု မဖြစ်အောင် လုံးဝပိတ်ဆို့ထားနိုင်တယ်။ လူ့အဖွဲ့အစည်းအတွင်း မတူတဲ့ အုပ်စုတွေကြား ပြင်းထန်တဲ့ အကွဲအပြဲတွေနဲ့ ပဋိပက္ခတွေကြောင့် အသွင်ကူးပြောင်းမှုကို ထိခိုက်စေနိုင်တာဖြစ်တယ်။

တတိယအချက်ကတော့ နိုင်ငံတော်ရဲ့ အင်စတီကျူးရှင်းတွေနဲ့ သက်ဆိုင်တယ်။ ချို့နဲ့နိုင်ငံတွေမှာ ထိရောက်ပြီး တုံ့ပြန်ဆောင်ရွက်နိုင်တဲ့ အင်စတီကျူးရှင်းတွေ ကင်းမဲ့နေတယ်။ ထိရောက်မှုဆိုတာက ပေါ်လစီတွေကို ရေးဆွဲ၊ အကောင်အထည်ဖော်ပြီး၊ ကြီးကြပ်နိုင်တဲ့ အစွမ်းအစကို ပြောတာဖြစ်တယ်။ တုံ့ပြန်ဆောင်ရွက်တယ်ဆိုတာက လူ့အဖွဲ့အစည်းအကျိုးရှိအောင် နိုင်ငံတော်က လည်ပတ်နိုင်တာကို ဆိုလိုတာဖြစ်တယ်။ ထိရောက်တဲ့ နိုင်ငံတော်မှာ စွမ်းဆောင်ရည်ရှိတဲ့ ဗျူရိုကရေစီနဲ့ နိုင်ငံရေးခေါင်းဆောင်မှုရှိပြီး၊ သူတို့က စီးပွားရေး၊ နိုင်ငံရေးနဲ့ လူမှုရေးတိုးတက်မှုတွေကို ဆောင်ရွက်ဖို့

ပိုင်းဖြတ်ထားတယ်။

ချိန်နဲ့နိုင်ငံတော်မှာတော့ ဖျူရီကရေစီဟာ အရည်အချင်းနိမ့်ပြီး၊ အကျင့် ပျက်ခြစားနေတယ်။ နိုင်ငံရေး ခေါင်းဆောင်ပိုင်းကို ကြည့်ရင်လည်း အများပြည်သူ အကျိုးကို မဆောင်ရွက်ကြဘူး။ သူတို့က နိုင်ငံရဲ့ ယန္တရား တွေကို ကိုယ်ကျိုးအတွက် အသုံးချကြပြီး၊ ဖျူရီကရေစီယန္တရားအတွင်း မှာ သူကောင်းပြုသူ– မှီခိုသူစနစ်ကို တည်ဆောက်ထားကြတယ်။ ရလာဒ် အနေနဲ့ နိုင်ငံတော်ဟာ အများပြည်သူရဲ့ အကျိုးကို ကြီးကြီးမားမား မဆောင် ရွက်နိုင်တော့ဘူး။ ဒါကြောင့် ချိန်နဲ့နိုင်ငံတော်ဟာ ထိရောက်မှုမရှိသလို၊ တုံ့ပြန်ဆောင်ရွက်နိုင်ခြင်းလည်း မရှိဘူး။ နိုင်ငံတော်က ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်တဲ့အခါမှာ အကျိုးဆက်နှစ်ခုကို တွေ့လာရတယ်။ ပထမ တစ်ခုက ပြည်သူတွေဟာ ရပ်ဝန်းလိုအပ်ချက်အတွက်ဖြစ်စေ၊ ရပ်ဝန်း မဟုတ်တဲ့ လိုအပ်ချက်အတွက်ဖြစ်စေ၊ အခြားနေရာကနေ ရယူကြတယ်။ ဆာဟာရအောက်ပိုင်း အာဖရိကမှာဆိုရင် ကိုယ့်ရဲ့ လူမျိုးစုတွေဆီမှာ အကူ အညီ ရယူကြတယ်။ အခြေအနေ ပိုကောင်းသူတွေက ဆွေမျိုးတွေ၊ လူမျိုးစု ဝင်သူတွေကို အလုပ်အကိုင် ရှာဖွေပေးတာမျိုး၊ ကျောင်းစရိတ် ထောက်ပံ့ တာမျိုး စသည်ဖြင့် ကူညီကြတယ်။ ဒုတိယအကျိုးဆက်ကတော့ ပြည်သူ တွေနဲ့ နိုင်ငံတော်ကြားက ရပိုင်ခွင့်နဲ့ တာဝန်ဆိုင်ရာ နှောင်ကြိုးဟာ ဖွံ့ဖြိုး မလာတော့ဘူး။ ဒီတော့ကာ နိုင်ငံတော်ရဲ့ တရားနည်းလမ်းကျမှုကို လက်ခံ လာစေမယ့် သစ္စာစောင့်သိမှု နှောင်ကြိုးကလည်း ဖွံ့ဖြိုးမလာတော့ဘူး။ သူတွေရဲ့ လိုအပ်ချက်ကို သူတို့ရဲ့ သက်ဆိုင်ရာ လူမျိုးစုကသာ ဖြည့်ဆည်း ပေးနေတော့ကာ သစ္စာစောင့်သိမှုကလည်း အဲဒီဦးတည်ရာကိုသာ သွား နေပြီး၊ လူမျိုးစုသရုပ်သကန်တွေကသာ ပိုအားကောင်း လာတော့တယ်။

အရင်တုန်းကတော့ ဒီမိုကရေစီဆီကို ကူးပြောင်းလာမှုကနေ နိုင်ငံတော်ရဲ့ တာဝန်ခံမှုနဲ့ စွမ်းဆောင်ရည်တွေ မြင့်တက်လာမယ်၊ ပြည်သူ

MYANMAR HARP

တွေမှာလည်း နိုင်ငံသားဖြစ်မှုကို အခြေခံတဲ့ အမျိုးသားကွန်မြူနတီရဲ့ သရုပ်သကန်တွေ ရှိလာမယ်လို့ မျှော်လင့်ခဲ့ကြတယ်။ ဒါပေမယ့် နိုင်ငံအတော်များများမှာ ဆန့်ကျင်ဘက်တွေ ဖြစ်လာခဲ့တယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်းရဲ့ အစောပိုင်းအဆင့်တွေမှာဆိုရင် ပြည်သူတွေအတွင်းက လူမျိုးစုအကွဲအပြဲတွေကို ထင်ထင်ရှားရှား တွေ့လာရတယ်။ ပထမအချက်က ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်း ဖြစ်လာတာနဲ့အတူ မတူတဲ့ လူမျိုးစုအုပ်စုတွေက သူတို့ရဲ့ အမြင်တွေကို ဖော်ပြလာပြီး၊ တောင်းဆို ချက်တွေကိုလုပ်လာတယ်။ ဒါတွေက အုပ်စုတွေကြားမှာ ပဋိပက္ခတွေကို ပိုဖြစ်လာစေတယ်။ ဒုတိယက အသွင်ကူးပြောင်းခြင်းနဲ့အတူ အလျင်စလိုလုပ်တဲ့ ရွေးကောက်ပွဲတွေကို တွေ့လာရတယ်။ အထောက်အပံ့ပေးနေတဲ့ နိုင်ငံခြား တိုင်းပြည်တွေက အသွင်ကူးပြောင်းမှုကို ခပ်မြန်မြန်ဖြစ်စေချင်ကြတယ်။ ဒါကြောင့်လည်း ဒီလိုမျိုး အလျင်စလို လုပ်တဲ့ ရွေးကောက်ပွဲတွေကို တွေ့လာရတာဖြစ်တယ်။

ပညာရှင်တစ်ဦးကတော့ ပြိုလဲနေပြီး၊ ပဋိပက္ခတွေနဲ့ ပြည့်နှက်နေတဲ့ နိုင်ငံတွေမှာ ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းနဲ့အတူ ရွေးကောက်ပွဲတွေဟာ နေရာမှားပြီး ဖြစ်လာတယ်လို့ဆိုတယ်။ အာဖရိကမှာဆိုရင် ရွေးကောက်ပွဲတွေကို ပါတီတွေကိုနိုင်မာအောင် မဖွဲ့စည်းရသေးခင်၊ လက်နက်ကိုင် ပုန်ကန်နေသူတွေနဲ့ လက်နက်စွန့်ဖို့ သဘောတူညီချက်မရသေးခင် အလျင်စလိုကျင်းပကြတယ်။ ရလာဒ်ကတော့ ရှုံးနိမ့်သူက ရွေးကောက်ပွဲရလာဒ်ကို လက်မခံသလို၊ မဲပေးသူတွေကလည်း သူတို့နဲ့ လူမျိုးတူ၊ ဘာသာတူသူတွေကိုသာ ရွေးချယ်ကြတယ်လို့ ဆိုတယ်။

တတိယအချက်က နိုင်ငံတော် ထိပ်ပိုင်းအီလစ်တွေဟာ သူတို့အာဏာဆက်ရနေဖို့အတွက် လူမျိုးစုအုပ်စုတွေနဲ့ ချိတ်ဆက်ကြတယ်၊ အစဉ်အလာရှိခဲ့တဲ့ သူကောင်းပြုသူ– မှီခိုသူ ဆက်ဆံရေးတွေကို ထူထောင်ကြပြီး ရွေးကောက်ပွဲတွေကို နိုင်အောင်လုပ်ကြတယ်။ ဂါနာ၊ နိုင်ဂျီးရီးယားနဲ့

MYANMAR HARP

ကင်ညာတို့မှာဆိုရင် ထောက်ခံသူတွေကို ဆုလာဘ်ပေးဖို့ အစိုးရက အကြီးအကျယ်သုံးစွဲတယ်။

ဒီလိုမျိုး ချိန့်နိုင်ငံတွေရဲ့ အသွင်ကူးပြောင်းရေးပြဿနာတွေကို တွေ့လာရတဲ့အခါမှာ မတူတဲ့အဆိုပြုချက်တွေ ပေါ်ထွက်လာတယ်။ တစ်မျိုးက နိုင်ငံတော်ဖြစ်မှုကို အရင်ဆုံးရဖို့လိုတယ်ဆိုတဲ့ အဆိုပြုချက်ဖြစ်တယ်။ ဆိုလိုတာက ဒီမိုကရေစီနဲ့ စီးပွားရေးဖွံ့ဖြိုးမှုတို့ရဲ့ ရှေ့မှာ နိုင်ငံတော်ကို အရင်ရရှိဖို့လိုတယ်။ ဒါပေမယ့် ပြဿနာက နိုင်ငံတော်တည်ဆောက်ခြင်းကို အချိန်တိုအတွင်း ထိထိရောက်ရောက်လုပ်နိုင်ဖို့က အလွန်ကို ခက်ခဲတယ်။ သတ်တလောကာလတွေမှာ ကိုပဲ၊ အာဖဂန်နစ္စတန်နဲ့ အီရတ်တို့မှာ ဘယ်လိုဖြစ်နေသလဲဆိုတာကိုတွေ့နိုင်တယ်။ ဖရန့်စစ်ဖူကူယားမားကတော့ နိုင်ငံတော်တည်ဆောက်ခြင်းဖြစ်စဉ်နဲ့ ပတ်သက်ပြီး မတူတဲ့ အခြင်းအရာလေးမျိုးကို ပြောတယ်။ အဲဒါတွေကတော့ (၁) အဖွဲ့အစည်းဒီဇိုင်းနဲ့ စီမံခန့်ခွဲမှု (၂) နိုင်ငံတော်အဆင့် အင်စတီကျူးရှင်းတွေနဲ့ သက်ဆိုင်တဲ့ နိုင်ငံရေးစနစ် ပုံစံ (၃) နိုင်ငံတော်အင်စတီကျူးရှင်းတွေကို တရားနည်းလမ်းကျကြောင်း လူ့အဖွဲ့အစည်းက လက်ခံစေဖို့ လိုအပ်တဲ့ အခြေခံတွေ (၄) အင်စတီကျူးရှင်း ဖွဲ့စည်းပုံအပေါ် သက်ရောက်နေတဲ့ ယဉ်ကျေးမှုနဲ့ အဆောက်အအုံဆိုင်ရာ အကြောင်းခြင်းရာတွေ ပဲဖြစ်တယ်။

ဖူကူယားမားရဲ့ အယူအဆအရ ယဉ်ကျေးမှုနဲ့ လူမှုရေးအကြောင်းအချက် တွေကို အချိန်တိုအတွင်း ပြောင်းလို့ မရဘူး။ နိုင်ငံခြားတိုင်းပြည်တွေကနေ လာပြောင်း ပေးလို့လည်းမရဘူး။ ဒီတော့က နိုင်ငံအတော်များများမှာ နိုင်ငံတော်ချိနဲ့နေတဲ့ အဖြစ်ကို အချိန်တစ်ခုအထိတော့ တွေ့နေရမှာဖြစ်တယ်။ အဓိပ္ပါယ်ကတော့ ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းမှာ ကြီးမားတဲ့ အခက်အခဲတွေကို ရင်ဆိုင်ရမယ်။ နိုင်ငံတော်ချိနဲ့မှုကြောင့် နိုင်ငံတော်ဟာ မှီခိုရောင်ရန်းထဲမှာ ဆက်ရှိနေဖို့များတယ်။ အဆိုးဆုံးမြင်ကွင်းကတော့ နိုင်ငံတော်တွေ

MYANMAR HARP

လုံးဝပြိုလဲသွားခြင်းဖြစ်တယ်။ အပြင်းထန်ဆုံး ပြဿနာတွေရှိနေတဲ့ ချိန့်နိုင်ငံတွေကိုတော့ ဆာဟာရအောက်ပိုင်း အာဖရိကမှာ တွေ့ရတယ်။ အာရှအရှေ့အလယ်ပိုင်းနဲ့ လက်တင်အမေရိကမှာလည်း ချိန့်နိုင်ငံတွေကို တွေ့နိုင်တယ်။

**ထိပ်ပိုင်းအီလစ်များ၏ လွှမ်းမိုးမှုနှင့် ဒီမိုကရေစီ**

မီးမိုးရောင်ဇုန်အတွင်းက နိုင်ငံတွေမှာ တွေ့ရတဲ့ တတိယမြောက် အဓိကလက္ခဏာရပ်ကတော့ သူတို့ရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့ ဒီမိုကရက်တစ်ဖြစ်စဉ်အတွင်း ဝင်ရောက်စွက်ဖက်နေတဲ့ ထိပ်ပိုင်းအီလစ်တွေရဲ့ လွှမ်းမိုးထားမှုဖြစ်တယ်။ အပေါ်ကလာတဲ့ အပြောင်းအလဲမှာဆိုရင် ဒီလိုဝင်ရောက်စွက်ဖက်မှု မျိုးတွေကို ပုံမှန်တွေ့ရလေ့ရှိတယ်။ အသွင်ကူးပြောင်းမှုမှာ နိုင်ငံရေးပဋိညာဉ်တွေ၊ သဘောတူညီချက်တွေ ပါဝင်နေပြီး၊ ဒါတွေကို စစ်တပ်၊ စီးပွားရေးအီလစ်တွေ၊ နိုင်ငံရေးသမားတွေက လုပ်ထားကြတာဖြစ်တယ်။ ဒါတွေထဲမှာ ထိပ်ပိုင်းအီလစ်တွေရဲ့ အရေးအကြီးဆုံး အကျိုးစီးပွားတွေကို ကာကွယ်ပေးဖို့ သဘောတူညီချက်တွေ ပါဝင်နေတယ်။ ဥပမာအားဖြင့် ဘရာဇီးလ်ရဲ့ အသွင်ကူးပြောင်းမှုကို လေ့လာကြည့်မယ်။

ဘရာဇီးလ်မှာ ၁၉၆၄ အတွင်း စစ်တပ်ဦးဆောင်တဲ့ အာဏာရှင်အစိုးရ အာဏာရလာတယ်။ ဆယ်နှစ်ခန့်ကြာပြီးနောက်မှာ ဖြေလျှော့မှုစတင်လာပြီး၊ ၁၉၈၅ မှာတော့ အရပ်သားသမ္မတကို ရွေးကောက်တင်မြှောက်နိုင်ခဲ့တယ်။ ဒီဖြစ်စဉ်ကိုကြည့်ရင် စစ်တပ်ကနေ အခြားထိပ်ပိုင်းအီလစ်အုပ်စုတွေနဲ့ ညှိနှိုင်းဆောင်ရွက်တာကို တွေ့နိုင်တယ်။ အရပ်သားအစိုးရပြန်လည်ပေါ်ပေါက်လာမှုမှာ နိုင်ငံရေး ပဋိညာဉ်တွေ ပါဝင်နေပြီး၊ ဒီမိုကရေစီကို ကန့်သတ်ချုပ်ခြယ်ထားတာတွေကို တွေ့ရတယ်။ ပထမက စစ်တပ်ဟာ အုပ်ချုပ်ရေးစနစ်သစ်အတွင်း သူ့ရဲ့ဩဇာကို ဆက်ထိန်းထားပြီး၊

MYANMAR HARP

ပြည်တွင်းရေးမှာ ညြဇာပိုမိုရဲ့ထွင်လာတာကိုတောင် တွေ့ရတယ်။ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ခွင့်ရှိတယ်ဆိုတာကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထည့်သွင်းထားတယ်။ ပိုအရေးကြီးတာက ဝန်ကြီးအဖွဲ့ရဲ့အဖွဲ့ဝင် ၂၂ ယောက်မှာ ၆ ယောက်က စစ်တပ်က ဖြစ်တယ်။

ဒါ့အပြင် အုပ်ချုပ်ရေးစနစ်အသစ်မှာ ဘရာဇီးလ်ရဲ့ ရိုးရာအစဉ်အလာဖြစ်တဲ့ သူကောင်းပြုသူ– မှီခိုသူ စနစ်ကိုလည်း အားဖြည့်ထားတယ်။ ထိပ်ပိုင်းအီလစ်တွေက ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို လက်ခံခြင်းနဲ့အတူ နိုင်ငံတော်ရဲ့ အရင်းအမြစ်တွေကို ရရှိခွင့်ရလာကြတယ်။ အာဏာရှင်အုပ်ချုပ်ရေးကိုဆန့်ကျင်တဲ့ ဒီမိုကရေစီ အတိုက်အခံဖြစ်တဲ့ နီဗက်စ်က အာဏာရဖို့အတွက် အာဏာရှင်စနစ်ကို ထောက်ခံတဲ့ ထိပ်ပိုင်းအီလစ်တွေကို နိုင်ငံတော်ရဲ့ သယံဇာတတွေကို ဝေစုခွဲပေးဖို့ သဘောတူခဲ့ရတယ်။ ဒီ ထိပ်ပိုင်းအီလစ်တွေဟာ နိုင်ငံရေးရာထူးတွေရလာတယ်။ ပြည်ထောင်စုနဲ့ ပြည်နယ်အဆင့် အလုပ်အကိုင်တွေကို ခန့်အပ်ခွင့်ရှိလာတယ်။ အထူးစီမံကိန်းတွေအတွက် ငွေကြေးတွေရလာတယ်။ ဟာဂိုပီးယန်းရဲ့ အဆိုအရ ပြည်ထောင်စုနဲ့ ပြည်နယ်အစိုးရတွေဟာ သူကောင်းပြုစနစ်ကို တိုက်ရိုက်အခြေခံနေတယ်။ ဒါကြောင့်လည်း ဒီအဖွဲ့တွေဟာ ကောင်းမွန်တဲ့ ပေါ်လစီတွေကို အကောင်အထည်မဖော်ကြတော့ဘဲ နိုင်ငံရေးအကျိုးအမြတ် အများဆုံးရမယ့် နေရာတွေဆီကိုသာ အရင်းအမြစ်တွေကို လွှဲပြောင်းကြတော့တယ်။ ဒီပုံစံက နိုင်ငံရေးပါတီတွေအပေါ်လည်း ရိုက်ခတ်မှုရှိတယ်။ ပါတီတွေကိုယ်တိုင်က ဝေစုခွဲဝေယူဖို့ဦးတည်လှုပ်ရှားကြတာကြောင့် နိုင်ငံရေးကိုယ်စားပြုမှု သဘာဝကို ပုံပျက်ပန်းပျက် ဖြစ်စေတော့တယ်။

သမ္မတ ကာဒိုဆိုနဲ့ လူလာဒါဆေးဗားလ်တို့ လက်ထက်မှာတော့ စစ်တပ်နဲ့ အခြားထိပ်ပိုင်းအီလစ်တွေရဲ့ နိုင်ငံရေးမှာ တိုက်ရိုက်ပါဝင်ပတ်သက်မှုက လျော့ကျသွားတယ်။ ဒါပေမယ့်လည်း အကျင့်ပျက်ခြစားမှုတွေကို

MYANMAR HARP

နေရာအနှံ့ ဆက်တွေ့နေရပြီး၊ အဓိက လူမှုရေး ပြုပြင်ပြောင်းလဲမှုတွေကိုလည်း မလုပ်နိုင်ခဲ့ဘူး။

ဆာဟာရအောက်ပိုင်း အာဖရိကမှာတော့ ထိပ်ပိုင်းအီလစ်တွေရဲ့ နိုင်ငံရေးကို လွှမ်းမိုးမှုက ပိုပြီးတိုက်ရိုက်ကျတယ်။ အာဏာကို သမ္မတက ကိုင်ထားပြီး၊ သူ့အပေါ် မှီခိုသူတွေကို နိုင်ငံရဲ့ အရင်းအမြစ်တွေကို ရယူခွင့် ပေးတယ်။ ကိုလိုနီခေတ်အလွန် အာဖရိကနိုင်ငံတွေမှာ တွေ့ရတာက တရားနည်းလမ်းကျမှု ကင်းမဲ့နေခြင်းပဲ။ လွတ်လပ်ရေးရတဲ့အချိန်မှာ နိုင်ငံရေးခေါင်းဆောင်တွေကို ထိန်းချုပ်နိုင်တဲ့ အားကောင်းတဲ့ လူမှုရေး အင်အားစုတွေ မရှိဘူး။ ဒီနိုင်ငံရေးခေါင်းဆောင်တွေဆီမှာကလည်း သူတို့စကားကို နိုင်ငံသားတွေနဲ့ ဖျူရိုကရက်တွေက လက်ခံလာအောင် လုပ်နိုင်တဲ့ ကျင့်ဝတ်အခြေခံတွေ၊ တရားနည်းလမ်းကျတဲ အိုင်ဒီအိုလိုဂျီတွေ မရှိဘူး။ ကိုလိုနီခေတ်မတိုင်ခင် ရှိခဲ့တဲ့ ရိုးရာအစဉ်အလာ တရားနည်းလမ်းကျမှု ဆိုတာကလည်း အခုအချိန်မှာ မဆီလျော်တော့ဘူး။ ဒီတော့ကာ ဒီလေဟာနယ်ထဲကို ဝင်ဖြည့်တဲ့ အစိုးရအမျိုးအစားကတော့ အာဏာကို တစ်ဦးတည်းက လက်ဝါးကြီး အုပ်ထားတဲ့ ပုံစံပဲဖြစ်တယ်။

တကိုယ်တော်အုပ်ချုပ်ရေးဆိုတာက သစ္စာစောင့်သိမှုကို အခြေခံတယ်။ အထူးသဖြင့် ထိပ်ဆုံးက ခေါင်းဆောင်ကို သစ္စာစောင့်သိမှု ရှိရမှာ ဖြစ်တယ်။ နိုင်ငံတော်အတွင်းက အရေးကြီးတဲ့ ရာထူးမှန်သမျှ (စစ်တပ်၊ ဗျူရိုကရေစီ၊ နိုင်ငံရေး၊ ရဲတပ်ဖွဲ့ စသည်ဖြင့်) ကို သူ့အပေါ် သစ္စာစောင့်သိသူတွေနဲ့ ခန့်ထားတယ်။ ဆွေမျိုးတွေ၊ သူငယ်ချင်းတွေ၊ လူမျိုးတူသူတွေ စသည်ဖြင့် တွေ့ရမယ်။ သူတို့ရဲ့ သစ္စာစောင့်သိမှုနဲ့ တွဲနေတာက နိုင်ငံတော်ရဲ့ အရင်းအမြစ်တွေကို ခွဲဝေယူကြခြင်း ဖြစ်တယ်။

ထိပ်ဆုံးက ခေါင်းဆောင်က သူကောင်းပြုသူ– မှီခိုသူ ဆက်ဆံရေးနဲ့ တရားဝင် ဖွဲ့စည်းထားတာ မဟုတ်တဲ့ ကွန်ရက်တွေကို ဦးဆောင်ညွှန်ကြား

MYANMAR HARP

တယ်။ ဒီခေါင်းဆောင်နဲ့ သူ့ရဲ့ နောက်လိုက်တွေက နိုင်ငံတော်ကို ထိန်းချုပ်ထားပြီး အလုပ်အကိုင်၊ ကန်ထရိုက်၊ ချေးငွေ၊ တရားမဝင် အကျိုးအမြတ်တွေကို ခံစားခွင့်ရှိကြတယ်။ သွင်းကုန်ပါမစ်တွေနဲ့ စီးပွားရေးလုပ်ငန်းလိုင်စင်တွေလိုမျိုး ဥပဒေအရ သတ်မှတ်ထားတဲ့ အရင်းအမြစ်တွေကိုလည်း ရယူနိုင်ကြတယ်။

တကိုယ်တော်အုပ်ချုပ်ရေးမှာ နောက်ဆုံးတွေ့ရတာက အစိုးရကို သစ္စာရှိတဲ့ စစ်တပ်ပဲဖြစ်တယ်။ နိုင်ငံတော်မှာ တရားနည်းလမ်းကျမှု မရှိဘဲ၊ လူများစုကလည်း ဝေစုတွေကို မရကြတာကြောင့် အုပ်ချုပ်သူတွေအနေနဲ့ သူဆက်လက် ရှင်သန်နိုင်ဖို့ နိုင်ထက်စီးနင်းလုပ်မှုနဲ့ ခြိမ်းခြောက်မှုတွေကို လုပ်ရတယ်။ ဒါကြောင့် အာဖရိကရဲ့ ဒီမိုကရေစီ အနိမ့်အမြင့်ကို ပြောတဲ့အခါ အရပ်သားအုပ်ချုပ်ရေးနဲ့ စစ်တပ်အုပ်ချုပ်ရေးတို့ကြားက ကွာခြားချက်ကို အာရုံ စိုက်တာထက် စစ်တပ်က နိုင်ငံရေးကို တိုက်ရိုက်လွှမ်းမိုးသလား၊ သွယ်ဝိုက်လွှမ်းမိုးသလားဆိုတာကို အာရုံစိုက်ရမှာဖြစ်တယ်။

ဒီလိုမျိုး တစ်ဦးတစ်ယောက်ကနေ ချုပ်ကိုင်ထားတဲ့ ထိပ်ပိုင်းအီလစ်လွှမ်းမိုးမှုမျိုးကို ယခင် ဆိုဗီယက်ပြည်ထောင်စုအတွင်း ပါဝင်ခဲ့တဲ့ နိုင်ငံတွေမှာလည်း တွေ့ရတယ်။ ဒီလွှမ်းမိုးမှုကို ဂျော်ဂျီယာမှာ ခပ်ပျော့ပျော့ တွေ့ရပြီး၊ အပြင်းထန်ဆုံးကတော့ ဘီလာရုစ်ပဲ။ ကြားမှာ ရှိနေတာကတော့ အာမေနီးယား၊ အဇာဘိုင်ဂျန်၊ ကာဂျစ် စတန်နဲ့ ကာဇက်စတန်တို့ ဖြစ်တယ်။ ဒီနိုင်ငံတွေမှာက လုပ်ငန်းရှင် အနည်းငယ်မှာသာ အလုပ်ကြိုးစားမှု၊ ရိုးသားမှုနဲ့ တာဝန်ယူမှုတွေကို တွေ့ရတယ်။ အများအားဖြင့် တွေ့နေရတာကတော့ အကျင့်ပျက်နေတဲ့ စီးပွားရေးလူတန်းစားနဲ့ အကျင့်ပျက်နေတဲ့ နိုင်ငံရေးလူတန်းစားတို့ ပေါင်းစည်းနေကြခြင်းပဲဖြစ်တယ်။ ရလာဒ်ကတော့ အခွန်ကောက်လို့မရဘဲ မှုန်ဝါးနေတဲ့ ကြီးမားလှတဲ့ဈေးကွက်နဲ့ အာဏာရှိတဲ့ နိုင်ငံရေးသမားတွေကို အကျင့်ပျက်ခြစားပြီး ပေါင်းသင်းနေတဲ့ ကုမ္ပဏီကြီး

MYANMAR HARP

တွေကို တွေ့နေရခြင်းဖြစ်တယ်။

ချာဗက်စ်လက်ထက်က ဗင်နီဇွဲလားနဲ့ ပူတင်လက်အောက်က ရုရှားတို့ဆိုရင်လည်း နိုင်ငံရေးဗဟုဝါဒနဲ့ ကွဲပြားတဲ့ လိုလားချက်တွေကို ဖော်ပြတာကို ပယ်ချ ပစ်တာကို တွေ့ကြရတယ်။ ချာဗက်စ်ရဲ့ မဟာဗျူဟာက ထိပ်တိုက်တွေ့မှုကို အမြင့်ဆုံးဖြစ်စေဖို့နဲ့ နိုင်ငံရေးစုရုံးလှုပ်ရှားမှုကို ဆောင်ရွက်ဖို့ဖြစ်တယ်။ ပူတင်ရဲ့ မဟာဗျူဟာကတော့ စိတ်ရှုပ်ထွေးမှုကို အမြင့်ဆုံးဖြစ်စေဖို့နဲ့ နိုင်ငံရေးစုရုံးလှုပ်ရှားမှု လုံးဝမရှိစေဖို့ ဖြစ်တယ်။ နှစ်ယောက်စလုံးက သူတို့ရဲ့ ရည်မှန်းချက်တွေအတွက် ဒီမိုကရေစီကပေးထားတဲ့ ပေါပြောခွင့်တွေကို အသုံးချကြတယ်။ သူတို့ နှစ်ယောက်စလုံးက ဒီမိုကရေစီဆန်ဆန် အုပ်ချုပ်ရေးစနစ်မှာ ခေါင်းဆောင်တွေ ဖြစ်ကြတယ်။ အမှန်တကယ်တော့ အာဏာကို အလုံးစုံလက်ဝါးကြီးအုပ်လုနီးနီး အခြေအနေကို မြင်နေရတာဖြစ်တယ်။

ချာဗက်စ်ရော၊ ပူတင်ရောက ရေနံကနေရတဲ့ ပိုက်ဆံတွေကို အသုံးချကြတယ်။ စနစ်က ရေနံ ဒါမှမဟုတ် အခြားသော ဓာတ်သတ္တုတွေကို အခြေခံနေတဲ့အခါ အုပ်ချုပ်သူတွေဆီမှာ ပြည်သူ့ဖိအားကို လျော့ချနိုင်ဖို့ အခွင့်အလမ်းပိုရှိတယ်။ ရေနံနဲ့ ဓာတ်သတ္တုတွေ ကြွယ်ဝတဲ့ အရှေ့အလယ်ပိုင်းမှာလည်း ဒီပြဿနာမျိုးကို တွေ့ရတယ်။ အာရပ်အုပ်ချုပ်သူတွေက သူကောင်းပြုသူ– မှီခိုသူ စနစ်ကို ထူထောင်ခဲ့ပြီး၊ ဒီလူတွေရဲ့ ထောက်ခံမှုကြောင့် ပြည်သူထောက်ခံမှုကို ဘေးဖယ် ထုတ်ထားနိုင်ခဲ့တယ်။ ဒီလိုမျိုး သယံဇာတ ကြွယ်ဝပြီး၊ ပြည်သူ့ဖိအားကနေ လွတ်ကင်းနေတာကြောင့် အာရပ်အစိုးရတွေဟာ ပြည်သူ့ထင်မြင်ချက်ကို လျစ်လျူရှုထားနိုင်ကြတယ်။ သူတို့ရဲ့ အုပ်ချုပ်ရေးစနစ်ကို တိုးတက်အောင် ဆောင်ရွက်ဖို့ မလိုတော့သလို၊ ပြည်သူရဲ့ ထောက်ခံမှုကိုလည်း ရအောင်လုပ်ဖို့ မလိုတော့ဘူး။ ဒီလိုနိုင်ငံအတော်များများ အာဏာရှင်စနစ်အောက်မှာ ဆက်ရှိ

MYANMAR HARP

နေပြီး၊ မီးခိုးရောင်ဇုန်ထဲကို ရွှေ့လာတဲ့ နိုင်ငံတွေကိုလည်း တွေ့ရတယ်။ မော်ရိုကို၊ အီဂျစ်၊ ဂျော်ဒန်၊ အယ်ဂျီးရီးယားစတဲ့ နိုင်ငံတွေကို ဥပမာအဖြစ် တွေ့နိုင်တယ်။

ထိပ်ပိုင်းအီလစ်တွေရဲ့ လွှမ်းမိုးမှုကို အာရှမှာလည်း တွေ့နိုင်တယ်။ အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှား၊ အိန္ဒိယနဲ့ ကမ္ဘောဒီးယား စတဲ့နိုင်ငံတွေမှာ တွေ့နိုင်တယ်။ ဒီနိုင်ငံတွေမှာ မြေရှင်ကြီးတွေနဲ့ စက်မှုလုပ်ငန်းရှင်ကြီးတွေက နိုင်ငံရေးမှာဩဇာလွှမ်းမိုးထားနိုင်ကြတယ်။ ပါကစ္စတန်နဲ့ ဘင်္ဂလားဒေ့ရှ်မှာတော့ စစ်တပ်နဲ့ ဘာသာရေးအဖွဲ့တွေက အဓိက ဇာတ်ကောင်တွေဖြစ်တယ်။ အချုပ်ဆိုရရင်တော့ ထိပ်ပိုင်းအီလစ်တွေရဲ့ လွှမ်းမိုးမှုက မီးခိုးရောင်ဇုန်အတွင်းက နိုင်ငံတွေရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ဟန့်တားနိုင်သလို၊ ရှေ့ဆက်မတိုးနိုင်အောင်လည်း ပိတ်ဆို့နိုင်တာကို တွေ့ရတယ်။

## လူထုလှုပ်ရှားမှုများနှင့် အဖွဲ့အစည်းများ

အပေါ်မှာ ပြောခဲ့တဲ့ အကြောင်းခြင်းရာ သုံးခုကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုဟာ စိတ်ပျက်ဖွယ် ဖြစ်နေရတယ်။ ဒါပေမယ့် လူထုလှုပ်ရှားမှုတွေနဲ့ အဖွဲ့အစည်းတွေကြောင့် အကောင်းဘက်ကို မျှော်လင့်လို့ရနေသေးတယ်။ ထိပ်ပိုင်းအီလစ်တွေက အသွင်ကူးပြောင်းမှုဖြစ်စဉ်ကို လွှမ်းမိုးထားရင်တောင်၊ လူထုလှုပ်ရှားမှုတွေက ကြီးကြီးမားမား ရှိနေတာဖြစ်တယ်။ သာမန်ပြည်သူတွေ၊ အလုပ်သမားတွေ၊ ကျောင်းသားတွေ၊ လယ်သမားတွေ၊ ရုံးဝန်ထမ်းတွေက အရဲစွန့်ပြီး အာဏာရှင်စနစ် ဆန့်ကျင်ရေးကို ဆောင်ရွက်ကြတယ်။ တရားမဝင် အဖွဲ့တွေ ဖွဲ့စည်းလှုပ်ရှားတာမျိုး၊ အာဏာရှင်တွေကို တိုက်ရိုက်စိန်ခေါ်တာမျိုးကိုတောင် လုပ်ကြတယ်။

အချိန်တစ်ခုမှာတော့ မတူတဲ့ လှုပ်ရှားမှုတွေဟာ ပေါင်းဆုံမိလာပြီး၊ ပြည်သူတရပ်လုံးအဖြစ်နဲ့ ဒီမိုကရေစီကို တောင်းဆိုကြတယ်။

MYANMAR HARP

ဒီလူထုလှုပ်ရှားမှုတွေဟာ ခဏတာမျှသာဖြစ်တဲ့ အုံကြွမှုမျိုးတော့ မဟုတ်ဘူး။ ဒီလှုပ်ရှားမှုက အာဏာရှင်အုပ်ချုပ်ရေးအတွင်း စတင်လာပြီး၊ အကူးအပြောင်းကာလအတွင်း ပထမဆုံး ရွေးကောက်ပွဲတွေ ကျင်းပပြီးတဲ့ အခါမှာ ပုံစံအသစ်နဲ့ ပေါ်ထွက်လာတယ်။ ဒီတော့ကာ အသွင်ကူးပြောင်းမှုရဲ့ နောက်က လူထုလှုပ်ရှားမှုမှာ သွင်ပြင်နှစ်ခု ရှိနေမယ်။ အာဏာရှင်အုပ်ချုပ်ရေးအတွင်းမှာတော့ ပုံစံမျိုးစုံရှိတဲ့ လူမှုလှုပ်ရှားမှု အသစ်တွေအဖြစ် တွေ့ရမယ်။ အကူးအပြောင်းကာလအတွင်းမှာတော့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေအဖြစ် ပြန်လည်ပေါ်ထွက်လာတာကို တွေ့ရမယ်။

လူမှုလှုပ်ရှားမှုအသစ်ဆိုတဲ့ ဝေါဟာရမှာက ကျေးလက်မှာရော၊ မြို့ပြမှာပါ ကျယ်ကျယ်ပြန့်ပြန့် ရှိနေတဲ့ အသင်းအပင်းတွေပါဝင်နေတယ်။ လက်တင် အမေရိကမှာဆိုရင် ဒီအသင်းအပင်းတွေက အိမ်ယာကိစ္စ၊ ကွန်မြူနတီ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ စားသုံးသူနဲ့ ထုတ်လုပ်သူ သမဝါယမစနစ်နဲ့ ကျေးလက်မြေယာ ပိုင်ဆိုင်ခွင့်ကို ကာကွယ်ရေး စတာတွေကို ဆောင်ရွက်သလို၊ ဆန္ဒပြခြင်းတွေ၊ အစိုးရအေဂျင်စီတွေနဲ့ နိုင်ငံရေးသမားတွေကို လော်ဘီလုပ် ဖိအားပေးခြင်းတွေကိုလည်း ဆောင်ရွက်ကြတယ်။ အာဖရိကမှာဆိုရင်လည်း ဒီလိုမျိုး အုပ်စုတွေ ပေါ်ထွက်လာတာကို တွေ့ရတယ်။ ဒီလူမှုလှုပ်ရှားမှုအသစ်တွေ ပေါ်ထွက်လာရတာဆိုရင် အာဏာရှင်စနစ်အောက်မှာ အခက်အခဲတွေကို ရင်ဆိုင်လာရတာကြောင့်လည်း ဖြစ်တယ်။ အာဖရိမှာဆိုရင် အချို့သော အသင်းအပင်းတွေဟာ မိမိတို့ဒေသရဲ့ အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ကြိုးစားကြပြီး၊ အနီးအနားက ကွန်မြူနတီတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ကြတယ်။

ကူးပြောင်းရေးအဆင့်အတွင်းမှာဆိုရင် ဒီလူမှုလှုပ်ရှားမှုအသစ်တွေက လူ့အခွင့်အရေးအဖွဲ့တွေ၊ အခြားသော အရပ်ဘက်အသင်းအပင်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ကြတယ်။ လက်တင်အမေရိက အချို့နိုင်ငံတွေ

MYANMAR HARP

မှာတော့ ကက်သလစ်ကျောင်းတော်ရဲ့ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးကော်မရှင်တွေက အရေးပါတဲ့ အခန်းမှာ ရှိနေခဲ့တယ်။ သူတို့က အာဏာရှင်အစိုးရတွေရဲ့ နိုင်ထက်စီးနင်းလုပ်မှုတွေကိုဝေဖန်ပြီး၊ ဒီမိုကရေစီကိုတောင်းဆိုမှုကြောင့် အခြေခံနိုင်ငံရေး၊ တရားရေးနဲ့ လူမှုရေးရပိုင်ခွင့်တွေကို ရရှိလာခဲ့ကြတယ်။ အာဏာရှင်အုပ်ချုပ်ရေးအတွင်း ဖိနှိပ်ခံခဲ့ရတဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေဆိုရင် အကူးအပြောင်းကာလအတွင်း နိုင်ငံရေးဇာတ်ခုံပေါ်ပြန်ရောက်လာကြတယ်။ အလုပ်သမားသမဂ္ဂတွေ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဂျာနယ်လစ် စသည်ဖြင့် ပါဝင်တဲ့ တတ်သိအဖွဲ့တွေနဲ့ တက္ကသိုလ် အသင်းအပင်းတွေ စတာတွေကို တွေ့ရတယ်။

ဒီမိုကရေစီအရေး လှုပ်ရှားမှုနဲ့အတူ သန်မာတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ပေါ်ထွက်လာခြင်းဟာ အရေးပါတယ်။ ဒီမျိုးစုံတဲ့ အသင်းအပင်းတွေဟာ ဗဟုလူ့အဖွဲ့အစည်းကို ဖွဲ့စည်းနေတာဖြစ်ပြီး၊ ဒါဟာ အားကောင်းတဲ့ ဒီမိုကရေစီအတွက် အရေးကြီးတဲ့ ကြိုတင်လိုအပ်ချက်တစ်ရပ်ပဲ။ ဘာကြောင့်လဲဆိုတော့ သူတို့က နိုင်ငံတော်ရဲ့ အပြင်မှာ အာဏာဗဟိုချက်တွေကို ဖန်တီးတာကြောင့်ဖြစ်တယ်။ ဒါ့အပြင် ဒီအသင်းအပင်းတွေဟာ ဒီမိုကရက်တစ် ဆုံးဖြတ်ချက် ချမှတ်မှုကို နိုင်ငံသားတွေကို သင်ကြားပေးတဲ့ ဖိုရမ်တွေဖြစ်လာတယ်။ ဒီသဘောအရ အသင်း အပင်းတွေဟာ ဒီမိုကရေစီရဲ့ ပျိုးခင်းတွေပဲ။

ဒါကြောင့် အကူးအပြောင်းကာလမှာ အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ ပိုလှုပ်ရှားနိုင်တဲ့ အခြေအနေကို ရရှိနေတယ်လို့ ဆိုနိုင်တယ်။ ဒါပေမယ့် လူ့အဖွဲ့အစည်းအတွင်း အပြောင်းအလဲကြောင့် လူထုလှုပ်ရှားမှုတွေနဲ့ နိုင်ငံရေး ပါတီတွေကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး မေးခွန်းတွေပေါ်ထွက်လာတယ်။ ကိစ္စအတော်များများမှာ လူမှုလှုပ်ရှားမှုအသစ်တွေကို နိုင်ငံတော်ရဲ့ ယန္တရားနဲ့ ရွေးရိုးစွဲပါတီနိုင်ငံရေးတို့ကို တိုက်ရိုက်ဆန့်ကျင်ဖို့

MYANMAR HARP

ဖွဲ့စည်းထားကြတာဖြစ်တယ်။ ဒါပေမယ့်လည်း နိုင်ငံရေးပါတီအတွင်း ပါဝင်ဆောင်ရွက်ခြင်းကသာ ဖြစ်ထွန်းခါစ ဒီမိုကရေစီအတွက် အကောင်းဆုံးဆောင်ရွက်ပေးနိုင်မယ့် နည်းလမ်းအဖြစ်လည်း တွေ့ရတယ်။

ဘရာဇီးလ်မှာဆိုရင် ဒီကိစ္စက အခြေခံလူထုလှုပ်ရှားမှုတွေကို ခွဲခြားပစ်တယ်။ ဒါပေမယ့် ၁၉၈၀ ပြည့်နှစ်တွေ အစောပိုင်းကစလို့တော့ တက်ကြွလှုပ်ရှားသူ အများအပြား ပါတီနိုင်ငံရေးအတွင်း ဝင်ရောက်ကြတာကို တွေ့လာရတယ်။ အချို့ကတော့ ဒီလိုဖြစ်တာဟာ ဘရာဇီးလ်ရဲ့ ပါတီစနစ်ကို အားကောင်းစေ တယ်လို့ဆိုတယ်။ အရင်ကလို ခေါင်းဆောင်တစ်ဦးရဲ့ ချယ်လှယ်မှုအောက်မှာ သူကောင်းပြုသူ– မှီခိုသူစနစ်ကို အကောင်အထည်ဖော်ပေးရတဲ့ ပါတီအဖြစ်ကနေ လွတ်ကင်းလာတယ်လို့ ဆိုတယ်။ နောက်တစ်မျိုးပြောရရင် ပါတီစနစ်ကို အင်စတီကျူးရှင်းဆန်စေခြင်းကြောင့် ဒီမိုကရေစီအတွက် အားကောင်းတဲ့ အခြေခံတွေကို ဖြစ်စေတယ်။

အရှေ့ဥရောပမှာတော့ လက်တင်အမေရိကနဲ့ မတူပဲ များစွာခြားနားတယ်။ အဲဒီမှာက အကူးအပြောင်းမစတင်ခင်မှာ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ လုံးဝမရှိသလောက်ပဲ။ လူတွေရဲ့ဘဝတွေကို ပါတီနဲ့ နိုင်ငံတော်ယန္တရားတွေကနေ တစ်ဘဝလုံး ထိတွေ့နေတာဖြစ်တယ်။ ဒီလိုအသင်းအပင်းတွေမရှိတာကြောင့် ဒီမိုကရေစီ တောင်းဆိုမှုကလည်းမျိုးစုံတဲ့ အသင်းအပင်းတွေဆီကနေ ထွက်ပေါ် လာတာမဟုတ်ဘူး။ ဒီမိုကရေစီ အကူးအပြောင်းနဲ့ ပတ်သက်ပြီး အရှေ့ဥရောပမှာက ဘက်နှစ်ဘက်ကိုပဲ တွေ့ရမယ်။ တစ်ဘက်မှာ ပါတီနဲ့ နိုင်ငံတော် ထိပ်ပိုင်းအီလစ် တွေရှိပြီး၊ နောက်တစ်ဘက်မှာက ပြည်သူတွေရှိတယ်။ ဒီမိုကရေစီ တောင်းဆိုမှုက ပြည်သူတွေဆီကလာတယ်။ ဒီတော့ကာ အဖွဲ့အစည်းသဘောကို ကြည့်ရင်လည်း အားလုံးပါဝင်နေတာတွေ့ရတယ်။ ချက်ကိုစလိုဗက်ကီးယားမှာ ပြည်သူ့ဖိုရမ်၊ အရှေ့ဂျာမနီမှာ နစ်ဖိုရမ်၊ ပိုလန်မှာ ဆိုလစ်ဒယ်ရတီတို့ကို တွေ့ရတယ်။ ဒါပေမယ့်

MYANMAR HARP

ပြည်သူတွေရဲ့ တောင်းဆိုချက်ထဲမှာ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ဖွဲ့စည်းခွင့်နဲ့ ဒီအဖွဲ့အစည်းတွေဟာ ပါတီနဲ့နိုင်ငံတော်ရဲ့ ထိန်းချုပ်မှု၊ စွက်ဖက်မှုတွေအောက်မှာ ရှိမနေဖို့လည်း ပါဝင်တယ်။ ဒီဖြစ်စဉ်ဟာ လူမှုစီးပွား အပြောင်းအလဲနဲ့အတူ စတင်ဖြစ်ထွန်းလာခဲ့ပြီး၊ အချိန်အတော်လေး ယူရမှာဖြစ်တယ်။ ပညာရှင်တစ်ဦးကဆိုရင် အနည်းဆုံး မျိုးဆက်တစ်ဆက်ခန့်တောင် ကြာမြင့်နိုင်တယ်လို့ ဆိုခဲ့တယ်။

လူထုလှုပ်ရှားမှုတွေရဲ့ သက်ရောက်မှုကတော့ ဒေသတစ်ခုနဲ့တစ်ခု မတူညီကြဘူး။ အာဖရိကရဲ့ နိုင်ငံအတော်များများမှာဆိုရင် ဒီမိုကရေစီအကူးအပြောင်းဟာ မြို့ပြမှာသာ ဖြစ်နေတဲ့ အရေးကိစ္စမျိုး ဖြစ်နေပြီး၊ လူထုလှုပ်ရှားမှုကလည်း ကျဲပါးတယ်။ ဒါပေမယ့် တစ်ခုလုံးခြုံကြည့်ရင်တော့ ရှင်းပါတယ်။ ဒီမိုကရေစီဆီကိုကူးပြောင်းခြင်းနဲ့ လူထုလှုပ်ရှားမှုတွေ ပေါ်ထွက်လာမှုတို့ ချိတ်ဆက်နေတယ်ဆိုတာသေချာတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ အားကောင်းလာခြင်းက ဒီမိုကရေစီရဲ့ အခြေအနေကို တိုးတက်စေပြီး၊ အာဏာရှင် စနစ်ဆီ နောက်ပြန်လှည့်ဖို့ကိုလည်း ခက်ခဲသွားစေတယ်။

ဒါပေမယ့် တချိန်တည်းမှာပဲ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကြောင့် နိုင်ငံရေးပတ်ဝန်းကျင်အသစ် ပေါ်ထွက်လာပြီး၊ လူထုလှုပ်ရှားမှုအနေနဲ့လည်း စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်လာရတယ်။ ဘုံရန်သူဖြစ်တဲ့ အာဏာရှင်အစိုးရ မရှိတော့တဲ့အခါ လူ့အဖွဲ့အစည်းအတွင်း အုပ်စုအသီးသီးရဲ့ မတူညီတဲ့ လိုလား ချက်တွေကို ဒီမိုကရက်တစ်နည်းကျ ပြိုင်ဆိုင်မှုတွေဖြစ်အောင် လုပ်ပေးရတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်လာရတယ်။ နောက်တစ်မျိုး ပြောမယ်ဆိုရင်တော့ လူထုလှုပ်ရှားမှုတွေက ဒီမိုကရေစီရဲ့ အလားအလာကို မြှင့်တင်ပေးတယ်။ ဒါပေမယ့် လူထုရဲ့ပါဝါကို အသုံးချပုံချနည်းက ဒီမိုကရေစီ နိုင်မာမှု၊ မနိုင်မာမှုကို အဆုံးအဖြတ် ပေးနေမှာဖြစ်တယ်။

❑ ❑ ❑

MYANMAR HARP

# အခန်း (၄)

# ပြည်ပနိုင်ငံများ၏ အကူအညီဖြင့် အသွင်ကူးပြောင်းခြင်း

# ပြည်ပနိုင်ငံများ၏ အကူအညီဖြင့် အသွင်ကူးပြောင်းခြင်း

ဒီပုံစံကတော့ အခုမှ ဖြစ်လာတာမဟုတ်ဘဲ၊ သမိုင်းမှာလည်း တွေ့နိုင်တယ်။ ၁၉၁၈ ခုနှစ်မှာ အမေရိကန် သမ္မတဝုဒ်ဒရိုးဝီလ်ဆင်က ဒီမိုကရေစီ လုံခြုံအောင် ကမ္ဘာကြီးကို ဖန်တီးချင်ခဲ့တယ်။ လူမျိုးအားလုံးရဲ့ ရပိုင်ခွင့်တွေနဲ့ နေရာတိုင်းက လူအားလုံးရဲ့ ကိုယ့်ဘဝကိုယ် ရွေးချယ်ခွင့်တွေကို သူကပြောပြောခဲ့တယ်။ ဒါပေမယ့် နောက်ပိုင်း ဆယ်စုနှစ်တွေအတွင်း ပေါ်ပေါက်ခဲ့တဲ့ နိုင်ငံတကာပဋိပက္ခတွေနဲ့ စစ်ပွဲတွေရဲ့ အရှိတရားကြောင့် သူ့ရဲ့ ယုံကြည်ချက်တွေ ရှုံးနိမ့်သွားရတယ်။ ဒုတိယကမ္ဘာစစ်အပြီး၊ ကိုလိုနီခေတ်ကို ဖျက်သိမ်းတော့မှသာ သူ့ရဲ့အယူအဆတွေကို ပြန်တွေ့လာရတယ်။ ဒါနဲ့အတူ လွတ်လပ်ရေးရလာတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ခေတ်မီ တိုးတက်မှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု အလိုအလျောက် ဖြစ်လာမယ်ဆိုတဲ့ အယူအဆလည်း ပေါ်ထွက်လာတယ်။

စီးပွားရေးဖွံ့ဖြိုးမှုကြောင့် မျိုးစုံတဲ့ လူမှုအဆောက် အအုံတွေ၊ အဆင့်အတန်း ပိုမြင့်လာတဲ့ ပညာရေးတွေ၊ ပိုအားကောင်းတဲ့ လူလတ်တန်းစားတွေနဲ့ သွက်လက်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ပေါ်ထွက်လာပြီး ဒီမိုကရေစီကို အားပြုပေးမယ်လို့ ယူဆခဲ့ကြတယ်။ ဒါပေမယ့် စီးပွားရေးဖွံ့ဖြိုးမှုကြောင့် ဒီမိုကရေစီ ဖြစ်လာချင်မှ ဖြစ်လာတယ်။ ဥပမာအားဖြင့် ၁၉၇၀ နဲ့ ၈၀ ပြည့်နှစ်တွေအတွင်း လက်တင်အမေရိကရဲ့ စစ်အစိုးရတွေကို တွေ့ရမယ်။ ဒီအတွေ့အကြုံကြောင့် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို တိုက်ရိုက်မြှင့်တင်တဲ့ အစီအစဉ်တွေ ပေါ်ထွက်လာတယ်။

သမ္မတရီဂင်က ၁၉၈၀ ပြည့်နှစ်တွေအတွင်းမှာ ဒီမိုကရေစီ အရောင်းမြှင့်တင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုကို ပြုလုပ်တယ်။ သူက ဒီမိုကရေစီရဲ့ အခြေခံအဆောက်အအုံတွေဖွံ့ဖြိုးဖို့ အဆိုပြုတယ်။ လွတ်လပ်တဲ့ စာနယ်ဇင်းတွေ၊ သမဂ္ဂတွေ၊ နိုင်ငံရေးပါတီတွေ၊ တက္ကသိုလ်တွေ ရှိတဲ့ စနစ်အတွင်းမှာ ပြည်သူတွေက မိမိတို့ရဲ့ ယဉ်ကျေးမှုတွေကို ကိုယ်ပိုင်နည်းလမ်းတွေနဲ့ ဖွံ့ဖြိုးစေပြီး၊ မတူကွဲပြားမှုတွေကို ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ ဖြေရှင်းနိုင်ရမယ်လို့ သူကပြောတယ်။ ဒီအစီအစဉ်ကြောင့် NED (National Endowment for Democracy) အဖွဲ့ ပေါ်ပေါက်လာတယ်။ အစောပိုင်းနှစ်တွေမှာ ဒီအဖွဲ့က ကွန်မြူနစ်ဆန့်ကျင်ရေးကို အာရုံစိုက်တယ်။ ဒီအခါမှာတော့ သူ့ရဲ့အစီအစဉ်တွေထဲမှာ ကွန်မြူနစ်ဆန့်ကျင်ရေးလုပ်နေတဲ့ အာဏာရှင်အစိုးရတွေကို ထောက်ပံ့မှုတွေ ပါဝင်လာတယ်။ ဒါကြောင့် ဒီမိုကရေစီအရောင်းမြှင့်တင်ရေးအပေါ် အခြားသောအချက်တွေက ကန့်သတ်ထားတာကို တွေ့ရတယ်။ စစ်အေးတိုက်ပွဲ ပြီးဆုံးသွားတဲ့အခါမှာတော့ ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီအရောင်းမြှင့်တင်ရေးဟာ အမေရိကန်နဲ့ အနောက်နိုင်ငံတွေရဲ့ အဓိက အာဂျင်ဒါဖြစ်လာတယ်။ အရှေ့ဥရောပဟာဆိုရင် အထောက်အပံ့ပေးတဲ့ အဓိကဒေသ ဖြစ်လာတယ်။ ဆာဟာရအောက်ပိုင်း အာဖရိကနဲ့

ဘတိယကမ္ဘာနိုင်ငံတွေကိုပေးတဲ့ ပရောဂျက်တွေကိုလည်း အတော်များများ တွေ့လာရတယ်။ ၂၀ ရာစုကုန်ဆုံးတဲ့ အချိန်မှာတော့ ဒီမိုကရေစီ အရောင်း မြှင့်တင်ရေးက တကမ္ဘာလုံးနဲ့ သက်ဆိုင်လာတယ်။ ၂၀၀၀ ခုနှစ်အတွင်း ဝါဆောမြို့မှာ နိုင်ငံပေါင်း ၁၂၀ ပါဝင်တဲ့ ဆွေးနွေးပွဲကိုကျင်းပခဲ့ပြီး၊ ဝါဆော ကြေညာချက်ကို ထုတ်ပြန်ခဲ့တယ်။ ဒီကြေညာချက်ထဲမှာ ဒီမိုကရေစီကို မြှင့်တင်ပြီး။ နိုင်မာအောင် အတူတကွ ဆောင်ရွက်ကြမယ်ဆိုတဲ့အချက်ပါဝင် တယ်။

ဒီလိုမျိုး နိုင်ငံပေါင်း ၁၂၀ ကနေ အတူတကွ လက်တွဲပြီး ဒီမို ကရေစီ အရောင်းမြှင့်တင်ရေးကို လုပ်မယ်ဆိုတဲ့ အပေါ်မှာ သံသယဝင်မှု၊ အဆိုးမြင်မှုတွေရှိတယ်။ ဒါနဲ့ပတ်သက်လို့ ရှေ့အပိုင်းမှာ ဆက်လေ့လာ ကြမယ်။ တကယ်တော့ ဒီမိုကရေစီကို ပြည်ပကနေ အရောင်းမြှင့်တင် တာဟာ အဟန့်အတားတွေရှိပေမယ့်၊ ဖြစ်နိုင်ခြေရှိတဲ့ လုပ်ငန်းတစ်ရပ်လို့ ဆိုရမယ်။ ပြည်တွင်းမှာ ရှိနေတဲ့ ကြိုတင်လိုအပ်ချက်တွေကို လျစ်လျူရှုလို့ မရသလို၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုအပေါ် ပြည်ပရဲ့ ထိန်းချုပ်မှုနဲ့ ပြည်တွင်းရဲ့ ထိန်းချုပ်မှုကြားက မျှခြေကိုလည်း ဖန်တီးနိုင်ဖို့ လိုပါတယ်။

## ပြည်ပနိုင်ငံများနှင့် ဒီမိုကရေစီ

ပြည်ပကနေ ဒီမိုကရေစီကို အရောင်းမြှင့်တင်တယ်ဆိုတာ မဖြစ်နိုင် ဘူးလို့ ထင်ရတယ်။ ဒီမိုကရေစီရဲ့ စံအရ အစိုးရအာဏာက ပြည်သူ့ဆန္ဒမှာ အခြေခံပြီး၊ ပြည်သူ့ကိုယ်စားလှယ်တွေကိုလည်း လွတ်လပ်ပြီး၊ တရားမျှတတဲ့ ရွေးကောက်ပွဲတွေကနေ ရွေးချယ်တယ်ဆိုရင် အပြင်ကလူတွေက အသွင် ကူးပြောင်းရေးဖြစ်စဉ်အပေါ် ဘယ်လိုလွှမ်းမိုးနိုင်မှာလဲ။ ပြီးတော့ သူတို့ရဲ့ လုပ်ရပ်ကြောင့် ဒီမိုကရေစီမဆန်တဲ့ အခြင်းအရာတွေ ဖြစ်မလာနိုင်ဘူးလား။ တကယ်လို့သာ နိုင်ငံတစ်နိုင်ငံရဲ့ အသွင်ကူးပြောင်းမှုကို အပြင်လူတွေက

MYANMAR HARP

အပြည့်အ၀ တာဝန်ယူထိန်းချုပ်လိုက်မယ်ဆိုရင်တော့ ဒီမိုကရေစီကို ထိပါး မှုတွေ ဖြစ်လာမှာ အမှန်ပဲ။ ဒါပေမယ့် ဒီမိုကရေစီ အရောင်းမြှင့်တင်မှု ဆို တာက ဒါမျိုးကို ပြောတာမဟုတ်ဘူး။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေး ကောက်ပွဲတွေ ဖြစ်လာဖို့ အပြင်ကလူတွေက အကူအညီပေးမယ်။ ပညာရေး၊ သတင်းအချက်အလက်နဲ့ အခြားသော အရာတွေကို ထောက်ပံ့ပေးခြင်း အားဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းအတွင်းက လူတွေကို အရည်အချင်းမြင့် လာအောင် ကူညီပေးမယ်။ ဒါမျိုးဆိုရင်တော့ သူတို့က ဒီမိုကရေစီ ဖွံ့ဖြိုး လာအောင် ကူညီပေးတာလို့ ဆိုရမယ်။

ဒီမိုကရေစီဟာ ပြည်တွင်းမှာသာ ဖွံ့ဖြိုးနိုင်ပြီး၊ ပြင်ပအင်အားစု တွေက ဘေးဖယ်နေရမယ်ဆိုတဲ့ အယူအဆကတော့ ပြဿနာရှိတယ်။ ကမ္ဘာပေါ်က ဘယ်နိုင်ငံရေးစနစ်မဆို ပြင်ပရဲ့သက်ရောက်မှုတွေအပေါ် ပိုပြီး တည်မှီလာတယ် ဆိုတဲ့အချက်ကို လျှော့တွက်ရာရောက်တယ်။ တတိယ ကမ္ဘာက နိုင်ငံအတော်များများ အတွက်က ပြည်ပအလျှုရှင်တွေဆီက လာတဲ့ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့က နိုင်ငံတော်ဘတ်ဂျက်မှာ အတော်ကြီးကြီးမားမား နေရာယူထားပြီး၊ သူတို့ရဲ့ စီးပွားရေးတွေဆိုရင် လည်း ကမ္ဘာ့ရေးကွက်နဲ့ ချိတ်ဆက်မှုအပေါ် နက်ရှိုင်းစွာ မှီခိုနေရတယ်။ စစ်အေးခေတ် ကုန်ဆုံးသွားတဲ့အချိန်မှာတော့ နိုင်ငံတစ်ခု ဒါမှမဟုတ် ဒေသ တစ်ခုရဲ့ နိုင်ငံရေးအပြောင်းအလဲဟာ အခြားနိုင်ငံတွေနဲ့ဒေသတွေရဲ့ နိုင်ငံရေး အခြေအနေအပေါ် များစွာလွှမ်းမိုးတယ်ဆိုတာကို တွေ့ရတယ်။ နောက်ပြီး တော့လည်း ဘယ်အရာကတော့ ပြည်တွင်း ဖြစ်မယ်၊ ဘယ်အရာကတော့ ပြည်ပ ဖြစ်မယ်ဆိုတာက ရှင်းရှင်းပြတ်ပြတ် ဖြစ်မနေဘူး။ တတိယကမ္ဘာ့ နိုင်ငံအများစုက လွတ်လပ်ရေးရလာတော့မှသာ သူတို့ရဲ့ ပြည်တွင်း သွင်ပြင်ကို ပိုင်ဆိုင်လာခဲ့တာ။ အရင် နယ်ချဲ့လက်အောက်မှာရှိနေတုန်းက တော့ ကိုလိုနီအင်ပိုင်ယာရဲ့ ပြည်တွင်းအဖြစ် ရှိနေခဲ့တယ်။ အချုပ်ဆိုရရင်

MYANMAR HARP

ပြည်တွင်းသွင်ပြင်ဆိုတာကို အခြားအရာအားလုံး ဆီကနေ အထီးကျန်နေခြင်းလို့ ချဲ့ကားမပြောမိဖို့ လိုတယ်။ ဒီမိုကရေစီ အရောင်းမြှင့်တင်ရေးကို ဆောင်ရွက်တဲ့ ပြည်ပရဲ့ အားထုတ်မှုဆိုတာကလည်း ပြည်တွင်း သွင်ပြင်တွေအပေါ် လွှမ်းမိုးထားတဲ့ နိုင်ငံတကာအခြေအနေရဲ့ တစိတ်တပိုင်းပဲဖြစ်တယ်။

ပြည်ပရဲ့ ဆောင်ရွက်ချက်တွေက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အကူအညီပေးနိုင်သလို၊ အဟန့်အတားလည်း ဖြစ်စေနိုင်တယ်။ အဲဒါကတော့ အဲဒီပြည်ပနိုင်ငံတွေဟာ ဒီမိုကရေစီမြှင့်တင်ရေးဆိုတာကို ကြားကောင်းရုံပြောနေပြီး၊ အမှန်တကယ်က သူတို့ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် ဆောင်ရွက်နေတာ ဟုတ်မဟုတ်ဆိုတဲ့အပေါ် မူတည်တယ်။ စစ် အေးခေတ်အတွင်းက စူပါပါဝါတွေဟာ တတိယကမ္ဘာနိုင်ငံတွေမှာ မဟာမိတ်တွေကို ရှာဖွေခဲ့ကြတယ်။ အဲဒီနိုင်ငံတွေ ဒီမို ကရေစီ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဂရုမစိုက်ကြဘူး။ ပါဝါနဲ့ အမျိုးသား အကျိုးစီးပွားက အဓိကဖြစ်နေတော့ကာ အမေရိကန်ပြည်ထောင်စုဆိုရင် လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းနဲ့ အခြားဒေသတွေက ဒီမိုကရေစီ မဟုတ်တဲ့အစိုးရတွေကို ထောက်ပံ့တယ်။ ဆိုဗီယက်ပြည်ထောင်စုကတော့ သူကိုယ်တိုင်က အာဏာရှင်နိုင်ငံဖြစ်နေတော့ကာ ဒီမိုကရေစီမဟုတ်တဲ့ နိုင်ငံတွေကို ထောက်ပံ့တာက အံ့သြစရာ မဟုတ်ဘူး။

အပေါ်မှာ ပြောခဲ့သလိုပဲ၊ စစ်အေးခေတ် ပြီးသွားတဲ့အခါကျတော့ စူပါ ပါဝါတွေကြားက ယှဉ်ပြိုင်မှု မရှိတော့သလို၊ အနောက်နိုင်ငံတွေမှာလည်း ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့ လူ့အခွင့်အရေးတွေကို အလေးပေးလာကြတယ်၊ ဒါပေမယ့် သူတို့ရဲ့ အမျိုးသားအကျိုးစီးပွားကိုတော့ မျက်ကွယ်ပြုပစ်လိုက်တာမဟုတ်ဘူး။ မေးစရာရှိတာက ဒီအခြေအနေအသစ်က ဒီမိုကရေစီကို တကယ်ရော မြှင့်တင်နိုင်မှာလား ဆိုတာပဲဖြစ်တယ်။ လေ့လာသူအတော်များများက မြှင့်တင်နိုင်မယ်လို့ ယူဆသလို၊ တချို့ကတော့ သံသယ

MYANMAR HARP

ရှိကြတယ်။ တချို့ကဆိုရင် အမေရိကန်ဟာ အရင်တုန်းက ပေါ်လစီကိုပဲ၊ တစ်မျိုးလှည့်ထားတာလို့ စွပ်စွဲကြတယ်။ ဆိုလိုတာက တခြားနိုင်ငံတွေဆီက သူ့ကို လိုလားတဲ့ ထိပ်ပိုင်းအီလစ်တွေကို ထောက်ပံ့နေခြင်းသာဖြစ်တယ်။ ဝီလီယံ ရော်ဘင်ဆင်ကဆိုရင် အမေရိကန်ဟာ အဆင့်နိမ့်တဲ့ ဒီမိုကရေစီကိုသာ မြှင့်တင်ပေးနေတာလို့ ဆိုတယ်။ ပြင်သစ်ဆိုရင်လည်း အာဖရိကက သူ့ရဲ့ အရင်ကိုလိုနီတွေ အပေါ်ထားတဲ့ ပေါ်လစီတွေအရ အဆင့်နိမ့်တဲ့ ဒီမိုကရေစီကို မြှင့်တင်ပေးနေတာလို့ စွပ်စွဲကြတာလည်းရှိတယ်။

စက်တင်ဘာ ၁၁ အကြမ်းဖက်မှု ဖြစ်ပြီးတဲ့နောက် ဒီမိုကရေစီအရောင်းမြှင့်တင်ရေးမှာ ရှုထောင့်အသစ် ပေါ်ထွက်လာတယ်။ တဘက်မှာ ကြည့်ရင် အမေရိကန်က သူ့ရဲ့ နိုင်ငံခြားအထောက်အပံ့ကိုသုံးပြီး၊ လွတ်လပ်မှုကို မြှင့်တင်ဖို့ ကြိုးစားလာသလို၊ လွတ်လပ်မှုအတွက် အကြမ်းမဖက်တိုက်ပွဲဝင်သူတွေကိုလည်း ထောက်ပံ့လာတယ်။ နောက်တဘက်မှာက ဒီအကြမ်းဖက်မှုကြောင့် အမေရိကန်က ဒီမိုကရေစီမဟုတ်တဲ့ အစိုးရတွေနဲ့ ပေါင်းသင်းလာမလားဆိုတာကို စိုးရိမ်ကြရတယ်။ ရေရှည်မှာတော့ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ထူထောင်ခြင်းဖြင့် အစွန်းရောက်ဝါဒနဲ့ အကြမ်းဖက်ဝါဒတွေကို တိုက်ဖျက်ရာမှာ အထောက်အကူဖြစ်စေလိမ့်မယ်။ ရေတိုနဲ့ အလယ်အလတ် ကာလမှာတော့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကြောင့် လူ့အဖွဲ့အစည်းအတွင်းမှာ ပဋိပက္ခနဲ့ တင်းမာမှုတွေ ပိုများလာနိုင်တယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှုက တည်ဆဲပါဝါ အဆောက်အအုံတွေကို ပြောင်းလဲပစ်တယ်။ မိမိတို့ရဲ့ အနေအထားကို ကာကွယ်ပြီး၊ အာဏာကို ဆက်ကိုင်ထားလိုတဲ့ ထိပ်ပိုင်းအီလစ်တွေရဲ့ နိုင်ငံရေးအဆင့်အတန်းနဲ့ အကျိုးအမြတ်တွေကို ခြိမ်းခြောက်တယ်။ ဒီအခါမှာ ဒီထိပ်ပိုင်းအီလစ်တွေက ဘာသာရေးနဲ့ လူမျိုးစုရေးတွေကို အသုံးချပြီး၊ မတည်ငြိမ်မှုတွေ၊ အကြမ်းဖက်မှုတွေဖြစ်လာအောင်ဖန်တီးတော့တယ်။ ဒီလိုနည်းနဲ့ အရင်ရှိနေတဲ့ အခြေအနေကနေ

MYANMAR HARP

ပြောင်းလဲမသွားနိုင်အောင် ဆောင်ရွက်ကြတယ်။ နောက်ပြီးတော့လည်း အနောက်နိုင်ငံတွေရဲ့ ဒီမိုကရေစီ အရောင်းမြှင့်တင် ခြင်းကို မလိုလားမှုနဲ့အတူ ပဋိပက္ခတွေ၊ တင်းမာမှုတွေ ပေါ်ထွက်လာနိုင်တယ်။

အခုတွေ့ခဲ့ရတဲ့ ဆွေးနွေးချက်တွေကတော့ သံသယလွန်ကဲတဲ့ ဆွေးနွေးချက်တွေလို့ ဆိုရမယ်။ ပထမအချက်က အနောက်တိုင်းနိုင်ငံတွေဟာ ထိပ်ပိုင်းအီလစ်တွေ လွှမ်းမိုးနေတဲ့ အသွင်ကူးပြောင်းမှုကိုသာ တဘက်သတ် အားပေးကူညီတယ်ဆိုတဲ့ အချက်က ချဲ့ကားပြောတာလည်း ဖြစ်နိုင်တယ်။ အီလစ် လွှမ်းမိုးမှုနဲ့ လူထုလွှမ်းမိုးမှုတို့ကြားက မျည်းကလည်း သင်ထားသလို ရှင်းလင်းနေတာမဟုတ်ဘူး။ တချို့အစိုးရတွေဆိုရင် ထိပ်ပိုင်း အီလစ်တွေဆီကရော၊ ပြည်သူအများစုဆီကပါ အားပေးထောက်ခံမှုကိုရတယ်။ ဒါမျိုးကို ဘရာဇီးလ်၊ ချီလီနဲ့ တောင်အာဖရိကတို့မှာ တွေ့ခဲ့ရတယ်။ ဒါ့အပြင် ဒီမိုကရေစီကို စတင်လိုက်ခြင်းကြောင့် အစိုးရအပေါ် ပြည်သူ့ဆီက ဖိအားတွေ ရောက်လာအောင် လမ်းဖွင့်ပေးလိုက်သလို ဖြစ်သွားပြီး နိုင်ငံရေးဖြစ်စဉ်မှာ မရေရာမှုတွေ ပေါ်ပေါက် လာစေတယ်။ ဒီပြည်သူ့ဖိအားကြောင့်လည်း အဆင့်နိမ့်တဲ့ ဒီမိုကရေစီထက်သာလွန်တဲ့ အရည်အသွေးတွေကို ရလာစေနိုင်တယ်။ အသွင်ကူးပြောင်းရေးကို ထိပ်ပိုင်းအီလစ်တွေက လွှမ်းမိုးထားရင်တောင် ထိရောက်တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်လာနိုင်ပြီး လူထုရဲ့ လိုလားချက်တွေကို တုံ့ပြန်ဆောင်ရွက်လာစေနိုင်တယ်။

ဒုတိယအချက်က တချို့နိုင်ငံတွေမှာ ဒီမိုကရေစီ အရောင်းမြှင့်တင်ရေး ပေါ်လစီကို ရှင်းရှင်းလင်းလင်းလုပ်ဖို့ လိုအပ်တယ်။ အီဂျစ်နဲ့ အရှေ့အလယ်ပိုင်းမှာဆိုရင် အမေရိကန်ရဲ့ နိုင်ငံခြားရေးမူဝါဒဟာ မျိုးစုံဖြစ်နေပြီ။ တခါတရံမှာ ဝိရောဓိတောင် ဖြစ်နေတယ်။ အတိတ်ကာလအတွင်းက ဆိုရင် USAID ကနေတဆင့် ဒီမိုကရေစီကို ဆော်ဩသူတွေဟာ သံတမန်လမ်းကြောင်းနဲ့ အထောက်အပံ့ လမ်းကြောင်းကနေ ဒီမိုကရေစီရေးကိုလုပ်ဖို့

စိတ်မဝင်စားတဲ့ နိုင်ငံခြားရေးဌာနနဲ့ အိမ်ဖြူတော်တို့ရဲ့ ချုပ်ကိုင်မှုကို ခံခဲ့ရတယ်။

ဒီအချက်တွေကို ထည့်သွင်းစဉ်းစားခြင်းဖြင့် တွေ့လာရတာကတော့ (၁) အနောက်နိုင်ငံတွေက သူတို့နဲ့ ပူးပေါင်းဆောင်ရွက်လိုတဲ့ အစိုးရတွေကို အားပေးကူညီတယ်။ (၂) စီးပွားရေးပေါ်လစီမှာ လစ်ဘရယ်ကျတဲ့ အစိုးရတွေကို အားပေးကူညီတယ်။ (၃) ပုဂ္ဂလိကပစ္စည်းပိုင်ဆိုင်မှုကို လေးစားပြီး ထိရောက်တဲ့ ကူးသန်းရောင်းဝယ်ရေး ဥပဒေရှိတဲ့ အစိုးရတွေကို အားပေးကူညီတယ်။ ဒီမူဘောင်အရ ထိပ်ပိုင်းအီလစ်တွေကို အားပေးကူညီတယ်ဆိုရင်တောင် ပြည်ပကနေ အကောင်အထည်ရှိတဲ့ ဒီမိုကရေစီ အရောင်းမြှင့်တင်ရေးကို လုပ်လာနိုင်ဖို့က ဖြစ်နိုင်ခြေရှိတယ်။

**ဒီမိုကရေစီကို အစပြုခြင်း**

ရှေ့အခန်းမှာတုန်းက ရွေးကောက်ပွဲတွေကို ဒီမိုကရေစီအသွင်ကူးပြောင်းရေးရဲ့ အဓိကအခြင်းအရာ တစ်ခုအဖြစ် အာရုံစိုက်လေ့ရှိတာကို တွေ့ခဲ့ရတယ်။ အာဏာရှင်တွေကို တက်ကြွစွာ ဆန့်ကျင်မှုက ပြင်းထန်လာတာနဲ့အမျှ အလှူရှင်တွေကလည်း လွတ်လပ်ပြီး၊ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ကျင်းပလာအောင် ကူညီခြင်းဖြင့် ဒီဖြစ်စဉ်ကို အားပေးထောက်ခံကြတယ်။ ဒီရွေးကောက်ပွဲတွေကို အခြေခံအုတ်မြစ်ချပေးမယ့် ရွေးကောက်ပွဲတွေလို့ မျှော်လင့်ထားကြသလို၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို ပြသနေတဲ့ ရွေးကောက်ပွဲတွေဖြစ်ဖို့လည်း မျှော်လင့်ထားကြတယ်။ ရွေးကောက်ပွဲတွေမှာက နည်းပညာဆိုင်ရာနဲ့ အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်တွေ ပါဝင်နေတော့က၊ ပြည်ပရဲ့ အကူအညီကို ရယူဖို့ လိုအပ်လေ့ရှိတယ်။

ဒီအခြေအနေအရ ရွေးကောက်ပွဲအတွက် အကူအညီပေးတဲ့အခါမှာ ပုံမှန်အားဖြင့် ကဏ္ဍငါးရပ်ကို အာရုံစိုက်တယ်။ (၁) ရွေးကောက်ပွဲစနစ် (၂)

MYANMAR HARP

စီမံခန့်ခွဲရေး (၃) မဲဆန္ဒရှင်များအား ပညာပေးရေးလုပ်ငန်း (၄) ရွေးကောက်ပွဲ စောင့်ကြည့်ရေးနဲ့ (၅) ရွေးကောက်ပွဲ ဖျန်ဖြေရေးတို့ဖြစ်တယ်။ ပြည်ပရဲ့ အကူအညီက ဒီကိစ္စအတွက် အထူးသင့်လျော်ပြီး၊ ထိရောက်ဖို့လည်းများ တယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေအတွင်းကဆိုရင် အလှူရှင်တွေရဲ့ အကူအညီ ကြောင့် ရွေးကောက်ပွဲအတော်များများ အခြေအနေတိုးတက်လာတာကို တွေ့နိုင်တယ်။ ဒါပေမယ့်လည်း ဒီရွေးကောက်ပွဲတွေဟာ အခြေခံအုတ်မြစ် ချပေးမယ့် ရွေးကောက်ပွဲ အရည်အသွေးကို မမှီတာကို တွေ့ရတယ်။ ဒီ အတွက် အလှူရှင်တွေကို အပြစ်တင်သင့်သလား။

အထောက်အပံ့ပေးတဲ့ အစောပိုင်းကာလတွေဆိုရင် ပစ္စည်းကိရိယာ အကူအညီကိုသာပေးတာမျိုး၊ ဒါမှမဟုတ် အလှူရှင်တွေကသာ အရာရာကို စီမံခန့်ခွဲချင်တာမျိုးတွေကို တွေ့ရတယ်။ နောက်ပိုင်းမှာတော့ နိုင်ငံရေး ခေါင်းဆောင်တွေက ရွေးကောက်ပွဲ စီမံခန့်ခွဲရေးကို လျစ်လျူရှုတာမျိုး၊ ကောင်းမွန်တဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အရည်အသွေး နိမ့်ပါးအောင် လုပ်တာမျိုးတွေကြောင့် လေးနက်တဲ့ ပြဿနာတွေ ဖြစ်လာတယ်။

ဒါပေမယ့် ဒီမိုကရေစီနိုင်ငံအသစ်တွေမှာ ရွေးကောက်ပွဲတွေ အဆင့် နိမ့်ရတာဟာ ကိုယ်ကျိုးရှာတဲ့ နိုင်ငံရေးသမားတွေ သက်သက် ကြောင့်တော့ မဟုတ်ဘူး။ အလှူရှင်တွေက သူတို့နိုင်ငံက စနစ်အတိုင်း ရွေးကောက်ပွဲတွေကို ပုံစံထုတ်တယ်။ ဒါမျိုးက ဒီမိုကရေစီနိုင်ငံအသစ် အတွက်တော့ ဘဏ္ဍာရေးအရနဲ့ နိုင်ငံရေးအရ အဆင်မပြေနိုင်တာမျိုး ဖြစ်နေနိုင်တယ်။ ဆင်းရဲတဲ့နိုင်ငံတွေက ဒီမိုကရေစီကို လိုအပ်တယ်။ ဒါ ပေမယ့် ဒီမိုကရက်တစ် အင်စတီကျူးရှင်းတွေကို ထူထောင်နိုင်စွမ်း၊ လုပ်ငန်း စဉ်တွေကို ဆောင်ရွက်နိုင်စွမ်းကျတော့ အကန့် အသတ်နဲ့သာရှိတယ်။ ဒါဟာ ဒီမိုကရေစီ ဖွံ့ဖြိုးပြီးနိုင်ငံတွေနဲ့ များစွာကွာခြားတယ်။ အလှူရှင်တွေ အနေနဲ့က ကုန်ကျစရိတ်ကို အလေးထားပြီး ထည့်သွင်းစဉ်းစားဖို့ လိုတယ်။

MYANMAR HARP

ဒါပေမယ့် အသွင်ကူးပြောင်းရေး အစီအစဥ်တွေကို ကြည့်ရင် အကုန်အကျ ခံနိုင်မှုနဲ့ ရေရှည်ထိန်းသိမ်းထားနိုင်စွမ်းတွေကို လျစ်လျူရှုထားကြတာကို တွေ့ရတယ်။ အလျှူရှင်တွေက ရေတိုအားထုတ်မှုကို အာရုံစိုက်ကြပြီး၊ နိုင်ငံတွေမှာ ဒီမိုကရေစီ ရုတ်ခြည်းစတင်လာဖို့ကို အလေးထားကြတယ်။ ပြည်ပရဲ့ အကူအညီကြောင့် အစောပိုင်း အခက်အခဲတွေကို ကျော်လွှားနိုင်ပြီး၊ အသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ် ရောက်သွားစေနိုင်ဖို့ကို အလှူရှင်တွေက အလေးထားပြီး၊ သူတို့ရဲ့ ပရောဂျက်တွေ ရေရှည်တည်ရှိနိုင်စွမ်းကို မစိုးရိမ်ကြဘူး။ အခုအချိန်မှာတော့ ဒီမိုကရေစီ ရုတ်ခြည်းစတင်လာမှုကို နိုင်ငံအများစု ကြုံတွေ့ရမယ်လို့ တထစ်ချ မယူဆကြတော့ဘူး။ သူတို့ကိုယ်တိုင်က အောင်မြင်တဲ့ ရွေးကောက်ပွဲဖြစ်ရင်တောင် ဒါဟာ ပထမအဆင့်၊ နောက်ပြန်လှည့်နိုင်တဲ့ အဆင့်အဖြစ် လက်ခံလာကြပြီး၊ ခိုင်မာတဲ့ ဒီမိုကရေစီ ဖြစ်ဖို့အတွက် ရှည်ကြာပြီး၊ ခက်ခဲတဲ့ခရီးလမ်းကို ဖြတ်သန်းရမယ်ဆိုတာကိုလည်း လက်ခံလာကြတယ်။

အစပိုင်းမှာတော့ ရွေးကောက်ပွဲ ကုန်ကျစရိတ်ဟာ အသွင်ကူးပြောင်းရေးအတွက် အဟန့်အတား မဟုတ်ဘူးလို့ ထင်ရတယ်။ ဒါပေမယ့် ဆင်းရဲတဲ့ နိုင်ငံတွေအတွက်က ဒါဟာ အလွန်ကြီးမားတဲ့ ဘတ်ဂျက် ဖြစ်နေတတ်တယ်။ တောင်အာဖရိကရဲ့ ၁၉၉၄ ခုနှစ် ရွေးကောက်ပွဲမှာ အမေရိကန်ဒေါ်လာ သန်းနှစ်ရာ ကုန်ကျခဲ့ပြီး၊ ၁၉၉၉ ခုနှစ် ရွေးကောက်ပွဲဆိုရင် ကုန်ကျစရိတ် ပိုများတယ်။ မိုဇမ်ဘစ်ရဲ့ ၁၉၉၄ ခုနှစ် ရွေးကောက်ပွဲဆိုရင် ဒေါ်လာ ၆၄၅ သန်း ကုန်ကျခဲ့ပြီး၊ ဒါဟာ နိုင်ငံ ဂျီဒီပီရဲ့ ၄၅ ( ၄ ဒသမ ၅ ) ရာခိုင်နှုန်းရှိတယ်။ ဒီရွေးကောက်ပွဲအတွက် အလှူရှင်တွေက ၅၉ သန်း ထောက်ပံ့တယ်။ ဒီအခြေအနေမှာ တွေ့ရတာက ရွေးကောက်ပွဲတွေဟာ နောက်ပိုင်းမှာ တိုင်းပြည်ရဲ့ ဘဏ္ဍာကို ထိခိုက်စေနိုင်တယ်ဆိုတဲ့ အချက်ဖြစ်တယ်။ ပထမအကြိမ် ရွေးကောက်ပွဲက အလှူရှင်တွေရဲ့ ရက်ရော

တဲ့ လူ့ဒါနိုးမှုနဲ့အတူ ကျော်ကြားတဲ့ ရွေးကောက်ပွဲအဖြစ်တွေ့ရမယ်။ ဒုတိယ အကြိမ်ကျတော့ အလှူငွေတွေ လျော့ကျသွားတာကြောင့် ပထမအကြိမ်လောက် ထင်ပေါ်မှုမရှိတော့သလို၊ ရွေးကောက်ပွဲရဲ့ အရည်အသွေးကိုလည်း ထိခိုက်စေမှာဖြစ်တယ်။ ဆိုလိုတာက ကုန်ကျစရိတ်များတဲ့ ရွေးကောက်ပွဲတွေကို ရေရှည်ကျင်းပနိုင်မှာ မဟုတ်ဘူး။ အရည်အသွေးနိမ့်တဲ့ ရွေးကောက်ပွဲတွေကြောင့် ပြည်သူတွေရဲ့ နိုင်ငံရေးစနစ်ကို ယုံကြည်မှု ကျဆင်းသွားနိုင်ပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ပြဿနာတွေ ဖြစ်လာနိုင်တယ်။

အလှူရှင်တွေအနေနဲ့ နည်းပညာအရ သိပ်အဆင့်မမြင့်ဘဲ၊ ကုန်ကျစရိတ်လည်းနည်းတဲ့ ရွေးကောက်ပွဲတွေကို ပြုလုပ်နိုင်တယ်။ ပြီးတော့ မလိုအပ်တဲ့ ရွေးကောက်ပွဲစောင့်ကြည့်သူ အရေအတွက်ကို လျော့ချနိုင်တယ်။ ဒီလိုအမှားတွေကို ပြင်နိုင်ပေမယ့်၊ ရွေးကောက်ပွဲရဲ့ အရည်အသွေးကတော့ သက်ဆိုင်ရာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲလိုတဲ့ ဆန္ဒရှိမှုအပေါ် အဆုံးသတ်မူတည်နေတာဖြစ်တယ်။ အုပ်ချုပ်သူတွေက ရွေးကောက်ပွဲ ရှိရှိ၊ မရှိရှိ အာဏာကို ဆက်လက်ရယူထားလိုတဲ့ အခြေအနေမျိုးကို ရွေးကောက်ပွဲအသစ်တွေက ရင်ဆိုင်ရနိုင်တယ်။ ဒီတော့ကာ ဒီမိုကရေစီ အစပျိုးခြင်းနဲ့ ရွေးကောက်ပွဲတွေဟာဆိုရင် သက်ဆိုင်ရာနိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှုနဲ့ တည်ဆဲအင်စတီကျူးရှင်းတွေရဲ့ အရည်အသွေးအပေါ် များစွာမူတည်နေတယ်။

အမှန်တကယ်တော့ အလျင်စလို ကျင်းပတဲ့ ရွေးကောက်ပွဲတွေဟာ တည်ငြိမ်တဲ့ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို မဖြစ်စေနိုင်ပါဘူး။ အချို့ကဆိုရင် သင့်လျော်တဲ့ လူမှုအပြောင်းအလဲ မဖြစ်သေးသရွေ့ ရွေးကောက်ပွဲတွေကို မကျင်းပသင့်ဘူးလို့တောင် ဆိုကြတယ်။ ရောဘတ်ကက်ပလန်ကလည်း ဖွံ့ဖြိုးတိုးတက်မှုက ပထမ၊ ဒီမိုကရေစီကနောက် လို့ဆိုခဲ့တယ်။ ဒါပေမယ့်လည်း နိုင်ငံတော်ဖြစ်မှုကို အရင်ဆောင်ရွက်နိုင်ရင် ဒီမိုကရေစီ

MYANMAR HARP

အသွင်ကူးပြောင်းမှုအတွက် ပိုကောင်းတဲ့ တင်ကူးအခြေအနေတွေ ဖန်တီးပေးနိုင်မယ်လို့ အာမ,မခံနိုင်ပါဘူး။ ထိုင်ဝမ်နဲ့ တောင်ကိုရီးယားတို့ကတော့ အာဏာပိုင်အုပ်ချုပ်ရေးရဲ့ ဥပမာတွေဖြစ်ပါတယ်။ ဒီနိုင်ငံတွေမှာ လူမှုအပြောင်းအလဲတွေဖြစ်လာပြီး၊ ထိရောက်တဲ့ နိုင်ငံတော်တွေ ရှိလာပြီးတဲ့နောက် ဒီမိုကရေစီ အသွင်ကူးပြောင်းလာကြတာ မှန်ပါတယ်။ ဒါပေမယ့်၊ ဒါဟာ ခြွင်းချက်သာဖြစ်ပြီး၊ အားလုံးအတွက် မှန်မယ်လို့ မပြောနိုင်ပါဘူး။ ကိစ္စအတော်များများမှာတော့ အာဏာပိုင်ဝါဒက နိုင်ငံတော်တွေကို အားကောင်းပြီး ဖွံ့ဖြိုးလာအောင် မလုပ်ပါဘူး။ တကယ်တော့ ရွေးကောက်ပွဲကို အချိန်ကြာမြင့်စွာ ရွှေ့ဆိုင်းဖို့ မဟုတ်ဘဲ၊ ရွေးကောက်ပွဲတွေကို အကောင်းဆုံး ပြင်ဆင်ခြင်းအားဖြင့် ရေရှည်ရပ်တည်နိုင်မယ့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဖြစ်လာအောင် ဆောင်ရွက်ဖို့ပဲဖြစ်တယ်။

## အကြီးမားဆုံး စိန်ခေါ်မှုဖြစ်သော နိုင်မာစေခြင်းအဆင့်

ရွေးကောက်ပွဲအတွက် ပြည်ပကနေ ထောက်ပံ့ရာမှာ ခက်ခဲတဲ့ ပြဿနာ တွေကို ကြုံတွေ့ရပေမယ့်၊ ပြည်ပအလှူရှင်တွေအတွက် အကြီးဆုံး စိန်ခေါ်မှုကတော့ ဒီမိုကရေစီကို ပိုခိုင်မာအောင် ပြုလုပ်ခြင်းပဲဖြစ်တယ်။ ၁၉၉၀ ပြည့်နှစ်တွေအတွင်းမှာ ဒီမိုကရေစီအတွက် အထောက်အပံ့ပေးရာမှာ ရွေးကောက်ပွဲတွေကို အာရုံစိုက်ကြောင်းကို အပေါ်မှာ တွေ့ခဲ့ပြီးပြီ။ ၁၉၈၀ ပြည့်နှစ်တွေအတွင်းကတော့ နိုင်ငံတကာက လစ်ဘရယ်ဒီမိုကရေစီရဲ့ လစ်ဘရယ်သွင်ပြင်တွေကို အဓိကအာရုံစိုက်ခဲ့တယ်။ ဈေးကွက်ရဲ့မူတွေနဲ့ နိုင်ငံတကာဆီဖွင့်ထားတဲ့ စီးပွားရေးကို အခြေခံပြီး၊ နိုင်ငံတော်ရဲ့ အခန်းကဏ္ဍကို ကန့်သတ်ဖို့ လိုလားခဲ့ကြတယ်။ ဒါကတော့ ပထမမျိုးဆက်ဖွဲ့စည်းပုံအပြောင်းအလဲ အစီအစဉ်တွေ (structural adjustment programs) ရဲ့နောက်ကွယ်က လစ်ဘရယ်ဒီမိုကရေစီရဲ့သွင်ပြင်ပဲ။ နိုင်ငံတော်ကို သူ့ရဲ့

စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုတွေကို ဖြစ်စေတဲ့ အပြုသဘောဆောင် ဇာတ်ကောင်လို့ မမြင်ကြဘဲ၊ ပြဿနာတစ်ခု၊ အချုပ်အနှောင်တစ်ခုလို့သာ မြင်ကြ တယ်။ ဖွဲ့စည်းပုံအပြောင်းအလဲ အစီအစဉ်က လူ့အဖွဲ့အစည်းအတွင်း နိုင်ငံတော်ရဲ့ အခန်းကဏ္ဍကို သေးအောင်လုပ်ဖို့ ရည်ရွယ်သလို၊ ဈေးကွက်ကို ပြေလျော့ဖို့နဲ့ နိုင်ငံတော်ပိုင်လုပ်ငန်းတွေကို ပုဂ္ဂလိကပိုင်ပြုဖို့လည်း ရည်ရွယ်တယ်။

ဖွဲ့စည်းပုံအပြောင်းအလဲမှာ အပြုသဘောဆောင်တဲ့ အကျိုးတွေ ရှိတယ်။ အထူးသဖြင့် လယ်ယာထွက်ကုန်တွေအတွက် အခြေအနေ ပိုတိုးတက်အောင် လုပ်ပေးနိုင်တယ်။ ဈေးကွက်နဲ့ နိုင်ငံတော်ကြားက မျှခြေဆိုရင် နိုင်ငံအချို့မှာ နိုင်ငံတော်ဘက်ကို မျက်နှာသာပေးပြီး အလွန်ယိမ်းသွားတာမျိုးရှိတယ်၊ ဒီလို ကိစ္စမျိုးတွေမှာ ဖွဲ့စည်းပုံအပြောင်းအလဲက အကျိုးဖြစ်အောင် လုပ်ပေးနိုင်တယ်။ ဒါပေမယ့် အများအားဖြင့် ဖြစ်နိုင်ခြေရှိတဲ့ ကောင်းကျိုးတွေကို ရေတိုနဲ့ ကာလလတ်မှာ တွေ့ရတဲ့ ဆိုးကျိုးတွေက ဖျက်ဆီးပစ်တယ်။ ကုန်ဈေးနှုန်းတွေ လျင်မြန်စွာ မြင့်တက်လာခြင်း၊ အလုပ်လက်မဲ့နှုန်း မြင့်လာခြင်း၊ အစိုးရရဲ့ ပြည်သူ့ဝန်ဆောင်မှုတွေကို ဖြတ်တောက်ခြင်း စတာတွေကို ရင်ဆိုင်ရတယ်။ လက်တင်အမေရိကနဲ့ ပတ်သက်ရင် ပညာရှင်တစ်ဦးက ဈေးကွက် အာဏာပိုင်ဝါဒ ဖြစ်နေတာလို့တောင် ဆိုခဲ့တယ်။ ဆိုလိုတာက နိုင်ငံရေးနဲ့ စီးပွားရေးစနစ်မှာ လစ်ဘရယ်ဒီမိုကရေစီရဲ့ အင်စတီကျူးရှင်းအချို့နဲ့ လုပ်ထုံးလုပ်နည်း အချို့ကို တွေ့ရပေမယ့်၊ ဆင်းရဲတဲ့ လူများစုအတွက်တော့ လောက်လောက်လားလား မဆောင်ရွက်ပေးနိုင်ဘူး။ ဒီလူတွေရဲ့ နေ့စဉ်ရှင်သန်နိုင်ဖို့ ရုန်းကန်မှုတွေဟာဆိုရင် နိုင်ငံရေးအာဂျင်ဒါမှာ အရေးပေး မခံရဘူး။

ဒီလိုမျိုး ဒီမိုကရေစီအသွင်ကူးပြောင်းမှုရဲ့ ရွေးကောက်ပွဲကဏ္ဍနဲ့ ဈေး ကွက်ကဏ္ဍ နှစ်ခုစလုံးမှာ ပြဿနာတွေ တွေ့ရတာကြောင့် နိုင်ငံရေးနဲ့

MYANMAR HARP

စီးပွားရေးကိစ္စတွေနဲ့ ပတ်သက်ပြီး ပိုကျယ်ပြန့်တဲ့ အမြင်တွေကို ဖော်ထုတ်လာကြတယ်။ နိုင်ငံတော်ကို နေရာပေးဖို့ ကြိုးစားလာကြပြီး ဒီနိုင်ငံတော်ဟာ တုံ့ပြန်ဆောင်ရွက်မှု၊ တရားနည်းလမ်းကျမှု၊ တရားဥပဒေစိုးမိုးမှုအောက်မှာ ရှိမှုနဲ့အတူ ဒီမိုကရက်တစ်ဖြစ်နေတဲ့ နိုင်ငံတော်ဖြစ်တယ်။ ဒါ့အပြင် နောက်ထပ် ရည်ရွယ်ချက်ကတော့ စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတွေကို ဆောင်ရွက်နိုင်တဲ့ နိုင်ငံတော် ဖြစ်စေဖို့ ဖြစ်တယ်။ ဖွံ့ဖြိုးတိုးတက်ရေး ရှုထောင့်အရ အားကောင်းတဲ့ နိုင်ငံတော်မှာ အင်စတီကျူးရှင်းဆိုင်ရာ၊ နည်းပညာဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာနဲ့ နိုင်ငံရေးဆိုင်ရာ စွမ်းဆောင်ရည်တွေ ရှိနေရမယ်။ နိုင်ငံရေးဆိုင်ရာ ဆိုတဲ့အထဲမှာ တရားနည်းလမ်းကျတဲ့ အာဏာပိုင်ဖြစ်ဖို့၊ တုံ့ပြန်ဆောင်ရွက်ပေးနိုင်သူဖြစ်ဖို့နဲ့ ကိုယ်စားပြုအစိုးရဖြစ်ဖို့ ဆိုတဲ့အချက်တွေလည်း ပါဝင်တယ်။ ဒီအမြင်အရ ဒီမိုကရေစီနိုင်မာစေဖို့ ဆောင်ရွက်တဲ့ ပြည်ပရဲ့ အထောက်အပံ့နဲ့ ပတ်သက်ပြီး အောက်ပါအတိုင်း တွေ့လာရတယ်။

MYANMAR HARP

## ဒီမိုကရေစီခိုင်မာစေရေးအတွက် အဓိကတာဝန်များပြဇယား

| ကဏ္ဍ | ကဏ္ဍအလိုက် ရည်မှန်းချက် | အထောက်အပံ့ အမျိုးအစား |
|---|---|---|
| နိုင်ငံတော်အင်စတီကျူးရှင်းများ | ဒီမိုကရေစီနည်းကျ အခြေခံ ဥပဒေ | အခြေခံဥပဒေဆိုင်ရာ အကူအညီ<br><br>တရားဥပဒေ စိုးမိုးရေးအတွက် အထောက်အပံ့ |
| | သီးခြားလွတ်လပ်ပြီး ထိရောက်သော တရားစီရင်ရေးနှင့် ဥပဒေဆိုင်ရာ အင်စတီကျူးရှင်းများ<br><br>အရည်အချင်းရှိသော ဥပဒေပြုမဏ္ဍိုင် | ဥပဒေပြုမဏ္ဍိုင်ကို အားကောင်းအောင် ဆောင်ရွက်ခြင်း |
| | တုံ့ပြန် ဆောင်ရွက်ပေးသော ဒေသန္တရ အုပ်ချုပ်ရေး | ဒေသန္တရအုပ်ချုပ်ရေးကို ဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း |
| | ဒီမိုကရေစီကို လိုလားသော စစ်တပ် | အရပ်ဘက်- စစ်ဘက် ဆက်ဆံရေး |
| နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း ဆက်စပ်မှု | အားကောင်းသော နိုင်ငံလုံးဆိုင်ရာ နိုင်ငံရေး ပါတီများ | နိုင်ငံရေးပါတီတည်ဆောက်ခြင်း |
| အရပ်ဘက်လူ့အဖွဲ့အစည်း | တက်ကြွသောအန်ဂျီအိုများ | အန်ဂျီအို တည်ဆောက်ခြင်း |
| | နိုင်ငံရေးအသိရှိသော နိုင်ငံသားများ | နိုင်ငံသားပညာရေး (ဝါ) ပြည်သူ့နီတိ |
| | အားကောင်းပြီး သီးခြားလွတ်လပ်သော မီဒီယာ | မီဒီယာကို အားကောင်းအောင် ဆောင်ရွက်ခြင်း |
| | အားကောင်းပြီး သီးခြားလွတ်လပ်သော သမဂ္ဂများ | သမဂ္ဂများ တည်ဆောက်ခြင်း |

အပေါ်က ဇယားကွက်ကို ကြည့်ရင် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု အစပျိုးတာနဲ့ ခိုင်မာအောင်လုပ်ခြင်းတို့ဟာ ရောထပ်နေတာကို တွေ့ရတယ်။

MYANMAR HARP

အမှန်တကယ်လည်း ဒီမိုကရေစီ ခိုင်မာစေရေးမှာတွေ့ရတဲ့ စိန်ခေါ်မှုတွေ ဟာဆိုရင် များပြားလှပြီး၊ ရှုပ်ထွေးလှပါတယ်။ ဒီမိုကရေစီ ခိုင်မာစေရေး အတွက် ဆိုရင် အပေါ်ကဇယားကွက်ထဲက အချက်တစ်ခုချင်းစီကို ဆောင် ရွက် နိုင်ဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် လူမှုရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ကိုလည်း ထပ်ဖြည့်ဖို့ လိုပါတယ်။ ဒါဟာဆိုရင် ရေရှည်လုပ်ဆောင်ရမယ့် လုပ်ငန်းတွေဖြစ်ပြီး၊ ပြဿနာတွေ၊ ရှေ့ဆက်မတိုးနိုင်တာမျိုးတွေကို ရင်ဆိုင်ရပါမယ်။

ပြည်ပကဒီမိုကရေစီ အရောင်းမြှင့်တင်သူတွေရဲ့ လုပ်ရပ်ကို ကြည့် မယ်ဆိုရင် ဒီမိုကရေစီရဲ့ ရှေ့ခရီးအပေါ် သူတို့ရဲ့ထိန်းချုပ်မှုနဲ့ ပြည်တွင်းက တာဝန်ရှိသူတွေကို ဆောင်ရွက်ခွင့်ပေးမှုတွေကြားမှာ မရေရာတဲ့ ချိန်ညှိမှုတွေ ရှိနေတာကို တွေ့ရတယ်။ နောက်ထပ်အရေးပါတာကတော့ ပြည်တွင်းမှာ ရှိနေတဲ့ တင်ကူးအခြေအနေတွေ ဖြစ်တယ်။

ကိစ္စအတော်များများမှာတော့ ပြည်ပကလူတွေဟာ သူတို့ ဝင် ရောက် ဆောင်ရွက်တဲ့ နိုင်ငံတွေမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဖြစ်စဉ်ကို ကြိုးကိုင်ကြတယ်။ အထူးသဖြင့် ပြည်တွင်း ပဋိပက္ခတွေ အလွန် ကြီးမားတဲ့ စစ်ဘေးသင့်နိုင်ငံတွေမှာ ဒါမျိုးလုပ်ကြတယ်။ ပြဿနာက ဒီလူတွေဟာ ပြည်တွင်းနိုင်ငံ ရေးဖြစ်စဉ်တွေကို ထည့်မစဉ်းစားဘဲ သူတို့ ကောင်းမယ်ထင်တာကို ဆောင်ရွက်ကြခြင်းဖြစ်တယ်။ ဒီတော့ကာ ဒီမို ကရေစီနဲ့ဆိုင်တဲ့ နည်းပညာဆိုင်ရာ အချက်တွေကို ဖွဲ့စည်းပြီးရင်တောင် အဓိကဆုံးဖြတ်ချက်တွေကို ပြည်ပကလူတွေကသာ ဆုံးဖြတ်ကြတာကြောင့် နိုင်ငံရေးအရ အနှစ်သာရရှိမှု ပျောက်ကွယ်နေတယ်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဖြစ်စဉ်ကို ပြည်ပကလူတွေက ကြီးကြီးမားမား ထိန်းချုပ်ခဲ့တဲ့ ဘော့စနီးယား၊ ကိုဆိုဗို၊ အရှေ့တီမော၊ အာဖဂန်နစ္စတန်နဲ့ အီရတ်တို့မှာ ဒီလိုပြဿနာတွေ ရင်ဆိုင်ခဲ့ရပြီး၊ အပြင်လူ

MYANMAR HARP

တွေအတွက် အကျပ်ရိုက်စေမှုတွေကို တွေ့ကြုံရတယ်။ တကယ်လို့ အပြင်
လူတွေက အနည်းငယ်သာ ဆောင်ရွက်ပေးရင် ဒီမိုကရေစီ အသွင်ကူး
ပြောင်းမှုက ရှေ့ဆက်ချင်မှ ဆက်မယ်။ သူတို့ရဲ့ အကိုင်အတွယ် သိပ်များ
သွားရင်လည်း ကြီးမားတဲ့ ပြဿနာတွေ ပေါ်လာနိုင်တယ်။ စစ်ရေးအရ
ဝင်ရောက်စွက်ဖက်မှုကို ခံရနိုင်တဲ့ လူ့အဖွဲ့ အစည်းတွေမှာဆိုရင် အကြီးမားဆုံး
စိန်ခေါ်မှုတွေကို တွေ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်ပကနေ အဓိက
နယ်ပယ်တွေကို လွှမ်းမိုးထားလေ့ရှိပြီး၊ ပြင်းထန်တဲ့ ပဋိပက္ခတွေ ရှိနေတဲ့
အချိန်မှာသာ ဒါတွေကို ပြည်တွင်းကို လွှဲပြောင်းပေးလိုက်ရင် ရှုပ်ထွေးမှုတွေ
ဖြစ်လာနိုင်တယ်။

ဒီမိုကရေစီ အရောင်းမြှင့်တင်ဖို့အတွက် အကောင်းဆုံးအခြေ
အနေကတော့ အတွင်းကလူတွေက ဒီမိုကရေစီ ခိုင်မာလာအောင်လုပ်
ဆောင်ဖို့ အပြင်လူတွေကနေ သူတို့ကို မက်လုံးပေးခြင်းဖြစ်တယ်။ ဥပမာ
အားဖြင့် ဒီလိုသွင်ပြင်မျိုးကို ဥရောပသမဂ္ဂမှာ အဖွဲ့ဝင်ဖြစ်ချင်ကြတဲ့ အရှေ့
ဥရောပနိုင်ငံတွေမှာ တွေ့ရတယ်။ သူတို့က အီးယူမှာ အဖွဲ့ဝင်ဖြစ်ချင်
တာကြောင့် အီးယူက သတ်မှတ်ပေးတဲ့ ဒီမိုကရေစီ ခိုင်မာစေရေး အချက်
တွေကို ဆောင်ရွက်ပေးဖို့ စိတ်အားထက်သန်ကြတယ်။ အဖွဲ့ဝင် ဖြစ်သွားပြီးတဲ့
အခါမှာတော့ ဒီမက်လုံးက အားပျော့သွားတယ်။ ဒါကြောင့်လည်း အချို့သော
အရှေ့ဥရောပနိုင်ငံတွေမှာ ဒီမိုကရေစီ ခိုင်မာစေရေး ပြဿနာတွေကို တွေ့
နေရတာဖြစ်တယ်။

နောက်ထပ်အလေးထားရမှာကတော့ ပြည်တွင်းအခြေအနေတွေရဲ့
အရေးပါမှုပဲဖြစ်တယ်။ ဖွံ့ဖြိုးဆဲနိုင်ငံအချို့မှာ (ယေဘုယျအားဖြင့် စီးပွားရေး
ဖွံ့ဖြိုးတိုးတက်မှု အတော်အတန်မြင့်မားတဲ့ နိုင်ငံတွေမှာ) နိုင်ငံရေးနဲ့ စီးပွား
ရေး ပြုပြင်ပြောင်းလဲမှုတွေအတော်လေးအဆင်ပြေတာတွေ့ရတယ်။ လွတ်လပ်
ရေး ရခါစမှာ လူမျိုးရေးပဋိပက္ခ ပြင်းထန်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုနိမ့်ကျတဲ့

MYANMAR HARP

နိုင်ငံအချို့ဆိုရင်လည်း နိုင်ငံရေးနဲ့ စီးပွားရေး အောင်မြင်မှုတွေကို ရရှိခဲ့တယ်။ ဒီလို ဆိုးဝါးတဲ့အခြေအနေတွေကို ရင်ဆိုင်ခဲ့ရပေမယ့်၊ အောင်မြင်မှုတွေ ဘာကြောင့်ရလာသလဲဆိုတာကို ရှင်းပြနိုင်ရင် ပြဿနာ ဖြေရှင်းနိုင်မယ့် အချက်တွေကို သိကောင်းသိလာနိုင်မယ်။ ဒါဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အောင်မြင်စေနိုင်မယ့် ပြည်တွင်း အခြေအနေတွေကို ပြနေတာကြောင့် ပြည်ပအလှူရှင်တွေအတွက် အရေးပါတယ်လို့ ဆိုရမယ်။

ဒါနဲ့ ပတ်သက်လို့ ဘော့စဝါနာနဲ့ မောရစ်ရှပ်နိုင်ငံတွေကို လေ့လာကြည့်မယ်။ ၁၉၆၈ မှာ လွတ်လပ်ရေးရတော့ မောရစ်ရှပ်နိုင်ငံဟာ သကြားလုပ်ငန်းကိုသာ အားကိုးနေရတဲ့ ဆင်းရဲတဲ့ နိုင်ငံလေးဖြစ်တယ်။ လူ့အဖွဲ့အစည်း အတွင်းမှာလည်း နက်ရှိုင်းတဲ့ လူမျိုးစုအကွဲအပြဲတွေ ရှိနေတယ်။ ဘော့စဝါနာဆိုရင်လည်း မတူတဲ့ လူမျိုးစု ၁၁ စုခန့်ရှိပြီး၊ မွေးမြူရေးကို အားထားရတယ်။ ဒီနှစ်နိုင်ငံဟာ အောင်မြင်တဲ့ စီးပွားရေးနဲ့ နိုင်ငံရေးဒီမိုကရေစီကို ဘယ်လိုတည်ဆောက်နိုင်ခဲ့သလဲ။ ဘာဘရာနဲ့ တဲရင့်စ် ကာရိုးလ်တို့က ဒီလိုရှင်းပြထားတယ်။ သူတို့က ဒီနှစ်နိုင်ငံရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးကို အောင်မြင်စေတဲ့ အကြောင်းအချက်တွေကို ရှင်းပြတယ်။ (၁) ဒီမိုကရက်တစ် အုပ်ချုပ်မှုနဲ့ စီးပွားရေး ဖွံ့ဖြိုးမှုကို အလေးထားတဲ့ အရည်အချင်းရှိတဲ့ နိုင်ငံရေးခေါင်းဆောင်တွေကို တွေ့ရတယ်။ (၂) အရည်အချင်းရှိပြီး၊ နိုင်ငံရေးအရ သီးခြားလွတ်လပ်တဲ့ နိုင်ငံတော်ဗျူရိုကရေစီကို တည်ဆောက်နိုင်ခဲ့တယ်။ (၃) နိုင်ငံတော်ရဲ့ ဆောင်ရွက်ချက်တွေကို စောင့်ကြည့်နိုင်တဲ့ အများပြည်သူနယ်ပယ်ကို ဖွံ့ဖြိုးစေခဲ့တယ်။ လူမျိုးစုအဖွဲ့အစည်းတွေ၊ အင်စတီကျူးရှင်းတွေရဲ့ အရေးပါတဲ့ ကိုယ်စားပြုမှု အခန်းကဏ္ဍကိုလည်း လက်တွေ့ကျကျ အသိအမှတ်ပြုနိုင်ခဲ့တယ်။

ဒါပေမယ့် ဒီပညာရှင်နှစ်ယောက်ရဲ့ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်ကနေ မေးခွန်းအသစ်တွေ ထွက်ပေါ်လာတယ်။ နံပါတ် (၁) အချက်မှာတွေ့ရတဲ့

MYANMAR HARP

ဒီမိုကရက်တစ် အုပ်ချုပ်မှုနဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အလေးထားတဲ့ အရည်အချင်းရှိတဲ့ နိုင်ငံရေးခေါင်းဆောင်တွေဆိုတာက ဘယ်ကနေပေါ်လာ ဘာလဲ။ ဒီနေရာမှာ အောင်မြင်မှုက နောက်ထပ်အောင်မြင်မှုကို မွေးထုတ် ဘယ်ဆိုတာကိုတွေ့ရတယ်။ အရည်အချင်းရှိတဲ့ ခေါင်းဆောင်မှုကို ရလာ ဘာနဲ့ ဒီလိုမျိုးဆက်ဖြစ်ဖို့က အခွင့်အလမ်း ကောင်းတာကို တွေ့ရတယ်။ ဒါပေမယ့် အောင်မြင်ဖို့က မသေချာဘဲ၊ ခေါင်းဆောင်မှုကလည်း ကိုယ်ကျိုး ရှာပြီး အမြင်ကျဉ်းမြောင်းသူတွေ ဖြစ်နေရင် ဘယ်လိုဖြစ်မလဲ။ မှုဂါဘီတွေ မဟုတ်ဘဲ၊ မန်ဒဲလားတွေ ဖြစ်လာအောင် ဘယ်အရာက ဖန်တီးလိုက်တာလဲ။ ဒီလိုခေါင်းဆောင်မှုမျိုးကို ရလာတာဟာ အနည်းနဲ့အများတော့ ရွေးကောက်ပွဲ တွေကြောင့် ဖြစ်တယ်ဆိုတဲ့ အချက်ကတော့ လက်တွေ့အဖြစ်အပျက် တွေကိုကြည့်ရင် ကွဲလွဲနေတာကိုတွေ့ရတယ်။ ဒါ့အပြင် ရိုးသားတဲ့ ခေါင်း ဆောင်ကောင်း ဖြစ်ရုံနဲ့လည်း မလုံလောက်တာကို တွေ့ရတယ်။ တန်ဇေး နီးယားက ဂျူလီးယပ်စ် နိုင်ယာရီရီဆိုရင် ရိုးသားသူတစ်ယောက်ဖြစ်ပြီး၊ တိုင်းပြည်အတွက်လည်း အများကြီးလုပ်ခဲ့တယ်။ ဒါပေမယ့် သူ့ရဲ့ နိုင်ငံတော်က ချုပ်ကိုင်တဲ့ စီးပွားရေးပေါ်လစီနဲ့ အခြေခံအားဖြင့် ဒီမိုကရေစီမဆန်တဲ့ နိုင်ငံရေးပေါ်လစီတွေကြောင့် ပြင်းထန်တဲ့ ဆိုးကျိုးတွေကို ဖြစ်စေခဲ့တယ်။

နံပါတ် (၂) ဖြစ်တဲ့ ကောင်းမွန်တဲ့ ဗျူရိုကရေစီနဲ့ ပတ်သက်ပြီး တွေ့ရတာကတော့ ဘော့စဝါနာနဲ့ မောရစ်ရှပ် နှစ်နိုင်ငံစလုံးမှာ ဗျူရိုကရေစီ ကို လူမျိုးတစ်မျိုးတည်းက လက်ဝါးကြီး မအုပ်ထားဘဲ၊ အရည်အချင်း အပေါ် အခြေခံဖို့ အစောကတည်းက ဆုံးဖြတ်ထားခဲ့ကြတာကို တွေ့ရတယ်။ ဒီနှစ်နိုင်ငံစလုံးမှာ လူမျိုးအားလုံးကို ကိုယ်စားပြုပေးနိုင်မယ့် ဗျူရိုကရေစီကို ထူထောင်ခဲ့ကြပြီး၊ အရည်အချင်းအပေါ် မူတည်မှုကိုလည်း မျက်ကွယ်မပြု ခဲ့ကြဘူး။ ဒီလိုမျိုး ကိုယ်စားပြုနိုင်တဲ့ ဗျူရိုကရေစီဟာ ဆုံးဖြတ်ချက်ချမှတ်တဲ့ နေရာမှာ မျိုးစုံကျယ်ပြန့်တဲ့ အမြင်တွေ၊ လိုလားချက်တွေကို ထည့်သွင်း

MYANMAR HARP

စဉ်းစားပေးနိုင်တယ်။ ဒီလိုမျိုး ကိုယ်စားပြုပေးနိုင်တဲ့ ဖူလူရိုကရေစီ ရှိနေတာကိုက နိုင်ငံတော်ဟာ တုံ့ပြန်ဆောင်ရွက်ပေးပြီး၊ တရားနည်းလမ်းကျတယ်လို့ အများပြည်သူက ထင်မြင်လာစေတယ်။

နံပါတ် (၃) ဖြစ်တဲ့ အများပြည်သူနယ်ပယ်ကတော့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ ရှင်သန်လာမှုကို ပြောတာဖြစ်တယ်။ ဆင်းရဲတဲ့ တတိယကမ္ဘာနိုင်ငံ အတော်များများမှာက အနောက်တိုင်းပုံစံ အရပ်ဘက် လူ့အဖွဲ့အစည်းတွေ မရှိကြဘူး။ ဖွံ့ဖြိုးတိုးတက်မှု အလွန်နိမ့်ကျနေတဲ့ အဆင့်မှာဆိုရင် စီးပွားရေးလုပ်ငန်းစားနဲ့ လူလတ်တန်းစားတွေ မရှိကြဘူး။ ရလာဒ်အနေနဲ့ ကိုယ့်ကိုကိုယ်ပိုင်စိုးပြီး အားကောင်းတဲ့ အသင်းအပင်းတွေ အနည်းငယ်သာ ရှိတယ်။ ဂိုရန်ဟိုင်ဒန်က အရပ်ဘက်နယ်ပယ်တွေ ဖွံ့ဖြိုးလာဖို့က အဓိကစိန်ခေါ်မှုပဲလို့ ဆိုတယ်။ လွတ်လပ်ရေးရလာတဲ့ အာဖရိကနိုင်ငံတွေရဲ့ နိုင်ငံရေးကိုကြည့်မယ်ဆိုရင် အရင်ကိုလိုနီ ခေတ်အတွင်းရှိခဲ့တဲ့ အရပ်ဘက် နယ်ပယ်တွေကို ဖျက်သိမ်းပြီး၊ ကွန်မြူနတီအလိုက်၊ လူမျိုးစုအလိုက် နယ်ပယ်တွေ ပေါ်ထွက်လာခဲ့တယ်။ ဘော့စဝါနာနဲ့ မောရစ်ရှပ်တို့မှာ တွေ့ရတဲ့ ကောင်းတဲ့အချက်ကတော့ ဒီနယ်ပယ်တွေဟာ နိုင်ငံတော်ရဲ့ အာဏာကို အတော်အသင့် စောင့်ကြည့်ထိန်းကျောင်းနိုင်ခြင်းဖြစ်တယ်။ နောက်တစ်မျိုးပြောမယ်ဆိုရင် သင့်လျော်တဲ့ အခြေအနေတွေအောက်မှာ အစဉ်အလာ လူမှုအင်အားစုတွေက ဖွံ့ဖြိုးပြီးသား အရပ်ဘက်လူ့အဖွဲ့အစည်းတွေမှာ ပုံမှန်တွေ့ရလေ့ရှိတဲ့ လုပ်ငန်းတွေထဲက အချို့ကို ဆောင်ရွက်နိုင်တယ်။ အချို့လူ့အဖွဲ့အစည်းတွေဆိုရင် အားနည်းတဲ့ အရပ်ဘက် လူ့အဖွဲ့အစည်းတွေရှိနေပြီး၊ လူမျိုးစုတင်းမာမှုတွေ ရှိနေရင်တောင် ဒီမိုကရေစီကို ဆက်လက်ထိန်းသိမ်းနိုင်ကြတယ်။

ဒီနိုင်ငံတွေကနေတဆင့် လေ့လာမိတဲ့အချက်ကတော့ အရည်အချင်းရှိတဲ့ ခေါင်းဆောင်မှုနဲ့ တီထွင်ဆန်းသစ်ထားတဲ့ အင်စတီကျူးရှင်း

တက်ကြွတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတို့ ပေါင်းစပ်မိဖို့ အရေးကြီးတယ်ဆိုတဲ့ အချက်ပဲဖြစ်တယ်။ ဒါနဲ့အတူ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ တွေ့ရတဲ့ လေးနက်တဲ့ ပြဿနာတွေကိုလည်း အောက်ပါအတိုင်း တွေ့ရတယ်။

(၁) ဒီမိုကရက်တစ် အသိအမြင် ကင်းမဲ့နေခြင်း။ ပြည်သူတွေဆီမှာ ဒီမိုကရေစီနဲ့ပတ်သက်တဲ့ အသိအမြင် အနည်းအကျဉ်းသာ ရှိတယ်။

(၂) ရွေးကောက်ပွဲတွေကြားမှာ ဒီမိုကရေစီ ကင်းမဲ့နေခြင်း။ ရွေးကောက်ပွဲ ကာလအတွင်းမှာသာ ဒီမိုကရေစီကို တွေ့ရပြီး၊ ကြားကာလမှာတော့ ပြည်သူတွေရဲ့ ပါဝင်ဆောင်ရွက်ခြင်းနဲ့ ဩဇာလွှမ်းနိုင်မှုဟာ အနည်းအကျဉ်းသာ ရှိတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ဆွေးနွေး ညှိနှိုင်းဆောင်ရွက်မှုက မရှိသလောက်ပဲ။

(၃) ကိုယ့်ကိုကိုယ် ယုံကြည်မှု ကင်းမဲ့နေခြင်း။ ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေနဲ့ ဖတ်ကောင်တွေဆီမှာ ကိုယ့်ကိုကိုယ် ယုံကြည်မှုကင်းမဲ့နေတာကို တွေ့ရတယ်။ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး သံသယဖြစ်ဖွယ်ရှိနေခြင်း။ အနှစ်သာရမရှိဘဲ ကြားကောင်းအောင် ထုတ်ပြန်ထားတဲ့ ပါတီကြေညာစာတမ်း ဖြစ်နေခြင်း၊ နိုင်ငံရေးကို လမ်းညွှန်နေတာက ပေါ်လစီမဟုတ်ဘဲ၊ တစ်ဦးတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေး ဖြစ်နေခြင်း။ ကတိသာပေးပြီး ဆောင်ရွက်ပေးမှုမရှိခြင်း။ စတာတွေကို အဓိကတွေ့နေရတယ်။

(၄) ဆင်းရဲမွဲတွေမှုကို ပပျောက်အောင် မလုပ်နိုင်ခြင်း။ ဆင်းရဲမွဲတေ မှုကို ထိရောက်စွာ မလျော့ချနိုင်ဘဲ၊ တချို့နိုင်ငံတွေမှာဆိုရင် ပိုတောင်များလာတာကို တွေ့ရတယ်။ ဒီတော့က လူအများစုက ရှာနေတဲ့အရာကို ဒီမိုကရေစီက မပေးနိုင်ဘူး ဖြစ်နေတယ်။

အထက်မှာ တွေ့ခဲ့ရတဲ့ ပြဿနာတွေကြောင့် ဘယ်လိုဖြေရှင်းမလဲ

MYANMAR HARP

ဆိုတဲ့ အယူအဆတွေ ပေါ်ထွက်လာတယ်။ အဲဒါတွေကတော့ (၁) ဆင်းရဲတဲ့ လူတွေနဲ့ ဘေးဖယ်ခံရတဲ့ လူတွေဆီမှာ ဒီမိုကရေစီ ဘယ်လိုလည်ပတ်နေသလဲ ဆိုတာကို ပိုနားလည်အောင် လုပ်ရမယ်။ (၂) ဒီလူတွေအပေါ် ဩဇာလွှမ်းနိုင်တဲ့ ဒေသန္တရအသင်းအပင်းတွေကို ပိုအားကောင်းလာအောင် လုပ်ရမယ်။ (၃) ဒီလူတွေရဲ့ လိုလားချက်တွေကို နားလည်ပြီး၊ ဆောင်ရွက်ပေးနိုင်ဖို့အတွက် ဗဟိုချုပ်ကိုင်မှုကိုလျှော့ချပြီး၊ ပွင့်လင်းမြင်သာမှုရှိတဲ့ အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ခြင်းကနေတဆင့် အစိုးရအင်စတီကျူးရှင်းတွေကို အရည်အချင်း ပိုရှိလာအောင် လုပ်ရမယ်။

ဒါကတော့ ရှုပ်ထွေးပြီး ရေရှည်သွားရမယ့် လုပ်ငန်းစဉ်ကို ပြနေတဲ့ ဥပမာပဲဖြစ်တယ်။ ဒီမိုကရေစီခိုင်မာစေရေးနဲ့ ပတ်သက်လို့ ရိုးရှင်းပြီး၊ မြန်ဆန်တဲ့ နည်းလမ်း မရှိပါဘူး။ ပြီးတော့လည်း ခိုင်မာတဲ့ ပရောဂျက်တစ်ခုကို ဒီဇိုင်းဆွဲလိုက်ပြီဆိုရင် စိန်ခေါ်မှုအသစ်တွေ ထပ်ပေါ်လာဖို့ များပါတယ်။ ဥပမာအားဖြင့် ဆင်းရဲတဲ့လူတွေနဲ့ ဘေးဖယ်ခံရသူတွေအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းတွေကို အားကောင်း အောင်လုပ်ရမယ်ဆိုပြီး တွေ့ရမယ်။ သို့သော်လည်း ပြည်ပအလှူရှင်တွေက ဒီအသင်းအပင်းတွေကို စပွန်ဆာစပေးပြီဆိုတာနဲ့ ဒီအထောက်အပံ့ကို ဖြတ်ယူချင်တဲ့ အသင်းအပင်းတွေ ရုတ်တရက် ပေါ်ထွက်လာနိုင်တယ်။ တက်ကြွပြီး စုရုံးလှုပ်ရှားတဲ့ အောက်ကနေ အပေါ်ကိုသွားတဲ့ အသင်းအပင်းတွေ ဖြစ်ရမယ့်အစား၊ အပေါ်ကနေ အောက်ကို ဆင်းတဲ့ အသင်းအပင်းတွေ ဖြစ်နေလေ့ရှိတယ်။

ဒါကြောင့်လည်း ပြည်ပအလှူရှင်တွေအနေနဲ့ ကုန်ကျစရိတ်နဲ့ ရေရှည် ရပ်တည်နိုင်စွမ်းကို အထူးအာရုံစိုက် သင့်တယ်လို့ ပြောဆိုလာကြတာဖြစ်တယ်။ ဒါနဲ့အတူ ပရောဂျက်တွေကို ချက်ခြင်းဆောင်ရွက်နိုင်တဲ့ အဖွဲ့ဝင်တွေ ရှိပြီးသား အသင်းအပင်းတွေကို ထောက်ပံ့ပေးဖို့ ပိုလိုလားလာကြတယ်။ ဥပမာအားဖြင့် အလုပ်သမားသမဂ္ဂတွေ၊ ပညာရှင် အသင်း

MYANMAR HARP

အဖွဲ့တွေ၊ အမျိုးသမီးအဖွဲ့တွေ စသည် ဖြင့် တွေ့ရမယ်။ ဒီပုံစံဟာဆိုရင် နိုင်ငံတော်အင်စတီကျူးရှင်းတွေနဲ့ လုပ်ထုံးလုပ်နည်း တွေကို ပြုပြင်ပြောင်းလဲဖို့ ကြိုးစားတဲ့ အပေါ်ကနေ အောက်ကိုဆင်းတဲ့ ပုံစံနဲ့ မတူတဲ့ အောက်ကနေ အပေါ်ကိုသွားတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဖြစ်စဉ် တစ်မျိုးဖြစ်တယ်။ အနောက်တိုင်းရဲ့ ဒီမိုကရေစီအရေး ကူညီထောက်ပံ့မှုတွေမှာ ဒီပုံစံမျိုးကို တွေ့လာရပြီ။ ဒါဟာ ဒီမိုကရေစီ အရောင်းမြှင့်တင်ရေးကို ရေရှည်သွားရမယ့် လုပ်ငန်းအဖြစ် မြင်လာတာကြောင့်လို့ ဆိုနိုင်တယ်။

❑ ❑ ❑

MYANMAR HARP

# အခန်း (၅)

# ဒီမိုကရေစီကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းအကျိုးဆက်များ (ဖွံ့ဖြိုးမှုနှင့် လူမှုဖူလုံရေး)

## ဒီမိုကရေစီကြောင့် ဖြစ်ပေါ်လာသော ပြည်တွင်းအကျိုးဆက်များ (ဖွံ့ဖြိုးမှုနှင့် လူမှုဖူလုံရေး)

ဒီမိုကရေစီစနစ်က နိုင်ငံရေးလွတ်လပ်မှုအပြင် ဘဝအရည်အသွေးကောင်းမွန်မှုတွေကို ပေးနိုင်သလား။ ဒီမေးခွန်းက ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို ဆောင်ရွက်နေတဲ့ နိုင်ငံက ပြည်သူတွေအတွက် အရေးကြီးပါတယ်။ ဒီအခန်းမှာ ဒီမိုကရေစီရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုတွေကို လေ့လာပါမယ်။ ပြီးတော့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတို့ကြားက ဆက်ဆံရေးကိုလည်း လေ့လာပါမယ်။ ဒီမိုကရေစီကို ရရှိလာတာနဲ့ တပြိုင်နက်တည်း စီးပွားရေး ဖွံ့ဖြိုးမှုနဲ့ လူမှုဖူလုံရေးတို့ကို ပိုကောင်းအောင်လုပ်နိုင်မလား ဆိုတာကိုလည်း လေ့လာပါမယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ပညာရှင်တွေကြားမှာတော့ အကောင်းမြင်သူရော၊ အဆိုးမြင်သူပါ ရှိနေပါတယ်။ တချို့က နိုင်ငံရေးဒီမိုကရေစီနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေကြားမှာ အပေးအယူ လုပ်ရမယ်လို့ ဆိုကြတယ်။

**ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အမြင်းအခံ**

ပညာရှင်အတော်များများက နိုင်ငံရေးနဲ့ စီးပွားရေးအကြောင်းတွေအရ ဒီမိုကရေစီနဲ့ စီးပွားရေး ဖွံ့ဖြိုးမှုတွေ သဟဇာတမဖြစ်ဘူးလို့ မြင်ကြတယ်။ စီးပွားရေးအကြောင်းကတော့ ဖွံ့ဖြိုးမှုရဖို့ဆိုရင် ရင်းနှီးမြှုပ်နှံမှုကို လုပ်နိုင်မယ့် စီးပွားရေးပိုလျှံမှုကို လိုအပ်တယ်။ ဒီလိုပိုလျှံမှုဆိုတာက ရင်းနှီးမြှုပ်နှံနိုင်သလို၊ စားသုံးမှုလည်း လုပ်နိုင်တယ်။ ဒီတော့ကာ ရင်းနှီးမြှုပ်နှံနိုင်မယ့် ပိုလျှံမှုကို တိုးဖို့ အတွက် တစ်ခုတည်းသော နည်းလမ်းက စားသုံးမှုကို လျှော့ချဖို့ပဲ။ ထောက်ပြ ချက်တစ်ခုက ဒီမိုကရေစီ အစိုးရတွေဟာ စားသုံးမှုကို လျှော့ချနိုင်မယ့် ပေါ်လစီတွေကို မလုပ်နိုင်ဘူးလို့ ဆိုတယ်။ ဘာကြောင့်လဲဆိုတော့ စားသုံးသူတွေဟာ မဲဆန္ဒရှင်တွေ ဖြစ်နေပြီး၊ အခွင့်အရေးရတာနဲ့ နိုင်ငံရေးသမားတွေကို ဒဏ်ခတ်မှာကြောင့် လို့ဆိုတယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်မှာ ပြည်သူတွေရဲ့ ရေတိုတောင်းဆိုမှုတွေကို နိုင်ငံရေး သမားတွေက လိုက်လျောပေးရတယ်လို့ဆိုတယ်။

နောက်ပြီးတော့လည်း စီးပွားရေးဖွံ့ဖြိုးမှု (ရင်းနှီးမြှုပ်နှံမှု) နဲ့ လူမှုဖူလုံရေး (စားသုံးမှု)တွေကြားမှာ သဟဇာတ မဖြစ်မှုတွေရှိနေတယ်။ ဒီမိုကရက်တစ် ခေါင်းဆောင်တွေကနေ ပြည်သူတွေရဲ့ တောင်းဆိုမှုကြောင့် လူမှုဖူလုံရေးကို ကြီးကြီးမားမား ဆောင်ရွက်လိုက်ရင် အကျိုးဆက်အနေနဲ့ ဖွံ့ဖြိုးမှုက နည်းသွားလိမ့်မယ်။ ဒီအခြေအနေတွေက လူမှုဖူလုံရေးကို ရေရှည် မလုပ်နိုင်အောင် ဖျက်ဆီးပစ်လိမ့်မယ်။

တချို့ကလည်း မြင့်မားတဲ့ နိုင်ငံရေးတည်ငြိမ်မှုနဲ့ အေးချမ်းမှုရှိနေရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင်းဆုံး ဆောင်ရွက်နိုင်မယ်လို့ ဆိုတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုနဲ့အတူ ဖွံ့ဖြိုးဆဲနိုင်ငံတွေက မတူတဲ့အုပ်စု တွေဟာ နိုင်ငံတော်ရဲ့ အားနည်းနေဆဲ အင်စတီကျူးရှင်းတွေ အပေါ် ဖိအားတွေပေးလာကြတယ်။ ဒီလိုနဲ့ ဘာသာရေး၊ လူမျိုးရေး ပဋိ

MYANMAR HARP

ကျတွေ ဖြစ်နိုင်ခြေရှိတဲ့ နိုင်ငံတွေမှာ မတည် ငြိမ်မှုတွေ၊ ဝရုန်းသုန်းကား ဖြစ်မှုတွေ ဖြစ်လာတယ်။ ဒါကြောင့် ဒီမိုကရေစီစနစ်မှာ တွေ့ရတဲ့ နိုင်ငံရေး ပြဿနာတွေကို မရင်ဆိုင်ရတဲ့ အစိုးရမျိုးကသာ ရေရှည်ဖွံ့ဖြိုး တိုးတက်စေမယ့် ပေါ်လစီတွေကို လုပ်ဆောင်နိုင်လိမ့်မယ်လို့ ဆိုကြတယ်။ ဒီအယူအဆအရဆိုရင် အာဏာပိုင်စနစ်ကသာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးပုံစံဖြစ်နေတော့တယ်။

အာဏာပိုင်စနစ်က ဒီမိုကရေစီထက်ကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုလုပ်နိုင်တယ်ဆိုတဲ့ နောက်ထပ် အယူအဆတစ်ခုရှိသေးတယ်။ အဲဒါကတော့ လက်ရှိအချိန်မှာ အောင်မြင်တဲ့ ဖွံ့ဖြိုးတိုးတက်မှု မဖြစ်လာအောင် တားဆီးနေတဲ့အချက်တွေ အရင်ထက် ပိုများလာခြင်းနဲ့အတူ ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတော်ကဆောင်ရွက်ပေးဖို့ တောင်းဆိုမှုတွေလည်း ပိုများလာတယ်လို့ ဆိုကြတယ်။ ကမ္ဘာ့ဈေးကွက်အတွင်း ပြိုင်ဆိုင်ရမှုတွေ ပိုများလာပြီး၊ ပြည်တွင်းမှာလည်း ဖွံ့ဖြိုးတိုးတက်မှုကို လုပ်ပေးဖို့ အလျင်စလိုဖြစ်လာနေကြတယ်။ အနောက်နိုင်ငံတွေဆိုရင် သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှု အစောပိုင်းကာလတွေမှာ ဒါမျိုးတွေကို ဒီလောက်မကြုံခဲ့ရဘူး။ အမှန်တကယ်လည်း ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်တွေဟာ အရင်ကနဲ့ မတူညီတော့ဘူး။ ၂၀ ရာစုအတွင်းကို ကြည့်မယ်ဆိုရင်လည်း နိုင်ငံတော်က စီးပွားရေးမှာ ကြီးမားစွာ ဝင်ရောက်မစွက်ဖက်ဘဲနဲ့ ဖွံ့ဖြိုးတိုးတက်မှု အောင်မြင်လာတဲ့နိုင်ငံ တစ်နိုင်ငံမှ မရှိဘူး။ ဒီမိုကရက်တစ် အခြေအနေတွေအောက်မှာက ဒီလိုမျိုး နိုင်ငံတော်ရဲ့ ကြားဝင်ဆောင်ရွက်ပေးမှုတွေဟာ မဖြစ်နိုင်တာ မဟုတ်ပေမဲ့၊ ခက်ခဲတာတော့ အမှန်ပဲ။

တကယ်လည်း အမျိုးသားနိုင်ငံ တည်ဆောက်ရေးဟာ အလွန်ခက်ခဲပါတယ်။ ပညာရှင်တစ်ယောက်ကဆိုရင် အာဏာရှင်စနစ်နဲ့ မဟုတ်ဘဲ၊ ဒီဖြစ်စဉ်ကို ဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတာ စဉ်းစားမရဘူးလို့

MYANMAR HARP

ဆိုခဲ့ဘူးတယ်။ တချိန်တည်းမှာပဲ၊ ဒီမိုကရေစီနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု တွေကြားက အပေးအယူဟာ ယာယီမျှ သာဖြစ်တယ်ဆိုတာကို သတိပြုမိဖို့ လိုပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အစောပိုင်း ခက်ခဲတဲ့အဆင့်တွေ မှာ နိုင်ငံရေးတည်ငြိမ်မှုနဲ့ အစိုးရအာဏာပိုင်မှုတွေကို လိုအပ်တယ်။ နောက် ပိုင်းမှာတော့ ပါဝင်ဆောင်ရွက်ခြင်းနဲ့ ခွဲဝေပေးခြင်းတွေဟာ သင့်လျော်တဲ့ အခြင်းအရာတွေဖြစ်လာတယ်။ ဂျေဘရီယယ်လ်အော်မွန်နဲ့ ပါဝဲလ်တို့က နိုင်ငံတော်တည်ဆောက်ခြင်းနဲ့ စီးပွားရေးတည်ဆောက်ခြင်းတွေဟာ ယုတ္တိ ကျကျ ပြောရမယ်ဆိုရင် နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်ခြင်းနဲ့ ရုပ်ဝတ္ထုတွေ ခွဲဝေပေးခြင်း တို့ရဲ့ရှေ့မှာ ရှိနေတယ်လို့ ဆိုတယ်။

ဝေဖန်သူတွေကတော့ ဒီမိုကရေစီနဲ့ စီးပွားရေး ဖွံ့ဖြိုးမှုကြားမှာ အပေး အယူလုပ်ရတယ်ဆိုတဲ့ အပေါ်က အဆိုတွေ အားလုံးကို ငြင်းပယ် တယ်။ သူတို့က ဒီမိုကရေစီဟာ ဖွံ့ဖြိုးမှုကို ထိခိုက်စေတယ်ဆိုတာကို ငြင်း ဆိုကြတယ်။ စီးပွားရေး ပိုလျှံမှုထဲက သတ်မှတ်ပမာဏတစ်ခုကို ရင်းနှီးမြှုပ်နှံ မှုသော်လည်းကောင်း၊ စားသုံးမှုသော်လည်းကောင်း လုပ်နိုင်ပြီး၊ နှစ်ခုစလုံး ကို မလုပ်နိုင်ဘူးဆိုတာ မှန်ပေမယ့်၊ ဖွံ့ဖြိုးမှုနဲ့ လူမှုဖူလုံရေးကြားမှာ ပြတ် သားတဲ့ ဝိရောဓိရှိနေတယ်ဆိုတဲ့ အချက်ကတော့ ထင်သလောက် မရိုးစင်း လှဘူး။ ဥပမာအားဖြင့် ကျန်းမာရေးနဲ့ ပညာရေးမှာ သုံးစွဲခြင်းဟာ လူသား အရင်း (human capital) မှာ ရင်းနှီး မြှုပ်နှံခြင်းလည်း ဖြစ်သလို၊ တချိန် တည်းမှာပဲ ပြည်သူတွေအတွက် လူမှုဖူလုံရေးကို တိုးမြှင့်စေတယ်။ အမှန် တကယ်လည်း ဘောဂဗေဒပညာရှင် အတော်များများက အခြေခံ လူသား လိုအပ်ချက်တွေကို အာရုံစိုက်တဲ့ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာတွေကို ဆောင်ရွက်ဖို့ ဆော်ဩကြတယ်။ ဘာကြောင့်လဲဆိုတော့ ဖွံ့ဖြိုးမှုနဲ့ လူမှု ဖူလုံရေးကို တချိန်တည်းမှာ ရနိုင်ခြေရှိလို့ ဖြစ်တယ်။ ဒီလိုသာ တချိန် တည်းမှာ ဖွံ့ဖြိုးမှုနဲ့ လူမှုဖူလုံရေးကို ရနိုင်မယ်ဆိုရင် ဒီမိုကရေစီဟာ

MYANMAR HARP

လူမှုဖူလုံရေးကို အလွန်အမင်းမြှင့်တင်တာကြောင့် ဖွံ့ဖြိုးရေးကို ထိခိုက်စေတဲ့အတွက် အာဏာပိုင်စနစ်ကို လိုလားသင့်တယ်ဆိုတဲ့ အဆိုဟာလည်း များစွာချို့နဲ့သွားမှာဖြစ်တယ်။ တကယ်တော့ ရွေးချယ်ရမှာက ဖွံ့ဖြိုးမှုနဲ့ လူမှုဖူလုံရေးကြားမှာ ဖြစ်ချင်မှ ဖြစ်လိမ့်မယ်။ လူမှုဖူလုံရေးကို အားပေးတဲ့ ရင်းနှီးမြှုပ်နှံမှု ပေါ်လစီနဲ့ အားမပေးတဲ့ ရင်းနှီးမြှုပ်နှံမှု ပေါ်လစီတွေကြားမှာ ရွေးချယ်ရတာမျိုး ဖြစ်နေနိုင်တယ်။ နောက်ထပ် ပြောလို့ရတာက ဒီမိုကရေစီအစိုးရတွေဟာ ပထမပေါ်လစီမျိုးကို ဆောင်ရွက်နိုင်ခြေပိုများပြီး အာဏာပိုင်အစိုးရတွေ ကတော့ ဒုတိယပေါ်လစီမျိုးကို ရွေးချယ်နိုင်ခြေပိုများတယ်။

ဝေဖန်သူတွေ ထောက်ပြတဲ့ နောက်တစ်ချက်ကတော့ အာဏာပိုင်ဝါဒက နိုင်ထက်စီးနင်း အုပ်ချုပ်ရေးကို ဖြစ်စေပြီး၊ နိုင်ငံသားတွေရဲ့ အရေးအရာတွေအတွင်း အလွန်အကျွံ ဝင်ရောက်စွက်ဖက်တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒီမိုကရေစီကသာလျှင် စီးပွားရေးဖွံ့ဖြိုးဖို့အတွက် ကြိုတင်ခန့်မှန်းနိုင်မယ့် အခြေအနေကို ပေးတယ်။ ဒါ့အပြင် နိုင်ငံရေးနဲ့ စီးပွားရေး ဗဟုဝါဒတွေက တစ်ခုနဲ့တစ်ခု အားဖြည့်ပေးတယ်။ အခြေခံနိုင်ငံသားနဲ့ နိုင်ငံရေးအခွင့်အရေးတွေသာ မရှိရင် နိုင်ငံသားတွေ စီးပွားရေးကို ဆောင်ရွက်ရာမှာ လုံခြုံမှုရှိမှာ မဟုတ်ဘူး။ ဒီအဓိပ္ပါယ်အရ ဒီမိုကရေစီနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြားမှာ အပြန်အလှန်အားဖြည့်ပေးနေတဲ့ ဆက်ဆံရေးရှိနေတယ်။

နောက်ဆုံးအနေနဲ့က စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံတော်ရဲ့ ဝင်ရောက်ဆောင်ရွက်ပေးခြင်းနဲ့ သက်ဆိုင်တယ်။ နိုင်ငံတော်ရဲ့ အားကောင်းတဲ့ ဆောင်ရွက်ချက်ကို လိုအပ်ကောင်းလိုအပ်မှာ ဖြစ်ပေမယ့်၊ စီးပွားရေးကဏ္ဍမှာ ခေါင်းဆောင်မှုကဏ္ဍကို ယူတဲ့နိုင်ငံတော်ဆိုတာ ဒီမိုကရေစီ မဟုတ်တဲ့ နိုင်ငံတော်ဖြစ်ရမယ် ဆိုတာကတော့ မဟုတ်ဘူး။ နောက်တစ်မျိုး ပြောရမယ်ဆိုရင် အားကောင်းတဲ့ နိုင်ငံတော်ဆိုတိုင်း

MYANMAR HARP

အာဏာပိုင်စနစ် ကျင့်သုံးတဲ့ နိုင်ငံတော်မဟုတ်ဘူး။ အားကောင်းတဲ့ နိုင်ငံတော်မှာ ထိရောက်စွာ စွမ်းဆောင်နိုင်ပြီး၊ အကျင့်မပျက်တဲ့ ဗျူရိုကရေစီရှိတယ်။ နိုင်ငံရေး ထိပ်ပိုင်းအီလစ်တွေကလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ စိတ်အားထက်သန်ပြီး၊ လုပ်နိုင်စွမ်းလည်း ရှိတယ်။ ဒီအတွက်လည်း ပေါ်လစီကောင်းတွေကို ရေးဆွဲအကောင်အထည်ဖော်ကြတယ်။ ဒီလိုမျိုး အားကောင်းတဲ့ နိုင်ငံတော်ဆိုတာ အာဏာပိုင်စနစ်ကျင့်သုံးတဲ့ နိုင်ငံတော်ဖြစ်စရာ မလိုဘူး။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဒီမိုကရေစီရဲ့ သက်ရောက်မှုနဲ့ ပတ်သက်ပြီး အောက်ကဇယားမှာ တွေ့နိုင်တယ်။

**စီးပွားရေးဖွံ့ဖြိုးမှုအပေါ် ဒီမိုကရေစီသက်ရောက်မှုပြဇယား**

| | ဒီမိုကရေစီက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေတယ် ဆိုတဲ့အမြင် | ဒီမိုကရေစီက စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေတယ် ဆိုတဲ့အမြင် |
|---|---|---|
| စီးပွားရေးအကြောင်းအချက် | ဒီမိုကရေစီက စားသုံးမှုကို မလျှော့ချပေး နိုင်ဘူး။ ဒါဟာ စီးပွားရေး ဖွံ့ဖြိုးမှုကို ထိခိုက်စေတယ်။ | ဒီမိုကရေစီစနစ်မှာ အခြေခံလူသား လိုအပ်ချက်တွေ အတွက် ရင်းနှီးမြှုပ်နှံမှု ရှိတယ်။ ဒါက စီးပွားရေးကို ဖွံ့ဖြိုးစေတယ်။ |
| နိုင်ငံရေး အကြောင်းအချက် | ဒီမိုကရေစီက အားနည်းတဲ့ အင်စတီကျူးရှင်းတွေအပေါ် ဖိအားတွေ တိုးစေတယ်။<br><br>နိုင်ငံတော်အနေနဲ့ စုစည်းဆောင်ရွက်မှုကို လုပ်နိုင်ဖို့ခက်ခဲတယ်။<br><br>နိုင်ငံတော်ဟာ အားနည်းတယ်။ | ဒီမိုကရေစီက တည်ငြိမ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင်ကို ပေးသလို၊ စီးပွားရေး ဖဟုဝါဒ အတွက် အခြေခံကိုလည်း ပေးတယ်။<br><br>ဒီမိုကရေစီဆိုတာ တရားနည်းလမ်း ကျခြင်းဖြစ်တယ်။ အားကောင်းတဲ့ နိုင်ငံတွေဟာ မကြာခဏဆိုသလို ဒီမိုကရက်တစ် နိုင်ငံတော်တွေဖြစ်တယ်။ |

MYANMAR HARP

အချုပ်ဆိုရရင် ဝေဖန်သူတွေက ဒီမိုကရေစီဟာ အာဏာပိုင်စနစ်ထက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပိုလုပ်နိုင်တယ်လို့ ပြောတာမဟုတ်ဘူး။ တခါတရံလည်း အာဏာပိုင်စနစ်က ကာလတစ်ခုအတွင်း ဖွံ့ဖြိုးမှုနှုန်းကို ပိုမြန်အောင် လုပ်နိုင်တာမျိုးရှိတယ်။ သူတို့ပြောချင်တာက ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်မှုကြားမှာ အပေးအယူရှိတယ်လို့ ဆိုသူတွေရဲ့ အယူအဆကို ကြည့်ရုံနဲ့ အာဏာပိုင်စနစ်က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုကောင်းတယ်လို့ ဘယ်လိုမှ အသေအချာမပြောနိုင်ဘူးလို့ ပြောချင်တာဖြစ်တယ်။ တကယ်လို့ အာဏာပိုင်စနစ်အောက်မှာ ဖွံ့ဖြိုးမှုနှုန်းကမြန်ရင်တောင် ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်မှုတို့ သဟဇာတမဖြစ်ဘူးလို့ ပြောလို့မရဘူး။ အချို့သော အာဏာပိုင်နိုင်ငံတွေဟာဆိုရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေကို မလုပ်နိုင်ကြဘူး။

ဒီတော့ကော ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်မှုကြားမှာ အပေးအယူတကယ်လုပ်ရသလား။ ပညာရှင် အတော်များများက ဒီမေးခွန်းကိုဖြေဖို့ကြိုးစားပေမယ့်၊ တိကျသေချာမှုတော့မရှိဘူး။ ရောဘတ်မတ်ရိုက ၁၉၅၉ နဲ့ ၁၉၇၀ အတွင်း နိုင်ငံပေါင်း ၉၈ နိုင်ငံကို လေ့လာခဲ့ပြီး ဒီမိုကရေစီက ဖွံ့ဖြိုးတိုးတက်မှုအပေါ် အတော်လေး သက်ရောက်မှုရှိတယ်လို့ ဆိုခဲ့တယ်။ ဒီမိုကရေစီက ဖွံ့ဖြိုးတိုးတက်မှုကို မမြှင့်တင်ဘဲ၊ တုံ့နှေးစေတယ်လို့ဆိုတယ်။ ဆင်းရဲတဲ့ နိုင်ငံတွေမှာဆိုရင် အာဏာပိုင်စနစ်က ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို မြှင့်တက်စေပေမယ့်၊ ဒီမိုကရေစီကတော့ နှောင့်နှေးစေတယ်လို့ဆိုတယ်။ ယူဆက်ဖ်ကိုဟန်ကလည်း လက်တင်အမေရိက နိုင်ငံအချို့ကို လေ့လာပြီးတော့ ဒီလိုမျိုးပဲ ကောက်ချက်ချခဲ့တယ်။

ရှလိုဆာကလည်း အာဖရိကနိုင်ငံတွေကို လေ့လာပြီး အာဏာပိုင်စနစ်က ဂျီအန်ပီဖွံ့ဖြိုးမှုနှုန်းအပေါ် အားကောင်းစွာ သက်ရောက်တယ်လို့ဆိုတယ်။ ဒါပေမယ့် ဒီမိုကရေစီအစိုးရတွေကလည်း ထင်တာထက်ပိုကောင်း

MYANMAR HARP

အောင် လုပ်နိုင်တယ်လို့ ထောက်ပြတယ်။ ဒီမိုကရေစီက ဂျီအန်ပီ ဖွံ့ဖြိုးမှုနဲ့ ဘ၀အရည်အသွေး တိုးတက်မှုတွေကို အတော်လေး ကောင်းအောင် လုပ်နိုင်တယ်လို့ ဆိုတယ်။ နိုင်ငံသားလွတ်လပ်ခွင့်နဲ့ နိုင်ငံရေးအရ ဖိနှိပ်မှုတွေမခံရမှုတွေလိုမျိုး ဒီမိုကရေစီရဲ့ စံတွေအရလည်း အကောင်းဆုံးမှတ်တမ်းတွေ ရှိတယ်လို့ဆိုတယ်။ ဒီ့ုက်ကင်းကလည်း အာရှနိုင်ငံခြောက်နိုင်ငံကို လေ့လာပြီး ဒီလိုမျိုးပဲ မှတ်ချက်ချတယ်။ ဖွံ့ဖြိုးမှု မဟုတ်ဘဲ၊ ရုပ်ဝတ္ထု အရည်အသွေးနဲ့ လူမှုဖူလုံရေးတွေကို ကြည့်မယ်ဆိုရင် ဒီမိုကရေစီ အုပ်ချုပ်ရေးက အာဏာပိုင်အုပ်ချုပ်ရေးထက် ပိုကောင်းအောင်လုပ်နိုင်တာကို တွေ့ရတယ်လို့ ဆိုတယ်။

ဝီလီယံ ဒစ်ခ်ကတော့ ၁၉၅၉ နဲ့ ၁၉၆၈ အကြား နိုင်ငံပေါင်း ၇၂ နိုင်ငံကို လေ့လာခဲ့ပြီး၊ တွေ့ခဲ့တဲ့ ရလာဒ်တွေအရ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အစောပိုင်းအဆင့်တွေမှာ အာဏာပိုင်နိုင်ငံတွေက ဒီမိုကရေစီနိုင်ငံတွေထက် ဖွံ့ဖြိုးမှုကို ပိုမြန်အောင် လုပ်နိုင်တယ်ဆိုတာ မဟုတ်ဘူးလို့ ငြင်းပါတယ်။

ဒါတွေကို ကြည့်ခြင်းအားဖြင့် အပေးအယူနဲ့ ပတ်သက်လို့ အသံတစ်ခုတည်း မရှိတာကိုတွေ့ရတယ်။ ပြီးတော့လည်း ဒါနဲ့ပတ်သက်လို့ စဉ်းစားစရာ အချက်တွေကို တွေ့လာရတယ်။ ပထမအချက်က ဒီကိစ္စအတွက် လေ့လာမယ်ဆိုရင် ကာလအပိုင်းအခြားကို ဆယ်နှစ်အောက်ထားပြီး မလေ့လာသင့်ဘူး။ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ စီးပွားရေး အခြေအနေတွေက အချိန်နဲ့အမျှ ပြောင်းလဲနေတာကြောင့်၊ ဥပမာအားဖြင့် ကိုးနှစ်ခန့် အချိန်ကာလကိုသာကြည့်ပြီး ကောက်ချက်ချတာမျိုးက မသင့်လျော်ဘူး။ ဒုတိယအချက်ကတော့ အုပ်ချုပ်ရေးစနစ်ကို ဒီမိုကရေစီလား၊ အာဏာပိုင်စနစ်လား သတ်မှတ်ရာမှာ ပြဿနာတွေ တွေ့ရတယ်။ လေ့လာတဲ့ အချိန်ကာလ တစ်ခုလုံးကို ခြုံပြီးကြည့်ရင် တချို့ပညာရှင်တွေက အာဏာပိုင်

စနစ်လို့ သတ်မှတ်ထားတဲ့ နိုင်ငံတွေက အခြားပညာရှင်တွေအတွက် ဒီမိုကရေစီ ဒါမှမဟုတ် တစိတ်တပိုင်း ဒီမိုကရေစီ နိုင်ငံတွေ ဖြစ်နေတတ်တယ်။ အမှန်တကယ်လည်း နိုင်ငံအတော်များများကို ဒီမိုကရေစီ ဒါမှမဟုတ် အာဏာပိုင်စနစ်လို့ ယတိပြတ်ပြောဖို့ ခက်တယ်။ နိုင်ငံတစ်ခုဟာ မနေ့က တစိတ်တပိုင်း ဒီမိုကရေစီဖြစ်နေခဲ့ပြီး၊ ဒီနေ့မှာတော့ အာဏာပိုင်စနစ်ဖြစ် နေမယ်။ မနက်ဖန်ကျတော့ တစိတ်တပိုင်း ဒီမိုကရေစီ ပြန်ဖြစ်သွားတာမျိုး ရှိနေနိုင်တယ်။

ဒါဆိုရင် အပေးအယူ မေးခွန်းနဲ့ပတ်သက်လို့ အားလုံးလက်ခံနိုင်မယ့် အဖြေရှိနိုင်မလား။ သေချာတာကတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အုပ်ချုပ်ရေးစနစ်ရဲ့ သက်ရောက်မှုနဲ့ ပတ်သက်ပြီး ဥပဒေသ သဘောမျိုး အဖြေကတော့ မရှိနိုင်ပါဘူး။ ဒီတော့ကာ အုပ်ချုပ်ရေးပုံစံနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကြားက ဆက်ဆံရေးနဲ့ ပတ်သက်ပြီး လောကလုံးဆိုင်ရာ သီအိုရီကို ရှာဖွေနေမယ့်အစား ဖွံ့ဖြိုးတိုးတက်မှု ရလာဒ်တွေနဲ့ ဒီမိုကရက်တစ်နဲ့ အာဏာ ပိုင်စနစ်တွေရဲ့ကြားက စနစ်ကျတဲ့ ဆက်ဆံရေးကို လေ့လာသင့်တယ်။

ဒါကြောင့် ပထမဆုံးအနေနဲ့ အာဏာပိုင်နိုင်ငံတစ်ခုနဲ့ ဒီမိုကရေစီနိုင်ငံတစ်ခု တို့ကို နှိုင်းယှဉ်လေ့လာမယ်။ ပြီးတဲ့အခါမှာ အာဏာပိုင်စနစ်နဲ့ ဒီမိုကရက်တစ်စနစ်တွေရဲ့ မတူတဲ့ ပုံစံတွေကို လေ့လာပါမယ်။

## အိန္ဒိယနှင့် တရုတ်

အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေဟာ ကြီးမားပြီး၊ လူဦးရေ အလွန်များပြားတဲ့ နိုင်ငံတွေ ဖြစ်သလို၊ သိပ်မကြာသေးခင် ကာလအထိလည်း အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေး အခြေခံနိုင်ငံတွေ ဖြစ်ကြတယ်။ အိန္ဒိယက ၁၉၄၇ ခုနှစ်မှာ လွတ်လပ်ရေး ရခဲ့ပြီး၊ တရုတ်မှာတော့ ကွန်မြူနစ်ပါတီက

MYANMAR HARP

၁၉၄၉ မှာ တော်လှန်ရေး အောင်ပွဲနဲ့အတူ အာဏာရလာခဲ့တယ်။ ၁၉၅၀ ခန့်ကဆိုရင် နှစ်နိုင်ငံစလုံးရဲ့ လူမှုရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေဟာ အတော်လေး နိမ့်ကျတာကို တွေ့ရတယ်။ ဒီနေ့မှာတော့ အိန္ဒိယမှာ တာရှည် ကျင့်သုံးနေဆဲဖြစ်တဲ့ ဒီမိုကရက်တစ် အုပ်ချုပ်ရေးကိုတွေ့ရပြီး၊ တရုတ်မှာတော့ ဆိုရှယ်လစ်အာဏာပိုင်ဝါဒကို ကျင့်သုံးနေတာကို တွေ့ရတယ်။ အိန္ဒိယရဲ့ ဒီမိုကရေစီဟာ ပြီးပြည့်စုံမှု ရှိချင်မှရှိမှာ ဖြစ်သလို၊ တရုတ်ရဲ့ အုပ်ချုပ်ရေးစနစ်အတွင်းမှာလည်း အချို့သော ဒီမိုကရက်တစ် အသွင်အပြင်တွေကို တွေ့ရကောင်း တွေ့ရနိုင်တယ်။ ဒါပေမယ့် တစ်ခုလုံးကို ခြုံကြည့်ရင်တော့ ကွာခြားမှုတွေက ရှင်းပါတယ်။ တွေ့နေရတာက ဒီမိုကရက်တစ် နိုင်ငံတစ်ခုနဲ့ အာဏာပိုင်နိုင်ငံတစ်ခုတို့ ဖြစ်ပြီး၊ ဒီနှစ်နိုင်ငံစလုံးမှာ နှစ်ပေါင်း ၅၀ ခန့် တည်ငြိမ်တဲ့ အုပ်ချုပ်ရေးရှိနေခဲ့ကြတယ်။ ပြီးတော့လည်း သူတို့မှာ အချို့သော အခြေခံအသွင်အပြင်တွေ တူညီနေကြပြီး၊ ဒီအထဲမှာ ၁၉၅၀ ခန့်က ဖွံ့ဖြိုးတိုးတက်မှု အနေအထား တူညီနေကြတာလည်း ပါဝင်တယ်။ ဒီနှစ်နိုင်ငံဟာဆိုရင် ဒီမိုကရေစီနဲ့ အာဏာပိုင်စနစ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို နှိုင်းယှဉ်လေ့လာဖို့အတွက် သင့်လျော်တဲ့ ဥပမာတွေ ဖြစ်ကြတယ်။

ဒီနေရာမှာ ပြောချင်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုတာမှာ ဖွံ့ဖြိုးမှုနဲ့ လူမှုဖူလုံရေးဆိုပြီး နှစ်ပိုင်းပါဝင်တယ်။ ပထမဦးဆုံး ဒီနှစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို အောက်ကဇယားကွက်မှာ လေ့လာကြည့်မယ်။

MYANMAR HARP

## အိန္ဒိယနှင့်တရုတ် စီးပွားရေးဖွံ့ဖြိုးမှုပြဇယား

| | တရုတ် | အိန္ဒိယ |
|---|---|---|
| တစ်ဦးချင်း စုစုပေါင်း<br>ပြည်တွင်းထုတ်ကုန် (၂၀၀၅)<br>(အမေရိကန် ဒေါ်လာ)<br>ပီပီပီ<br>(အမေရိကန်ဒေါ်လာ) | ၁၄၄၅<br><br>၅၈၇၈ | ၅၈၆<br><br>၃၁၁၈ |
| နှစ်စဉ်ဖွံ့ဖြိုးမှုနှုန်း။<br>တစ်ဦးချင်း စုစုပေါင်း<br>ပြည်တွင်းထုတ်ကုန် (%)<br>၁၉၆၅ – ၁၉၈၀<br>၁၉၈၀ – ၁၉၉၀<br>၁၉၉၀ – ၂၀၀၅ | ၆.၉<br>၁၀.၂<br>၉.၈ | ၃.၆<br>၅.၈<br>၃.၉ |
| စက်မှုလုပ်ငန်း ဖွံ့ဖြိုးမှု (နှစ်စဉ်<br>ရာခိုင်နှုန်း )<br>၁၉၆၅ – ၁၉၈၀<br>၁၉၈၀ – ၁၉၉၀<br>၁၉၉၁ – ၂၀၀၅ | ၁၂.၁<br>၁၁.၁<br>၁၂.၂ | ၅.၅<br>၇.၁<br>၆.၄ |
| လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှု (နှစ်စဉ်<br>ရာခိုင်နှုန်း )<br>၁၉၅၀ – ၁၉၈၀<br>၁၉၈၀ – ၁၉၉၀<br>၁၉၉၁ – ၂၀၀၅ | ၃.၁<br>၅.၉<br>၃.၉ | ၂.၃<br>၃.၁<br>၂.၅ |

အပေါ်မှာတွေ့ရတဲ့ ဖွံ့ဖြိုးမှုနှုန်းတွေရဲ့ သက်ရောက်မှုနဲ့ ပတ်သက်လို့ မေးခွန်းထုတ်စရာ ရှိပေမယ့်၊ အားလုံးခြုံကြည့်လိုက်ရင် တရုတ်ရဲ့ ဖွံ့ဖြိုးမှုနှုန်းက အိန္ဒိယထက် ပိုများတာကတော့သေချာတယ်။ သိပ်မကွာတာကတော့ ၁၉၅၀ နဲ့ ၁၉၈၀ ကြားက လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုဖြစ်တယ်။

အပေါ်က ဇယားကို ကြည့်ခြင်းအားဖြင့် အပေးအယူ လုပ်ရတယ် ဆိုတဲ့ အဆိုကို ထောက်ခံနေကြောင်း တွေ့ရတယ်။ ဆိုလိုတာက အာဏာပိုင်စနစ်ကျင့်သုံးတဲ့ တရုတ်က ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အိန္ဒိယထက် ဖွံ့ဖြိုးမှုနှုန်း ပိုမြင့်တယ်။ ဒီမိုကရေစီနဲ့ စီးပွားရေးဖွံ့ဖြိုးမှုကြားမှာ အပေးအယူလုပ်ရတယ်လို့ ယုံကြည်သူတွေကတော့ အာဏာပိုင်စနစ်ကျင့်သုံးတဲ့ တရုတ်အစိုးရက စားသုံးမှုကို တသမတ်တည်း လျှော့ချထားနိုင်ပြီး၊ ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးထားနိုင်တယ်လို့ ဆိုကြတယ်။ ပြီးတော့လည်း လျင်မြန်တဲ့ အပြောင်းအလဲကို လုပ်ဆောင်နေချိန်မှာပဲ၊ မတည်မငြိမ် မဖြစ်အောင် ထိန်းထားနိုင်တယ်လို့ ဆိုကြတယ်။

ဒီအဆိုဟာ မှန်သင့်သလောက်လည်း မှန်ပါတယ်။ ၁၉၈၀ ပြည့်နှစ်တွေကလွဲလို့၊ ကွန်မြူနစ်အစိုးရဟာ ရင်းနှီးမြှုပ်နှံမှုကို စားသုံးမှုထက် ပိုဦးစားပေးထားနိုင်ခဲ့တယ်။ ၁၉၅၆ နဲ့ ၁၉၇၅ အတွင်း အနှစ်နှစ်ဆယ် ကာလအတွင်းမှာတော့ ရင်းနှီးမြှုပ်နှံမှုကို လုပ်နိုင်ဖို့အတွက် စားသုံးမှုကို ကြီးမားစွာ လျှော့ချခဲ့ရတယ်။ ဒါပေမယ့် မြင့်မားတဲ့ ဖွံ့ဖြိုးမှုနှုန်းကို ရလာတာက စားသုံးမှုကို လျှော့ချခြင်းတစ်ခုတည်းကြောင့်တော့ မဟုတ်ဘူး။ အစိုးရက လယ်ယာနဲ့ စက်မှုလုပ်ငန်းတွေမှာ ကျယ်ပြန့်တဲ့ ပြုပြင်ပြောင်းလဲရေးတွေကို လုပ်ခဲ့ခြင်းကြောင့် ရင်းနှီးမြှုပ်နှံဖို့အတွက် စီးပွားရေးပိုလျှံမှုတွေ ရလာခဲ့တယ်။ တချိန်တည်းမှာပဲ၊ ပြုပြင်ပြောင်းလဲရေးကြောင့် ထုတ်ကုန်တွေ တိုးလာတယ်။ အထူးသဖြင့်က လယ်ယာစိုက်ပျိုးရေးမှာ ဖြစ်တယ်။ လေ့လာသူအချို့ကတော့ ဒီလို အခြေခံပြုပြင်ပြောင်းလဲရေးတွေ မရှိခြင်းက အိန္ဒိယရဲ့ ဖွံ့ဖြိုးမှုအတွက် ဖြစ်နိုင်ခြေတွေကို နိမ့်ကျစေခဲ့တာလို့ ဆိုကြတယ်။ ဘာရင်တန်မိုးရဲ့ လေ့လာချက်မှာဆိုရင်လည်း အိန္ဒိယက မြေရှင်တွေနဲ့ ငွေချေးသူတွေဟာ လယ်ယာကနေ ထွက်လာတဲ့ အပိုအလျှံ အတော်များများကို ရယူကြပြီး၊ အကျိုးမရှိ သုံးစွဲပစ်ကြတယ်လို့ သုံးသပ်ထားတယ်။ ပညာရှင်အချို့

MYANMAR HARP

ကလည်း ဒီအမြင်ကို ထောက်ခံခဲ့ကြပြီ။ အမှန်တကယ်လည်း အိန္ဒိယမှာ လယ်ယာစိုက်ပျိုးရေးကနေရတဲ့ ဝင်ငွေအပေါ် အခွန်ကောက်တာ အလွန်နည်းပါးကြောင်းတွေ့ရတယ်။ တချိန်တည်းမှာပဲ၊ အိန္ဒိယမှာ ၁၉၆၀ ပြည့်နှစ်တွေ အလယ်ပိုင်းလောက်မှာ စတင်လိုက်တဲ့ အစိမ်းရောင်တော်လှန်ရေးကြောင့် လယ်ယာထုတ်ကုန် ပမာဏ မြင့်မားလာခဲ့တယ်။ ဒါပေမယ့် စက်မှုဖွံ့ဖြိုးမှုကို အထောက်အကူပေးမယ့် လယ်ယာကဏ္ဍရဲ့ အကူအညီကတော့ လိုအပ်နေသေးတာကို တွေ့ရတယ်။

ဒါ့အပြင် တရုတ်ရဲ့ ဖွံ့ဖြိုးမှုနဲ့ ပတ်သက်ရင်လည်း ဆွဲဆောင်မှု သိပ် မကောင်းတဲ့ အချက်တွေကို သိဖို့လိုတယ်။ အာဏာပိုင်အစိုးရတွေက လျှင်မြန်တဲ့ စီးပွားရေးကို လုပ်နိုင်တဲ့ ပါဝါရှိတယ်ဆိုတဲ့အထဲမှာ အင်မတန် ဆိုးဝါးတဲ့ အမှားတွေကို ကျူးလွန်နိုင်တဲ့ ပါဝါနဲ့ အဲဒီအမှားတွေကို မပြင်ဆင်ပဲ ဆက်လက်ကျူးလွန်နေတဲ့ ပါဝါတွေလည်း ပါဝင်နေတယ်။ ၁၉၅၈ ခုနှစ်မှာ စတင်လိုက်တဲ့ မဟာခုန်ပျံကျော်လွှားမှုရဲ့ ရည်ရွယ်ချက်က အခြားသော စက်မှုထွန်းကားပြီး နိုင်ငံတွေကို တရုတ်ပြည်က ဆယ်နှစ်အတွင်း အမိုလိုက်ဖို့ ဖြစ်တယ်။ ဒါပေမယ့် လက်တွေ့မှာတော့ စက်မှုလုပ်ငန်းတွေလည်း ပျက်စီး၊ လယ်ယာစိုက်ပျိုးရေးလည်း ကမောက်ကမတွေ ဖြစ်ကုန်တယ်။ ကောက်ပဲသီးနှံ ထုတ်လုပ်မှုက ၁၉၅၉ မှာ ကျဆင်းသွားပြီး၊ ၁၉၅၃ အဆင့်ကို ပြန်ရောက်သွားတယ်။ ၁၉၇၈ ခုနှစ်ရောက်တော့မှသာ ၁၉၅၈ ခုနှစ်အဆင့်ကို ပြန်ရောက်လာတယ်။ စက်မှု ထွက်ကုန်က အစောပိုင်းမှာ မြင့်တက်လာပေမယ့်၊ ၁၉၆၁ – ၁၉၆၂ မှာ အောက်ကို ထိုးဆင်းသွားတယ်။ ထွက်ကုန်မြင့်တက်ပေမယ့် အရည်အသွေးက အလွန်ညံ့ဖျင်းသလို၊ ထွက်ကုန် ထိုးဆင်းသွားရတာကတော့ အဖွဲ့အစည်းတွေ ဖရိုဖရဲ ဖြစ်နေတာရယ်၊ အရင်းအမြစ်တွေကို တလွဲနေရာချထားမှုတွေကြောင့်ဖြစ်တယ်။ ဒီလို ဆိုးဆိုးဝါးဝါး မှားယွင်းနေပေမယ့် မော်စီတုန်းက သူ့ရဲ့ တကိုယ်ရေ ဂုဏ်သိက္ခာကို

MYANMAR HARP

ထိန်းသိမ်းနိုင်ဖို့ အတွက် ဒီအမှားကိုဆက်ပြီး ကျူးလွန်နေခဲ့တယ်။

တရုတ်ပြည်မှာ ကျင့်သုံးခဲ့တဲ့ စတာလင်ပုံစံ ဖွံ့ဖြိုးမှု မဟာဗျူဟာကို ပိုပြီး ယေဘုယျကျတဲ့ ရှုထောင့်ကနေ မေးခွန်းထုတ် ဆန်းစစ်ဖို့ လိုအပ်တယ်။ ဒီစနစ်မှာက အကြီးစား စက်မှုလုပ်ငန်းတွေကို ဦးစားပေးထားပြီး လယ်ယာစိုက်ပျိုးရေးကို တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ထားတယ်။ ဒီတော့ကာ လယ်ယာစိုက်ပျိုးရေးနဲ့ ပတ်သက်လို့ ရင်းနှီးမြှုပ်နှံမှုရော၊ စားသုံးမှုပါ တိုးလာဖို့က အခွင့်အလမ်း အနည်းငယ်သာရှိတယ်။ ဒီအချက်က ၁၉၈၀ မတိုင်ခင် တရုတ်ရဲ့ စက်မှုနဲ့ လယ်ယာကဏ္ဍနှစ်ခုကြားက ဖွံ့ဖြိုးမှုနှုန်း အတော်လေး ကွာဟတဲ့အချက်ကို ရှင်းပြနေတယ်။ ဒ့ါအပြင် ၁၉၈၀ မတိုင်ခင် တရုတ်ရဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးမှုက အိန္ဒိယထက် အနည်းငယ်သာ သာလွန်နေတာကိုလည်း ပြသနေတယ်။

ဒီစနစ်က မော်စီတုန်း ကွယ်လွန်ပြီးနောက် ပြောင်းလဲသွားတယ်။ တိန့်ရှောင်ဖိန် လက်ထက်မှာတော့ စက်မှုကဏ္ဍနဲ့ လယ်ယာကဏ္ဍတွေမှာ ပြုပြင်ပြောင်းလဲရေးတွေကို ဆောင်ရွက်လာတယ်။ ဗဟိုချုပ်ကိုင်မှုကို လျှော့ချဖို့နဲ့ ဈေးကွက်အင်အားစုတွေ အားကောင်းလာဖို့ကို ရည်ရွယ်လာတယ်။ ဒီပြုပြင်ပြောင်းလဲမှုကြောင့် ၁၉၈၀ ကစလို့ လယ်ယာကဏ္ဍရဲ့ ဖွံ့ဖြိုးမှုနှုန်းက မြင့်တက်လာတယ်။ ဒါပေမယ့် စက်မှုကဏ္ဍမှာ ဒီလိုပြုပြင်ပြောင်းလဲမှုကို လုပ်တဲ့အခါမှာတော့ ရှုပ်ထွေးမှုတွေကို ရင်ဆိုင်ခဲ့ရတယ်။ တကယ်တော့ တရုတ်ပြည်ဟာ အကူးအပြောင်း အခြေအနေမှာ ရောက်နေတာဖြစ်တယ်။ အရင် တုန်းကလို ဗဟိုချုပ်ကိုင်တဲ့ စီးပွားရေးနဲ့ နိုင်ငံရေးစနစ်တွေဆီကို ပြန်သွားဖို့ကို လူအနည်းငယ်ကသာ စိတ်ဝင်စားတော့တယ်။ ဒါပေမယ့် ဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီး ဈေးကွက်အခြေခံစနစ်ဆီ သွားဖို့ကျတော့ ခက်ခဲလှတယ်။ ဘာကြောင့်လဲဆိုတော့ အင်စတီကျူးရှင်းဆိုင်ရာ တင်ကူး အခြေအနေတွေကို ဖန်တီးထားနိုင်ဖို့ လိုအပ်တာကြောင့်ဖြစ်တယ်။ ဒီအထဲမှာ

MYANMAR HARP

ပါဝင်နေတာက ယှဉ်ပြိုင်ရာမှာ လိုက်နာရမယ့် စည်းမျဉ်းတွေ၊ ဘယ်အရာက ဥပဒေနဲ့ကိုက်ညီပြီး၊ ဘယ်အရာကတော့ ဥပဒေနဲ့ မကိုက်ညီဘူးဆိုတဲ့ သတ်မှတ်ချက်တွေ ဖြစ်တယ်။ ဒါပေမယ့် စည်းမျဉ်းစည်းကမ်းတွေ မရှင်းလင်းတာကြောင့် တကယ်တွေ့နေရတာက ထင်ကြေးနဲ့ ဆောင်ရွက်နေကြခြင်း ဖြစ်တယ်။ ပြောရမယ်ဆိုရင်တော့ အခြားစနစ်တစ်ခုဆီသွားတဲ့ ခရီးလမ်းဟာ လွယ်ကူချောမွေ့မှု မရှိတာကို တွေ့ရမယ်။

တရုတ်နဲ့ အိန္ဒိယတို့ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို ဆွေးနွေးပြီးတဲ့အခါမှာ၊ ဆက်လက်ပြီး လေ့လာမှာကတော့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရဲ့ နောက်မျက်နှာစာ တစ်ခုဖြစ်တဲ့ လူမှုဖူလုံရေး ဖြစ်တယ်။ လူမှုဖူလုံရေးရဲ့ အဆင့်အတန်းကို အကြောင်းအချက်တစ်ခုတည်းနဲ့ ပြလို့မရဘူး။ ဒါပေမယ့် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်က ထုတ်ပြန်တဲ့ လူသား ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာမှာတော့ နိုင်ငံတွေကို အဆင့်လိုက်ပြသထားတယ်။ ဒါကို အခြေခံပြီး၊ တရုတ်နဲ့ အိန္ဒိယတို့ကို နှိုင်းယှဉ်ကြည့်မယ်။

**တရုတ်နှင့် အိန္ဒိယနှိုင်းယှဉ်ချက်ဇယား**

| | တရုတ် | အိန္ဒိယ |
|---|---|---|
| ပျမ်းမျှလူ့သက်တမ်း | ၇၁.၆ | ၆၃.၃ |
| စာတတ်မြောက်မှုနှုန်း (၂၀၀၄)၊ (၁၅ နှစ်နှင့်အထက်) | ၉၁ % | ၆၁ % |
| ၅ နှစ်အောက်ကလေး သေဆုံးမှု (၂၀၀၃) | လူတစ်ထောင်တွင် ၃၇ | လူတစ်ထောင်တွင် ၈၇ |
| လူသားဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်း ၂၀၀၅ | ၀.၇၅၅ | ၀.၆၀၂ |

MYANMAR HARP

ဒီအချက်အလက်တွေမှာ မသေချာမှုအချို့ ရှိကောင်းရှိနိုင်ပေမယ့်၊ ယေဘုယျအားဖြင့်တော့ အခြေအနေကို ကောင်းကောင်းမြင်နိုင်တယ်။ ဒီအချက်အလက်တွေအရ တရုတ်ဟာ အိန္ဒိယထက် လူမှုဖူလုံရေးမှာ ပိုမြင့်တာကို တွေ့ရတယ်။ လူသားဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်းမှာလည်း တရုတ်က ပိုမြင့်တယ်။ ဒီဖယေားကွက်အတွင်းက ကိန်းဂဏန်းတွေဟာ လူဦးရေးအားလုံးအပေါ် ပျမ်းမျှယူထားတာကြောင့် ဆင်းရဲမွဲတေသူတွေရဲ့ အခြေအနေက ပိုဆိုးတယ်လို့ ဆိုရမယ်။ အိန္ဒိယမှာ အလွန်အမင်း ဆင်းရဲမွဲတေတဲ့သူက ၃၅ ရာခိုင်နှုန်းရှိပြီး၊ ဒီရာခိုင်နှုန်းက အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရကတည်းက အပြောင်းအလဲ သိပ်မရှိဘူး။ ၁၉၅၀ နဲ့ ၂၀၀၃ အတွင်းမှာ အိန္ဒိယ လူဦးရေက သန်း ၃၆၀ ကနေ တစ်ဘီလီယံ ကျော်သွားတဲ့အခါမှာတော့ ဆင်းရဲမွဲတေတဲ့ လူဦးရေလည်း အလွန်များပြားလာတယ်။ တရုတ်မှာတော့ အလွန်အမင်း ဆင်းရဲမွဲတေတဲ့သူက ၁၇ ရာခိုင်နှုန်းပဲရှိတယ်။

ဒီအချက်အလက်တွေအရ ဒီမိုကရက်တစ်အစိုးရတွေဟာ ရေရှည်ဆောင်ရွက်ရမယ့် ရင်းနှီးမြှုပ်နှံမှုနဲ့ ဖွံ့ဖြိုးမှုတွေကို ဦးစားမပေးဘဲ၊ ချက်ခြင်းအကောင်အထည်ပြနိုင်တဲ့ လူမှုဖူလုံရေးကိုသာ ဦးစားပေးလိမ့်မယ်ဆိုတဲ့ အဆိုကို မေးခွန်းထုတ်ဖို့ လိုအပ်လာတယ်။ ဒါဆိုရင် ဘာကြောင့် ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အိန္ဒိယဟာ လူမှုဖူလုံရေးကို ဒီထက် ပိုမလုပ်တာလဲ။

အမှန်တကယ်တော့ အိန္ဒိယအစိုးရ အဆက်ဆက်က လူမှုဖူလုံရေးကို ပိုမိုလုပ်ဆောင်ဖို့ ဆန္ဒရှိခဲ့ကြတယ်။ ဒါပေမယ့် လက်တွေ့ဆောင်ရွက်ဖို့က အခက်အခဲတွေ ရှိနေတယ်။ ပထမက ကောင်းမွန်တဲ့ ဆန္ဒဆိုပေမယ့်၊ ဒါကို လက်တွေ့ နိုင်ငံရေးဆောင်ရွက်ချက်အဖြစ် အသွင်ပြောင်းလဲနိုင်ဖို့ လိုတယ်။ ဒုတိယက နိုင်ငံရေးအရ ဆုံးဖြတ်လိုက်ပြီဆိုရင်တောင် အကောင်အထည်ဖော်မှုက မရှိဘူး။ အထူးသဖြင့်က ကျေးလက်ဒေသတွေမှာ ဒါမျိုးတွေ့ရတယ်။ ထိပ်ပိုင်းအီလစ်တွေက လူမှုဖူလုံရေးကို ခြိမ်းခြောက်မှုလို့

MYANMAR HARP

မြင်တယ်။ ဒါကြောင့် မဆောင်ရွက်နိုင်အောင် တားဆီးကြတယ်။ မြေယာပြန်လည်ဝေခြမ်းခြင်း။ အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ခြင်း၊ ကျေးလက်နေဆင်းရဲမွဲတေသူတွေကို ကာကွယ်ပေးခြင်းစတဲ့ အစီအစဉ်တွေကို ဆန့်ကျင်ကြတယ်။ အကောင်အထည် ဖော်တယ်ဆိုရင်တောင် ယိုပေါက်တွေကရှိနေသေးတယ်။ ဘဏ္ဍာငွေတွေဟာ အကျင့်ပျက်ခြစားတဲ့ အရာရှိတွေ၊ ကြားပွဲစားတွေရဲ့ လက်ထဲမှာ အဆုံးသတ်သွားတယ်။ အကျိုးအမြတ်တွေကို ရည်ရွယ်ချက်ထဲမှာ မပါတဲ့ ဝင်ငွေကောင်းတဲ့သူတွေက ခံစားသွားကြတယ်။

လူမှုဖူလုံရေး ရှေ့မတိုးနိုင်အောင် ဖန်တီးနေတဲ့ အကြောင်းအချက်တွေလည်း ရှိသေးတယ်။ သူတို့ရဲ့ တည်ရှိမှုကို ရှင်းပြဖို့ဆိုရင် အိန္ဒိယရဲ့ ဒီမိုကရေစီအခြေခံကိုဖြစ်စေတဲ့ လူမှုစီးပွားနဲ့ နိုင်ငံရေးပါဝါတွေရဲ့ တည်ဆောက်ပုံကို ကြည့်ဖို့လိုတယ်။ လွတ်လပ်ရေးရကတည်းက ကွန်ဂရက်ပါတီကို အုပ်စုသုံးစုက လွှမ်းမိုးထားတယ်။ အဲဒါတွေကတော့ မြို့ပြမှာ နေထိုင်တဲ့ တတ်သိပညာရှင်များ။ စက်မှုကဏ္ဍနဲ့ ကုန်သွယ်ရေးကဏ္ဍအတွင်းက လူလတ်တန်းစားများနဲ့ ကျေးလက်က မြေရှင်အီလစ်တွေ ဖြစ်ကြတယ်။ အကြမ်းဖျဉ်းပြောရမယ်ဆိုရင်တော့ ကွန်ဂရက်ပါတီက ဦးဆောင်တဲ့ အစိုးရအဖွဲ့တွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေး ပေါ်လစီတွေဟာ ဒီအုပ်စုသုံးစုရဲ့ အကျိုးစီးပွားတွေကို ကာကွယ်ပေးထားတယ်။

ဒါကြောင့် လွတ်လပ်ရေးရတဲ့အချိန်ကစလို့ အိန္ဒိယရဲ့ဖွံ့ဖြိုးတိုးတက်ရေး ပေါ်လစီတွေကို ဘယ်သူတွေ ခံစားရသလဲလို့ မေးရင် ဒီအုပ်စုသုံးစုကို မြင်ရမယ်။ ပထမက အိန္ဒိယဘူဇွာလူတန်းစား (စက်မှုကဏ္ဍအတွင်းက အရင်းရှင်လူတန်းစား) ဖြစ်တယ်။ သူတို့ရဲ့ လက်ဝါးကြီးအုပ်ထားနိုင်စွမ်းကြောင့် ဒီဘူဇွာတွေဟာ ပြည်တွင်းဈေးကွက်ကို ကာကွယ်ထားနိုင်တယ်။ စက်မှုကဏ္ဍရဲ့ အခြေခံအဆောက်အအုံတွေအတွက် ကြီးမားတဲ့ အများပြည်သူ ဘဏ္ဍာငွေကို သုံးစွဲခြင်းကနေလည်း အကျိုးအမြတ်ကိုရတယ်။

MYANMAR HARP

အများပြည်သူဆိုင်ရာ ဘဏ္ဍာရေး အင်စတီကျူးရှင်းတွေဆီကနေလည်း ဘဏ္ဍာရေး အရင်းအမြစ်တွေကို သက်သက်သာသာ ရတယ်။ အခွန်အတုပ် ကလည်း သူတို့အတွက် ကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုး ဘယ်တုန်းကမှ မဖြစ် ခဲ့ဘူး။

ဒုတိယကတော့ ချမ်းသာတဲ့ လယ်သမားတွေဖြစ်တယ်။ လယ်ယာ ထွက်ကုန်တွေအပေါ် ဈေးနှုန်း အကာအကွယ်ပေးမှုနဲ့ ဓာတ်မြေဩဇာ၊ စွမ်း အင်နဲ့ ရေတို့လို သွင်းအားစုတွေအတွက် အစိုးရကနေ အကုန်အကျခံပေး မှုကြောင့် အကျိုးအမြတ်တွေကို ရကြတယ်။ ဒါ့အပြင် လယ်ယာမြေပြုပြင် ပြောင်းလဲရေး မလုပ်နိုင်အောင် သူတို့က တားဆီးနိုင်ကြပြီး၊ လယ်ယာမြေ ကနေရတဲ့ ဝင်ငွေနဲ့ ခနအပေါ် ထိရောက်တဲ့ အခွန်ကောက်ခံမှုကလည်း မရှိဘူး။

တတိယအုပ်စုကတော့ ဗျူရိုကရေစီပဲဖြစ်တယ်။ ဒီအထဲမှာ အများ ပြည်သူနဲ့ သက်ဆိုင်တဲ့ ဌာနတွေအတွင်းက တတ်သိပညာရှင်တွေနဲ့ ကော်လာဖြူလုပ်သားတွေ ပါဝင်တယ်။ အများပြည်သူကဏ္ဍကို ချဲ့ထွင် မှုကနေ ဒီအုပ်စုက အကျိုးအမြတ်တွေကို ရနေတယ်။ အစိုးရကနေ နိုင်ငံပိုင် လုပ်ငန်းတွေနဲ့ စီးပွားရေးအတွင်း တိုက်ရိုက်ပါဝင်ခြင်း လုပ်သလို၊ တိုက်ရိုက် မဟုတ်တဲ့ ချုပ်ကိုင်မှုတွေကိုလည်း လုပ်တယ်။ ပုဂ္ဂလိက လုပ်ငန်းတွေ အတွက် လိုင်စင်ထုတ်ပေးခြင်း၊ အကုန်အကျခံပေးခြင်းနဲ့ အခြားသော မျက်နှာသာပေးမှုတွေ လုပ်နိုင်စွမ်း သူ့မှာ ရှိနေတယ်။

အချုပ်အားဖြင့် ပြောရရင် အိန္ဒိယလူဦးရေရဲ့ နှစ်ဆယ်ရာခိုင်နှုန်း ခန့်ရှိပြီး ညွန့်ပေါင်းအဖွဲ့ပုံစံဖြစ်နေတဲ့ ဒီအုပ်စုသုံးစုကို အိန္ဒိယ အစိုးရ အဆက်ဆက်က ဦးစီးပေးနေတယ်။ အစိုးရရဲ့ ပေါ်လစီတွေဟာ ရေရှည်မှာ သူတို့ကိုသာ အကျိုးရှိစေတာကြောင့် သူတို့ရဲ့ အနေအထားတွေက ဆက် ခိုင်မာနေတယ်။ အိန္ဒိယရဲ့ ဖွံ့ဖြိုးတိုးတက်ရေးပေါ်လစီတွေဟာ ဒီအုပ်စုသုံးစု

MYANMAR HARP

လက်မခံနိုင်တာမျိုး ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူး။ ဆင်းရဲတဲ့ ပြည်သူအများစု ကတော့ ဒီအနေအထားတွေကို ပြောင်းလဲနိုင်ဖို့ စုစည်းညီညွတ်မှုမရှိဘဲ၊ နိုင်ငံရေးအရလည်း အားနည်းလှတယ်။

ဒါဆိုရင် အာဏာပိုင်စနစ်ကျင့်သုံးတဲ့ တရုတ်နိုင်ငံကျတော့ စီးပွားရေးဖွံ့ဖြိုးမှုကို ဦးစားပေးပါလျက်နဲ့ ဘာကြောင့် လူမှုဖူလုံရေး အခြေအနေက ပိုကောင်းနေတာလဲ။ တစ်ဖက်မှာကြည့်ရင် လယ်ယာစိုက်ပျိုးရေးမှာ ပြုလုပ်တဲ့ ပြုပြင်ပြောင်းလဲရေးတွေကြောင့် ဖွံ့ဖြိုးမှုသာမက၊ လူမှုဖူလုံရေးလည်း တိုးတက် လာခဲ့တယ်။ တွေ့ရှိချက်တစ်ခုအရ လယ်ယာမြေ ပြုပြင်ပြောင်းလဲမှုကြောင့် ကျေးလက်မှာနေတဲ့ အဆင်းရဲဆုံးအိမ်ထောင်စု ငါးပုံတစ်ပုံရဲ့ ဝင်ငွေဟာ ၆ ရာခိုင်နှုန်းကနေ ၁၁ ရာခိုင်နှုန်းအထိ တိုးလာတာကို တွေ့ရတယ်။ နောက်တစ်ဖက်မှာကျတော့ လူမှုဖူလုံရေးကို တိုးတက်စေဖို့ ရည်ရွယ်တဲ့ ဆောင်ရွက်ချက်တွေကို တွေ့ရတယ်။ ဒါနဲ့ပတ်သက်ပြီး နယ်ပယ်သုံးခုကို တွေ့ရတယ်။ အဲဒါတွေကတော့ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနဲ့ အများပြည်သူအတွက် ဖြန့်ဖြူးပေးတဲ့ စနစ်တွေပဲဖြစ်တယ်။ ၁၉၅၀ ပြည့်နှစ်တွေအတွင်းမှာ စတင်လိုက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု စနစ်ကြောင့် ပျမ်းမျှကျန်းမာရေး အခြေအနေတွေ တိုးတက်လာပြီး၊ ၁၉၆၀ ပြည့်နှစ်တွေအတွင်းမှာတော့ ကျေးလက်ဒေသတွေအထိ ရောက်အောင် လုပ်နိုင်ခဲ့တယ်။ အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှုမှာ အဓိကကျတဲ့ ကြိုတင်ကာကွယ်မှု အပြင် ကုသမှုပိုင်းကိုလည်း တိုးတက်အောင် လုပ်နိုင်ခဲ့တယ်။ ပညာရေးကို ကြည့်ရင်လည်း ၁၉၈၃ ခုနှစ်ရောက်တဲ့အချိန်မှာ မူလတန်းတက်ရောက်သူ ၉၃ ရာခိုင်နှုန်းအထိရှိပြီး၊ ကျေးလက်ဒေသမှာ သုံးပုံတစ်ပုံခန့် ကျောင်းထွက်ကြပေမယ့်၊ ပညာရေးအဆင့်အတန်းကိုတော့ တိုးတက်လာအောင် လုပ်နိုင်ခဲ့တယ်။ နောက်ဆုံးအနေနဲ့ တရုတ်ပြည်ရဲ့ လူမှုလုံခြုံရေးစနစ်မှာဆိုရင် အစားအစာတွေကို အများပြည်သူနဲ့ သက်ဆိုင်တဲ့ လမ်းကြောင်းတွေ

MYANMAR HARP

ကနေတဆင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်တာကို တွေ့ရတယ်။

ဒါပေမယ့်လည်း အိန္ဒိယရဲ့ လူမှုဖူလုံရေးကိုကြည့်ရင်လည်း ကောင်းကွက်လေးတွေကို တွေ့နိုင်ပါတယ်။ ဒီမိုကရက်တစ် အိန္ဒိယက အင်မတန်ဆိုးဝါးတဲ့ အခြေအနေတွေကို ဖြစ်စေခဲ့တဲ့ တရုတ်ရဲ့ မဟာခုန်ပျံကျော်လွှားမှုလိုမျိုး အလွန်အကျွံပေါ်လစီတွေကို ရှောင်ရှားနိုင်ခဲ့တယ်။ လွတ်လပ်ရေးရပြီးကတည်းက အိန္ဒိယမှာ အငတ်ဘေးမရှိခဲ့ဘူး။ ဒီလို ဖြစ်လာနိုင်တဲ့အခြေအနေကိုတွေ့တာနဲ့ လွတ်လပ်တဲ့ သတင်းမီဒီယာတွေကနေ ဖော်ပြတာကြောင့် အစိုးရကလည်း အလျင်အမြန် ဖြေရှင်းပေးတယ်။ တရုတ်ပြည်မှာတော့ အခြေအနေချင်း မတူဘူး။ ဥပမာအားဖြင့် မဟာခုန်ပျံကျော်လွှားမှုရဲ့ ဆိုးကျိုးတွေနဲ့ သူ့ကြောင့်ဖြစ်လာတဲ့ ပြင်းထန်လှတဲ့ အငတ်ဘေးကိုဖော်ပြပေးမယ့် လွတ်လပ်တဲ့ သတင်းမီဒီယာတွေမရှိဘူး။ ဒီအငတ်ဘေးကြောင့် လူ ၁၆ သန်းကနေ သန်း ၃၀ အတွင်း သေဆုံးခဲ့ရတယ်လို့ ခန့်မှန်းကြတယ်။ အိန္ဒိယကို ကြည့်ပြန်တော့ သူ့မှာ ပိုပြီးပွင့်လင်းတဲ့ နိုင်ငံရေးစနစ်ရှိနေပေမယ့် တနိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့ အစာအာဟာရချို့တဲ့မှုကို ထိရောက်စွာ မဖြေရှင်းနိုင်ပြန်ဘူး။

အချုပ်ဆိုရရင်တော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ သွင်ပြင်တွေဖြစ်တဲ့ ဖွံ့ဖြိုးမှုနဲ့ လူမှုဖူလုံရေးတွေကို ခြုံကြည့်ရင် အာဏာပိုင်စနစ်ကျင့်သုံးတဲ့ တရုတ်က ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ အိန္ဒိယထက်သာတာကို တွေ့ရတယ်။ တရုတ်ပြည်ရဲ့ ရယ်ဒီကယ်ကျတဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး၊ လူအများစုရဲ့ လူနေမှုအဆင့်အတန်းကိုလည်း မြှင့်တင်ပေးခဲ့တယ်။ တကယ်တော့ အားကောင်းတဲ့ ခေါင်းဆောင်မှုသာ မရှိရင် ဒီပြုပြင်ပြောင်းလဲမှုတွေ မအောင်မြင်နိုင်ဘူး။ ဒါပေမယ့်လည်း ဒီပြုပြင်ပြောင်းလဲမှုတွေကြောင့် ပဋိပက္ခတွေ၊ ပေါ်လစီအမှားတွေ ပေါ်ထွက်လာပြီး လူပေါင်းများစွာ ဒုက္ခခံစားခဲ့ရသလို၊ အသက်ပေါင်းများစွာလည်း

MYANMAR HARP

သုံးရှုံးခဲ့ရတယ်။ ဒါ့အပြင် ဒီလို အားကောင်းတဲ့ ခေါင်းဆောင်မှုနဲ့အတူ အခြေခံနိုင်ငံသားနဲ့ နိုင်ငံရေးအခွင့်အရေးတွေ ကင်းမဲ့နေတဲ့ နိုင်ငံရေးစနစ်ကိုလည်း တွေ့နေရတာဖြစ်တယ်။

အိန္ဒိယမှာတော့ ဒီမိုကရက်တစ် အစိုးရက ပြည်သူတွေရဲ့ အခြေခံနိုင်ငံသားနဲ့ နိုင်ငံရေးအခွင့်အရေးတွေကို အတော်လေး ကာကွယ်ပေးတယ်။ အငတ်ဘေးလို လူအမြောက်အများကို ဘေးဒုက္ခရောက်မှုတွေ ဖြစ်စေတဲ့ အလွန်အကျွံ ပေါ်လစီတွေကို ရှောင်ရှားနိုင်ခဲ့တယ်။ စီးပွားရေး ဖွံ့ဖြိုးမှုနှုန်းဆိုရင်လည်း တည်ငြိမ်ပြီး၊ လေးစားလောက်တဲ့ အဆင့်အတန်းမှာ ရှိနေတယ်။ ဒါပေမယ့် အိန္ဒိယဟာ ဒီမိုကရေစီဆိုပေမယ့်၊ အလွန်မညီမျှတဲ့ လူမှုတည်ဆောက်ပုံတွေကို တွေ့နေရတယ်။ လူမှုအဆောက်အအုံမှာ ထိပ်ပိုင်းအီလစ်တွေက လွှမ်းမိုးထားပြီး၊ ဆင်းရဲသားတွေ အကျိုးဖြစ်စေမယ့် ပေါ်လစီတွေ ထွက်ပေါ်မလာအောင် ဟန့်တားကြတယ်။ လူမှုဖူလုံရေး အားနည်းမှုကြောင့်လည်း တရုတ်မှာလို အလွန်ဆိုးဝါးတဲ့ အခြေအနေမျိုး မဖြစ်ပေမယ့်၊ လူအတော်များများဟာ ဆင်းရဲဒုက္ခကို ခံစားကြရတယ်။ အထူးသဖြင့် အလွန်အမင်း ဆင်းရဲမွဲတေနေတဲ့ ၃၅ ရာခိုင်နှုန်းခန့်က ဒီလို ဒုက္ခတွေကို ခံစားနေရတာဖြစ်တယ်။

## အာဏာပိုင်စနစ်၏ပုံစံများ

အိန္ဒိယနဲ့ တရုတ်ကို နှိုင်းယှဉ်ခြင်းဖြင့် ဒီမိုကရက်တစ် အုပ်ချုပ်ရေးနဲ့ အာဏာပိုင် အုပ်ချုပ်ရေး အသီးသီးရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်လို့ မသိမသာကွဲပြားတဲ့ ငြင်းခုံမှုတွေကို တွေ့နိုင်တယ်။ ဒါပေမယ့် နိုင်ငံနှစ်နိုင်ငံကိုသာ လေ့လာရုံနဲ့တော့ ပြတ်သားတဲ့ အဖြေမရနိုင်ဘူး။ ဒီလို နှိုင်းယှဉ် ကြည့်ရုံနဲ့ တရုတ်နဲ့ အိန္ဒိယကြားက ဆက်ဆံရေးကို ဘာမှမပြောနိုင်သလို၊ အာဏာပိုင်အုပ်ချုပ်ရေးနဲ့ ဒီမိုကရက်တစ်အုပ်ချုပ်ရေးတွေနဲ့

MYANMAR HARP

ပတ်သက်တဲ့ အခြားဥပမာတွေကိုလည်း မရှင်းပြနိုင်ပါဘူး။ တရုတ်နဲ့ အိန္ဒိယကို နှိုင်းယှဉ်ခြင်းဖြင့် အိန္ဒိယရဲ့ ဒီမိုကရေစီဟာ အမှတ်ကောင်းကောင်း မရတာကို လက်ခံပေမယ့်၊ အာဏာပိုင်စနစ်နဲ့ ဒီမိုကရက်တစ် စနစ်တွေရဲ့ မတူတဲ့ ပုံစံတွေကို ပိုသိဖို့ လိုအပ်သလို၊ ဒီအထဲမှာ တရုတ်နဲ့ အိန္ဒိယတို့က ဘယ်လိုအနေအထားနဲ့ ရှိနေသလဲဆိုတာကိုလည်း အလေးတကြီး ကောက်ချက်မချခင် နားလည်ထားဖို့ လိုအပ်တယ်။ တကယ်တော့ တရုတ်နဲ့ အခြားနိုင်ငံ အနည်းငယ်ဟာ အာဏာပိုင်စနစ်ကို ကျင့်သုံးပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်တဲ့နိုင်ငံတွေဖြစ်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုရော၊ လူမှုဖူလုံရေးကိုပါ မြှင့်တင်နိုင်စွမ်းရှိကြတယ်။ ဖွံ့ဖြိုးတိုးတက်မှု ရလာဒ်တွေကို ကြည့်မယ်ဆိုရင် အာဏာပိုင်နိုင်ငံ အတော်များများက အပေါ်မှာပြောခဲ့တဲ့ပုံစံလောက် မကောင်းတဲ့ ပုံစံနှစ်မျိုးအတွင်းမှာ ရှိနေကြတယ်။ အချို့က ဖွံ့ဖြိုးမှုကို တွန်းတွန်းတိုက်တိုက် လုပ်ပေမယ့်၊ လူမှုဖူလုံရေးကို မဆောင်ရွက်နိုင်ကြဘူး။ ပိုပြီးဆိုးတာက နှစ်မျိုးစလုံးကို မလုပ်နိုင်တာပဲ။ နောက်ဆုံးပုံစံမှာ ပါဝင်တဲ့ အစိုးရတွေဆိုရင် သူတို့ရဲ့ အဓိကရည်ရွယ်ချက်က စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေဖို့ မဟုတ်ဘဲ၊ နိုင်ငံတော်ကို ထိန်းချုပ်ထားတဲ့ ထိပ်ပိုင်းအီလစ်တွေရဲ့ ကိုယ်ကျိုးစီးပွားကို ဆောင်ရွက်ဖို့သာဖြစ်တယ်။ ဒီပုံစံသုံးမျိုးကို အောက်က ဇယားထဲမှာ ဖော်ပြထားတယ်။

**အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးတိုးတက်မှုပြဇယား**

| ပုံစံ | ဖွံ့ဖြိုးမှု | လူမှုဖူလုံရေး | ဥပမာ |
|---|---|---|---|
| အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးတိုးတက်မှု ပုံစံ | ရှိသည် | ရှိသည် | တရုတ်နိုင်ငံနှင့် ယခင် အာဏာပိုင်စနစ် အောက်တွင် ရှိခဲ့စဉ်က ထိုင်ဝမ်နိုင်ငံ |

| | | | |
|---|---|---|---|
| အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးမှုပုံစံ | ရှိသည် | မရှိပါ | စစ်အုပ်ချုပ်မှုအောက်တွင် ရှိစဉ်က ဘရာဇီးလ်နိုင်ငံ |
| အာဏာပိုင်စနစ်အခြေခံ ထိပ်ပိုင်းအီလစ် အကျိုးစီးပွားအဓိက ပုံစံ | မရှိပါ | မရှိပါ | မိုဘူတူ လက်အောက်က ဇိုင်ယာနိုင်ငံ |

## အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးတိုးတက်မှုပုံစံ

ဒီပုံစံရဲ့ ထူးခြားတဲ့ သွင်ပြင်ကတော့ ဖွံ့ဖြိုးမှုနဲ့ လူမှုဖူလုံရေး နှစ်မျိုးစလုံးကို မြှင့်တင်နိုင်စွမ်း ရှိခြင်းဖြစ်တယ်။ အစိုးရက ပြုပြင်ပြောင်းလဲမှုကို လုပ်ချင်စိတ်ရှိပြီး၊ ထိပ်ပိုင်းအီလစ်တွေရဲ့ အကျိုးစီးပွားအခြေခံ ထိန်းချုပ်မှုကနေ အတော်လေး ကင်းလွတ်နိုင်တာကို တွေ့ရတယ်။ အစိုးရအနေနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာမှာ ဖွံ့ဖြိုးမှုအပြင် လူမှုဖူလုံရေးကိုပါ ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ထားတယ်။ အကောင်းဆုံးဥပမာအနေနဲ့ တရုတ်နိုင်ငံကို တွေ့နိုင်တယ်။ အရင်းရှင်စနစ် ကျင့်သုံးတဲ့ ထိုင်ဝမ်ဆိုရင်လည်း အာဏာပိုင်စနစ်ကို ၁၉၄၉ ကနေ ၁၉၉၀ ပြည့်နှစ် အစောပိုင်းအထိ ကျင့်သုံးခဲ့တယ်။ သူ့ကိုလည်း ဒီပုံစံရဲ့ အကောင်းဆုံး ဥပမာတစ်ခုအဖြစ် တွေ့နိုင်တယ်။ တရုတ်လိုပဲ၊ ထိုင်ဝမ်ကလည်း ရယ်ဒီကယ်ကျတဲ့ လယ်ယာမြေ ပြုပြင်ပြောင်းလဲရေးတွေကို လုပ်ပြီး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်တယ်။ စီးပွားရေးအပိုအလျှံတွေကို လယ်ယာကဏ္ဍကနေ စက်မှုကဏ္ဍကို ပြောင်းရွှေ့တယ်။ တရုတ်မှာလိုပဲ၊ စီးပွားရေးမှာ နိုင်ငံတော်ရဲ့ ပါဝင်ပတ်သက်မှုက အတော်ကြီးမားတယ်။

ဒါပေမယ့် ဒီနှစ်နိုင်ငံကြားမှာ မတူညီတဲ့ အချက်တွေလည်းရှိတယ်။ ထိုင်ဝမ်ကိုကြည့်မယ်ဆိုရင် အချို့သော အချက်တွေမှာ တရုတ်ထက် ပိုအောင်မြင်တာကို တွေ့ရမယ်။ ပထမအချက်က နိုင်ငံနှစ်နိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့ စတင်ဆောင်ရွက်တဲ့အချိန်ဖြစ်တယ်။ ဒီအတွေ့အကြုံ

MYANMAR HARP

နှစ်ခုဟာ ကွာခြားတယ်။ တရုတ်ဟာ နှစ်ဆယ်ရာစုအတွင်း ပထမ နှစ်ငါးဆယ်မှာ ပြင်းထန်တဲ့ ပြည်တွင်းစစ်ကို ရင်ဆိုင်ခဲ့ရတယ်။ ထိုင်ဝမ်ကတော့ အဲဒီအချိန်အတွင်းမှာ ဂျပန်လက်အောက်ကို ရောက်နေတာကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံတွေကို ရရှိနိုင်ခဲ့တယ်။ ဒုတိယက တရုတ်မှာ ကျင့်သုံးတဲ့ ဗဟိုကချုပ်ကိုင်တဲ့ စီးပွားရေးမျိုးကို ထိုင်ဝမ်မှာ မကျင့်သုံးဘူး။ ထိုင်ဝမ်အစိုးရက စီးပွားရေးပါဝါတွေကို လက်ဝါးကြီးအုပ်ဖို့ မကြိုးစားခဲ့ဘူး။ ထိုင်ဝမ် သွားတဲ့လမ်းကြောင်းက ဂျပန်နဲ့ခပ်ဆင်ဆင်တူပြီး ဈေးကွက်အင်အားစုတွေနဲ့ ပုဂ္ဂလိက ပစ္စည်းပိုင်ဆိုင်မှုကို တွဲဖက်ထားသလို၊ ဈေးကွက်ကို နိုင်ငံတော်က ကြီးမားစွာ လမ်းညွှန်ပေးတယ်။ ထိုင်ဝမ်အနေနဲ့ နိုင်ငံတော်ရဲ့ အလွန်အကျွံစွက်ဖက်မှုကို မလုပ်မိအောင် ရှောင်ရှားနိုင်ခဲ့သလို၊ အထိန်းအချုပ်မရှိတဲ့ ဈေးကွက်အင်အားစုတွေကြောင့် ဖြစ်လာမယ့် အလွန်အကျွံလစ်ဘရယ်ဝါဒ မဖြစ်လာအောင်လည်း ရှောင်ရှားနိုင်ခဲ့တယ်။ တတိယက ထိုင်ဝမ်ရဲ့ လယ်ယာကဏ္ဍမှာရော၊ စက်မှုကဏ္ဍမှာပါ ဖွံ့ဖြိုးမှုနဲ့ ကုန်ထုတ်လုပ်မှု ဖြစ်စဉ်တွေဟာ ချောမွေ့ခဲ့တယ်။ လယ်ယာကဏ္ဍမှာ မိသားစုအခြေခံ စိုက်ပျိုးမွေးမြူရေးစနစ်ကို တွေ့ရပြီး၊ စက်မှုကဏ္ဍမှာတော့ လုပ်အားကဲ ကုန်ထုတ်လုပ်မှုတွေကို တွေ့ရတယ်။ ဒီစီးပွားရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်ကြောင့် ထိုင်ဝမ်ဟာ တရုတ်မှာလိုမျိုး ပေါ်လစီအမှားတွေကြောင့်ဖြစ်တဲ့ ပြင်းထန်တဲ့ ဆုတ်ယုတ်မှုတွေကို မတွေ့ခဲ့ရဘူး။ ဒါ့အပြင် သူ့ရဲ့ လုပ်ငန်းစဉ်တစ်ခုလုံးအတွက်လည်း အမေရိကန်ဆီကနေ အရေးပါတဲ့ စီးပွားရေး အထောက်အပံ့တွေရတယ်။ တရုတ်ကကျတော့ စီးပွားရေးဖွံ့ဖြိုးဖို့အတွက် အကြီးစားစက်မှုလုပ်ငန်းတွေကို အလေးပေးပြီး၊ အသေးစားစက်မှုလုပ်ငန်းတွေနဲ့ လယ်ယာကဏ္ဍ ဖွံ့ဖြိုးဖို့ကို အားမပေးတဲ့ စတာလင်စနစ်ပုံစံကို ဆောင်ရွက်ခဲ့တယ်။ ဒီပေါ်လစီကို ၁၉၇၀ ပြည့်နှစ်တွေ အဆုံးပိုင်းအထိ ကျင့်သုံးခဲ့တာလည်း ဖြစ်တယ်။ ဒါ့အပြင် တရုတ်ဟာ နိုင်ငံတကာ

MYANMAR HARP

မှာ နှစ်ပေါင်းများစွာ အထီးကျန်နေခဲ့ပြီး၊ ၁၉၅၀ ပြည့်နှစ်တွေအတွင်း ဆိုဗီယက်နဲ့ မိတ်ဖွဲ့မှုကနေရလာတဲ့ စီးပွားရေးအထောက်အပံ့ကလည်း အမေရိကန်ဆီကနေ ထိုင်ဝမ်ရတဲ့ အထောက်အပံ့နဲ့ယှဉ်ရင် ပိုနည်းပါးတယ်။ ထိုင်ဝမ်ရဲ့ အောင်မြင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကြောင့်လည်း ၁၉၉၀ ပြည့်နှစ်တွေအတွင်းမှာ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းလာနိုင်ခဲ့တယ်။

တချိန်ကဆိုရင် အာရှကျားလေးကောင်ဖြစ်တဲ့ ထိုင်ဝမ်၊ တောင်ကိုရီးယား၊ ဟောင်ကောင်နဲ့ စင်ကာပူတို့ဟာ အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးတိုးတက်မှုပုံစံကို ပြသနေပြီး၊ ဒါဟာ အခြားနိုင်ငံတွေအတွက်လည်း အတုယူစရာလို့ ထင်ခဲ့ကြဘူးတယ်။ ဒါပေမယ့် ဒီနေ့အချိန်မှာတော့ ဒီအမြင်မှန်ကြောင်းကို သက်သေမပြနိုင်ဘူး။ ဗီယက်နမ်ကတော့ တရုတ်ရဲ့ ပုံစံကိုလိုက်ပြီး၊ စီးပွားရေးဖြေလျှော့ပေးမှုနဲ့ ဖွံ့ဖြိုးမှုတွေကို ဆောင်ရွက်တာကြောင့် လတ်တလောမှာ အာဏာပိုင်စနစ် အခြေခံ ဖွံ့ဖြိုးတိုးတက်မှုပုံစံကို ပြသနေတယ်လို့ ပြောနိုင်တယ်။ ဒါပေမယ့် ကမ္ဘာကြီးရဲ့ အခြားဒေသတွေမှာတော့ ဒီပုံစံကို တွေ့ဖို့ခက်တယ်။ တကယ်တော့ ဒီလိုပုံစံ ဖြစ်ပေါ်လာတယ်ဆိုတာဟာ စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးနဲ့ အခြားသော တင်ကူးအခြေအနေတွေရဲ့ ပေါင်းစပ်မှုကြောင့်ဖြစ်ပြီး၊ အခြားဒေသတွေမှာ ပုံတူကူးချဖို့ ဖြစ်နိုင်ချင်မှ ဖြစ်နိုင်လိမ့်မယ်။

### အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးမှုပုံစံ

ဒီပုံစံမှာတော့ အစိုးရကို ထိပ်ပိုင်းအီလစ်တွေက လွှမ်းမိုးထားပြီး၊ သူတို့က စီးပွားရေးဖွံ့ဖြိုးဖို့ ဆောင်ရွက်ပေမယ့်၊ လူမှုဖူလုံရေးကို အလေးမပေးဘူး။ ဥပမာအနေနဲ့ ၁၉၆၄ ခုနှစ်ကနေ ဒီမိုကရေစီ ပြန်လည်အသွင်ကူးပြောင်းလာတဲ့အချိန်ထိ ရှိခဲ့တဲ့ စစ်အုပ်ချုပ်မှုအောက်က ဘရာဇီးလ်နိုင်ငံကိုတွေ့နိုင်တယ်။ အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးမှုပုံစံအဖြစ်နဲ့ ဘရာဇီးလ်

MYANMAR HARP

မှာ အောက်ပါ လက္ခဏာရပ်တွေကို တွေ့ရတယ်။ သူက စီးပွားရေးဖွံ့ဖြိုးဖို့ကို ရည်မှန်းချက်ထားပြီး အားကောင်းတဲ့ နိုင်ငံ့စီးပွားရေးကို တည်ဆောက်ဖို့ ရည်ရွယ်ထားတယ်။ ဒါနဲ့အတူ အားကောင်းတဲ့ စစ်ရေးပါဝါကို ရမယ်လို့ မျှော်လင့်ထားတယ်။ သူက လွှမ်းမိုးထားတဲ့ လူမှုရေးအင်အားစုတွေရဲ့ အကျိုးစီးပွားကို အလေးထားသလို၊ ဖွံ့ဖြိုးမှုအတွက် လိုအပ်တဲ့ စီးပွားရေး ပိုလျှံအရင်းတွေရဖို့အတွက် အလုပ်သမားတွေနဲ့ လယ်သမားတွေကို အသုံးပြုတယ်။

ဒါကြောင့် ဘရာဇီးလ်ဟာ ထိပ်ပိုင်းအီလစ်တွေကို အဓိကထားတဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံစံဖြစ်တယ်။ ဒီအတွက် နိုင်ငံအတွင်းက ပုဂ္ဂလိကအရင်း၊ နိုင်ငံပိုင်လုပ်ငန်းတွေနဲ့ နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေက လက်တွဲကြတယ်။ ထိပ်ပိုင်းအီလစ်တွေအတွက် ပုံစံဖြစ်တာနဲ့အညီ ရောင်းလိုအားဘက်ခြမ်းမှာဆိုရင် ရေရှည်စားသုံးမှု ဖြစ်စေဖို့ ရည်ရွယ်သလို၊ ဝယ်လိုအားဘက်ခြမ်းမှာဆိုရင်လည်း စက်မှုလုပ်ငန်းတွေက အရင်းကဲ လုပ်ငန်းတွေ ဖြစ်တာကြောင့် အကျိုးအမြတ် အများစုက ကျွမ်းကျင်တဲ့ ကော်လာဖြူလုပ်သားတွေဆီသာ ရောက်ကုန်ကြတယ်။ အများစုဖြစ်တဲ့ ဆင်းရဲသားတွေကတော့ ဒီဖွံ့ဖြိုးမှု လုပ်ငန်းစဉ်ကနေ အကျိုးအမြတ် လောက်လောက်လားလား မခံစားကြရဘူး။ သူတို့အနေနဲ့က အခြေခံကျန်းမာရေး၊ အိမ်ယာ၊ ပညာရေးနဲ့ အလုပ်အကိုင်တွေကို အပူတပြင်းလိုအပ်နေကြတယ်။ ပြန်လည်ဖြန့်ဖြူးပေးတဲ့ ဆောင်ရွက်ချက်တွေအရဆိုရင် လူမှုဖူလုံရေးကို မြှင့်တင်ပေးနိုင်သင့်တယ်။ ဒါပေမယ့် လက်တွေ့မှာတော့ ဆန့်ကျင်ဘက် ဖြစ်နေတဲ့ ပြန်လည်ဖြန့်ဖြူး ပေးမှုကိုသာ တွေ့နေရတယ်။ အစိုးရက လူထုအဖွဲ့အစည်းတွေ နိုင်ငံရေးအရ လွှမ်းမိုး မလာနိုင်အောင် လုပ်ပြီးတဲ့နောက်မှာတော့ လုပ်အားခတွေကို လျှော့ချပစ်ခဲ့ပြီး၊ ဝင်ငွေအများစုကို လူဦးရေရဲ့ အချမ်းသာဆုံး နှစ်ဆယ်ရာခိုင်နှုန်းကသာ ရရှိနိုင်စေမယ့်ဆောင်ရွက်ချက်တွေကိုလည်း ပြုလုပ်ခဲ့တယ်။ ဥရုဂွေး

MYANMAR HARP

ချီလီနဲ့ အာဂျင်တီးနားတွေမှာ ၁၉၇၀ ပြည့်နှစ်တွေ အစောပိုင်းနဲ့ အလယ်ပိုင်းလောက်မှာ အာဏာရလာတဲ့ စစ်အစိုးရတွေဆိုရင်လည်း ဒီလိုပုံစံမျိုးနောက်ကို လိုက်ခဲ့ကြတယ်။ ဒါပေမယ့်သူတို့က စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ပတ်သက်လို့ ဘရာဇီးလ်လောက် မအောင်မြင်ဘူး။ ဘရာဇီးလ်နဲ့ မတူတာက ဒီနိုင်ငံတွေဟာ အလွန်အကျွံလစ်ဘရယ်ကျတဲ့ စီးပွားရေးပေါ်လစီတွေကို ကျင့်သုံးခြင်းကြောင့် သူတို့ရဲ့စီးပွားရေးဟာ ပြင်ပကနေ ရိုက်ခတ်လာမှုကို ခံရတယ်။ ဒီလိုရိုက်ခတ်ခံရတဲ့နောက် ပြန်လည်နာလံမထူနိုင်ခင်မှာပဲ၊ စက်မှုကဏ္ဍဟာ ဖရိုဖရဲ ဖြစ်သွားတော့တယ်။ ဒီလိုဖြစ်ပေမယ့်လည်း ဒီနိုင်ငံတွေ အားလုံးမှာ တူညီတဲ့ အခြေခံသွင်ပြင်တစ်ခုရှိတယ်။ အဲဒါက ဘာလဲဆိုတော့ အာဏာပိုင်အစိုးရတွေဟာ ထိပ်ပိုင်းအီလစ်တွေရဲ့ အကျိုးစီးပွားနဲ့ လက်တွဲပြီး၊ တဖက်သတ်ကျတဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို ဆောင်ရွက်ကြခြင်းဖြစ်တယ်။

**အာဏာပိုင်စနစ်အခြေခံ ထိပ်ပိုင်းအီလစ် အကျိုးစီးပွားအဓိကပုံစံ**

ဒီပုံစံကတော့ ဖွံ့ဖြိုးမှုနဲ့ လူမှုဖူလုံရေး နှစ်မျိုးစလုံးကို မတွေ့ရဘူး။ သူ့ရဲ့ အဓိကရည်ရွယ်ချက်က နိုင်ငံတော်ကို ချုပ်ကိုင်ထားတဲ့ ထိပ်ပိုင်းအီလစ်တွေရဲ့ ချမ်းသာကြွယ်ဝရေးသာဖြစ်တယ်။ ဒီပုံစံကိုကြည့်ရင် ထိပ်ဆုံးက ခေါင်းဆောင်တစ်ဦးရဲ့ အာဏာရှင်အုပ်ချုပ်ရေးကို အခြေခံတာကို မကြာခဏဆိုသလို တွေ့ရတယ်။ ဒီခေါင်းဆောင်ရဲ့ ဆောင်ရွက်ချက်တွေဟာ အစိုးရက ကြေးကြော်ထားတဲ့ မူဝါဒတွေနဲ့ ကွဲလွဲနေတာကြောင့် အဓိပ္ပါယ်မရှိဘူးလို့ ထင်ရပေမယ့်၊ သူကောင်းပြုသူ – မှီခိုသူစနစ်အရကြည့်ရင် အဓိပ္ပါယ်ရှိနေတာကို တွေ့ရတယ်။ အာဖရိကတိုက်က နိုင်ငံအချို့ဟာ ဒီပုံစံနဲ့ ကိုက်ညီနေတယ်။ လေ့လာသူတစ်ယောက်ကတော့ ဒီစနစ်ကို မျိုးနွယ်စုနိုင်ငံရေးလို့ဆိုတယ်။ မျိုးနွယ်စုဟာနိုင်ငံရေးဂိုဏ်းတစ်ခုဖြစ်နေပြီး နိုင်ငံတော်နဲ့ အာဏာရပါတီတို့ရဲ့ အင်စတီကျူးရှင်းတွေအတွင်းမှာလည်းပတ် အလုပ်လုပ်

MYANMAR HARP

တယ်။ ဒီနိုင်ငံရေးဂိုဏ်းဟာ သူတို့မျိုးနွယ်စုအတွင်းကအဖွဲ့ဝင်တွေရဲ့ အကျိုးစီးပွားကိုမြှင့်တင်ပေးဖို့ တည်ရှိနေပြီး၊ သူ့ရဲ့ ပထမဆုံးမူဝါဒကတော့ နိုင်ငံရေးအောင်မြင်မှုကနေ ရုပ်ဝတ္ထုဆုလာဘ်တွေ ရရှိဖို့ဖြစ်တယ်။

နိုင်ငံတော်ကိုချုပ်ကိုင်ထားမှုကနေတဆင့် သူ့လက်ထဲရောက်လာတဲ့ ဆုလာဘ်တွေကို ခေါင်းဆောင်ပိုင်းကနေ မျိုးနွယ်စုအတွင်း ဖြန့်ဝေပေးတယ်။ အပြန်အလှန်အနေနဲ့ သူတို့က ခေါင်းဆောင်ကြီးကို နိုင်ငံရေးအရ ထောက်ခံပေးကြတယ်။ ဒါပေမယ့် အညီအမျှဖြန့်ဝေပေးတာတော့ မဟုတ်ဘူး။ ဝေစုအများစုကို ခေါင်းဆောင်ကြီးနဲ့ သူ့နားက အီလစ်အနည်းငယ်က ခံစားရတယ်။ တကယ်တော့ နိုင်ငံရေးသမားနဲ့ ပြည်သူ့ဝန်ထမ်းဆိုတာရဲ့ ကြားမှာ ရှင်းရှင်းလင်းလင်း ခွဲခြားထားတာမရှိဘူး။

အုပ်ချုပ်နေတဲ့ ထိပ်ပိုင်းအီလစ်တွေဟာ လူကြားကောင်းအောင် ကြွေးကြော်ထားပေမယ့်၊ တကယ်တော့ ဖွံ့ဖြိုးမှုဖြစ်စေ၊ လူမှုဖူလုံရေးဖြစ်စေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ဖို့ စိတ်မဝင်စားကြဘူး။ အဓိက ရည်ရွယ်ချက်က သူတို့ကောင်းစားဖို့သာဖြစ်တယ်။ ဒီလိုဖြစ်ဖို့အတွက် အတိုက်အခံတွေကို လာဘ်ထိုးခြင်း ဒါမှမဟုတ် ဖိနှိပ်ခြင်းတွေကို ဆောင်ရွက်သလို၊ လုယက်ထားတဲ့ ပစ္စည်းတွေကိုလည်း နောက်လိုက်နောက်ပါတွေကို ခွဲဝေပေးတယ်။

ဒီပုံစံအတွက် အရှင်းဆုံးဥပမာကတော့ မိုဘူတူရဲ့ လက်အောက်မှာ ရှိခဲ့တဲ့ ဇိုင်ယာနိုင်ငံ (ယခု ကွန်ဂို) ဖြစ်တယ်။ မိုဘူတူမျိုးနွယ်စုရဲ့ အတွင်းစည်းမှာ လူရာဂဏန်းခန့်ရှိတယ်။ နိုင်ငံတော်ရဲ့ အကျိုးအမြတ်များတဲ့ ဌာနတွေ၊ နိုင်ငံရေးပါတီ၊ စစ်တပ်၊ ရဲဌာနတွေက နေရာကောင်းတွေကို မျိုးနွယ်စုအဖွဲ့ဝင်တွေအတွက် သီးသန့်ဖယ်ထားတယ်။ သူတို့က နိုင်ငံတော်ဘတ်ဂျက်ရဲ့ ၂၀ ရာခိုင်နှုန်းကို တိုက်ရိုက်ကိုင်တွယ်ပြီး၊ စိန်နဲ့ ရွှေတွေကို တရားမဝင်ကုန်ကူးခြင်း၊ ကြေးနီကိုလက်ဝါးကြီးအုပ် ရောင်းချခြင်းတွေကနေလည်း

MYANMAR HARP

ဝင်ငွေတွေရတယ်။ မိုဘူတူကိုယ်တိုင်လည်း နိုင်ငံအတွင်း လာရောက်လုပ်ကိုင်တဲ့ နိုင်ငံခြားလုပ်ငန်းတွေမှာ ရှယ်ယာပါဝင်ပြီး၊ သူ့ရဲ့မိသားစုက ပြည်တွင်းကုန်သွယ်ရေးရဲ့ ၆၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားခဲ့တယ်။ မိုဘူတူဟာ သက်ရှိထင်ရှားရှိစဉ်က အလွန်ကြွယ်ဝခဲ့ပြီး၊ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်တွေထဲက တစ်ယောက်လို့ သတ်မှတ်ခံခဲ့ရတယ်။

ဒီတော့ကာ ဒီပုံစံမှာ အဓိကတွေ့နေရတာကတော့ နိုင်ငံတော်ကို ထိန်းချုပ်ထားတဲ့ ထိပ်ပိုင်းအီလစ်တွေဟာ သူတို့ကြွယ်ဝချမ်းသာလာဖို့ အလုပ်များနေကြခြင်းဖြစ်တယ်။ အာဖရိကမှာတွေ့ရတဲ့ နောက်ထပ် ဥပမာတွေကတော့ ယန်းဘိုကက်ဆာ လက်အောက်မှာရှိခဲ့တဲ့ အလယ်ပိုင်းအာဖရိကန်ရီပတ်ဘလစ်နဲ့ အိုင်ဒီအာမင် လက်အောက်က ယူဂန်ဒါ နိုင်ငံတွေပဲဖြစ်တယ်။ အာဖရိကအပြင်မှာဆိုရင်တော့ ဒူဗေးလီးယား လက်အောက်က ဟေတီနိုင်ငံ၊ ဆိုမိုဇာ လက်အောက်က နီကာရာဂွာနဲ့ အယ်ဖရက်ဒိုစထရိုနာ လက်အောက်က ပါရာဂွေးတို့ဖြစ်တယ်။

ဒီအာဏာပိုင်စနစ် ပုံစံတွေကနေ ဘာကိုတွေ့နိုင်သလဲ။ ပထမအချက်က စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မှုနဲ့ပတ်သက်ပြီး အာဏာပိုင်စနစ်တွေကို ယေဘုယျသတ်မှတ်ဖို့ မဖြစ်နိုင်ဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ အာဏာပိုင်အုပ်ချုပ်ရေးတွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ များစွာကွာခြားကြတယ်။ အပေါ်မှာဆိုရင် အာဏာပိုင်စနစ်နဲ့ ပတ်သက်ပြီး ပုံစံသုံးမျိုးကို တွေ့ခဲ့ရတယ်။ ဖွံ့ဖြိုးမှုကိုရော၊ လူမှုဖူလုံရေးကိုပါ ဆောင်ရွက်တဲ့ အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးတိုးတက်မှုပုံစံ၊ စီးပွားရေးဖွံ့ဖြိုးမှုကို ပိုဦးစားပေးတဲ့ အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးမှုပုံစံနဲ့ နောက်ဆုံးတစ်ခုက ဖွံ့ဖြိုးမှုကိုရော၊ လူမှုဖူလုံရေးကိုပါ မလုပ်ဆောင်တဲ့ အာဏာပိုင်စနစ်အခြေခံ ထိပ်ပိုင်းအီလစ် အကျိုးစီးပွား အဓိကပုံစံ ဆိုတာတွေဖြစ်တယ်။ ဒုတိယအချက်က ဒီမိုကရေစီနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြားမှာ အပေးအယူလုပ်ရတယ်လို့

MYANMAR HARP

ဆိုသူတွေ ပြောသလိုမျိုးမဟုတ်ဘဲ၊ အာဏာပိုင်စနစ်က စီးပွားရေးဖွံ့ဖြိုးမှုနဲ့ တည်ငြိမ်အေးချမ်းမှုကို သူ့အလိုလို မဖန်တီးပေးနိုင်ဘူး။ ဒီလိုပြောသူတွေရဲ့ အယူအဆနဲ့ အနီးစပ်ဆုံးကတော့ ပုံစံ (၂) ဖြစ်တဲ့ အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးမှုပုံစံလို့ ဆိုနိုင်တယ်။ ဒီစနစ်မှာ စီးပွားရေးဖွံ့ဖြိုးမှုကို ရပေမယ့်၊ ပြည်သူအများစုရဲ့ လူမှုဖူလုံရေးကို လျစ်လျူရှုခံရတယ်။ ဒီစနစ်မှာက ဖွံ့ဖြိုးမှုကို ရေရှည်ရလာတာနဲ့အမျှ နောက်ပိုင်းမှာ လူမှုဖူလုံရေးလည်း မြင့်တက်လာမယ့်လို့ သူတို့က ပြောတယ်။ ဒါပေမယ့် ဘရာဇီးလ်ကိုကြည့်ရင် သူတို့ပြောတာနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ အဲဒီနိုင်ငံမှာက အောက်ခြေလူတန်းစားဆီကို ခနတွေ မစီးဆင်းနိုင်အောင် ဟန့်တားနေတဲ့ အချက်တွေရှိတယ်။ အရေးကြီးတဲ့ အချက်တစ်ခုကတော့ ဖွံ့ဖြိုးမှုဖြစ်စဉ်ကို ထိပ်ပိုင်းအီလစ်တွေဆီ မျက်နှာမူထားလို့ ဖြစ်တယ်။

နောက်ဆုံးတစ်ချက်ကတော့ ဒီလို အာဏာပိုင်စနစ်တွေကိုယ်တိုင်က မျိုးစုံဖြစ်နေတာကြောင့် ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကြားမှာ အပေးအယူလုပ်ရတယ်ဆိုတဲ့ အမြင်အပေါ် မေးခွန်းထုတ်စရာ အသစ်တွေ ထွက်လာတယ်။ ဖိုင်ယာနိုင်ငံကိုကြည့်ရင် အာဏာပိုင်စနစ်ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်ဆိုးဝါးတဲ့ စနစ်ဖြစ်နေတာကို တွေ့ရမယ်။ ထိုင်ဝမ်ကို ကြည့်ရင်တော့ ဒီစနစ်က ပိုကောင်းနေပြန်တယ်။

ဒီအချက်တွေအရ ထိုင်ဝမ်လို အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးတိုးတက် မှုပုံစံမျိုးက အလွန်ရှားပါးတယ်။ အာဏာပိုင်စနစ် ကျင့်သုံးတဲ့နိုင်ငံအများစုကိုကြည့်ရင် ဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး ဒီမိုကရေစီနိုင်ငံတွေထက် မသာတာကို တွေ့ရတယ်။ ဒါကြောင့် ဒီမိုကရေစီနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြားမှာ အပေးအယူလုပ်ရတယ်ဆိုတဲ့ အဆိုကို ပယ်ချရမှာ ဖြစ်တယ်။ နောက်ပြီးတော့လည်း ဒီမိုကရေစီနဲ့ တွဲဖက်နေတဲ့ ရပိုင်ခွင့်တွေနဲ့ လွတ်လပ်ခွင့်တွေကို စတေးစရာ ဘာအကြောင်းမှ မတွေ့ဘူး။ အခုဆက်လက်ပြီး

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီး မတူတဲ့ ဒီမိုကရေစီစနစ်တွေကို လေ့လာပါမယ်။

## ဒီမိုကရေစီစနစ်၏ပုံစံများ

ဖွံ့ဖြိုးဆဲနိုင်ငံတွေကိုကြည့်ရင် တည်ငြိမ်တဲ့ ဒီမိုကရေစီနိုင်ငံက အတော်လေးရှားတယ်။ အတော်များများက ထိပ်ပိုင်းအီလစ်တွေ လွှမ်းမိုးတဲ့ ဒီမိုကရေစီ ဖြစ်နေကြတယ်။ တခါတရံမှာတော့ ဒီနိုင်ငံတွေဟာ လူမှုဖူလုံရေးကို အလေးပေးတဲ့ ဆိုရှယ်ဒီမိုကရေစီတွေအဖြစ် အသွင်ပြောင်းလဲသွားတတ် ကြတယ်။ ဖွံ့ဖြိုးမှုနဲ့ လူမှုဖူလုံရေးတွေနဲ့ ပတ်သက်လို့ မတူတဲ့ ဒီမိုကရက်တစ်ပုံစံတွေ၊ အကျိုးဆက်တွေကို အောက်မှာလေ့လာပါမယ်။

### ထိပ်ပိုင်း အီလစ်များ လွှမ်းမိုးသော ဒီမိုကရေစီနှင့် ဆိုရှယ်ဒီမိုကရေစီ

အိန္ဒိယရဲ့ ဒီမိုကရေစီကို ကြည့်မယ်ဆိုရင် အုပ်စုကြီးသုံးခုက စုစည်းပြီး လွှမ်းမိုးထားတာကို တွေ့ရမယ်။ အဲဒါတွေကတော့ ၁၈၈၅ မှာ ကွန်ဂရက်လှုပ်ရှားမှုကို စတင်ထူထောင်ခဲ့တဲ့ မြို့ပြနေ ပညာတတ်လူတန်းစား၊ ကုန်သွယ်ရေးနဲ့ စက်မှုကဏ္ဍအတွင်းက စီးပွားရေးအသိုင်းအဝိုင်း၊ ကျေးလက်နေ မြေပိုင်ရှင်ကြီးများ စတာတွေပဲဖြစ်တယ်။ ကျန်တဲ့သူတွေက ဒီထိပ်ပိုင်းအီလစ်တွေရဲ့ လွတ်လပ်ရေးနဲ့ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်မှုကို ထောက်ခံကြတယ်။ ဒေသန္တရအဆင့်ကို ကြည့်မယ်ဆိုရင်လည်း ကွန်ဂရက်အဖွဲ့အစည်းကို လွှမ်းမိုးထားတာက မြေယာမဲ့ လယ်သမားတွေမဟုတ်ဘဲ၊ ကျေးလက်က ထိပ်ပိုင်းအီလစ်တွေ ဖြစ်နေတယ်။

ဒီတော့ကာ အိန္ဒိယရဲ့ ဒီမိုကရေစီကို ထိပ်ပိုင်းအီလစ်တွေက လွှမ်းမိုးပြီး ပုံဖော်နေတာကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အကန့်

အသတ်တွေ ရှိလာရတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်ကိုကြည့်ရင် ထိပ်ပိုင်းအီလစ်အုပ်စုတွေရဲ့ အကျိုးစီးပွားကို အဓိကဆောင်ရွက်ပေးနေတယ်။ သူတို့ရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးထားတာကြောင့် အခြေခံကျတဲ့ လယ်ယာမြေပြုပြင်ပြောင်းလဲရေးနဲ့ အခြားသော ပြုပြင်ပြောင်းလဲရေးတွေ ကနေ တဆင့် စီးပွားရေးဖွံ့ဖြိုးဖို့နဲ့ လူမှုဖူလုံရေးတွေ ကောင်းမွန်လာဖို့ ဆောင်ရွက်ရမယ့် အိန္ဒိယဒီမိုကရေစီရဲ့ အစွမ်းအစတွေဟာ ကန့်သတ်ခံရ တော့တယ်။

တကယ်တော့ လတ်တလောကာလတွေမှာ တွေ့နေရတဲ့ အုပ်ချုပ် ရေးစနစ် အပြောင်းအလဲ အတော်များများမှာဆိုရင် ထိပ်ပိုင်းအီလစ်တွေရဲ့ လွှမ်းမိုးမှုကို တွေ့နေရတာဖြစ်တယ်။ ဒါပေမယ့် သူတို့ကနေ ဆင်းရဲတဲ့ နိုင်ငံသားအများကို အကျိုးပြုမယ့် ပြုပြင်ပြောင်းလဲမှုတွေ မလုပ်လာမှာကို စိုးရိမ်ရတယ်။ အိန္ဒိယမှာဆိုရင် ဒီလို ထိပ်ပိုင်းအီလစ်တွေက ဒီမိုကရေစီကို နှစ်ပေါင်း ငါးဆယ်ကျော်လွှမ်းမိုးထားခဲ့တာဖြစ်တယ်။ အိန္ဒိယမှာက ဖွံ့ဖြိုးမှု အရရော၊ လူမှုဖူလုံရေးအရပါ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိလာပေမယ့်၊ ဒီ ဖြစ်စဉ်က ဆင်းရဲသားပြည်သူအများစုအတွက်တော့ အနည်းငယ်သာ အကျိုး ရှိစေတာဖြစ်တယ်။

ဒါပေမယ့် ဒီမိုကရေစီ အသွင်ကူးပြောင်းလာတာနဲ့ နိုင်ငံရေးဖြစ် စဉ်မှာ မရေရာမှုတွေကိုတွေ့လာရပြီး၊ အုပ်ချုပ်သူတွေအပေါ် လူထုက ဖိအားပေးနိုင်မယ့် လမ်းကြောင်းတွေ ပေါ်ပေါက်လာတယ်။ ထိပ်ပိုင်း အီလစ် တွေက လွှမ်းမိုးထားတဲ့ ဒီမိုကရေစီတွေတောင်မှ ထိရောက်တဲ့ ပြုပြင် ပြောင်းလဲရေးတွေ လုပ်လာဖို့ တွန်းပို့ခံရနိုင်တယ်။ နောက်တစ်နည်းပြော ရရင် သူတို့က ဆိုရှယ်ဒီမိုကရေစီတွေအဖြစ် အသွင်ပြောင်းလာနိုင်တယ်။ ဆိုရှယ် ဒီမိုကရေစီစနစ်မှာက ကျယ်ပြန့်တဲ့ နိုင်ငံရေးညွန့်ပေါင်းအဖွဲ့ တွေက လူမှုဖူလုံရေးသဘော သက်ရောက်တဲ့ လူမှုပြုပြင်ပြောင်းလဲမှုတွေကို

MYANMAR HARP

ဆောင်ရွက်ကြတယ်။ ဥပမာအနေနဲ့ ကော်စတာရီကာကို တွေ့ရတယ်။

ကော်စတာရီကန် ဒီမိုကရေစီဟာ ထိပ်ပိုင်းအီလစ် အဖွဲ့တွေကြားက နိုင်ငံရေးသဘောတူညီချက်အပေါ် အခြေခံတယ်။ ဒီလွှမ်းမိုးထားတဲ့ ညွန့်ပေါင်းအဖွဲ့ထဲက အဓိကအုပ်စုသုံးစုကတော့ လယ်ယာထုတ်ကုန်တွေကို ပြည်ပကို တင်ပို့တဲ့ ပို့ကုန်ကဏ္ဍကို လွှမ်းမိုးထားတဲ့ ထိပ်ပိုင်းအီလစ်တွေ၊ စက်မှုထုတ်ကုန်တွေကို ပြည်ပကိုတင်ပို့တဲ့ ပို့ကုန်ကဏ္ဍကို လွှမ်းမိုးထားတဲ့ ထိပ်ပိုင်းအီလစ်တွေနဲ့ နိုင်ငံတော်ဗျူရိုကရက်တွေ ဖြစ်ကြတယ်။ သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုပုံစံက လယ်ယာထုတ်ကုန်တွေကို ပြည်ပကို တင်ပို့ခြင်း၊ စက်မှုကဏ္ဍကို မြှင့်တင်ခြင်းနဲ့ နိုင်ငံတော်က အချို့သော နယ်ပယ်တွေမှာ အဓိကနေရာဝင်ယူခြင်းဆိုတဲ့ အချက်တွေအပေါ်အခြေခံထားတယ်။ ဒါကြောင့်လည်း လယ်ယာကဏ္ဍကို အစိုးရက အဆက်မပြတ် ထောက်ပံ့ပေးတယ်။ အခွန်ကောက်ခံမှုကလည်း တော်သင့်ရုံသာရှိတယ်။ စက်မှုလုပ်ငန်းရှင်တွေဆိုရင်လည်း အကာအကွယ်ပေးမှုကို ရသလို၊ သွင်းအားစုတွေကို အခွန်ကောက်ခံမှုကလည်း နည်းပါးတယ်။ အခွန်လွတ်ခွင့်ရတာမျိုးရှိသလို၊ အများပြည်သူနယ်ပယ်အတွင်းကနေလည်း အခြေခံအဆောက်အအုံဆိုင်ရာ အထောက်အပံ့တွေရတယ်။ ဗျူရိုကရေစီဆိုရင်လည်း အများပြည်သူဆိုင်ရာ အင်စတီကျူးရှင်းတွေကို အလျင်အမြန် ချဲ့ထွင်မှုကြောင့် ပိုအားကောင်းလာတယ်။

ဒီအဓိပ္ပါယ်အရ ကော်စတာရီကာရဲ့ ဒီမိုကရေစီဟာ အချင်းချင်း ယှဉ်ပြိုင်နေကြပေမယ့် တဖက်သားရဲ့ အကျိုးစီးပွားတွေကို လေးစားကြဖို့ သဘောတူညီကြတဲ့ ထိပ်ပိုင်းအီလစ်တွေရဲ့ အခင်းအကျင်းဖြစ်နေတယ်လို့ မြင်နိုင်တယ်။ ပေါ်လစီတွေဆိုရင် တဖက်သားရဲ့ အကျိုးစီးပွားတွေကို လေးစားပေးတဲ့ မတူတဲ့ ထိပ်ပိုင်းအီလစ်တွေရဲ့ကြားက မျှခြေပေါ်မှာ အခြေခံနေတယ်။ ဒါကြောင့် လူမှုဖူလုံရေး အစီအစဉ်တွေဆိုရင် လွှမ်းမိုးထားတဲ့

MYANMAR HARP

အကျိုးစီးပွားတွေက လက်ခံနိုင်တဲ့ အကန့်အသတ်အတွင်းမှာသာ ရှိတယ်။ ရယ်ဒီကယ်ကျတဲ့ လူမှုအစီအစဉ်တွေကို ရှောင်ရှားကြသလို၊ ထိပ်ပိုင်းအီလစ်တွေကို ခြိမ်းခြောက်နိုင်တဲ့ စီးပွားရေးပေါ်လစီတွေကိုလည်း ရှောင်ရှားကြတယ်။ ရလာဒ်အနေနဲ့ ကော်စတာရီကာရဲ့ လူမှုဖူလုံရေး တိုးတက်မှုဟာ လယ်ယာထွက်ကုန်ကို ပြည်ပကို တင်ပို့မှုနဲ့ ကြီးမားတဲ့ နိုင်ငံခြားကြွေးမြီအပေါ် မှုတည်နေတော့တယ်။

ဒီလိုအကန့်အသတ်တွေရှိပေမယ့်၊ လွှမ်းမိုးထားတဲ့ ထိပ်ပိုင်းအီလစ်တွေက အကောင်အထည်ရှိတဲ့လူမှုဖူလုံရေး အစီအစဉ်တွေကို မြှင့်တင်တဲ့ အစိုးရတွေကို ထောက်ခံကြတယ်။ အမှန်တကယ်လည်း ကော်စတာရီကာရဲ့ စီးပွားရေးဖွံ့ဖြိုးမှုက သာမန်လို့သာ ပြောနိုင်ပေမယ့်၊ လူမှုဖူလုံရေး အခြေအနေကတော့ အတော်လေး အထင်ကြီးစရာကောင်းတာကို တွေ့ရတယ်။ ဒီအတွက် အောက်ကဇယားကို ကြည့်ပါ။

**ကော်စတာရီကာ၏ လူမှုဖူလုံရေး အခြေအနေပြဇယား**

| | |
|---|---|
| ပျမ်းမျှလူ့သက်တမ်း | ၇၈.၃ နှစ် |
| စာတတ်မြောက်မှုနှုန်း (၁၅ နှစ်နှင့်အထက်) | ၉၄.၉ ရာခိုင်နှုန်း |
| လူသားဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်း | ၀.၈၃၈ |
| တစ်ဦးချင်း ဂျီဒီပီ | ၉၆၀၆ ဒေါ်လာ |
| နှစ်စဉ်ဖွံ့ဖြိုးမှုနှုန်း<br>၁၉၆၅– ၁၉၈၀<br>၁၉၈၁– ၁၉၉၅<br>၁၉၉၆– ၂၀၀၆ | <br>၃.၅<br>၀.၇<br>၂.၁ |

သတိပြုရမှာကတော့ ၂၀၀၆ ခုနှစ်အတွင်း တွေ့ရှိချက်အရ ကော်စတာရီကာနိုင်ငံအတွင်းမှာ အသက်ရှင်သန်ရုံ ရပ်တည်နေရတဲ့ လူဦးရေဟာ ၂၂ ရာခိုင်နှုန်းရှိနေတယ်။ အများစုကတော့ ကျေးလက်က လယ်ယာမဲ့

MYANMAR HARP

တွေနဲ့၊ မြို့ပြက ဆင်းရဲသားရပ်ကွက်တွေမှာ နေထိုင်ကြသူတွေဖြစ်တယ်။

ဒါပေမယ့်လည်း အပေါ်ကအချက်အလက်တွေကို ကြည့်ခြင်းအားဖြင့် ကော်စတာရီကာရဲ့ လူမှုဖူလုံရေးဟာ အတော်လေးကောင်းတာကို တွေ့ရတယ်။ ဒါနဲ့ပတ်သက်လို့ အကြောင်းအချက်အချို့ရှိတယ်။ ပထမအချက်က ကော်စတာရီကာမှာ ၁၉ ရာစုနဲ့ ၂၀ ရာစုအစောပိုင်းမှာရှိခဲ့တဲ့ ထိပ်ပိုင်းအီလစ်တွေရဲ့ အုပ်ချုပ်ရေးက အခြားလက်တင်အမေရိက နိုင်ငံတွေနဲ့မတူဘူး။ ကော်စတာရီကာမှာက ကျေးလက်က ထိပ်ပိုင်းအီလစ်တွေကနေ အင်ဒီးယန်းတွေနဲ့ ကျွန်တွေကို ထိန်းချုပ်ထားတဲ့ စနစ်မျိုးမရှိခဲ့ဘူး။ လယ်သမားတွေဟာ သီးခြားလွတ်လပ်ပြီး ကျေးလက်နေ အလုပ်သမားလူတန်းစားဆိုရင်လည်း ကံကျွေးချစနစ်အရ ချည်နှောင်ခံရတာမျိုး မရှိဘူး။ ဒုတိယအချက်က လွှမ်းမိုးထားတဲ့ ထိပ်ပိုင်းအီလစ်တွေက လွတ်လပ်စွာရေးသားခွင့်၊ ဘာသာရေးလွတ်လပ်ခွင့်နဲ့ အများပြည်သူပညာရေး အစရှိတဲ့ လစ်ဘရယ်တန်ဖိုးတွေကို အားပေးကြတယ်။ မသင်မနေရ ပညာရေးဥပဒေကို ၁၈၈၄ မှာ ပြဋ္ဌာန်းခဲ့ပြီး၊ ပြည်သူတွေရဲ့ ပညာရေးအဆင့်အတန်းနဲ့ ဖွင့်ပေးထားတဲ့ အများပြည်သူဆိုင်ရာ ဆွေးနွေးငြင်းခုံမှုတွေကနေတဆင့် မျိုးစုံတဲ့ အသင်းအပင်းတွေ ပေါ်ပေါက်လာပြီး နိုင်ငံရေးစနစ်အတွင်း ပါဝင်လာကြတယ်။ တတိယအချက်က ၁၉၄၈ ခုနှစ်နောက်ပိုင်း ထူထောင်ခဲ့တဲ့ ဒီမိုကရေစီကို ကြည့်ရင် သူ့ရဲ့ ရွေးကောက်ပွဲတွေဟာ မျှတပြီး၊ ရိုးသားတဲ့ ရွေးကောက်ပွဲတွေလို့ ဂုဏ်သတင်းကျော်စောတယ်။ နိုင်ငံရေးစနစ်ကိုကြည့်ရင်လည်း စေ့စပ်ညှိနှိုင်းပြီး၊ အပေးအယူပြုလုပ်ကြတာကို တွေ့ရတယ်။ သူ့ရဲ့ အလယ်အမေရိက အိမ်နီးချင်းတွေနဲ့ ပြတ်သားစွာကွာခြားတာကတော့ ကော်စတာရီကာဟာ ၁၉၄၉ ခုနှစ်မှာ သူ့ရဲ့ စစ်တပ်ကို ဖျက်သိမ်းလိုက်တယ်။

ကော်စတာရီကာကို ကြည့်ခြင်းဖြင့် လူမှုဖူလုံရေးနဲ့ ပတ်သက်ရင် ထိပ်ပိုင်းအီလစ်တွေက လွှမ်းမိုးတဲ့ ဒီမိုကရေစီဖြစ်တိုင်း မအောင်မြင်ဘူးလို့

MYANMAR HARP

ပြောလို့မရတာကို တွေ့ရတယ်။ သူတို့က လူထုရဲ့ တောင်းဆိုမှုကို မြင့်မြင့်မားမား တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိကြတယ်။ ဒါပေမယ့် ကော်စတာရီကာရဲ့ နိုင်ငံရေးနောက်ခံအခြေအနေက တမူထူးခြားတာကိုတော့ သတိပြုရမှာဖြစ်တယ်။ လွှမ်းမိုးထားတဲ့ ထိပ်ပိုင်းအီလစ်တွေရဲ့တန်ဖိုးစံတွေကြောင့် အများပြည်သူဆိုင်ရာ အသင်းအပင်းတွေကို အစောပိုင်းမှာကတည်းက ပေါ်ပေါက်လာစေတဲ့ လူမှုရေးနဲ့ နိုင်ငံရေးပတ်ဝန်းကျင်တွေ ဖြစ်ထွန်းလာခဲ့တယ်။ ဒီအချက်တွေကနေ လူမှုဖူလုံရေးပေါ်လစီတွေအတွက် အခြေခံတွေကို ပေးခဲ့ပြီး လက်တင်အမေရိကမှာ ပြိုင်ဘက်မရှိတဲ့ တည်ငြိမ်တဲ့ လစ်ဘရယ်ဒီမိုကရေစီစနစ်ကို ရရှိစေခဲ့တယ်။

ဒီလက်တွေ့လေ့လာချက်အရ ထိပ်ပိုင်းအီလစ်တွေ လွှမ်းမိုးတဲ့ ဒီမိုကရေစီစနစ်က လူမှုဖူလုံရေးကို ဆောင်ရွက်နိုင်ကြောင်းတွေ့ရတယ်။ ဒါပေမယ့် ကံမကောင်းအကြောင်းမလှစွာပဲ၊ ကော်စတာရီကာလိုမျိုး လူမှုဖူလုံရေးကို တိုးတက်စေမယ့် ထိပ်ပိုင်းအီလစ်လွှမ်းမိုးတဲ့ ဒီမိုကရေစီက ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အနည်းငယ်သာရှိတယ်။

**လူထုအခြေပြု ဒီမိုကရေစီ**

ဒီစနစ်မှာတော့ လူထုကို အခြေပြုလှုပ်ရှားတဲ့ ဇာတ်ကောင်တွေက အစဉ်အလာ အုပ်ချုပ်သူလူတန်းစားရဲ့ အပေါ်မှာ အပေါ်စီးကနေရှိနေတယ်။ သူတို့က ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အောက်ခြေကနေ ဆော်ဩပြီး ထိပ်ပိုင်းအီလစ်တွေရဲ့ ပါဝါနဲ့ အထူးအခွင့်အရေးတွေကို တိုက်ခိုက်ကြတယ်။ ဥပမာအနေနဲ့ ၁၉၇၀ နဲ့ ၁၉၇၃ ကြား ချီလီမှာ ဆာဗေဒိုအယန်ဒေးခေါင်းဆောင်တဲ့ ယူနီဒက်ပေါ်ပြူလာ အစိုးရကို တွေ့ရတယ်။ ဝင်ငွေနိမ့်သူတွေ ဆင်းရဲသားတွေအတွက် လုပ်ခလစာတွေတိုးပြီး လူမှုရေးနဲ့ နေထိုင်မှု အခြေအနေတွေကို တိုးတက်အောင်လုပ်ပေးမယ်ဆိုတဲ့ အစီအစဉ်တွေကြောင့်

MYANMAR HARP

ဒီအစိုးရကို လူထုကရွေးချယ်ခဲ့ကြတယ်။ ဒါ့အပြင် စီးပွားရေးကိုလည်း ပိုပြီးထိရောက်အောင် ဆောင်ရွက်ခဲ့တယ်။ ဖွံ့ဖြိုးမှု မြန်စေမယ့် ပေါ်လစီတွေ၊ စီးပွားရေးကို အများပြည်သူရဲ့ ထိန်းချုပ်မှုအောက် ပိုရောက်စေမယ့် ပေါ်လစီတွေကို ဆောင်ရွက်ခဲ့တယ်။ လယ်ယာမြေ ပြုပြင်ပြောင်းလဲရေးကနေတဆင့် မြေယာတွေကို ပြန်ဝေငှပေးတဲ့ ပေါ်လစီတွေ၊ ဓာတ်သတ္တုလုပ်ငန်းတွေကို နိုင်ငံပိုင်ပြုလုပ်တဲ့ ပေါ်လစီတွေကိုလည်း အကောင်အထည်ဖော်ခဲ့တယ်။

အစိုးရဖြစ်ပြီးနောက် ပထမတစ်နှစ်မှာ အောင်မြင်ခဲ့ပေမယ့်၊ ယူနီဒက်ပေါ်ပြူလာ အစိုးရကို မြေရှင်ကြီးတွေ၊ စက်မှုလုပ်ငန်းရှင်ကြီးတွေနဲ့ လူလတ်တန်းစားတွေက တိုးပြီးဆန့်ကျင်လာကြတယ်။ အစိုးရအတွင်းမှာလည်း နိုင်ငံရေး ရန်ဘက်တွေကို ရယ်ဒီကယ်ကျကျ ထိပ်တိုက်ရင်ဆိုင်မလား၊ ဒါမှမဟုတ် ပျော့ပျော့ပြောင်းပြောင်း ဆက်ဆံမလား ဆိုတဲ့အပေါ် သဘောကွဲလွဲခဲ့ကြတယ်။ ဒီအခြေအနေ ဖြစ်နေချိန်မှာပဲ၊ ရယ်ဒီကယ်ကျတဲ့ ဖြစ်စဉ်တွေကို ဆက်လက် အကောင်အထည် ဖော်နေခဲ့တယ်။ ဒီလိုနဲ့ ၁၉၇၃ မှာ ပီနိုရှေးရဲ့ စစ်အာဏာသိမ်းမှုကို ခံခဲ့ရတယ်။ ဒီဥပမာက လူထုအခြေပြု ဒီမိုကရေစီတွေရဲ့ ထိလွယ်ရှလွယ် အခြေအနေကို ပြသနေတယ်။ ဒီစနစ်ဟာ ဆိုရင် ရန်ငြိုးပွားတဲ့ ထိပ်တိုက်ရင်ဆိုင်မှု ဖြစ်လာနိုင်ပြီး အာဏာပိုင်စနစ်ဆီ ပြန်လည်သွားနိုင်တယ်။

လူထုအခြေပြု ဒီမိုကရေစီတွေဟာ ယူနီဒက်ပေါ်ပြူလာ အစိုးရလို မဟုတ်ဘဲ၊ ပြုပြင်ပြောင်းလဲရေးကို သတိနဲ့ ဆောင်ရွက်သင့်တယ်။ ဒီလိုဆိုရင်တော့ ရှေ့ပိုင်းမှာပြောခဲ့တဲ့ ဆိုရှယ်ဒီမိုကရေစီတွေလိုမျိုး ဖြစ်လာနိုင်တယ်။ ဒီလိုနည်းလမ်းနဲ့ အာဏာရလာခဲ့တဲ့ ဥပမာကတော့ ၁၉၇၇ မှာ အိန္ဒိယရဲ့ အနောက်ပိုင်းဘင်္ဂေါ ပြည်နယ်မှာ အာဏာရလာခဲ့တဲ့ လက်ဝဲတပ်ဦးပဲဖြစ်တယ်။ အရှေ့ဥရောပမှာဆိုရင်လည်း ဆိုရှယ်ဒီမိုကရေစီတွေ ပေါ်ထွက်လာတာကို တွေ့နေရတယ်။ တချိန်တည်းမှာပဲ၊ ဒီမိုကရေစီတွေမှာ အသွင်

MYANMAR HARP

ပြောင်းလဲနိုင်တဲ့ အစွမ်းအစရှိတယ်။ အနောက်ဥရောပနိုင်ငံတွေရဲ့ ၁၉ ရာစုအတွင်း ဒီမိုကရေစီ ဖွံ့ဖြိုးလာမှုကိုကြည့်ရင် ပထမဦးဆုံး ထိပ်ပိုင်း အီလစ်တွေက လွှမ်းမိုးတဲ့စနစ်ကိုတွေ့ရပြီး၊ နောက်ပိုင်းမှာတော့ တဖြည်းဖြည်း နဲ့ ဆိုရှယ်ဒီမိုကရေစီတွေ ဖြစ်လာကြတယ်။ ဒီလိုနဲ့ပဲ ၁၉၃၀ ပြည့်နှစ်တွေက စလို့ လူမှုဖူလုံရေး နိုင်ငံတော်တွေဖြစ်လာကြတယ်။ တဖြည်းဖြည်းနဲ့ အသွင် ပြောင်းလဲမှုကနေ လူမှုရေး ပြုပြင်ပြောင်းလဲမှုတွေနဲ့ တန်းတူရေး ပေါ်လစီ တွေကို ထိပ်ပိုင်းအီလစ်တွေက လက်ခံလာကြတာဖြစ်တယ်။

## လတ်တလော ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းများတွင် တွေ့ရသည့် စီးပွားရေး စွမ်းဆောင်ချက်

အပေါ်မှာတော့ ထိပ်ပိုင်းအီလစ်လွှမ်းမိုးတဲ့ ဒီမိုကရေစီနဲ့ လူထု အခြေပြုဒီမိုကရေစီတွေရဲ့ ရေရှည်စီးပွားရေး အကျိုးဆက်တွေကို လေ့လာ ခဲ့တယ်။ ဒါပေမယ့် လတ်တလောမှာ အသွင်ကူးပြောင်းတဲ့ နိုင်ငံတွေဆိုရင် လည်း စီးပွားရေးပေါ်လစီတွေကို အကောင်အထည်ဖော်လာတာ ဆယ်စုနှစ် နဲ့တောင် ချီနေပြီဖြစ်တယ်။ ဒါဆိုရင် ဒီကာလအတွင်း သူတို့ရဲ့ စီးပွားရေး ပေါ်လစီ စွမ်းဆောင်ချက်နဲ့ ပတ်သက်ပြီး ဘာပြောနိုင်သလဲ။

ဒါနဲ့ပတ်သက်လို့ အလယ်အလတ် ဝင်ငွေရှိတဲ့ နိုင်ငံဆယ့်နှစ်နိုင်ငံကို လေ့လာထားတဲ့ သုတေသန ပရောဂျက်ရှိတယ်။ အဲဒီနိုင်ငံတွေကတော့ လက်တင်အမေရိကရဲ့ အာဂျင်တီးနား၊ ဘိုလီးဗီးယား၊ ဘရာဇီးလ်၊ ချီလီ၊ ပီရူး၊ မက္ကဆီကိုနဲ့ ဥရုဂွေး၊ အာရှက တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဖိလစ်ပိုင်၊ ထိုင်းနဲ့ တူရကီတို့ဖြစ်ကြတယ်။ ဒီအထဲက အချို့နိုင်ငံတွေဆိုရင် စီးပွားရေး ပေါ်လစီပိုင်းမှာ အတော်လေး အောင်မြင်ကြပြီး၊ စီးပွားရေးတည်ငြိမ်မှုကို ရရှိသလို၊ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေအနေကောင်းတွေကို ဖန်တီးနိုင် ခဲ့တယ်။ အခြားနိုင်ငံတွေကတော့ သူတို့လောက် မအောင်မြင်ဘူး။ ဒီနိုင်ငံ

MYANMAR HARP

တွေ အားလုံးလိုလိုဟာ ထိပ်ပိုင်းအီလစ်လွှမ်းမိုးတဲ့ ဒီမိုကရေစီတွေ ဖြစ်နေပေမယ့်၊ ဒီအချက်တစ်ခုတည်းနဲ့တော့ သူတို့ရဲ့ စီးပွားရေး စွမ်းဆောင်ချက်ကွာဟမှုကို မရှင်းပြနိုင်ဘူး။ ဒါဆိုရင် ဒီနိုင်ငံတွေအတွက် ရေတိုမှာ စီးပွားရေးပေါ်လစီ စွမ်းဆောင်ချက်တွေအပေါ် လွှမ်းမိုးနေတဲ့ အဓိကအခြေအနေတွေကဘာဖြစ်မလဲ။

ဟက်ဂတ်နဲ့ ကော့ဖ်မန်းတို့ကတော့ စီးပွားရေးနဲ့ နိုင်ငံရေးဆိုတဲ့ တည်ဆောက်ပုံဆိုင်ရာ ပုံစံနှစ်မျိုးကို တွေ့ရတယ်လို့ဆိုတယ်။ စီးပွားရေးအကြောင်းအချက်အနေနဲ့ အသွင်ကူးပြောင်းမှုဖြစ်တဲ့ အချိန်မှာ စီးပွားရေးအကျပ်အတည်း ဖြစ်နေသလားဆိုတာကို ထည့်သွင်းစဉ်းစားပြီး၊ နိုင်ငံရေးအကြောင်းအချက်အနေနဲ့ တည်ငြိမ်တဲ့ နိုင်ငံရေး အခြေအနေကို ဖန်တီးနိုင်စွမ်း ရှိမရှိကို ထည့်သွင်းစဉ်းစားတယ်။

အချို့သော ဒီမိုကရေစီနိုင်ငံအသစ်တွေဆိုရင် အလွန်ပြင်းထန်တဲ့ စီးပွားရေးအကျပ်အတည်း ဖြစ်နေတဲ့အချိန်မျိုးမှာ အသွင်ကူးပြောင်းလာကြတယ်။ ငွေဖောင်းပွမှု မြင့်မားနေပြီး၊ မက်ခရိုစီးပွားရေးကလည်း မတည်ငြိမ်တဲ့ အခြေအနေမျိုးတွေကို တွေ့ရတယ်။ ဥပမာအားဖြင့် အာဂျင်တီးနား၊ ဘရာဇီးလ်၊ ဘိုလီးဗီးယား၊ ပီရူးနဲ့ ဥရုဂွေးတို့ကို တွေ့ရတယ်။ စီးပွားရေးအကျပ်အတည်းက ဒီမိုကရေစီအသစ်အတွက် ခက်ခဲတဲ့ အခြေအနေကို ဖြစ်စေတယ်။ အစိုးရအသစ်အနေနဲ့က ဆိုးဝါးတဲ့ စီးပွားရေးအခြေအနေကို ရင်ဆိုင်ဖြေရှင်းရတော့တယ်။ ဒါပေမယ့် အများပြည်သူကတော့ ဒီမိုကရေစီအစိုးရဟာ အခြေအနေတွေကို အတော်လေးကောင်းအောင် လုပ်ပေးနိုင်လိမ့်မယ်၊ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကြောင့် စီးပွားရေးအကျိုးအမြတ်တွေ အလျင်အမြန်ရလာလိမ့်မယ် စသည်ဖြင့် မြင့်မြင့်မားမား မျှော်လင့်ထားကြတယ်။ ဒီလိုအကျပ်ရိုက်မှုကြောင့် ပီရူးလိုနိုင်ငံမှာဆိုရင် သမ္မတက ခပ်တင်းတင်းအုပ်ချုပ်ပြီး၊ လွှတ်တော်က အားပျော့နေတဲ့ အငယ်စားအာဏာပိုင်

MYANMAR HARP

ဝါဒမျိုး ပေါ်ထွက်လာခဲ့တယ်။ ၁၉၉၂ မှာ သမ္မတဖူဂျီမိုရီက လွှတ်တော်ကို ပိတ်သိမ်းပြီး အာဏာရှင်ဆန်ဆန် ပြုမူခဲ့တယ်။ ဒါပေမယ့် နိုင်ငံတိုင်းမှာတော့ ဒီလိုဖြစ်နေတာမဟုတ်ဘူး။ အခြားနိုင်ငံတွေမှာတော့ စီးပွားရေးကို ချိန်ညှိတဲ့ ပေါ်လစီတွေ၊ တည်ငြိမ်တဲ့ မက်ခရိုစီးပွားရေးတွေကို နောက်ပိုင်းမှာ ရလာခဲ့တယ်။ ပြင်းထန်ဆိုးဝါးတဲ့ စီးပွားရေးအခြေအနေတွေအရ ကြည့်မယ်ဆိုရင် ဒီမိုကရေစီအသစ်တွေဟာ စွမ်းဆောင်ရည်မဆိုးတာကို တွေ့ရပါတယ်။

ထိုင်း၊ တောင်ကိုရီးယား၊ ချီလီနဲ့ တူရကီတို့လို စီးပွားရေး အကျပ်အတည်းကနေလွတ်ကင်းတဲ့ ဒီမိုကရေစီနိုင်ငံ အသစ်တွေမှာတော့ အာဏာပိုင်စနစ်အောက်မှာ ကျင့်သုံးခဲ့တဲ့ စီးပွားရေးပေါ်လစီတွေကို ဆက်သုံးကြတာများတယ်။ ဒါပေမယ့် ဒီပေါ်လစီမျိုးတွေဟာ ရေတိုမှာ စီးပွားရေးတည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးမှုကို ဖြစ်စေနိုင်ပေမယ့်၊ အာဏာပိုင်စနစ်မှာတုန်းက မျက်နှာသာပေးခံခဲ့ရတဲ့ အုပ်စုတွေကို ဆက်ပြီးမျက်နှာသာ ပေးနေရစေမယ့် အခြေအနေမျိုးကို ဖြစ်စေနိုင်တယ်။ ရလာဒ်အနေနဲ့ အာဏာပိုင်စနစ်အောက်မှာ နစ်နာခဲ့တဲ့၊ ဆင်းရဲတဲ့ အုပ်စုတွေဟာ ဒီမိုကရေစီ စနစ်အောက်မှာလည်း ဆက်ပြီး နစ်နာနေရတော့တယ်။ အကျိုးဆက်အနေနဲ့ အစွန်းရောက်မှုတွေ ပိုများလာပြီး ဒီမိုကရေစီအတွက် ဆိုးကျိုးတွေ ဖြစ်လာစေနိုင်တယ်။

နောက်တစ်မျိုးဖြစ်တဲ့ နိုင်ငံရေးအကြောင်းအချက်ကတော့ တည်ငြိမ်တဲ့ နိုင်ငံရေးအခြေအနေဖြစ်အောင် ဆောင်ရွက်နိုင်စွမ်းပဲ။ ဒါကတော့ နိုင်ငံရေး အင်စတီကျူးရှင်းတွေအပေါ် မူတည်တယ်။ အထူးသဖြင့် အစိတ်စိတ်မကွဲပြားတဲ့၊ အစွန်းမရောက်တဲ့နိုင်ငံရေးပါတီစနစ် ရှိနေဖို့လိုတယ်။ အစိတ်စိတ်ကွဲပြားတယ်ဆိုရင် ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီ အရေအတွက် ပိုများလာမယ်။ အစွန်းရောက်ခြင်းဖြင့် ပါတီတွေကြားက အိုင်ဒီအိုလိုဂျီ ကွာဟချက်က ပိုကြီးလာမယ်။ ဒီလိုမျိုး အစိတ်စိတ်ကွဲပြားပြီး၊ အစွန်းရောက်တဲ့ပါတီစနစ်က ရေရှည်တည်တံ့တဲ့ ပြုပြင်ပြောင်းလဲရေး မဖြစ်နိုင်အောင် ဟန့်တားနေတယ်။

MYANMAR HARP

ဒီတော့ကာ စီးပွားရေးပေါ်လစီ စွမ်းဆောင်ချက် အောင်မြင်ဖို့က အစိတ်စိတ်မကွဲဘဲ၊ အစွန်းလည်း မထွက်တဲ့ အားကောင်းတဲ့ ပါတီစနစ် ရှိနေဖို့ လိုတယ်။ လက်တင်အမေရိကမှာဆိုရင် ဥရုဂွေးကလွဲလို့၊ ဒီလိုအခြေ အနေမျိုး မရှိတဲ့အခါမှာတော့ ပေါ်လစီတွေလည်း မအောင်မြင်တော့ဘူး။ အစိတ်စိတ်ကွဲပြီး၊ အစွန်းရောက်တဲ့ ပါတီစနစ်ရှိတဲ့ နိုင်ငံတွေထဲမှာ အဆိုးဆုံး တွေကိုတော့ ဆာဟာရအောက်ပိုင်း အာဖရိကနိုင်ငံတွေ၊ အရှေ့ဥရောပက အချို့နိုင်ငံတွေမှာ တွေ့ရတယ်။

ဒီမိုကရေစီနိုင်ငံအသစ်တွေရဲ့ ရေတိုစီးပွားရေးပေါ်လစီ စွမ်းဆောင် ချက်နဲ့ ရေရှည်စီးပွားရေး စွမ်းဆောင်ချက်တွေ ကြားမှာ ဆက်စပ်မှုရှိတယ်။ ဒီမိုကရေစီအသစ်တွေအနေနဲ့ စီးပွားရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ပြီး၊ စီးပွားရေး တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးမှုကို ဖြစ်စေမယ့် ပေါ်လစီကောင်းတွေကို ရေးဆွဲအကောင်အထည်ဖော်နိုင်မယ်ဆိုရင် လူမှုဖူလုံရေးကို ဆောင်ရွက်ဖို့နဲ့ အများစုဖြစ်တဲ့ အခြေခံလူတန်းစားတွေကို တိုးတက်အောင်လုပ်ဖို့ အလား အလာတွေ ရှိလာနိုင်ပါတယ်။ ဒီလို ဒီမိုကရေစီနိုင်ငံတွေမှာ ဒီမိုကရေစီခိုင်မာ လာဖို့နဲ့ အာဏာပိုင်စနစ်ဆီ နောက်ပြန်မသွားဖို့က အဖြစ်နိုင်ဆုံးပဲ။

## ဒီမိုကရေစီနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

ဒီအခန်းမှာ အာဏာပိုင်စနစ်နဲ့ ဒီမိုကရေစီစနစ်တွေရဲ့ ပုံစံတွေကို လေ့လာခဲ့ပြီးတဲ့နောက် ဒီမိုကရေစီနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကြားမှာ အပေးအယူလုပ်ခြင်း ရှိမရှိနဲ့ ပတ်သက်ပြီး ကောက်ချက်အချို့ ချနိုင်ပါတယ်။ ပထမအနေနဲ့ မတူခြားနားတဲ့ ဒီမိုကရက်တစ်နဲ့ အာဏာပိုင်အုပ်ချုပ်ရေးပုံ စံတွေမှာ မတူခြားနားတဲ့ ဖွံ့ဖြိုးတိုးတက်မှု စွမ်းရည်တွေရှိကြတာကြောင့် အုပ်ချုပ်မှုပုံစံနဲ့ ဖွံ့ဖြိုးတိုးတက်မှု ရလာဒ်တွေကြားမှာ တိုက်ရိုက်ဆက်သွယ် ချက်မရှိဘူး။ ထိပ်ပိုင်းအီလစ်လွှမ်းမိုးတဲ့ ဒီမိုကရေစီနဲ့ အာဏာပိုင်စနစ်အခြေခံ

MYANMAR HARP

ဖွံ့ဖြိုးတိုးတက်မှုပုံစံတွေကို နှိုင်းယှဉ်မယ်ဆိုရင် (အိန္ဒိယနဲ့ တရုတ်) ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်မှုကြားမှာ အပေးအယူရှိတယ်လို့ပြောဖို့ ဖြစ်နိုင်ခြေရှိတယ်။ ဘာကြောင့်လည်းဆိုတော့ အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးတိုးတက်မှုပုံစံက ပိုကောင်းအောင် စွမ်းဆောင် နိုင်လို့ဖြစ်တယ်။ ဒါပေမယ့် ဒီကောက်ချက်က ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်မှုကြားမှာ ယေဘုယျအားဖြင့် အပေးအယူရှိတယ်လို့ ပြောနိုင်လောက်အောင်လည်း မခိုင်လုံဘူး။ အခြားသော အာဏာပိုင်စနစ်တွေက အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးတိုးတက်မှုပုံစံလို မဟုတ်ဘဲ၊ စီးပွားရေး စွမ်းဆောင်မှု ညံ့ဖျင်းကြတယ်။ ဒီနိုင်ငံတွေနဲ့ ဒီမိုကရေစီတွေနဲ့ ယှဉ်ရင် ဒီမိုကရေစီတွေကတောင် အပေါ်မှာ ရှိနေနိုင်တယ်။

ဒုတိယက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကောင်းကောင်းလုပ်နိုင်တဲ့ အာဏာပိုင်စနစ်အခြေခံ ဖွံ့ဖြိုးတိုးတက်မှုပုံစံရှိတဲ့ နိုင်ငံကအတော်လေးကို နည်းပါးတယ်။ ဒီတော့က စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် နိုင်ငံသားရပိုင်ခွင့်တွေနဲ့ နိုင်ငံရေးအခွင့်အရေးတွေကို စွန့်လွှတ်ပေးရမယ်လို့ ပြောရင် ဒါက ဘယ်လောက်မှန်သလဲ။ မှန်ကြောင်းကိုရော ဘယ်လိုပြမလဲ။ ဥပမာ အားဖြင့် ဆိုရှယ်လစ် အာဏာပိုင်ဝါဒကို ကျင့်သုံးတဲ့ တရုတ်ပြည်အနေနဲ့ သူလုပ်ချင်သလို လုပ်နိုင်တာကြောင့် ကျေးလက်က လူအများစုအတွက် မြေယာတွေကို ရယ်ဒီကယ်ကျကျ ဝေခြမ်းပေးနိုင်ခဲ့ပေမယ့်၊ ဒီဖွံ့ဖြိုးတိုးတက်မှုကိုကြည့်ပြီး၊ နိုင်ငံသားရပိုင်ခွင့်တွေ၊ နိုင်ငံရေးအခွင့်အရေးတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုကြား အပေးအယူလုပ်ရတယ်လို့ ပြောလို့မရဘူး။ တကယ်တော့ နှိပ်စက်ညှဉ်းပန်းခြင်း၊ လူမသိသူမသိ ပျောက်ဆုံးသွားခြင်းနဲ့ တရားလက်လွှတ်ပြစ်ဒဏ်ခတ်ခြင်းတွေကို ဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်စေဘဲ၊ ပပျောက်အောင် ဆောင်ရွက်လို့ရတယ်။ ကိုယ့်ရဲ့ အမျိုးသားသရုပ်သကန်ကို ဖော်ထုတ်ခွင့်နဲ့ ဥပဒေရှေ့မှောက်မှာ တန်းတူခွင့်တွေဆိုရင်လည်း သူတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်စေနိုင်ဘူး။ နောက်တစ်နည်းပြောရမယ်ဆိုရင် အပေး

MYANMAR HARP

အယူရှိတယ်လို့ ပြောချင်ရင် ဒီမိုကရေစီရဲ့ စံနှုန်းအားလုံးမဟုတ်ဘဲ၊ အချို့သော စံနှုန်းတွေနဲ့သာ အပေးအယူ လုပ်ရတယ်လို့ ရွေးချယ်ပြောဖို့လိုတယ်။ ဒါကြောင့် အပေးအယူလုပ်ရတယ်လို့ လက်ခံရမယ့် ကိစ္စတွေမှာတောင် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘယ်လို့ ရပိုင်ခွင့်တွေကို ရုပ်သိမ်းဖို့ လိုအပ်တယ် ဆိုတာကို လေ့လာစစ်ဆေးဖို့ လိုတယ်။

တကယ်တော့ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်မှုကြားမှာ ယေဘုယျကျတဲ့ အပေးအယူ သီအိုရီမရှိပါဘူး။ ဒါပေမယ့်လည်း ဒီမိုကရေစီနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက ယှဉ်တွဲပြီးသွားချင်မှလည်း သွားမယ်။ အပြန်အလှန် ဖြစ်ထွန်းစေမှုလည်း ရှိချင်မှရှိမယ်။ အပေးအယူလုပ်ရတယ်ဆိုတာကို ပယ်ချရင်တောင် အခြား အရေးကြီးတဲ့ ပြဿနာတွေ ရှိနေသေးတယ်။ ပထမအချက်က အာဏာပိုင်နိုင်ငံအတော်များများနဲ့ ဒီမိုကရေစီနိုင်ငံအသစ်တွေ အတော်များများဟာ အကြောင်းတရားတွေ မတူပေမယ့် စီးပွားရေးဖွံ့ဖြိုးမှုနဲ့ ပတ်သက်ရင် သိပ်မစွမ်းဆောင်နိုင်ဘူး။ ဒုတိယအချက်က ဒီမိုကရေစီအသစ်တွေဟာ တဖက်မှာတည်ငြိမ်မှုကိုရဖို့နဲ့ နောက်တဖက်မှာလျင်မြန်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရအောင် ဆောင်ရွက်ရမှုတွေရဲ့ကြားမှာ အပေးအယူလုပ်ရတယ်။ ထိပ်ပိုင်းအီလစ်လွှမ်းမိုးတဲ့ ဒီမိုကရေစီတွေကတော့ တည်ငြိမ်မှုအတွက် အလားအလာကောင်းပေမယ့် ထိပ်ပိုင်းအီလစ်တွေက လက်ရှိအခြေအနေကိုသာ ထိန်းသိမ်းထားလိုကြတာကြောင့် ဖွံ့ဖြိုးတိုးတက်မှု အနည်းငယ်ကိုသာရရှိတော့တယ်။ လူထုအခြေပြု ဒီမိုကရေစီတွေကျတော့ ထိပ်ပိုင်းအီလစ်တွေရဲ့ အကျိုးစီးပွားကို ထိုးနှက်တဲ့ ပြုပြင်ပြောင်းလဲရေးကနေတဆင့် လျင်မြန်တဲ့ စီးပွားရေးတိုးတက်မှုတွေကို ရနိုင်ပေမယ့်၊ မတည်မငြိမ်ဖြစ်နိုင်သလို၊ အာဏာပိုင်စနစ်ဆီကိုလည်း နောက်ပြန်ဆုတ်သွားနိုင်ခြေရှိတယ်။ ဒါပေမယ့် ရှေ့ပိုင်းမှာ ပြောခဲ့သလို ဒီအစွန်းနှစ်ဖက်ကြားမှာ ရှိနေတာကတော့ ဆိုရှယ်ဒီမိုကရေစီတွေပဲဖြစ်တယ်။ မေးစရာရှိတာကတော့ ဒီမို

MYANMAR HARP

ကရေစီအသွင် ကူးပြောင်းလာတဲ့ နိုင်ငံတွေထဲမှာ ဘယ်နှစ်နိုင်ငံက ဒီလားရာ အတိုင်း သွားမလဲ ဆိုတာပဲဖြစ်တယ်။

**ဒီမိုကရေစီနှင့်လူ့အခွင့်အရေး**

ဖွံ့ဖြိုးတိုးတက်မှုဆိုတာက ရုပ်ပိုင်းဆိုင်ရာအရ တိုးတက်မှုကိုသာ ပြောတာ မဟုတ်ဘူး။ လူသားရဲ့ လွတ်လပ်မှု၊ သရုပ်သကန်၊ လုံခြုံမှုစတဲ့ ရုပ်ပိုင်းဆိုင်ရာ မဟုတ်တဲ့ တန်ဖိုးတွေလည်း ပါဝင်နေတယ်။ နှိပ်စက်ညှဉ်းပန်း မခံရခြင်း။ မျှတစွာ တရားစီရင်ခံပိုင်ခွင့်၊ ဥပဒေအောက်မှာ တန်းတူ အကာ အကွယ်ပေးခံရခြင်း။ တရားမဲ့ ဖမ်းဆီးမခံရခြင်း။ လွတ်လပ်စွာ သွားလာ နေထိုင်ခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်နဲ့ လွတ်လပ်စွာ ကိုးကွယ်ခွင့် စတာ တွေ ပါဝင်တယ်။

ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကြားက ဆက်သွယ်မှုက ဘာလဲ။ ဒီမိုကရေစီက လူ့အခွင့်အရေးကိုမြှင့်တင်သလား။ အခန်း (၁) မှာ နိုင်ငံရေး ဒီမိုကရေစီကို ပြောခဲ့တုန်းက သူ့ထဲမှာ နိုင်ငံသားရပိုင်ခွင့်တွေနဲ့ နိုင်ငံရေး အခွင့်အရေးတွေ ပါဝင်တယ်လို့ ပြောခဲ့တယ်။ ဒါတွေက ဒီမိုကရေစီရဲ့ အဓိပ္ပါယ်ထဲမှာ ပါဝင်တယ်ဆိုရင်၊ ဒီမိုကရေစီက ဒီအခွင့်အရေးတွေကို မြှင့်တင်ရလိမ့်မယ်။ ဒီမိုကရေစီက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုတော့ အမြဲတမ်းလုပ်ပေးချင်မှပေးမယ်။ ဒါပေမယ့် အနည်းဆုံးအနေနဲ့ အခြေခံ နိုင်ငံသားနဲ့ နိုင်ငံရေးအခွင့်အရေးတွေကိုတော့ ရရှိစေမှာဖြစ်တယ်။ လူ့ အခွင့်အရေး အယူအဆတွေမှာကိုက ဒီမိုကရေစီဟာ လူ့အခွင့်အရေးတစ်ခု ဖြစ်တယ်လို့ သတ်မှတ်ထားကြတယ်။

ဒါပေမယ့် ပြဿနာအချို့ကိုလည်း တွေ့ရတယ်။ ပထမက ဒီမို ကရေစီနဲ့ လူ့အခွင့်အရေးမြှင့်တင်မှုကြားက ဆက်သွယ်မှုက ပြီးပြည့်စုံမှု မရှိဘူး။ ဒီမိုကရေစီနိုင်ငံ အတော်များများက ဒီမိုကရေစီနဲ့ တွဲဖက်နေတဲ့

MYANMAR HARP

အခြေခံ နိုင်ငံရေး လွတ်လပ်မှုတွေကို မြှင့်တင်တဲ့ အချိန်မှာပဲ၊ အခြားသော လူ့အခွင့်အရေးတွေကို ချိုးဖောက်ကြတယ်။ လတ်တလောကာလတွေမှာ ဆိုရင် အနောက်နိုင်ငံတွေရဲ့ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး စစ်ဆင်ရေး တွေကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုတွေ တွေ့လာရတယ်ဆိုတဲ့ ဝေဖန်မှု တွေရှိတယ်။

အခွင့်အရေးတွေကို အလွန်ကျယ်ပြန့်စွာ အနက်အဓိပ္ပါယ်ဖွင့် ရင်တော့ ဒီမိုကရေစီ အဖြစ်ဆုံးနိုင်ငံတွေတောင် အကုန်လုံးကို ပေးနိုင်မှာ မဟုတ်ဘူး။ ဒါပေမယ့် ယေဘုယျအားဖြင့်တော့ ဒီမိုကရေစီနိုင်ငံတွေဟာ အာဏာပိုင်နိုင်ငံတွေထက် လူ့အခွင့်အရေးကို ပိုလေးစားကြပါတယ်။

ဒုတိယပြဿနာကတော့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေဟာ ဒင်္ဂါးပြားတစ်ခုရဲ့ ခေါင်းနဲ့ ပန်းလို့ သတ်မှတ်ကြခြင်းဖြစ်တယ်။ တကယ်တော့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွေ ပြီးမြောက်ပြီလား၊ မပြီးမြောက်သေး ဘူးလား ဆိုတာကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုတယ်။ အသွင်ကူးပြောင်း လာတဲ့ နိုင်ငံအများစုက မီးခိုးရောင်ဇုန်အတွင်းမှာ အကန့်အသတ်ခံနေရပြီး နိုင်ငံသားနဲ့ နိုင်ငံရေးအခွင့်အရေးတွေကို ကျေနပ်လောက်စရာ လေးစားမှု မရှိကြဘူး။ ဒီနိုင်ငံတွေမှာ အာဏာပိုင်တွေဟာ ဖိနှိပ်မှုတွေ မလုပ်မိအောင်နဲ့ လူမှုထိန်းချုပ်မှုတွေ မလုပ်မိအောင် ကိုယ့်ကိုကိုယ် မချုပ်တီးကြဘူး။ ဒီအခြေ အနေမျိုးကို ဒီမိုကရေစီရဲ့ အမြင့်ဆုံးအဆင့် မရောက်ခင်အထိ တွေ့ကြ ရတယ်။ နောက်တစ်မျိုးပြောမယ်ဆိုရင်တော့ လူ့အခွင့်အရေးကို လေးစားဖို့ ဆိုတာ ဒီမိုကရေစီ ခိုင်မာသွားခြင်းအပေါ် ကြီးမားစွာမူတည်နေပြီး၊ အခုတွေ့ နေရတဲ့ အသွင်ကူးပြောင်းလာတဲ့ နိုင်ငံအများစုကတော့ ခိုင်မာခြင်း မရှိ သေးတဲ့ ဒီမိုကရေစီတွေ ဖြစ်နေကြတယ်။

ဒ့်အပြင် အချို့သော အသွင်ကူးပြောင်းမှုတွေက ဝရုန်းသုန်းကားဖြစ် မှုတွေ၊ မတည်ငြိမ်မှုတွေကို ပေါ်ပေါက်လာစေတယ်။ ဒါတွေက လူ့အခွင့်

MYANMAR HARP

အရေးအတွက် မကောင်းတဲ့ အချက်တွေပဲဖြစ်တယ်။ ဒီလို အခြေအနေမှာက အာဏာပိုင်အုပ်ချုပ်ရေး သာလျှင် မဟုတ်ဘဲ၊ အာဏာပိုင်မှု ပြိုလဲခြင်းကလည်း ကြီးမားတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ဖြစ်စေနိုင်တယ်။ အာဏာပိုင်မှု ပြိုလဲတယ်ဆိုတာက ဒီမိုကရေစီဖြစ်စေ၊ အာဏာရှင်နိုင်ငံဖြစ်စေ အစိုးရရဲ့ အုပ်ချုပ်မှုက ဖရိုဖရဲဖြစ်လာပြီး အစိုးရပြိုလဲမယ့် အနေအထားထိ ရောက်ရှိလာနိုင်တယ်။ ဒီတော့ကာ အာဏာကို ဆက်ထိန်းထားနိုင်ဖို့ ကြမ်းတမ်းတဲ့ နည်းလမ်းတွေကို အသုံးပြုလာရတယ်။ ဒါကြောင့်လည်း သုတေသနတွေအရ ကြီးမားတဲ့ အကျပ်အတည်းတွေကို ရင်ဆိုင်နေရတဲ့ အသွင်ကူးပြောင်းလာတဲ့ နိုင်ငံတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှု ပမာဏက မြင့်တာကို တွေ့ရတယ်။ အဲဒီနိုင်ငံတွေမှာက အားနည်းတဲ့ အရပ်သား အစိုးရတွေဟာ အာဏာကို ဆက်ထိန်းထားနိုင်ဖို့ အတော်လေး ရုန်းကန်နေရတယ်။ နိုင်ငံရေးလွတ်လပ်မှုကြောင့် ဒီမိုကရက်တစ် အခြေအနေတွေ မဆိုးဘူးလို့ ဆိုနိုင်ပေမယ့်၊ အာဏာပိုင်မှုပြိုလဲမှုကြောင့် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ဖြစ်စေတယ်။ ဒီလိုအခြေအနေမျိုးကို ရင်ဆိုင်နေရတဲ့ နိုင်ငံတွေကတော့ ကိုလံဘီယာ၊ အယ်ဆာဗေဒို၊ ပါရာဂွေး၊ ပီရူး၊ ဘူဂေးရီးယား၊ နီကာရာဂွာ၊ ပနားမား၊ ဖိလစ်ပိုင်နဲ့ သီရိလင်္ကာတို့ဖြစ်ကြတယ်။

အချုပ်ဆိုရရင်တော့ ယေဘုယျအားဖြင့် ဒီမိုကရေစီက အာဏာပိုင်စနစ်ထက် လူ့အခွင့်အရေးကို ပိုလေးစားတယ်။ နိုင်ငံတွေကို လက်တွေ့လေ့လာတဲ့အခါမှာတော့ ဒီမိုကရေစီနိုင်ငံ အတော်များများက အချို့သော လူ့အခွင့်အရေးတွေကို ချိုးဖောက်တတ်ကြတယ်။ ပြီးတော့လည်း အသွင်ကူးပြောင်းမှုကြောင့် အာဏာပိုင်မှု ပြိုလဲခြင်း ဖြစ်လာတတ်ပြီး၊ တည်ငြိမ်တဲ့ အာဏာပိုင်အုပ်ချုပ်ရေးမှာတွေ့ရတဲ့ ချိုးဖောက်မှုတွေထက် ပိုများတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ပေါ်ပေါက်လာ နိုင်တယ်။ ဒါကြောင့် ယေဘုယျအားဖြင့်ပြောရရင် တည်ငြိမ်ပြီး၊ ခိုင်မာသွားပြီဖြစ်တဲ့ ဒီမိုကရေစီတွေက လူ့အခွင့်

MYANMAR HARP

အရေးအပေါ် မြင့်မြင့်မားမား လေးစားမှုရှိကြတယ်လို့ ဆိုနိုင်ပြီ။ အသွင်ကူးပြောင်းလာစ မီးနိုးရောင်ဖုန်ထဲရှိနေတဲ့ ဒီမိုကရေစီတွေမှာတော့ လူ့အခွင့်အရေးကို ချိုးဖောက်တဲ့ အခြေအနေတွေရှိနေနိုင်တယ်။

❑ ❑ ❑

MYANMAR HARP

အခန်း (၆)

# ဒီမိုကရေစီနှင့် နိုင်ငံတကာအခင်းအကျင်း (ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း)

# ဒီမိုကရေစီနှင့် နိုင်ငံတကာအသင်းအကျင်း
# (ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း)

ကမ္ဘာအနှံ့မှာ ဒီမိုကရေစီ ထွန်းကားလာခြင်းဖြင့် စစ်ပွဲတွေ ချုပ်ငြိမ်းသွားမလား။ ပဋိပက္ခတွေ၊ အကြမ်းဖက်မှုတွေအစား ပူးပေါင်းဆောင်ရွက်မှုတွေ၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုတွေရှိနေမယ့် ကမ္ဘာကြီးကို မြင်ရမှာလား။ ဒီအခန်းမှာတော့ ဒီမိုကရေစီ ပျံ့နှံ့လာခြင်းဖြင့် နိုင်ငံတကာဆက်ဆံရေးမှာ ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာသလဲဆိုတာကို လေ့လာမှာဖြစ်တယ်။ နိုင်ငံတော်တွေနဲ့ နိုင်ငံတကာစနစ်တို့ရဲ့ကြားက ဆက်ဆံရေးအပေါ် ဘယ်လို သက်ရောက်သလဲဆိုတာကို လေ့လာကြည့်မယ်။

ပညာရှင်တွေကြားမှာတော့ မတူတဲ့ အမြင်တွေ အသီးသီးရှိကြတယ်။ အယူအဆတစ်ခုကဆိုရင် ဒီမိုကရေစီ ပျံ့နှံ့ခြင်းကြောင့် အရေးပါတဲ့ အကျိုးကျေးဇူးတွေ ဖြစ်ထွန်းတယ်လို့ ဆိုတယ်။ နောက်တစ်မျိုးကတော့ နိုင်ငံတကာဆက်ဆံရေးမှာ ဒီမိုကရေစီရဲ့ အရေးပါမှုကို ပယ်ချတယ်။ ပထမဆုံးအနေနဲ့ သီအိုရီအခြေခံ အငြင်းအခုံတွေအတွင်းက အဓိက အယူအဆတွေကို လေ့လာမယ်။

## ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအပေါ် အမြင်အနံ

ဒီမိုကရေစီဟာ ငြိမ်းချမ်းရေးအတွက် အရေးပါတဲ့ အင်အားတစ်ရပ်ဖြစ်တယ်ဆိုတာကို ဂျာမန်ဒဿန ပညာရှင်အီမန်နွယ်ယယ်လ်ကန့်က ပြောခဲ့ဖူးတယ်။ ၁၇၉၅ မှာ ထုတ်ဝေတဲ့ သူ့ရဲ့ 'ထာဝရ ငြိမ်းချမ်းရေး' ကျမ်းမှာ ကန့်က သူ့ရဲ့အယူအဆကို အဆင့်လိုက်ရှင်းပြတယ်။ ပထမက နိုင်ငံတော်တွေဟာ လစ်ဘရယ်ရီပတ်ဘလစ်တွေအဖြစ် စုစည်းလာဖို့အတွက် သဘာဝအရ တိမ်းညွတ်မှုရှိတယ်။ ဘာကြောင့်လဲဆိုတော့ စည်းမျဉ်းအရ အုပ်ချုပ်တဲ့စနစ်ကြောင့် နိုင်ငံရေးခေါင်းဆောင်တွေမှာ တရားနည်းလမ်းကျမှုရှိလာပြီး ပြည်သူတွေက နိုင်ငံတော်ကို ထောက်ခံလာကြတယ်။ ဒီလိုနဲ့ ပြည်ပရဲ့ ခြိမ်းခြောက်မှုတွေကို ရင်ဆိုင်နိုင်လာတယ်။ နောက်တစ်မျိုးပြောမယ်ဆိုရင် လစ်ဘရယ်ရီပတ်ဘလစ်အဖြစ် မတည်ဆောက်တဲ့ နိုင်ငံတော်တွေဟာ မအောင်မြင်နိုင်ဘူး။

လစ်ဘရယ်ရီပတ်ဘလစ်ဆိုတာက အကြမ်းအားဖြင့် နိုင်ငံရေး ဒီမိုကရေစီကို ဆိုလိုတယ်။ ကမ္ဘာမှာ ဒီမိုကရေစီတွေကို ထူထောင်တာဟာ ကန့်ရဲ့ အဆိုအရတော့ သဘာဝအရ တိမ်းညွတ်မှုပဲဖြစ်တယ်။ ထူထောင်ပြီးတာနဲ့ ဒီမိုကရေစီနိုင်ငံတွေကြားမှာ ငြိမ်းချမ်းတဲ့ ဆက်ဆံရေးတွေ ဖြစ်လာလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီအစိုးရတွေကို နိုင်ငံသားတွေက ထိန်းချုပ်ပြီး၊ သူတို့က သွေးထွက်သံယိုဖြစ်မယ့် အကြမ်းဖက် ပဋိပက္ခတွေကို မလိုလားကြဘူး။

နှစ်ဆယ်ရာစုအတွင်း ထင်ရှားတဲ့ လူမှုရေးသိပ္ပံပညာရှင်တစ်ယောက်ဖြစ်တဲ့ ဂျိုးဇက်ရှွမ်းပီတာကလည်း ကန့်ရဲ့အယူအဆနဲ့ ခပ်ဆင်ဆင်ဖြစ်တဲ့ ငြိမ်းချမ်းရေးကို ဖြစ်စေတဲ့ ဒီမိုကရေစီ အယူဆကို ပြောတယ်။ သူက စီးပွားနယ်ချဲ့မှုတွေနဲ့ စစ်ပွဲတွေဟာ ခေါင်းပုံဖြတ်အမြတ်ကြီးစားသူတွေ၊ လက်နက်ထုတ်လုပ်သူတွေနဲ့ စစ်တပ်အဖွဲ့အစည်းတွေထဲကသူတွေ စတဲ့ လူနည်းစုကိုသာ

MYANMAR HARP

အကျိုးဖြစ်စေတယ်လို့ ဆိုတယ်။ ဒီမိုကရေစီတွေကို ကြည့်ရင်တော့ ဘယ်ဒီမိုကရေစီကမျှ လူနည်းစုအကျိုးစီးပွား သက်သက်ကိုသာ ဆောင်ရွက်မှာမဟုတ်ဘဲ၊ စီးပွားနယ်ချဲ့ဝါဒကြောင့် ဖြစ်လာတဲ့ များပြားလှတဲ့ အကုန်အကျတွေကိုလည်း သည်းခံမှာမဟုတ်ဘူးလို့ ဆိုတယ်။

ဒီအယူအဆတွေနဲ့ ပတ်သက်လို့ လက်တွေ့လေ့လာမှုတွေရှိတယ်။ ပညာရှင် ရမ်းမဲလ်က လွတ်လပ်တဲ့ နိုင်ငံတော်တွေ၊ တစိတ်တပိုင်း လွတ်လပ်တဲ့ နိုင်ငံတော်တွေနဲ့ မလွတ်လပ်တဲ့ နိုင်ငံတော်တွေကြားက ပဋိပက္ခတွေနဲ့ ပတ်သက်မှုကို နှိုင်းယှဉ်လေ့လာခဲ့တယ်။ တွေ့ရတာကတော့ ၁၉၇၆ နဲ့ ၁၉၈၀ အတွင်းမှာ လွတ်လပ်တဲ့ နိုင်ငံတွေရဲ့ ပဋိပက္ခအတွင်း ပါဝင်မှုဟာ ၂၄ ရာခိုင်နှုန်းသာရှိပြီး၊ တစ်စိတ်တစ်ပိုင်းလွတ်လပ်တဲ့ နိုင်ငံတွေက ၂၆ ရာခိုင်နှုန်းနဲ့ မလွတ်လပ်တဲ့ နိုင်ငံတွေက ၆၁ ရာခိုင်နှုန်းရှိတယ်။ ပြောရမယ်ဆိုရင်တော့ ပိုပြီးလွတ်လပ်တဲ့ နိုင်ငံဖြစ်လေ၊ နိုင်ငံခြားက ပဋိပက္ခတွေအတွင်း ပတ်သက်မှုက နည်းလေပဲဖြစ်တယ်။ ယခင်ပြုလုပ်ခဲ့တဲ့ သုတေသနတွေကလည်း သူ့ရဲ့ ကောက်ချက်ကို ထောက်ခံနေတယ်လို့ ရမ်းမဲလ်က ဆိုတယ်။

ဒါပေမယ့် လတ်တလော လေ့လာချက်တွေမှာတော့ ဒီမိုကရေစီဟာ အခြားသောအုပ်ချုပ်ရေးစနစ်တွေထက်ပိုပြီး ငြိမ်းချမ်းတယ်ဆိုတဲ့ အိုင်ဒီယာကို ပယ်ချထားတယ်။ မဲလ်ဗင်စမောလ်နဲ့ ဒေးဗစ်ဆင်းဂါးတို့က ၁၈၁၆ နဲ့ ၁၉၆၅ အတွင်း စစ်ပွဲတွေကို လေ့လာခဲ့ပြီး၊ စစ်ပွဲမှာပါဝင်မှု ကြိမ်နှုန်းအရ ဒီမိုကရေစီနဲ့ အခြားစနစ်တွေကြားမှာ အရေးပါတဲ့ ကွာခြားမှုမရှိဘူးလို့ ဆိုတယ်။ စတိဗ်ချန်းက ၁၈၁၆ နဲ့ ၁၉၈၀ အတွင်း စစ်ပွဲတွေကို လေ့လာခဲ့သလို၊ အဲရစ်ဝီဒ်ကလည်း ၁၉၆၀ နဲ့ ၁၉၈၀ အတွင်း စစ်ပွဲတွေကို လေ့လာခဲ့ကြပြီး၊ စမောလ်နဲ့ ဆင်းဂါးတို့ရဲ့ ကောက်ချက်ကို ထောက်ခံခဲ့ကြတယ်။ ရမ်းမဲလ်ရဲ့ လေ့လာမှုက ၁၉၇၆ နဲ့ ၁၉၈၀ ကြားကာလကိုသာ လေ့လာထားတာကြောင့်လည်း

MYANMAR HARP

အဝေဖန်ခံရတယ်။ အမှန်တကယ်လည်း ပညာရှင်အတော်များများက ဒီမို ကရေစီတွေဟာ အခြားစနစ်တွေလိုပဲ၊ စစ်ပွဲတွေ ဆင်နွှဲကြတယ်လို့ လက်ခံ ထားကြတယ်။

ဒါပေမယ့် ဆွေးနွေးငြင်းခုံမှုတွေက ဒီနေရာမှာ အဆုံးမသတ်သွား ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီဟာ ငြိမ်းချမ်းရေးကို ရှေးရှုတယ်လို့ ဆိုသူတွေအတွက် အားတက်စရာ တွေ့ရှိချက်တွေ ပေါ်ထွက်လာလို့ပဲ ဖြစ် တယ်။ ဒီမိုကရေစီတွေဟာ အခြားသောစနစ်တွေလိုပဲ၊ စစ်ပွဲဆင်နွှဲတတ်ကြ ပေမယ့်၊ ဒီမိုကရေစီ အချင်းချင်း စစ်မဖြစ်ကြဘူး။ လစ်ဘရယ်နိုင်ငံတော် တွေဟာ လစ်ဘရယ်မဟုတ်တဲ့ နိုင်ငံတော်တွေနဲ့ စစ်တွေဖြစ်တတ်ပေမယ့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ခိုင်မာတဲ့ လစ်ဘရယ်နိုင်ငံတော်အချင်းချင်းတော့ စစ်မဖြစ်ဘူးသေးဘူး။ လက်တွေ့သုတေသနတွေကလည်း ဒီအဆိုကို ထောက်ခံထားကြတယ်။

ဒီတွေ့ရှိမှုက ပညာရှင်တွေ၊ ပေါ်လစီချမှတ်သူတွေကြားမှာ အကောင်းမြင်မှုကို ဖြစ်စေတယ်။ ဒါနဲ့ပတ်သက်တဲ့ ကြောင်းကျိုးဆင်ခြင်မှု ကတော့ ဒီလို။ ကမ္ဘာမှာ ဒီမိုကရေစီတွေ လတ်တလောကာလအတွင်း များလာတယ်။ ဒီမိုကရေစီ အချင်းချင်းကလည်း စစ်မဖြစ်တာကြောင့် နိုင်ငံတကာဆက်ဆံရေးမှာ ပဋိပက္ခတွေအစား၊ ပူးပေါင်းဆောင်ရွက်မှုတွေကို တွေ့လာရပြီ။ ကမ္ဘာကြီးဟာ ပိုပြီးငြိမ်းချမ်းလာလိမ့်မယ်။ တကယ်လို့ ဒီအယူ အဆသာ မှန်နေရင် နိုင်ငံတကာဆက်ဆံရေးမှာ အစိုးကလွှမ်းမိုးထားတဲ့ အိုင်ဒီယာတစ်ခုဖြစ်တဲ့ လက်တွေ့အမှန်ဝါဒကို ပြန်သုံးသပ်ဖို့ လိုနေပြီ။ လက်တွေ့ အမှန်ဝါဒကပြောတာကတော့ ကမ္ဘာကြီးမှာ ပဋိပက္ခတွေကို ကြုံ တွေ့ရမယ်။ ဘာကြောင့်လဲဆိုတော့ လူသားသဘာဝကြောင့်ရယ်၊ သီးခြား လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံတွေကို ဖွဲ့စည်းထားတာတွေ ကြောင့်ရယ် ဖြစ်တယ်။ အချုပ်အခြာအာဏာပိုင်နိုင်ငံတွေရဲ့ အပေါ်မှာ

MYANMAR HARP

သူ့ကို လွှမ်းမိုးထားတဲ့ အာဏာပိုင်သူ မရှိတာကြောင့် နိုင်ငံတွေအချင်းချင်း ကြားမှာ အကြမ်းဖက်ပဋိပက္ခတွေ ဖြစ်လာမှာကို စိုးရိမ်နေရတဲ့ မလုံခြုံတဲ့ မင်းမဲ့အခြေအနေကို တွေ့နေရတယ်။

အီမန်နူယယ်လ်ကန့်ကလည်း ဒီမိုကရေစီကြောင့် စစ်ပွဲတွေ လုံးဝ ပပျောက်သွားမယ်လို့ မပြောခဲ့ဘဲ၊ ဒီမိုကရေစီနိုင်ငံတွေကြားမှာ ငြိမ်းချမ်းရေး ရှိမယ်လို့သာ ပြောခဲ့တယ်။ ဒီမိုကရေစီနိုင်ငံတွေမှာက ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ယန္တရားရှိတယ်။ စစ်ပွဲရဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ပြည်သူတွေကခံရ တာကြောင့် ဒီယန္တရားကနေ နိုင်ငံကို စစ်ပွဲအတွင်း မပါရအောင် ထိန်းချုပ် ထားတယ်။ ဒါပေမယ့် ဒီထိန်းချုပ်မှုဟာ အခြားသော ဒီမိုကရေစီတွေနဲ့ ဆက်ဆံရာမှာသာ ထိရောက်မှုရှိတယ်။ ဒါဟာ ဘာကြောင့်လဲ။ ကန့်က အကြောင်းပြချက်နှစ်ခုပေးတယ်။ တစ်ခုက ကျင့်ဝတ်ဖြစ်ပြီး၊ နောက်တစ်ခု က စီးပွားရေးဖြစ်တယ်။ ကျင့်ဝတ်အရ ကြည့်မယ်ဆိုရင် ဒီမိုကရေစီတွေ အားလုံးမှာ တရားနည်းလမ်းကျတဲ့ ရပိုင်ခွင့်တွေရှိပြီး၊ အချင်းချင်းကြားမှာ အပြန်အလှန်လေးစားမှုနဲ့ နားလည်မှုတွေရှိတယ်။ ဒီနောင်ကြိုးကနေတဆင့် အေးချမ်းတဲ့ ပေါင်းစည်းမှုဖြစ်လာတယ်။ ဒါဟာ တရားဝင် လက်မှတ်ရေးထိုး ထားကြတဲ့ သဘောတူစာချုပ်တော့ မဟုတ်ဘူး။ ဒီမိုကရေစီတွေ အားလုံးမှာ ဘုံသဘောရှိနေတဲ့ ကျင့်ဝတ်မှာ အခြေခံတဲ့ ငြိမ်းချမ်းရေးဇုန်နယ်မြေ တစ်ခု ပဲဖြစ်တယ်။

ပြည်တွင်းက ပဋိပက္ခတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းက အင်အား သုံး အကြမ်းဖက်ဖြေရှင်းခြင်းထက် ကျင့်ဝတ်အရ သာလွန်တယ်လို့ မြင်တယ်။ ဒီအမြင်ကို ဒီမိုကရေစီနိုင်ငံတွေကြားက နိုင်ငံတကာဆက်ဆံရေးဆီကို သယ်ဆောင်လာကြတယ်။ ပူးပေါင်းဆောင်ရွက်မှု အစပြုမှုကနေ ထပ်ကာ ထပ်ကာ ပူးပေါင်းဆောင်ရွက်လာကြတယ်။ ပူးပေါင်းဆောင်ရွက်တဲ့ ယဉ် ကျေးမှု ဖွံ့ဖြိုးလာပြီး၊ လူတွေက တဖြည်းဖြည်းနဲ့ သူတို့ရဲ့ မှုတွေအပေါ်

MYANMAR HARP

ပိုပြီးသဘောညီလာတဲ့အခါမှာတော့ အပြန်အလှန်နားလည်မှုနဲ့ ငြိမ်းချမ်းမှုဖြစ်လာတယ်။ ဒီမိုကရေစီတွေရဲ့ ပွင့်လင်းမြင်သာရှိမှုက ဒီဖြစ်စဉ်တစ်ခုလုံးအတွက် အရေးပါတယ်။ လွတ်လပ်စွာ ဆန္ဒဖော်ထုတ်ခွင့်နဲ့ လွတ်လပ်စွာ ဆက်သွယ်မှုတွေက နိုင်ငံတကာမှာ အပြန်အလှန်နားလည်မှုရှိလာအောင် ကူညီသလို၊ နိုင်ငံရေးကိုယ်စားလှယ်တွေကိုလည်း ပြည်တွင်းမှာ သူတို့နိုင်ငံသားတွေရဲ့ အမြင်အတိုင်းဆောင်ရွက်ဖို့ ကူညီပေးတယ်။

စီးပွားရေးအကြောင်းအချက်ကတော့ နိုင်ငံတကာကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေရဲ့ အကျိုးကျေးဇူးအပေါ် အခြေခံတယ်။ အေးချမ်းတဲ့ ပေါင်းစည်းမှုအတွင်းမှာ ကန့်ပြောတဲ့ ကူးသန်းရောင်းဝယ်ရေးရဲ့ ကောင်းကျိုးဟာ ဖြစ်နိုင်ခြေရှိတယ်။ နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကြောင့် အပြန်အလှန် အကျိုးဖြစ်စေနိုင်တယ်။ မိမိဘာသာ ဖူလုံရေးကိုသာ ဘေးဖယ်လိုက်မယ်ဆိုရင် စီးပွားရေး အပြန်အလှန်မှီခိုမှုက ဖွံ့ဖြိုးလာနိုင်ပြီး၊ အပြန်အလှန် စီးပွားရေး အကျိုးဖြစ်ထွန်းမှုကို ဦးစားပေးခြင်းဖြင့်လည်း အေးချမ်းတဲ့ ပေါင်းစည်းမှုကို ပိုမိုခိုင်မာလာစေလိမ့်မယ်။

အချုပ်အားဖြင့် ဒီမိုကရေစီဟာ ငြိမ်းချမ်းရေးဆီ ဦးတည်တယ်ဆိုတဲ့ ကန့်ရဲ့ အဆိုမှာ အချက်သုံးချက်ရှိတယ်။ ပထမက ပဋိပက္ခတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းတဲ့ ယဉ်ကျေးမှုရှိနေတဲ့ ဒီမိုကရေစီနိုင်ငံတွေ တည်ရှိခြင်းဖြစ်တယ်။ ဒုတိယက ဒီမိုကရေစီတွေဟာ ဘုံကျင့်ဝတ်တန်ဖိုးတွေကို ကိုင်စွဲထားပြီး၊ ဒီတန်ဖိုးတွေရဲ့ နှောင်ကြိုးကြောင့် အေးချမ်းတဲ့ ပေါင်းစည်းမှု ဖြစ်လာတယ်။ နောက်ဆုံးအချက်က စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနဲ့ အပြန်အလှန်မှီခိုမှုတွေကြောင့် အေးချမ်းတဲ့ ပေါင်းစည်းမှုက ပိုခိုင်မာလာတယ်။ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးအကြားမှာ ဆက်သွယ်မှုကို ပြုလုပ်ဖို့ ဒီအချက်သုံးချက်စလုံးကို လိုအပ်တယ်။ ဒါပေမယ့် ဒီမိုကရေစီတွေဟာ သူတို့နဲ့ ဘုံကျင့်ဝတ်အခြေခံ မတူညီတဲ့ ဒီမိုကရေစီမဟုတ်တဲ့ နိုင်ငံတွေနဲ့တော့ စစ်ဖြစ်တတ်ကြတယ်။

MYANMAR HARP

ဒီမိုကရေစီတွေကြားက ငြိမ်းချမ်းရေးဆိုတာက စီးပွားရေးအပြန်အလှန်မှီခိုမှုနဲ့ ချည်နှောင်ထားတဲ့ အေးချမ်းတဲ့ ပေါင်းစည်းမှုအပေါ် အခြေခံတယ်။ ဒီအချက်တွေဟာ သူ့အလိုအလျောက် ဖြစ်လာတာတော့ မဟုတ်ဘူး။ အစောပိုင်းက ပူးပေါင်းဆောင်ရွက်မှုတွေရဲ့ ရလာဒ်ကနေတဆင့် ထပ်မံပူးပေါင်းဆောင်ရွက်မှုတွေ ဖြစ်ထွန်းလာခြင်း ဖြစ်တယ်။ အင်အားသုံးအကြမ်းဖက်မှုဆီ ဦးပြန်လှည့်သွားနိုင်တယ်လို့တော့ ကန့်က သတိပေးတယ်။ ဒါပေမယ့် အဆုံးသတ်မှာတော့ အေးချမ်းတဲ့ပေါင်းစည်းမှုက ပိုမိုကျယ်ပြန့်လာပြီး၊ ဒီမိုကရေစီနိုင်ငံတွေကြားမှာ ထာဝရငြိမ်းချမ်းရေးကို ဖြစ်စေလိမ့်မယ်။ ဒါ့အပြင် နိုင်ငံတော်ပုံစံတွေထဲမှာ ဒီမိုကရေစီဟာ ပိုအဆင့်မြင့်တယ်လို့ ကန့်ကပြောပြီး၊ အဆုံးမှာတော့ နိုင်ငံတွေအားလုံးကြားမှာ ငြိမ်းချမ်းရေးတည်ရှိလာမယ်လို့ ဆိုခဲ့တယ်။

အခုမြင်ခဲ့ရတာကတော့ ကန့်ရဲ့ အကောင်းမြင်ထားတဲ့ အမြင်ပဲ ဖြစ်ပါ တယ်။ လတ်တလော ကာလတွေအတွင်းက ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေနဲ့ ဒီအယူအဆ သက်ဆိုင်မှုရှိမရှိကို သိဖို့အတွက် ကန့်ရဲ့ အမြင်မှာ ပါဝင်တဲ့ အချက်တွေကို ခေတ်ပြိုင်ဆက်စပ်အခြေအနေအတွင်း ဆန်းစစ်ဖို့ လိုအပ်ပါတယ်။ ပထမဆုံး ပြည်တွင်းအခင်းအကျင်းကို လေ့လာပြီး၊ ဒီနောက်မှာတော့ နိုင်ငံတကာဆက်ဆံရေးကို လေ့လာပါမယ်။

## ပြည်တွင်းအခင်းအကျင်း
### ( ဒီမိုကရေစီနိုင်ငံများ၏ နိုင်ငံခြားရေးပေါ်လစီ )

ဒီမိုကရေစီနိုင်ငံတွေကြားက ဆက်ဆံရေးမှာ ကိုယ့်ကိုကိုယ် ချုပ်တီးမှုတွေ ရှိပေမယ့်၊ အခြား ဒီမိုကရေစီနိုင်ငံတွေနဲ့ကျတော့ အဲဒီလို ချုပ်တီးမှုတွေ မရှိဘူး။ အေးချမ်းတဲ့ ပေါင်းစည်းမှုအတွင်းက နိုင်ငံတွေကြားမှာတော့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှိပေမယ့်၊ အေးချမ်းတဲ့ပေါင်းစည်းမှု အပြင်

MYANMAR HARP

မှာတော့ လုံခြုံရေး၊ အရင်းအမြစ်နဲ့ ဂုဏ်ဒြပ်တွေအတွက် ပါဝါတိုက်ပွဲတွေ ရှိနေပြီး၊ နိုင်ငံတကာစနစ်ကလည်း လက်တွေ့အမှန်ဝါဒကပြောတဲ့ မင်းမဲ့ အခြေအနေမျိုးဖြစ်နေတယ်။ ဒီမိုကရေစီတွေဟာ ဒီမိုကရေစီမဟုတ်တဲ့ နိုင်ငံ တွေနဲ့ ဆက်ဆံရေးကို သံသယနဲ့ ချည်းကပ်တယ်။ သူ့ရဲ့ ပြည်သူတွေနဲ့ ရန်ဖြစ်နေ ရတဲ့ လစ်ဘရယ်မဟုတ်တဲ့ အစိုးရတွေရဲ့ နိုင်ငံခြားရေးပေါ်လစီဟာ လစ်ဘရယ်အစိုးရတွေအတွက်တော့ အတော်လေးကို သံသယရှိစရာပဲ။ ဒီလိုအခြေအနေမျိုးမှာက ပဋိပက္ခရဲ့ ရလာဒ်အဖြစ် စစ်ပွဲတွေ ပေါ်ထွက် လာနိုင်ခြေရှိတယ်။

ဒီမိုကရေစီတွေအနေနဲ့ကလည်း နယ်မြေအသစ်တွေမှာ ဒီမို ကရေစီတန်ဖိုးတွေကို မြှင့်တင်ဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ စစ်ပွဲတွေ ဆင်နွှဲလာနိုင်တယ်။ ဒီသဘောအရဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အကန့် အသတ်တွေ ထားတဲ့၊ ဘုံစီးပွားရေးအကျိုးစီးပွားတွေရှိတဲ့၊ တစ်သီး ပုဂ္ဂလ အခွင့်အရေးကို နိုင်ငံတကာသဘော လေးစားမှုရှိတဲ့၊ ဒါတွေကနေတဆင့် အချင်းချင်းကြားမှာ ငြိမ်းချမ်းရေးကို မြှင့်တင်တဲ့ လစ်ဘရယ် လူ့အဖွဲ့အစည်း တွေဟာ လစ်ဘရယ်မဟုတ်တဲ့ လူ့အဖွဲ့အစည်းတွေနဲ့ ပဋိပက္ခ ဖြစ်လာနိုင်တယ်။ ဒီအမြင်က လစ်ဘရယ်ဒီမိုကရေစီတွေရဲ့ ဒီမိုကရေစီမဟုတ်တဲ့ နယ်မြေတွေနဲ့ ဆက်ဆံရေးကို ရှင်းပြပေးတယ်။

နောက်ဆုံးအချက်ကတော့ ဒီမိုကရေစီတွေရဲ့ နိုင်ငံခြားရေးပေါ်လစီ ဟာ အကြောင်းအကျိုး ညီညွတ်မှု ရှိချင်မှရှိမယ်။ နိုင်ငံတကာဆက်ဆံရေးမှာ ဆင်ခြင်တုံတရားကို အသုံးပြုရမယ့်အစား၊ အများပြည်သူထင်မြင်ချက်အရ လုပ်တာမျိုး၊ မလိုအပ်ပဲ တင်းတင်းမာမာဆက်ဆံလိုက်တာမျိုး ဒါမှမဟုတ် ချော့မြှူလိုက်တာမျိုး စတဲ့ ဉာဏ်အမြော်အမြင် မရှိတဲ့ ပေါ်လစီမျိုးတွေကို တွေ့ရနိုင်တယ်။

နိုင်ငံခြားရေးပေါ်လစီမှာ ဆင်ခြင်တုံတရားမရှိမှုကြောင့် ဒီမိုကရေစီ

MYANMAR HARP

တွေ နိုင်ငံခြားအရေးအရာတွေကို ဆောင်ရွက်ရာမှာ အကျပ်ရိုက်မှုတွေကို ကြုံတွေ့ရတယ်။ ဒီမိုကရက်တစ်မူဘောင်က အေးချမ်းတဲ့ ပေါင်းစည်းမှုရဲ့ မှတ်ကျောက်ဖြစ်ပေမယ့်၊ တချိန်တည်းမှာပဲ ဒီမိုကရေစီတွေဟာ ဒီမိုကရေစီ မဟုတ်တဲ့ နိုင်ငံတွေနဲ့ကျတော့ အဆင်ခြင်ကင်းမဲ့ပြီး၊ စွန့်စားတဲ့ ပေါ်လစီတွေကို ဆောင်ရွက်လာနိုင်တယ်။ အဆင်ခြင်ကင်းမဲ့မှုကို ပေါ်လစီပြုလုပ်ခြင်းကနေ ဖယ်ရှားဖို့ဆိုရင် အုပ်ချုပ်ရေး မဏ္ဍိုင်က ဥပဒေမဏ္ဍိုင်ရဲ့ ထိန်းချုပ်ခံရမှု အောက်ကနေ ဒီထက်ပိုလွတ်ကင်းနိုင်ဖို့ လိုတယ်။ ဒါပေမယ့် ဒီလိုဖြစ်လာ ပြန်ရင်လည်း အေးချမ်းတဲ့ ပေါင်းစည်းမှုရဲ့ အခြေခံဟာ ခြိမ်းခြောက်ခံရမယ်။ နောက်တစ်မျိုးပြောရမယ်ဆိုရင် လစ်ဘရယ် အောင်မြင်မှုတွေကို မခြိမ်း ခြောက်ပဲနဲ့ လစ်ဘရယ်အကျပ်ရိုက်မှုကို အပြည့်အဝ ဖြေရှင်းလို့ ရချင်မှ ရမယ်။

ဒါကြောင့်လည်း ဒီမိုကရေစီတွေရဲ့ နိုင်ငံခြားရေးပေါ်လစီအပေါ် အများပြည်သူထင်မြင်ချက်က ဘယ်လောက် လွှမ်းမိုးသင့်သလဲဆိုတာနဲ့ ပတ်သက်ပြီး ကာလတာရှည် ငြင်းခုံနေကြရတာဖြစ်တယ်။ ဒါနဲ့ပတ်သက်လို့ အမြင်နှစ်မျိုးရှိတယ်။ ဂျွန်လော့ခ်က နိုင်ငံခြားရေးပေါ်လစီကို ကျွမ်းကျင်သူ တွေလက်ထဲကို ထည့်ထားလိုက်ဖို့ ပြောတယ်။ ဒီအမြင်ကို တော့ခ်ဗီးလ်က ထောက်ခံခဲ့တယ်။ နိုင်ငံခြားရေးပေါ်လစီကို ဒီမိုကရက်တစ် လုပ်ငန်းစဉ် အောက်မှာ ထားလိုက်ရင် ညံ့ဖျင်းတဲ့ ရလာဒ်တွေ ထွက်လာမယ်လို့ သူက စိုးရိမ်ခဲ့တယ်။

အခြားသူတွေကတော့ နိုင်ငံခြားရေးပေါ်လစီမှာ စစ်မှန်တဲ့ ဒီမို ကရက်တစ် လုပ်ငန်းစဉ်ရှိရင် ငြိမ်းချမ်းရေးရဖို့ အကူအညီဖြစ်စေလိမ့်မယ်လို့ ဆိုကြတယ်။ ဒီအမြင်ကို ဗြိတိသျှလွှတ်တော်အမတ် အာသာပွန်ဆန်ဘီက ၁၉၁၅ မှာ ဖော်ထုတ်ခဲ့ပြီး၊ ပထမကမ္ဘာစစ် ဖြစ်ပွားလာချိန်မှာ ထိပ်ပိုင်း အီလစ်တွေကသာ ဆုံးဖြတ်ချက်ချနေတဲ့ ဖြစ်စဉ်ကျရှုံးသွားတာကို ထောက်ပြ

MYANMAR HARP

ခဲ့တယ်။

နိုင်ငံခြားရေးပေါ်လစီအတွင်း အများပြည်သူရဲ့ ဒီမိုကရက်တစ် လွှမ်းမိုးမှုနဲ့ ပတ်သက်တဲ့ ဒီအမြင်တွေဟာ စံနှုန်းအခြေပြုအမြင်တွေဖြစ်တယ်။ ဒါဆိုရင် တကယ့်လက်တွေ့ကမ္ဘာမှာရော၊ ဘယ်လိုရှိမလဲ။ ပညာရှင်တစ်ယောက် ကတော့ ဒီမိုကရေစီနဲ့ နိုင်ငံခြားရေးပေါ်လစီ လိုက်လျောညီထွေ မဖြစ်ကြောင်း အချက်သုံးချက်နဲ့ ထောက်ပြတယ်။ ပထမအချက်က ပြင်ပကလူတွေနဲ့ အပေးအယူလုပ်မှုနဲ့ သက်ဆိုင်တယ်။ ဒီမိုကရေစီရဲ့ ဖွင့်ပေးထားမှုနဲ့ အမြင်အယူအဆ မတူကွဲပြားမှုတွေကြောင့် အပေးအယူ လုပ်တဲ့အခါမှာ ညံ့ဖျင်းတဲ့ ရလာဒ်တွေ ထွက်ပေါ်လာနိုင်တယ်။ ပြီးတော့လည်း ဒီလိုစေ့စပ်ညှိနှိုင်းမှုမျိုးတွေကို အပေးအယူလုပ်တာကျွမ်းကျင်တဲ့ ပရော်ဖက် ရှင်နယ်တွေ လက်ထဲမှာ ထားတာက ကောင်းလိမ့်မယ်။ တချို့ကိစ္စတွေ ဆိုရင်လည်း လျှို့ဝှက်ထားဖို့က လိုအပ်တယ်။ တကယ်လို့သာ ဒီမိုကရက်တစ် အငြင်းအခုံတွေနဲ့ လုပ်ငန်းစဉ်တွေအောက်ကိုသာ နိုင်ငံခြားအရေးအရာတွေကို ထားလိုက်ရင် ပြဿနာရှိတယ်။

ဒုတိယအချက်က နိုင်ငံခြားရေးပေါ်လစီရဲ့ အရေးကြီးပုံနဲ့ ပတ်သက်တယ်။ နိုင်ငံခြားရေးပေါ်လစီဆိုတာ နိုင်ငံရဲ့ လုံခြုံရေး၊ သူ့ရဲ့ ရှင်သန်နိုင်မှုနဲ့ ပတ်သက်နေတာဖြစ်တယ်။ ဒါကြောင့် ဒီလိုကိစ္စမျိုးတွေကို ဖွင့်ပေးထားပြီး လွတ်လပ်တဲ့ အငြင်းအခုံတွေထဲကို သွားထားလို့ မဖြစ်ဘူး။ တကယ် အရေးကြီးတာက ခေါင်းဆောင်ရဲ့ နောက်မှာ စည်းလုံးကြဖို့ ဖြစ်တယ်။ ဒီလိုမဟုတ်ဘဲ၊ ဆန့်ကျင်ဘက်လုပ်မယ်ဆိုရင်တော့ နိုင်ငံရဲ့ လုံခြုံရေးကို ထိခိုက်စေလိမ့်မယ်။

နောက်ဆုံးအချက်ကတော့ နိုင်ငံခြားရေးပေါ်လစီရဲ့ ပြည်သူတွေနဲ့ ဝေးကွာနေမှုဖြစ်တယ်။ နိုင်ငံခြားရေးပေါ်လစီ ဆိုတာက ပြည်တွင်းနိုင်ငံရေးမှာ လွှမ်းမိုးထားတဲ့ စီးပွားရေး၊ ကျန်းမာရေး၊ အလုပ်အကိုင် စတာတွေနဲ့

MYANMAR HARP

မတူဘူး။ နိုင်ငံခြားရေးပေါ်လစီက အရေးပါပေမယ့် သူ့ကြောင့်ဖြစ်လာတဲ့ ရလာဒ်တွေက သူတို့ရဲ့ ဘဝတွေကို ဘယ်လိုရိုက်ခတ်နိုင်သလဲဆိုတာကို သာမန်နိုင်ငံသားတွေက ကြိုမမြင်နိုင်ဘူး။ သူတို့အတွက်က ပြည်တွင်းပေါ်လစီကို ခန့်မှန်းဖို့ ပိုလွယ်တယ်။ ဒီတော့ကာ နိုင်ငံခြားအရေးအရာတွေဟာ မဲဆန္ဒရှင်တွေရဲ့ နိုင်ငံရေးအတွက်အချက်တွေအတွင်းမှာ မထင်မရှားနေရာမှာသာ ရှိနေပြီး၊ အများစုက ဒီကိစ္စတွေကို ကျွမ်းကျင်သူတွေကသာ ကိုင်တွယ်စေချင်ကြတယ်။

လက်မခံသူတွေကတော့ ဒီအမြင်ဟာ နိုင်ငံခြားအရေးအရာတွေအတွင်းက မတူကွဲပြားတဲ့ နယ်ပယ်တွေကို ခွဲခြားပြီး မမြင်ဘူးလို့ ဝေဖန်ကြတယ်။ သူတို့က ပုံမှန်အားဖြင့် အမျိုးသားလုံခြုံရေးလို အမြင့်ပိုင်းနိုင်ငံရေးနဲ့ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သဘာဝပတ်ဝန်းကျင်တို့လို အနိမ့်ပိုင်းနိုင်ငံရေးကို ခွဲခြားပြတယ်။ ဒီမိုကရေစီနဲ့ နိုင်ငံခြားရေးပေါ်လစီတွေ လိုက်လျောညီထွေ မဖြစ်ဘူးဆိုတာက အနိမ့်ပိုင်းနိုင်ငံရေးထက် အမြင့်ပိုင်းနိုင်ငံရေးနဲ့ ပိုဆိုင်တယ်။ ဒါပေမယ့် အမျိုးသားလုံခြုံရေးလို ကိစ္စမျိုးမှာတောင် သူ့ကို ပုံမှန်ဒီမိုကရေစီယန္တရားကနေ ကင်းလွတ်ပြီးထားဖို့ဆိုတာ ဒီမိုကရေစီရှုထောင့်ကနေကြည့်ရင် ဘယ်လိုမှ လက်ခံနိုင်စရာမရှိဘူး။ အခုဆက်လက်ပြီး နိုင်ငံခြားအရေးအရာလို အမြင့်ပိုင်းနိုင်ငံရေးအပေါ် ဒီမိုကရက်တစ် လွှမ်းမိုးမှု ဘယ်လောက်အတိုင်းအတာနဲ့ ရှိသလဲဆိုတာကို လေ့လာကြည့်မယ်။

ဒီနေရာမှာ တွေ့ရတဲ့ အခက်အခဲကတော့ နိုင်ငံခြားအရေးအရာတွေ လည်ပတ်ပုံမှာ ဒီမိုကရေစီ ဘယ်လောက်ရှိနေသလဲ၊ နည်းနည်းလား၊ များများလား ဆိုတာကို သိနိုင်ဖို့ပဲဖြစ်တယ်။ နိုင်ငံခြားရေးပေါ်လစီရဲ့ အမြင့်ပိုင်းနိုင်ငံရေးကို အများပြည်သူထင်မြင်ချက်က ဘယ်လောက်လွှမ်းမိုးသလဲ။ သောမတ်စ်ကက်ပန်က ဆိုဗီယက်ပြည်ထောင်စုမှာ ဘရက်ဇနက်ခေတ်ကနေ ဂေါ်ဘာချော့ဗ်ခေတ်အထိ အကူးအပြောင်းအတွင်း အမေရိကန်၊ ပြင်သစ်၊

MYANMAR HARP

ဂျာမနီနဲ့ ဂျပန် လေးနိုင်ငံရဲ့ ဆိုဗီယက်ဆိုင်ရာနိုင်ငံခြားရေးပေါ်လစီ အပြောင်းအလဲတွေမှာ အများပြည်သူ ထင်မြင်ချက်ရဲ့အခန်းကို လေ့လာခဲ့တယ်။ နိုင်ငံတစ်ခုချင်းစီမှာ လူထုရဲ့ ထင်မြင်ချက်ဟာ အရေးပါတယ်လို့ သူက ကောက်ချက်ချခဲ့တယ်။ လစ်ဘရယ်ဒီမိုကရေစီနိုင်ငံတွေက ပေါ်လစီချမှတ်သူတွေဟာ အများပြည်သူရဲ့ ထင်မြင်ချက်က ကြီးမားထင်ရှားနေရင် အဲဒါကို မဆန့်ကျင်ကြဘူး။ ဒါပေမယ့် နိုင်ငံခြားရေးနဲ့ လုံခြုံရေးဆိုင်ရာ ပေါ်လစီတွေအပေါ် အများပြည်သူ ထင်မြင်ချက်ရဲ့ သက်ရောက်မှုက အကန့်အသတ်နဲ့သာရှိတယ်လို့ သူကဆက်ပြောတယ်။ အများပြည်သူ ထင်မြင်ချက်က ပေါ်လစီဆုံးဖြတ်ချက် ဒါမှမဟုတ် ပေါ်လစီကို အကောင်အထည်ဖော်မှုတွေအပေါ် တိုက်ရိုက်သက်ရောက်တာမျိုးက ရှားတယ်။ အများပြည်သူ ထင်မြင်ချက်က အဓိကအားဖြင့် ထိပ်ပိုင်းအီလစ်တွေကို လွှမ်းမိုးမှုကနေတဆင့် သွယ်ဝိုက်ပြီး သက်ရောက်တယ်လို့ သူကပြောတယ်။ ထိပ်ပိုင်းအီလစ်တွေကတော့ နောက်ဆုံးအဆုံးအဖြတ်ကို ပေးသူတွေဖြစ်မယ်။ ဒါပေမယ့် ထိပ်ပိုင်းအီလစ်အုပ်စုတွေထဲမှာ အများပြည်သူ ထင်မြင်ချက်နဲ့ သွားတူတဲ့သူတွေက အောင်ပွဲခံလိမ့်မယ်။ နောက်ဆုံးအနေနဲ့ ကက်ပန်က နိုင်ငံလေးနိုင်ငံရဲ့ ပြည်တွင်းတည်ဆောက်ပုံတွေ ကွာခြားမှုက မတူတဲ့ ပေါ်လစီတွေထွက်ပေါ်လာပုံကို ရှင်းပြနိုင်တယ်လို့ ဆိုတယ်။ ပြည်တွင်းတည်ဆောက်ပုံမှာ အပိုင်းသုံးပိုင်း ပါဝင်တယ်။ အဲဒါတွေကတော့ နိုင်ငံရေးအင်စတီကျူးရှင်းတွေကို ဗဟိုချုပ်ကိုင်မှု အတိုင်းအတာ၊ နိုင်ငံတော်က ပေါ်လစီကွန်ရက်ကို လွှမ်းမိုးထားမှု အတိုင်းအတာနဲ့ လူ့အဖွဲ့အစည်းအတွင်း အုပ်စုတွေရဲ့ အစွန်းရောက်မှု အတိုင်းအတာ တို့ဖြစ်တယ်။

အခြားသော လေ့လာမှုတွေကလည်း အများပြည်သူ ထင်မြင်ချက်က တိုက်ရိုက်မဟုတ်ဘဲ၊ ထိပ်ပိုင်းအီလစ်တွေကို လွှမ်းမိုးမှုကတဆင့် နိုင်ငံခြားရေးပေါ်လစီမှာ အရေးပါတယ်ဆိုတာကို ထောက်ခံကြတယ်။ ဒေါက်ကလပ်စ်

MYANMAR HARP

ဖွဲ့ဂိုင်းက သမ္မတရဲ့ အများပြည်သူထင်မြင်ချက်အပေါ် တန်ဖိုးထားမှု၊ ယုံကြည်မှုတွေက အများပြည်သူထင်မြင်ချက်ရဲ့ နိုင်ငံခြားရေးပေါ်လစီ အတွင်း အရေးပါမှုကို ဆုံးဖြတ်ပေးတယ်လို့ဆိုတယ်။ အချုပ်ဆိုရရင် အများ ပြည်သူထင်မြင်ချက်ကအရေးပါပေမယ့်၊ နိုင်ငံရေးနဲ့ ပေါ်လစီဆိုင်ရာ ဆက်စပ်အခြေအနေတွေကို လိုက်ပြီး၊ သူ့ရဲ့ အရေးပါမှုက ပြောင်းလဲနေတယ်။

အီမန်နွယယ်ကန့်က နိုင်ငံသားတွေက သူတို့ရဲ့ အစိုးရတွေကို သွေးထွက် သံယိုမှုတွေနဲ့ စစ်ပွဲတွေအတွင်း မရောက်စေချင်တာကြောင့် ဒီမိုကရေစီနိုင်ငံတွေမှာ ငြိမ်းချမ်းမှုရှိလိမ့်မယ်လို့ ဆိုခဲ့တယ်။ ဒါပေမယ့် နိုင်ငံသားတွေရဲ့ အမြင်နဲ့ နိုင်ငံခြားရေးပေါ်လစီကြောင့် ထွက်ပေါ်လာတဲ့ ရလာဒ်တွေကြားက ချိတ်ဆက်မှုကတော့ ကန့်ပြောတာထက်ကို ပိုပြီး သွယ်ဝိုက်မှုရှိသလို၊ ပိုပြီးရှုပ်ထွေးပုံလည်းရတယ်။ ဒီမိုကရေစီနိုင်ငံတွေက အခြားဒီမိုကရေစီနိုင်ငံတွေနဲ့ ဆက်ဆံတဲ့အခါမှာ ကိုယ့်ကိုကိုယ် ထိန်းချုပ်တာဟာဆိုရင် ငြိမ်းချမ်းရေးလိုလားတဲ့ နိုင်ငံသားတွေက ပေါ်လစီချမှတ်သူတွေကို လွှမ်းမိုးတာကြောင့်လို့တော့ တိုက်ရိုက်ပြောလို့ မရဘူး။ ဒီမိုကရေစီတွေကြားက ငြိမ်းချမ်းရေးကို ရှင်းပြနိုင်တဲ့ အခြားအကြောင်းအချက်တွေ ရှိနေနိုင်တယ်။ ဖြစ်နိုင်ခြေတစ်ခုကတော့ ဒီမိုကရေစီဟာ နိုင်ငံသားတွေဆီမှာရော၊ ပေါ်လစီချမှတ် သူတွေဆီမှာပါ တန်ဖိုးစံတွေကို တည်ဆောက်ပေးတယ်။ ဒါတွေက ဒီမိုကရေစီနိုင်ငံတွေကြားက ပဋိပက္ခတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းလာစေတယ်။ တကယ်တော့ ငြိမ်းချမ်းတဲ့ ဆက်ဆံရေးကို ဖြစ်စေတာက နိုင်ငံသားတွေရဲ့ အီလစ်တွေအပေါ် လွှမ်းမိုးနိုင်မှုကြောင့်မဟုတ်ဘဲ၊ ဒီမိုကရက်တစ် နိုင်ငံရေးယဉ်ကျေးမှု ကြောင့်သာ လျှင်ဖြစ်တယ်။ ဒီယဉ်ကျေးမှုက နိုင်ငံတွေဟာ နိုင်ငံခြားရဲ့ ဝင်ရောက်စွက်ဖက်မှုကနေ လွတ်ကင်းခွင့်ရှိတယ်လို့ လက်ခံထားတယ်။ ကျင့်ဝတ်အရ ကိုယ့်ကိုကိုယ်ပိုင်စိုးတဲ့ နိုင်ငံသားတွေက လွတ်လပ်မှုကို ကိုင်စွဲထားတဲ့အခါမှာ၊ သူတို့ကို ဒီမိုကရေစီနည်းကျ

MYANMAR HARP

ကိုယ်စားပြုတဲ့ နိုင်ငံတော်တွေကလည်း နိုင်ငံရေးအရ သီးခြားလွတ်လပ်မှုကို ကိုင်စွဲထားတယ်။ ဒီရပိုင်ခွင့်တွေကို အပြန်အလှန်လေးစားမှုကနေ နိုင်ငံတကာ လစ်ဘရယ်သီအိုရီရဲ့ တန်ဖိုးဖြစ်လာခဲ့တယ်။ ဒီမိုကရက်တစ် နိုင်ငံရေးယဉ်ကျေးမှုက ဒီမိုကရေစီနိုင်ငံအချင်းချင်း နယ်ချဲ့စေမယ့် အိုင်ဒီအိုလိုဂျီ တွန်းအားကို ဖယ်ရှားပစ်သလို၊ ဒီမိုကရက်တစ် ထိပ်ပိုင်းအီလစ်တွေကိုလည်း အခြားဒီမိုကရေစီတွေအပေါ် တရားနည်းလမ်းကျတဲ့ စစ်မဆင်နွှဲနိုင်အောင် ဖန်တီးလိုက်တယ်။ ဒီမိုကရေစီ နိုင်ငံတွေအနေနဲ့က တရားနည်းလမ်းမကျဘူးလို့သူတို့ကထင်တဲ့ နိုင်ငံတွေနဲ့ စစ်ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါပေမယ့် ဒီမိုကရက်တစ် တရားနည်းလမ်းကျမှုကို အခြေခံထားတဲ့ နိုင်ငံတွေနဲ့ စစ်ဖြစ်ဖို့အလွန်ခက်ခဲသွားအောင် ဒီမိုကရက်တစ် နိုင်ငံရေးယဉ်ကျေးမှုက ဖန်တီးလိုက်တယ်။

အဓိက,ကတော့ ပဋိပက္ခတွေကို ငြိမ်းချမ်းစွာဖြေရှင်းတဲ့ ဒီမိုကရက်တစ်စံနှုန်းတွေရယ်၊ အခြားသူတွေရဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုတဲ့ ဒီမိုကရက်တစ်စံနှုန်းတွေရယ်ကြောင့် ဒီမိုကရေစီနိုင်ငံတွေက နိုင်ငံတကာ ဆက်ဆံရေးမှာ ကိုယ့်ကိုကိုယ်ထိန်းချုပ်ပြီး၊ သတိထားကြခြင်းဖြစ်တယ်။ ဒီမိုကရက်တစ် နိုင်ငံရေးယဉ်ကျေးမှုရဲ့ ပြည်တွင်းအခင်းအကျင်းက ဒီမိုကရေစီတွေကြားက ငြိမ်းချမ်းတဲ့ ဆက်ဆံရေးကို ရှင်းပြနေတယ်။ ဒါဆိုရင် အခုပြောခဲ့တဲ့ ပြည်တွင်း အခင်းအကျင်းက ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း ဖြစ်စဉ်ကို ဘယ်လိုသက်ရောက်မလဲ။

ဒီမိုကရေစီတွေရဲ့ ငြိမ်းချမ်းတဲ့ အပြုအမူတွေဟာ ဒီမိုကရေစီယဉ်ကျေးမှု တည်ရှိနေတဲ့အပေါ် မူတည်နေတယ်ဆိုရင် လတ်တလောမှာ ဒီမိုကရေစီအသွင်ကူးပြောင်းလာတဲ့ နိုင်ငံတွေမှာရော ဘယ်လိုအခြေအနေရှိမလဲ။ ဒီမိုကရေစီမဟုတ်တဲ့ စနစ်ကနေ ဒီမိုကရေစီစနစ်ဆီ အသွင်ကူးပြောင်းတဲ့ ဖြစ်စဉ်ဟာ ရှည်ကြာပြီး ရှုပ်ထွေးတဲ့အပြင်၊ ရောထပ်နေတဲ့ အဆင့်အတော်

MYANMAR HARP

များများလည်းရှိတယ်။ ကြိုတင်ပြင်ဆင်တဲ့ အဆင့်မှာဆိုရင် ဒီမိုကရေစီ မဟုတ်တဲ့စနစ် ပြိုလဲသွားစေတဲ့ နိုင်ငံရေးတိုက်ပွဲတွေကို တွေ့ရတယ်။ ဆုံးဖြတ်တဲ့ အဆင့်မှာတော့ ဒီမိုကရက်တစ် အခင်းအကျင်း ပေါ်ထွက်လာပြီး နောက်ဆုံးအဆင့်ဖြစ်တဲ့ ခိုင်မာစေတဲ့ အဆင့်မှာတော့ ဒီမိုကရေစီ အမူအကျင့်တွေဟာ နိုင်ငံရေးယဉ်ကျေးမှု ဖြစ်လာခဲ့တယ်။

ဒီမိုကရေစီယဉ်ကျေးမှု ပေါ်ထွက်လာခြင်းဟာ ရေရှည်ဖြစ်စဉ်ဖြစ်ပြီး ခိုင်မာစေတဲ့ အဆင့်ရဲ့ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်တယ်။ ဒီအဆင့်မှာ ဒီမိုကရေစီစနစ်သာလျှင် တစ်ခုတည်းသော လက်ခံရမယ့် နိုင်ငံရေးစနစ်လို့ မြင်ကြပြီး နိုင်ငံရေးခေါင်းဆောင်တွေနဲ့ ပြည်သူတွေက ဒီမိုကရေစီ အမူအကျင့်တွေကို မှန်ကန်ပြီး သဘာဝကျတဲ့ အရာတွေလို့ လက်ခံထားကြတယ်။ ဒါပေမယ့် ဒီမိုကရေစီနိုင်ငံအသစ်တွေကတော့ ခိုင်မာတဲ့ အဆင့်ကို မရောက်သေးဘဲ၊ ဒီမိုကရေစီနဲ့ အာဏာပိုင်စနစ်ကြားက မီးခိုးရောင်ဇုန်အတွင်းမှာ ရောက်နေကြတယ်။

ဒီတော့ကာ ပဋိပက္ခတွေကို ငြိမ်းချမ်းစွာဖြေရှင်းတဲ့ ဒီမိုကရေစီ ယဉ်ကျေးမှုက ဒီမိုကရေစီအသစ်တွေရဲ့ လက္ခဏာ မဟုတ်သေးဘူး။ ဒီမိုကရေစီ အသစ်တွေမှာက ဒီမိုကရေစီယဉ်ကျေးမှု စဖြစ်ထွန်းလာပြီဖြစ်ပေမယ့်၊ အားကောင်း လာခြင်း ရှိမရှိကတော့ မသေချာဘူး။ ပြီးတော့လည်း ငြိမ်းချမ်းတဲ့ ဆက်ဆံရေးအတွက် ဒီမိုကရေစီယဉ်ကျေးမှု ပမာဏဘယ်လောက် ဖွံ့ဖြိုးရမယ်လို့ ယတိပြတ်ပြောဖို့ကလည်း ခက်ခဲတယ်။ ပညာရှင်မိုက်ကယ် ဒွိုင်းလ်ကတော့ ငြိမ်းချမ်းတဲ့ ဆက်ဆံရေးအတွက် အခြေခံတွေ မဖွဲ့စည်းခင် ဒီမိုကရေစီယဉ်ကျေးမှုက နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေဖို့ လိုတယ်လို့ ဆိုတယ်။ ဘရုစ်ရပ်ဆက်ကတော့ ငြိမ်းချမ်းရေးအတွက် ဒီမိုကရက်တစ် စံနှုန်းတွေနဲ့ အမူအကျင့်တွေ အနိမ့်ဆုံးဘယ်လောက်ရှိရမလဲ ဆိုတာကတော့ မရှင်းဘူးလို့ ဆိုတယ်။

MYANMAR HARP

လက်တင်အမေရိကနဲ့ အာဖရိကနိုင်ငံ အချို့မှာဆိုရင် အသွင်ကူးပြောင်းလာပြီးတဲ့နောက် ပြည်တွင်း အကြမ်းဖက်မှုတွေ ပိုဖြစ်လာတာကြောင့်၊ အဆိုးမြင်ကြတာလည်း ရှိတယ်။ ပြောနိုင်တာကတော့ နိုင်ငံအတော်များများက ဒီမိုကရေစီယဉ်ကျေးမှုတွေကို ကျင့်သုံးလာလိမ့်မယ်။ ဒါပေမယ့် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်ဖို့အတွက် အချိန်ယူရမှာ ဖြစ်ပြီး၊ မအောင်မြင်မှုတွေ၊ နောက်ပြန်ဆုတ်မှုတွေလည်း ဖြစ်လာနိုင်တယ်။

ဆာဟာရအောက်ပိုင်း အာဖရိကမှာရှိတဲ့ ဆင်းရဲပြီး၊ အင်စတီကျူးရှင်းတွေ အားနည်းတဲ့ နိုင်ငံတွေဆိုရင် အသွင်ကူးပြောင်းပြီးနောက် ပြင်းထန်တဲ့ ပြည်တွင်းပဋိပက္ခတွေကို ရင်ဆိုင်ခဲ့ရတယ်။ တကယ်တော့ ထိပ်ပိုင်းအီလစ်တွေကြားမှာဖြစ်ဖြစ်၊ ပြည်သူတွေကြားမှာဖြစ်ဖြစ် ယှဉ်ပြိုင်နေတဲ့ အုပ်စုတွေရှိနေပြီး၊ သူတို့ကြားမှာ ယုံကြည်မှုနဲ့ အပြန်အလှန်လက်ခံမှုတွေ မရှိရင်၊ ပြီးတော့ အင်စတီကျူးရှင်းတွေက ပုံပျက်ပန်းပျက်ဖြစ်နေရင်၊ ဒီလိုချို့နဲ့နိုင်ငံတွေမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုက အလွန်ခက်ခဲတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းခြင်း ဖြစ်လာပြီဆိုတာနဲ့ တောင်းဆိုမှုတွေကို တွေ့လာရမယ်။ ပြီးတော့ ပဋိပက္ခတွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြမယ်။ ပြဿနာကတော့ ဒီလိုလုပ်ရာကနေ ပြင်းထန်တဲ့ ထိပ်တိုက်တွေ့မှုတွေ၊ ပဋိပက္ခတွေ ဖြစ်လာနိုင်ပြီး၊ အားနည်းနေပြီးသား အသွင်ကူးပြောင်းမှုကို အခြေအနေပိုဆိုးစေလိမ့်မယ်။

ပြဿနာတွေထဲက တစ်ခုကတော့ ခွဲထွက်ရေးလှုပ်ရှားမှုပဲဖြစ်တယ်။ ဒီလှုပ်ရှားမှုဟာ အများအားဖြင့် လူမျိုးစုအဖွဲ့တွေနဲ့ သက်ဆိုင်တယ်။ မီဒီယာ ပိုလွတ်လပ်လာပြီး၊ အဖွဲ့အစည်းတွေကလည်း ဖွဲ့စည်းခွင့်တွေ ရလာတဲ့အခါ ဒီလူမျိုးစုအဖွဲ့တွေရဲ့ အသံကိုပိုကြားလာရတယ်။ ဒါနဲ့အတူ ဒီမိုကရေစီ အဖွင့်ဟာ ပိတ်ဆို့ဟန့်တားခံလာရနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုမတိုင်ခင်မှာ အမျိုးသားညီညွတ်မှုဆိုတဲ့ တင်ကူး

MYANMAR HARP

အခြေအနေ တစ်ရပ်ကို လိုအပ်တာကြောင့်ဖြစ်တယ်။ လူမျိုးစုအဖွဲ့တွေ အနေနဲ့က သူတို့ကိုယ်ပိုင်သီးခြားလွတ်လပ်တဲ့ နိုင်ငံရေး ကွန်မြူနတီတွေကို ရလိုကြပြီ။ ဒီပြဿနာကိုသာ မဖြေရှင်းနိုင်ဘူးဆိုရင်တော့ အသွင်ကူးပြောင်းမှုက ရှေ့ဆက်မတိုးတော့တာမျိုး ဖြစ်နိုင်သလို၊ ပြင်းထန်တဲ့ ပဋိပက္ခတွေကိုလည်း မြင်လာရနိုင်တယ်။

ဝမ်းနည်းစရာကောင်းတာကတော့ ဖြစ်နိုင်ခြေရှိတဲ့ အဖြေနှစ်မျိုးဖြစ်တဲ့ ခွဲထွက်ခြင်းနဲ့ ခွဲမထွက်အောင် လူမျိုးစုအဖွဲ့တွေရဲ့ စိတ်ကိုပြောင်းလဲခြင်း နှစ်မျိုးစလုံးက လက်တွေ့မှာရနိုင်ဖို့ အလွန်ခက်ခဲတယ်။ လူမျိုးစုသရုပ် သကန်ဆိုတာက ပြောင်းလဲနိုင်ပေမယ့်၊ ကိစ္စအတော်များများမှာဆိုရင် လူမျိုးစု သရုပ်သကန်ကို ကိုင်ကစားတဲ့ ထိပ်ပိုင်းအီလစ်တွေကြောင့် အခြေအနေက ပိုဆိုးလာတယ်။ တချိန်တည်းမှာပဲ၊ နိုင်ငံတော် အသေးစားလေးတွေကို ထူထောင်ဖို့ကလည်း ဖြစ်နိုင်တာမဟုတ်ဘူး။

ဒါ့အပြင် လူမျိုးစု ပြဿနာလို့ ထင်ရပေမယ့် နောက်ကွယ်မှာ အခြား အကြောင်းအချက် ဖြစ်ချင်ဖြစ်နေနိုင်တယ်။ ချို့နဲ့တဲ့နိုင်ငံတွေမှာက နိုင်ငံရေးပါဝါဆိုတာ စီးပွားရေးပါဝါလည်းဖြစ်တယ်။ နိုင်ငံတော်ယန္တရားတွေဟာ သူကောင်းပြုသူ – မှီခိုသူ စနစ်မှာ အခြေခံတယ်။ နိုင်ငံတော်ကို ချုပ်ကိုင်တယ်ဆိုတာက အလုပ်အကိုင်၊ ကန်ထရိုက်၊ သွင်းကုန်ပါမစ်ကနေရတဲ့ တရားမဝင် အခွင့်အရေး၊ စီးပွားရေးလိုင်စင် စတာတွေကို ရရှိခြင်းလည်းဖြစ်တယ်။ ထိပ်ပိုင်းအီလစ်တွေ အနေနဲ့က သီးခြားလွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးကို မလုပ်ချင်ကြဘူး။ နိုင်ငံရေးအရဆိုရင်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းတယ်ဆိုတာက နိုင်ငံတော်ယန္တရားကို ချုပ်ကိုင်ထားတာကို လက်လွှတ်ပေးလိုက်ရခြင်းဖြစ်တယ်။ ဒါကြောင့် စီးပွားရေးနဲ့ နိုင်ငံရေး ထိခိုက်လာတဲ့ နိုင်ငံရေးထိပ်ပိုင်းအီလစ်တွေအတွက်က အမျိုးသားရေးဝါဒဆိုတာ အလွန်အသုံးချ လို့ကောင်းတဲ့ အရာတစ်ခုဖြစ်တယ်။

MYANMAR HARP

သာဓကအနေနဲ့လည်း ဒီမိုကရေစီ အသွင်ကူးပြောင်းမှုအချို့မှာ ဆိုရင် ပြင်းထန်တဲ့ ပဋိပက္ခတွေ ပေါ်ပေါက်လာပြီး နိုင်ငံတော်ပြိုလဲသွား တာမျိုးကိုတောင် တွေ့ရတယ်။ ဆူဒန်မှာဆိုရင် ဒီမိုကရေစီအသွင်ကူးပြောင်း မှုကြောင့်မြောက်ပိုင်းက မွတ်စလင်အဖွဲ့တွေရဲ့ နိုင်ငံရေးလှုပ်ရှားမှု အားကောင်း လာပြီး၊ တောင်ပိုင်းက မွတ်စလင်မဟုတ်တဲ့ အဖွဲ့တွေနဲ့ တင်းမာမှုတွေ ကြီးထွားလာတယ်။ ဒီလိုနဲ့ ပြင်းထန်တဲ့ ပဋိပက္ခတွေ ပေါ်ပေါက်လာပြီး၊ နိုင်ငံတော်ပြိုလဲမှုနဲ့အတူ စစ်ဘုရင်တွေက ကိုယ့်နယ်မြေကို ကိုယ်ထိန်းချုပ် နိုင်ရေးအတွက် အချင်းချင်း စစ်ခင်းကြတယ်။ အန်ဂိုလာမှာလည်း ၁၉၉၃ ရွေးကောက်ပွဲကြောင့် ပဋိပက္ခတွေ ပိုပြင်းထန်လာခဲ့တယ်။ အီသယိုပီးယား မှာလည်း ၁၉၉၁ နောက်ပိုင်း အာဏာရလာတဲ့ တိုင်ဂရီယန် ပြည်သူ့ လွတ် မြောက်ရေး တပ်ဦးက ကွဲပြားမှုတွေမဖြစ်အောင် လူမျိုးစုပါတီတွေကို ရွေးကောက်ပွဲပေးမဝင်ဘူး။ ဒီဆောင်ရွက်ချက်က ဒီမိုကရေစီအတွက် အကျိုး မဖြစ်သလို၊ အချို့သော လူမျိုးစုအဖွဲ့တွေရဲ့ အင်အားသုံး အကြမ်းဖက်မှု ကိုလည်း ရင်ဆိုင်ရတယ်။

အချုပ်ပြောရရင် တည်ငြိမ်ပြီး၊ ခိုင်မာသွားပြီဖြစ်တဲ့ ဒီမိုကရေစီ ဟာ ကန့်ပြောတဲ့ အေးချမ်းသော ပေါင်းစည်းမှုအတွက် အခြေခံပဲ။ ဒါပေမယ့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှုရဲ့ အစောပိုင်းဖြစ်စဉ်တွေနဲ့ ခိုင်မာသွားပြီဖြစ်တဲ့ ဒီမိုကရေစီတွေနဲ့က မတူဘူး။ ချို့နဲ့နိုင်ငံတွေမှာဆိုရင် အသွင်ကူးပြောင်း မှုကြောင့် အကြမ်းဖက်ပဋိပက္ခတွေ ပိုတောင် များလာတယ်။ အကျိုးဆက် ကတော့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုက ရပ်တန့်သွားတယ်၊ ဒါမှမဟုတ် နောက်ပြန်ဆုတ်သွားတယ်။

အခုဆွေးနွေးခဲ့တာကတော့ ကန့်ကပြင်ခဲ့တဲ့ အေးချမ်းတဲ့ ပေါင်းစည်း မှုအတွက် ပြည်တွင်းအခင်းအကျင်းပဲ ဖြစ်တယ်။ ဒါပေမယ့် ဒီမိုကရေစီ နိုင်ငံတွေကြားက ငြိမ်းချမ်းရေးဆိုတာမှာ နိုင်ငံတကာအခင်းအကျင်းလည်း

MYANMAR HARP

ပါဝင်နေတာကြောင့် ဒါနဲ့ပတ်သက်လို့ ဆက်လေ့လာပါမယ်။

## နိုင်ငံတကာအခင်းအကျင်း
## (ဒီမိုကရေစီနိုင်ငံများကြားမှ ပူးပေါင်းဆောင်ရွက်မှု)

ကန့်မြင်ထားတဲ့ ဒီမိုကရေစီနိုင်ငံတွေကြားက ငြိမ်းချမ်းရေးမှာ ရှိနေတဲ့ နိုင်ငံတကာအခင်းအကျင်းကတော့ ဆက်စပ်နေတဲ့ အကြောင်းအရာ နှစ်ခုအပေါ်မှာ မူတည်နေတယ်။ အဲဒါတွေကတော့ ကျင့်ဝတ်နဲ့ စီးပွားရေး တို့ပဲဖြစ်တယ်။ အဲဒါတွေကို တစ်ပိုင်းစီလေ့လာကြည့်မယ်။

ဒီမိုကရေစီနိုင်ငံများကြားမှ ကျင့်ဝတ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

ကန့်ရဲ့အမြင်အရ ဒီမိုကရေစီနိုင်ငံတွေကြားမှာ ငြိမ်းချမ်းစွာ ဆက်ဆံရေး ဖြစ်အောင် ကူညီတည်ဆောက်ပေးတဲ့ ကျင့်ဝတ်တွေက ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်လေးစားခြင်းနဲ့ နားလည်ခြင်းတွေ အပေါ် အခြေခံတယ်။ ဒီမူဝါဒတွေဟာ ဥရောပမှာ ၁၉ ရာစု အစောပိုင်းမှာ ပေါ်ထွက်လာတယ်။ ဥရောပနိုင်ငံကြီးတွေက ကမ္ဘာကိုလွှမ်းမိုးနိုင်ဖို့ နယ်ချဲ့နေတဲ့အချိန်မှာပဲ ပေါ်ထွက်လာခြင်းဖြစ်တယ်။ ဒါပေမယ့် အဲဒီအချိန် မှာပဲ၊ သူတို့ရဲ့ ကြားမှာ အများသဘောတူထားတဲ့ ပြုမူဆောင်ရွက်ရမယ့် စည်းမျဉ်းတွေကို ချမှတ်နိုင်ခဲ့ကြတယ်။

ဥရောပနိုင်ငံကြီးတွေရဲ့ အပြန်အလှန်နားလည်မှုက အခြေခံမူဝါဒ နှစ်ရပ်အပေါ် အခြေခံတယ်။ အဲဒါတွေကတော့ နိုင်ငံတော်တွေရဲ့ အကြွင်းမဲ့ အချုပ်အခြာအာဏာပိုင်မှုကို အသိအမှတ်ပြုခြင်းနဲ့ နိုင်ငံတော်တွေကို တရားရေးအရ တန်းတူညီမျှစွာ ဆက်ဆံခြင်းတို့ ဖြစ်တယ်။ ဒီအခြေခံအရ ဥရောပ နိုင်ငံတွေကြားက ဆက်ဆံရေးမူဘောင်အတွက် အခြေခံမူလေးရပ် ထပ်ပေါ် ထွက်လာတယ်။ ပထမက တကိုယ်တော်အုပ်စိုးမှုကို ဆန့်ကျင်တဲ့ အင်အား

MYANMAR HARP

ချိန်ခွင်လျှာ အယူအဆဖြစ်တယ်။ အခြေခံအိုင်ဒီယာကတော့ နိုင်ငံတစ်နိုင်ငံကို အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် အလွန်အမင်း အင်အားကြီးထွားမလာအောင် တားမြစ်ဖို့ဖြစ်တယ်။ ဒုတိယကတော့ နိုင်ငံတကာဥပဒေကို ပြဋ္ဌာန်းနိုင်ဖို့ နိုင်ငံတွေကြားက ဆက်ဆံပုံအမူအကျင့်တွေကို စည်းဘောင်သတ်မှတ်ပေးခြင်း ဖြစ်တယ်။ တတိယကတော့ ညီလာခံတွေကို ကျင်းပပြီး ဥရောပနိုင်ငံတွေရဲ့ အရေးအရာတွေကို ဖြေရှင်းခြင်းဖြစ်တယ်။ ညီလာခံတွေမှာ နိုင်ငံတွေက စစ်ပွဲတွေကို အဆုံးသတ်ဖို့နဲ့ အထွေထွေစည်းမျဉ်းတွေမှာ ဖြည့်စွက်ချက်တွေ ထည့်ဖို့အတွက် သဘောတူစာချုပ်တွေ ချုပ်ဆိုကြတယ်။ အရေးအပါဆုံး ညီလာခံတွေကတော့ ဝက်စ်ဖေးလီးယား (၁၆၄၈)၊ အူထရက်ချ် (၁၇၁၃)နဲ့ ဗီယင်နာ (၁၈၁၅) တို့ဖြစ်တယ်။

စတုတ္ထမှုကတော့ သံတမန် ဒိုင်ယာလော့ခ်ဖြစ်တယ်။ ပထမမှုသုံးမျိုးဖြစ်တဲ့ အင်အားချိန်ခွင်လျှာ၊ နိုင်ငံတကာဥပဒေနဲ့ ညီလာခံတွေကို သံတမန် ဒိုင်ယာလော့ခ်တွေကနေတဆင့် ဆောင်ရွက်ကြတယ်။ ဒီလေးမျိုးစုပေါင်းခြင်းအားဖြင့် ဥရောပနိုင်ငံတွေကြားက သဘောတူညီချက် အခြေခံကိုတည်ဆောက်ထားတယ်။ ဒါပေမယ့်လည်း ဥရောပနိုင်ငံတွေက ကန့်မြင်ခဲ့တဲ့အေးချမ်းတဲ့ပေါင်းစည်းမှုကို အပြည့်အဝတော့ ဘယ်တုန်းကမှ မရခဲ့ဘူး။ ဖြစ်စဉ်အတွင်း ပါဝင်တဲ့နိုင်ငံတွေအတွင်းမှာ အပြည့်အဝဒီမိုကရေစီ မဟုတ်တဲ့နိုင်ငံတွေ ပါဝင်နေသလို၊ သဘောတူညီထားတဲ့ အမူအကျင့်ဆိုင်ရာ စံတွေကလည်း သူတို့ကြားက စစ်ပွဲတွေကို မတားဆီးနိုင်ဘူး။ ဒါပေမယ့် ကန့်ကအေးချမ်းတဲ့ ပေါင်းစည်းမှုကို ရေရှည်ပရောဂျက်တစ်ခုအဖြစ် မြင်ခဲ့တယ်။ လေ့လာသူအတော်များများကလည်း ဥရောပနိုင်ငံတွေကြားက ပူးပေါင်းဆောင်ရွက်မှု အဆင့်အတန်းရယ်၊ ဘုံယဉ်ကျေးမှုရယ်ကို ကြည့်ပြီး၊ ဒါတွေဟာ အရေးပါတဲ့ ပထမခြေလှမ်းတွေလို့ မြင်ကြတယ်။ ဒီလိုမျိုး ဥရောပနိုင်ငံတွေရဲ့ကြားက ဆက်ဆံရေးတွေကို နိုင်ငံတကာလူ့အဖွဲ့အစည်းတစ်ခု ဖြစ်လာစေမယ့်

MYANMAR HARP

အခြေခံအုတ်မြစ်လို့ မြင်ကြတာလည်းရှိတယ်။

၁၈ ရာစုနဲ့ ၁၉ ရာစုအတွင်း ဥရောပနိုင်ငံတွေရဲ့ ဆက်ဆံရေးတွေက နိုင်ငံတကာလူ့အဖွဲ့အစည်းတစ်ခုရဲ့ အစကို ဖြစ်စေတယ်ဆိုရင် အဲဒီနိုင်ငံတကာ လူ့အဖွဲ့အစည်းရဲ့ လက်ရှိအခြေအနေက ဘယ်လိုရှိသလဲ။ ဒါနဲ့ပတ်သက်လို့တော့ အားလုံးက သဘောတူညီတဲ့အမြင်တော့ မရှိဘူး။ ဘယ်ဒီဘူနေ်ကတော့ သမိုင်းစံနှုန်းအရကြည့်ရင် လက်ရှိနိုင်ငံတကာ လူ့အဖွဲ့အစည်းက မဆိုးဘူးလို့ ပြောနိုင်တဲ့ပုံစံမှာရှိတယ်လို့ ဆိုတယ်။ လူတွေဟာ အလယ်အလတ်အဆင့် ပူးပေါင်းဆောင်ရွက်မှုရှိပြီး၊ အိုင်ဒီအိုလိုဂျီအရ လစ်ဘရယ်နိုင်ငံတကာလူ့အဖွဲ့အစည်းဖြစ်နေတဲ့ အခြေအနေအတွင်း နေထိုင်နေကြတယ်လို့ သူကရေးခဲ့တယ်။ အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကို နိုင်ငံရေးတရားနည်းလမ်းကျမှုအတွက် အခြေခံယူနစ်အဖြစ် အားလုံးလိုလိုက လက်ခံထားကြတာကြောင့် သံခင်းတမန်ခင်းနဲ့ နိုင်ငံတကာဥပဒေတွေဟာ ပူးပေါင်းဆောင်ရွက်တဲ့ အမူအကျင့်တွေအတွက် မူဘောင် ဆက်ဖြစ်နေဆဲပါပဲ။

ကန့်က လွတ်လပ်စွာ ကူးလူးဆက်သွယ်ခြင်းဟာ နိုင်ငံတကာ နားလည်မှုကို တည်ဆောက်ဖို့အတွက် အရေးပါတဲ့ နည်းလမ်းလို့ မြင်ခဲ့တယ်။ ဒါပေမယ့် ဒီနေ့ခေတ်မှာလို၊ လူထုမီဒီယာတွေကနေ တကမ္ဘာလုံးကို ချက်ခြင်းသတင်းလွှင့်နိုင်တဲ့ အဖြစ်မျိုးကိုတော့ သူလည်း ကြိုမမြင်နိုင်ခဲ့ဘူး။ ကမ္ဘာတစ်နေရာက အဖြစ်အပျက်ကို ကမ္ဘာအနှံ့သို့ ချက်ခြင်းပျံ့နှံ့စေခြင်းဖြင့် ပြည်သူတွေနဲ့ ခေါင်းဆောင်တွေကြားမှာ အပြန်အလှန်အမြင်တွေ၊ နားလည်မှုတွေ ရှိလာစေနိုင်ခဲ့တယ်။ အချို့ကဆိုရင် ဒါမျိုးတွေနဲ့ အခြားသော ဖွံ့ဖြိုးတိုးတက်မှုတွေအရ ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအသစ် ပေါ်ထွက်လာပြီလို့တောင် ဆိုကြတယ်။

အရှေ့ဥရောပမှာ အာဏာရှင်စနစ်နဲ့ စီမံကိန်းစီးပွားရေးတွေ

MYANMAR HARP

ပြိုလဲသွားတော့ နိုင်ငံရေးဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေးကို ပေါင်းစပ်ထားတဲ့ လစ်ဘရယ်အရင်းရှင်ဝါဒစံတွေ အားကောင်းလာပြီလို့ ထင်ရတယ်။ လစ်ဘရယ် အရင်းရှင်ဝါဒမှာ မတူကွဲပြားတဲ့ ပုံစံတွေရှိတယ်။ ဒါပေမယ့် ဒီစနစ်ရဲ့ အဓိက သွင်ပြင်တွေကိုတော့ လက်ခံလာကြပြီး၊ သူ့ကိုယှဉ်ပြိုင်နိုင်တဲ့ ဖက်ဆစ်ဝါဒနဲ့ အကြွင်းမဲ့အာဏာရှင်ကွန်မြူနစ်ဝါဒတွေကိုတော့ ပယ်ချလိုက်ကြပြီဖြစ်တယ်။ ဒါပေမယ့် တချိန်တည်းမှာပဲ၊ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေးကွန်ရက်က လစ်ဘရယ်ဆန့်ကျင်ရေး အင်အားစုတွေကို အားပေးထောက်ပံ့ပေးနိုင်တယ်။ လစ်ဘရယ်ဝါဒကြောင့် ခြိမ်းခြောက်မှု ဒါမှမဟုတ် ဘေးဖယ်ထုတ်မှုကို ခံရတယ်လို့ မြင်တဲ့ နိုင်ငံတွေနဲ့ အုပ်စုတွေကလည်း လစ်ဘရယ်ဆန့်ကျင်ရေး လှုပ်ရှားမှုတွေကို ထောက်ခံလာနိုင်တယ်။

ဒီအကြောင်းအချက်တွေက ဘုံနားလည်မှုနဲ့ ပေါင်းစည်းထားတဲ့ ဒီမိုကရေစီတွေကြားက ငြိမ်းချမ်းတဲ့ ဆက်ဆံရေးရဲ့ အလားအလာနဲ့ ဘယ်လို ဆက်စပ်နေသလဲ။ ကန့်ရဲ့ ယုတ္တိဗေဒအရ ပြောရရင် ဘုံကျင့်ဝတ်အခြေခံရှိတဲ့ ဒီမိုကရေစီတွေရဲ့ကြားက ဆက်ဆံရေးဟာ အားကောင်းမယ်လို့ ယေဘုယျ ပြောနိုင်တယ်။ အကျိုးဆက်အားဖြင့်လည်း ဒီမိုကရေစီတွေ၊ အထူးသဖြင့် ခိုင်မာသွားပြီဖြစ်တဲ့ ဒီမိုကရေစီတွေမှာ စံနှုန်းတွေ ဖွံ့ဖြိုးလာပြီး၊ ပဋိပက္ခတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းလိုတဲ့ စိတ်ဆန္ဒတွေ ရှိလာမယ်လို့ မျှော်လင့်ရတယ်။

ဒီအခြေအနေမျိုးဟာ ဂျပန်အပါအဝင် စက်မှုထွန်းကားပြီး အနောက် နိုင်ငံတွေရဲ့ကြားမှာ ဖြစ်ထွန်းနေတယ်လို့ ဆိုရမယ်။ အနောက်ဥရောပ၊ မြောက်အမေရိက၊ ဂျပန်၊ ဩစတြေးလျနဲ့ နယူးဇီလန်တို့ဆိုရင် လုံခြုံရေး ကွန်မြူနတီအဖြစ် ဖွံ့ဖြိုးလာပြီး၊ သူတို့အချင်းချင်းကြားမှာ စစ်ရေးအင်အားကို အသုံးပြုမှာ မဟုတ်တာကတော့ သေချာတယ်၊ ဒီလိုဖြစ်လာတာနဲ့ ပတ်သက်လို့ စစ်အေးခေတ်အတွင်းက အရှေ့အုပ်စုကို တန်ပြန်ဖို့အတွက် ဒီနိုင်ငံတွေ ကြားမှာ ရှိခဲ့တဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်မှီခိုမှုနဲ့

MYANMAR HARP

ပူးပေါင်းဆောင်ရွက်မှုတွေလို အခြားအကြောင်းအချက်တွေကလည်း အရေး ပါပါတယ်။ ဒါပေမယ့် ကန့်ပြောသလိုဆိုရင် လုံခြုံရေးကွန်မြူနတီ ဖွံ့ဖြိုးလာ စေဖို့ အဓိက အဆုံးအဖြတ်ပေးတာက ဘုံရန်သူရှိနေတာကြောင့်ထက် ဒီမိုကရေစီနဲ့ ပူးပေါင်းဆောင်ရွက်မှု အုတ်မြစ်တွေ ခိုင်မာနေလို့ဖြစ်တယ်။ လတ်တလောနှစ်တွေမှာဆိုရင် နိုင်ငံတကာအကြမ်းဖက်ဝါဒကို ဘယ်လို ရင်ဆိုင်မလဲဆိုတာနဲ့ ပတ်သက်ပြီး အမေရိကန်နဲ့ ဥရောပကြားမှာ သဘောကွဲ မှုတွေရှိပေမယ့်၊ ဒါက သူတို့ရဲ့ လုံခြုံရေးကွန်မြူနတီကို မထိခိုက်စေနိုင်ဘူး။

ဒါပေမယ့်လည်း အနောက်တိုင်းက စက်မှုထွန်းကားပြီး ဒီမို ကရေစီတွေရဲ့ကြားက ငြိမ်းချမ်းတဲ့ ဆက်ဆံရေးမျိုးကို ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ဒီမိုကရေစီတွေနဲ့ ဆက်ဆံရေးမှာ မတွေ့ရသေးဘူး။ ဥပမာအားဖြင့် အမေ ရိကန်နဲ့ လက်တင်အမေရိက နိုင်ငံတွေရဲ့ ဆက်ဆံရေးကို တွေ့ရမယ်။ လတ်တလောကာလမှာတော့ ဒီမိုကရေစီ အရောင်းမြှင့်တင်မှုက အမေရိကန် ရဲ့ မူဝါဒ ဖြစ်နေခဲ့တယ်။ ဒါပေမယ့်လည်း အမျိုးသားအကျိုးစီးပွားက ဒီမိုကရေစီ အရောင်းမြှင့်တင်ရေးနဲ့ ယှဉ်ပြိုင်နေတာကိုလည်း တွေ့ရပြန်တယ်။ ၁၉၄၅ နောက်ပိုင်းမှာဆိုရင် လက်တင်အမေရိကမှာ ကွန်မြူနစ်စနစ်ကို ဆန့်ကျင်ဖို့နဲ့ ဆိုဗီယက်ဩဇာ မလွှမ်းမိုးစေဖို့ အဓိကဖြစ်ခဲ့ပြီး၊ အဲဒီဒေသတွင်း မှာ အမေရိကန်ရဲ့ စီးပွားရေး အကျိုးစီးပွားတွေကို ကာကွယ်ဖို့က အရေးပါ ခဲ့တယ်။ ဒါကြောင့်လည်း ကိစ္စအတော်များများမှာဆိုရင် ဒီမိုကရေစီ အရောင်းမြှင့်တင်ရေးက နောက်တန်းကို ရောက်သွားခဲ့ရတယ်။ ၁၉၆၀ ပြည့်နှစ်တွေ အစောပိုင်းမှာ ဒိုမီနီကန် ရီပတ်ဘလစ်နိုင်ငံ ကြုံတွေ့ခဲ့ရတဲ့ အခြေအနေက လေ့လာသင့်တဲ့ ဥပမာပဲ။ ဒီမိုကရေစီနည်းကျ ရွေးကောက်ခံရတဲ့ ဟွမ်းဘော့ချ်က အမျိုးသားစီးပွားရေး ပေါ်လစီတွေအရ စီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ချင်တယ်။ ဒါက နိုင်ငံတွင်းမှာရှိတဲ့ အမေရိကန်စီးပွားရေးအကျိုး စီးပွားတွေကို ထိခိုက်စေတယ်။ ဘော့ချ်က စစ်တပ်အာဏာသိမ်းမှုကို

MYANMAR HARP

ရင်ဆိုင်ရတော့မယ့် အချိန်မှာ အမေရိကန်က စစ်အာဏာသိမ်းမှုကို ထောက်ခံခဲ့တယ်။ ဒီလုပ်ရပ်က ကွန်မြူနစ်ဝါဒကို ဆန့်ကျင်ဖို့နဲ့ အမေရိကန်ရဲ့ စီးပွားရေးအကျိုးစီးပွားတွေကို ကာကွယ်ဖို့ အထောက်အပံ့ဖြစ်ခဲ့တယ်။ ဒါပေမယ့် ဒိုမီနီကန် ရီပတ်ဘလစ်ရဲ့ ဒီမိုကရေစီကိုရော၊ လူမှုဖူလုံရေးကိုရော ဘာကောင်းကျိုးမှ မပေးခဲ့ဘူး။

နောက်ထပ်ဥပမာကောင်းတစ်ခုကတော့ ချီလီနိုင်ငံပဲဖြစ်တယ်။ ၁၉၇၀ မှာ ချီလီဟာ လက်တင်အမေရိကရဲ့ အတည်ငြိမ်ဆုံးနဲ့ အရှည်ကြာဆုံး ဒီမိုကရေစီတွေထဲကတစ်ခု ဖြစ်နေခဲ့ပြီ။ ၁၉၇၀ ရွေးကောက်ပွဲမှာတော့ လက်ဝဲယိမ်းပါတီဖြစ်တဲ့ ပေါ်ပြူလာယူနတီရဲ့ ထောက်ခံမှုနဲ့ ဆာဗေးလ်ဒေါ် အယန်ဒေး သမ္မတဖြစ်လာခဲ့တယ်။ သူ့ရဲ့ ပြန်လည်ဖြန့်ဖြူးခြင်းကို အလေးထားတဲ့ စီးပွားရေးပေါ်လစီတွေက ချီလီမှာရှိတဲ့ အမေရိကန်ရဲ့ စီးပွားရေးအကျိုးစီးပွားတွေ အပါအဝင် ထိပ်ပိုင်းအီလစ်တွေရဲ့ အကျိုးစီးပွားတွေကို ထိခိုက်စေခဲ့တယ်။ ရွေးကောက်ပွဲကာလတုန်းက အယန်ဒေး အာဏာမရစေဖို့ အမေရိကန်က သူ့ရဲ့ ပြိုင်ဘက်တွေကို ထောက်ပံ့ခဲ့တယ်။ ရွေးကောက်ပွဲပြီးတော့ အတိုက်အခံတွေနဲ့ ချီလီစစ်တပ်ကို အမေရိကန်က တက်ကြွစွာ ထောက်ပံ့ခဲ့တယ်။ ဒီထိပ်တိုက်တွေ့မှုကနေ ၁၉၇၃ မှာ ဗိုလ်ချုပ်ကြီးပီနိုရှေးက စစ်အာဏာသိမ်းခဲ့ပြီး၊ ကြမ်းတမ်းရက်စက်တဲ့ စစ်အာဏာရှင်စနစ်အောက်မှာ ချီလီနိုင်ငံဟာ ၁၅ နှစ်ကျော် ဖြတ်သန်းခဲ့ရတယ်။ အမေရိကန်ဟာ အယန်ဒေးရဲ့ ချီလီနဲ့ စစ်တော့မဖြစ်ဘူး။ ဒါပေမယ့် အလယ်အမေရိကရဲ့ ၁၉၈၀ ပြည့်နှစ်တွေအတွင်း အဖြစ်အပျက်တွေကိုကြည့်ရင် အတိုက်အခံ အင်အားစုတွေကို စီးပွားရေး၊ စစ်ရေးနဲ့ ကျွမ်းကျင်သူတွေ ထောက်ပံ့ပေးခြင်းဖြင့် ဒီလို ဆောင်ရွက်ချက်တွေနဲ့ တကယ့်စစ်ပွဲကြားက ကွာခြားချက်ကလည်း မသဲကွဲတော့ဘူး။ တချို့ကဆိုရင် အကြမ်းဖက်ဝါဒကို စစ်ဆင်နွှဲခြင်းဆိုတဲ့ ဆက်စပ်အခြေအနေအတွင်းမှာ ဒီမိုကရေစီနဲ့ အရင်းရှင်စနစ် စီးပွားရေးကို

MYANMAR HARP

အရောင်းမြှင့်တင်တာဟာ လစ်ဘရယ်မဟုတ်တဲ့၊ ဒီမိုကရက်တစ် မဟုတ်တဲ့ ရလာဒ်တွေကို ဖြစ်စေနိုင်တယ်လို့ ဆိုကြတယ်။

ဆိုတော့ကာ ဒီဥပမာတွေကို ကြည့်ခြင်းဖြင့် ဘုံနားလည်မှုနဲ့ တူညီတဲ့ ကျင့်ဝတ်အခြေခံတွေအရ ဒီမိုကရေစီတွေက ငြိမ်းချမ်းတဲ့ ဆက်ဆံရေးကို ဖွံ့ဖြိုးစေတယ်ဆိုတဲ့အပေါ် မေးခွန်းထုတ်စရာပဲ။ ဒါဆိုရင် မြောက်ပိုင်းက သမ္မာရင့် ဒီမိုကရေစီတွေနဲ့ တောင်ပိုင်းက ဒီမိုကရေစီတွေကြားက ဆက်ဆံရေးဟာ အနာဂတ်မှာ ဘယ်လိုဖြစ်လာနိုင်သလဲ။ အကောင်းဘက်က ကြည့်ရင်တော့ ဆိုဗီယက်ပြည်ထောင်စုရဲ့ ခြိမ်းခြောက်မှု မရှိတော့တာကြောင့် အမေရိကန် ဦးဆောင်တဲ့ လစ်ဘရယ်ဒီမိုကရေစီတွေက တောင်ပိုင်းက ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေကို အကူအညီပေးလာနိုင်တယ်။ နောက်တစ်ဖက်မှာ ကြည့်ပြန်တော့ စစ်အေးလွန်ခေတ်ရဲ့ အခင်းအကျင်းကိုလည်း သတိပြုဖို့လိုအပ်တယ်။ အမျိုးသားလုံခြုံရေးကြောင့်ဖြစ်စေ၊ စီးပွားရေးအကျိုးစီးပွားကြောင့်ဖြစ်စေ၊ မီးခိုးရောင်ဇုန်အတွင်းက ရပ်တန့်သွားတဲ့ ဒီမိုကရေစီတွေကို ရှေ့မတိုးလာအောင် ဆောင်ရွက်မယ်ဆိုရင်တော့ ဒါဟာ ဒီမိုကရက်တစ်ငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်မှာမဟုတ်ဘူး။

အရှေ့ဥရောပမှာ အသွင်ကူးပြောင်းလာတဲ့ နိုင်ငံတွေကျပြန်တော့ တဘာသာပဲ။ သူတို့က အနောက်ဥရောပနဲ့ တူညီတဲ့ အတိတ်ကာလတွေ ရှိခဲ့တာကြောင့်၊ ဆက်ဆံရေးအဟောင်းတွေကို ပြန်ဖော်ထုတ်ပြီး၊ ဆက်ဆံရေးအသစ်တွေ ကိုလည်း တည်ဆောက်နေတဲ့ လုပ်ငန်းစဉ်အတွင်း ရောက်နေတယ်။ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု အောင်မြင်စွာ ရှေ့ဆက်ရင်တော့ အရှေ့ဥရောပနိုင်ငံအများစုဟာ အနောက်ဥရောပမှာ ရှိနေပြီးသား လုံခြုံရေးကွန်မြူနတီအတွင်းမှာ တင်းပြည့်အဖွဲ့ဝင်တွေ ဖြစ်လာလိမ့်မယ်။

လက်ရှိအချိန်မှာတော့ အရှေ့ဥရောပရဲ့ ပြဿနာက ရုရှားဖြစ်တယ်။ ရုရှားမှာ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ရှေ့ဆက်နိုင်ရင်တော့ လစ်ဘရယ်

MYANMAR HARP

ဒီမိုကရေစီတွေရဲ့ ကွန်မြူနတီအတွင်း ပါဝင်လာနိုင်တယ်။ အဆိုးဆုံးက ဘာဖြစ်နိုင်သလဲဆိုရင်တော့ ရုရှားရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုက ရှုံးနိမ့်မှုတွေ ကြုံတွေ့ရပြီး၊ စစ်အေးတိုက်ပွဲ အသစ်ပေါ်ထွက်လာနိုင်တယ်။

ဒီအပိုင်းမှာ ကန့်ရဲ့အမြင်ဖြစ်တဲ့ ဘုံကျင့်ဝတ်အခြေခံအုတ်မြစ်တွေအပေါ် အခြေခံတဲ့ ဒီမိုကရေစီတွေကြားက ငြိမ်းချမ်းတဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး၊ လေ့လာခဲ့ကြတယ်။ ဒီလို ဆက်ဆံရေးမျိုးဟာ မြောက်ပိုင်းက နိုင်မာသွားပြီဖြစ်တဲ့ ဒီမိုကရေစီနိုင်ငံတွေမှာ အမှန်တကယ်ဖြစ်ထွန်းခဲ့တယ်။ တတိယကမ္ဘာက ဒီမိုကရေစီတွေနဲ့ ဆက်ဆံရေးမှာတော့ မြင်ကွင်းက သိပ်မသဲကွဲဘူး။ အရှေ့ဥရောပကတော့ ဥရောပလုံခြုံရေးကွန်မြူနတီအတွင်း ပါဝင်ဖို့ အလားအလာကောင်းတယ်။ ဒါပေမယ့် ဒီကွန်မြူနတီနဲ့ ရုရှားရဲ့ကြားက ဆက်ဆံရေးကတော့ ခန့်မှန်းရခက်တယ်။

### ဒီမိုကရေစီနိုင်ငံများကြားမှ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု

ကန့်ရဲ့ ဒီမိုကရေစီတွေကြားက အေးချမ်းသောပေါင်းစည်းမှု အယူအဆမှာ နောက်ဆုံးအပိုင်းကတော့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဖြစ်တယ်။ နိုင်ငံတွေက ကူးသန်းရောင်းဝယ်ရေးကို အာရုံစိုက်တဲ့အခါမှာ အပြန်အလှန်အကျိုးဖြစ်တဲ့ မိတ်ဖက်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေနဲ့ အခြားသော စီးပွားဆက်ဆံရေးတွေကို ဖွံ့ဖြိုးစေတယ်။ ဒီအချက်တွေကနေ ဒီနိုင်ငံတွေကြားမှာ ငြိမ်းချမ်းရေးနှောင်ကြိုးကို ခိုင်မာစေတယ်။

နိုင်ငံတွေကြားမှာ ကုန်ပစ္စည်းတွေနဲ့ ငွေကြေးတွေတင်မက၊ လူတွေ၊ သတင်းစကားတွေနဲ့ အခြားသော အပြန်အလှန်ဆက်ဆံရေးတွေ စီးဆင်းနေတာဟာဆိုရင် ကန့်ရဲ့ အချိန်ကထက်များစွာ သာလွန်နေခဲ့ပြီဖြစ်တယ်။ ၁၉၈၀ ပြည့်နှစ်တွေ အစောပိုင်းကစလို့ ကမ္ဘာ့ကုန်သွယ်ရေးကပိုပိုပြီး ကြီးမားလာသလို၊ နိုင်ငံတကာဘဏ္ဍာငွေ စီးဆင်းမှုဆိုရင်လည်း ကုန်သွယ်ရေး

MYANMAR HARP

ထက်တောင် ပိုကြီးမားနေသေးတယ်။

ကန့်ရဲ့ အမြင်အရ စီးပွားရေးဆိုင်ရာ အလဲအလှယ်ပြုလုပ်ခြင်းဟာ အထူးသဖြင့် ဒီမိုကရေစီနိုင်ငံတွေကြားမှာကောင်းစွာ ဖွံ့ဖြိုးနေသင့်တယ်။ ဒီ အမြင်ဟာ အနောက်တိုင်းက စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေကိုကြည့်ရင် မှန်နေတာ ကိုတွေ့ရတယ်။ ဒါပေမယ့် စီးပွားရေးဆိုင်ရာ အပြန်အလှန်ထိတွေ့မှု အဆင့်တွေကို သတ်မှတ်ရာမှာတော့ အခြားသော အချက်တွေဖြစ်တဲ့ နိုင်ငံ စီးပွားရေးရဲ့ အရွယ်အစား၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်နဲ့ စီးပွားရေး ပေါ်လစီတွေက ဒီမိုကရေစီရှိခြင်းထက်ကို ပိုအရေးပါနေနိုင်တယ်။ ဂျပန်နဲ့ ဆွီဒင်လို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အဆင့်မြင့်တဲ့ နိုင်ငံတွေဟာ နီပေါနဲ့ ဘင်္ဂလားဒက်ရှ်လို အဆင့်နိမ့်တဲ့ နိုင်ငံတွေထက် ပြည်ပကုန်သွယ်ရေးမှာ များစွာ သာလွန်နေလိမ့်မယ်။ ထိုင်ဝမ်နဲ့ နယ်သာလန်တို့လို နိုင်ငံတကာ ဈေးကွက်ကို ပစ်မှတ်ထားတဲ့ ဖွံ့ဖြိုးတိုးတက်ရေးပေါ်လစီရှိတဲ့ နိုင်ငံတွေ ကျတော့ မြောက်ကိုရီးယားလို ပြည်တွင်းဦးစားပေးတဲ့နိုင်ငံတွေထက် ပြည်ပ လှုပ်ရှားမှုတွေ ပိုများလိမ့်မယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ စက်မှုထွန်းကားပြီးဖြစ်တဲ့ အနောက်ဥရောပ၊ မြောက်အမေရိက၊ ဂျပန်၊ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတွေကြားမှာတော့ စီးပွားရေးအရ အပြန်အလှန်မှီခိုရမှု မြင့်မြင့်မားမား တည်ရှိနေတယ်။ ဒီနိုင်ငံ တွေမှာက အေးချမ်းသောပေါင်းစည်းမှု ဖြစ်စေမယ့် ကန့်ပြောတဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ တတိယအချက်တင်မကပဲ၊ ပဋိပက္ခတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းလိုတဲ့ ဒီမိုကရေစီယဉ်ကျေးမှုနဲ့ တူညီတဲ့ ကျင့်ဝတ်ဆိုင်ရာ နားလည်မှုဆိုတဲ့ ပထမနှစ်ချက်ပါ ရှိနေကြတယ်။ အပေါ်မှာ ပြောခဲ့သလိုပဲ၊ ဒါတွေက လုံခြုံရေးကွန်မြူနတီကို ဖွဲ့စည်းတာဖြစ်တယ်။

လုံခြုံရေးကွန်မြူနတီအတွင်းမှာက ပြောင်းလဲဖို့လိုအပ်တဲ့ ပြဿနာ တွေ ရှိနေနိုင်သလို၊ အဖွဲ့ဝင်တွေကြားမှာလည်း စီးပွားရေးကိစ္စနဲ့ဖြစ်ဖြစ်၊

MYANMAR HARP

အခြားကိစ္စရဲ့ဖြစ်ဖြစ် ပဋိပက္ခတွေ ရှိနိုင်ပေမယ့်၊ လုံခြုံရေးကွန်မြူနတီအတွင်းက အဖွဲ့ဝင်တွေကတော့ အပြောင်းအလဲကို လိုအပ်ရင်လုပ်ဖို့ စိတ်ပိုင်းဖြတ်ထားသလို၊ ပဋိပက္ခတွေကိုလည်း ငြိမ်းချမ်းတဲ့ နည်းလမ်းနဲ့ ဖြေရှင်းဖို့ စိတ်ပိုင်းဖြတ်ထားကြတယ်။

အရှေ့ဥရောပမှာဆိုရင် ဥရောပသမဂ္ဂထဲ ပါဝင်ခွင့်ရမယ့် နိုင်ငံတွေဟာ စီးပွားရေးအရ အကျိုးအမြတ်တွေ ခံစားခွင့်ရမှာဖြစ်တယ်။ ဆန့်ကျင်ဘက်အနေနဲ့ကတော့ ဒီနိုင်ငံတွေလောက် မဖွံ့ဖြိုးတဲ့ အရှေ့ဥရောပနိုင်ငံတွေကတော့ လုံခြုံရေးကွန်မြူနတီနဲ့ လျော့တိလျော့ရဲ ဆက်ဆံရေး ရှိမှာဖြစ်သလို၊ စီးပွားရေးအရလည်း မှီခိုနေရတဲ့ အနေအထားမှာ ရှိနေလိမ့်မယ်။

ကမ္ဘာ့မြောက်ခြမ်းနဲ့ ကမ္ဘာ့တောင်ခြမ်းတို့ရဲ့ ဆက်ဆံရေးကို ကြည့်မယ်ဆိုရင်လည်း တောင်ခြမ်းက မြောက်ခြမ်းကို မှီခိုနေရပြီး၊ စီးပွားရေးအရလည်း အပြန်အလှန်မှီခိုနေရတာမဟုတ်ပါဘူး။ အချို့သော တောင်ပိုင်းနိုင်ငံတွေကတော့ မြောက်ပိုင်းနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးဖြစ်တာမျိုး ရှိပါတယ်။ ဒါပေမယ့် ပထမပုံစံဖြစ်တဲ့ အကျိုးမဖြစ်တဲ့ပုံစံကိုတော့ ဆာဟာရအောက်ပိုင်းအာဖရိကမှာတွေ့ရတယ်။ အဲဒီဒေသက နိုင်ငံတွေရဲ့ ပို့ကုန်ကိုကြည့်ရင် ဒေသတွင်းထွက်ကုန် တစ်မျိုး၊ နှစ်မျိုးကိုသာ တွေ့ရမှာဖြစ်ပြီး၊ သူတို့ရဲ့ စီးပွားရေးဟာ နည်းပညာအခြေခံ သွင်းကုန်တွေကို အကြီးအကျယ်မှီခိုနေရတယ်။ ဒီနိုင်ငံတွေဆီကို နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုတွေက မလာချင်ကြဘူး။ ဘာကြောင့်လဲဆိုတော့ တည်ငြိမ်မှုမရှိသလို ဆွဲဆောင်မှုလည်း မရှိလို့ပဲ။ ဒီလို အခြေအနေအောက်မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အနည်းငယ်ကိုသာ ဖြစ်စေတယ်။ ဝင်လာတဲ့သူတွေကို ကြည့်ရင်လည်း လက်နက်အရောင်းအဝယ် လုပ်သူတွေ၊ ရွှေနဲ့ စိန်ကုန်သည်တွေ၊ မူးယစ်ဆေးဝါး ရောင်းဝယ်သူတွေ စသည်ဖြင့် တွေ့ရမယ်။ ဒါဟာ အပြန်အလှန်မှီခိုမှု မဟုတ်ဘဲ၊ တဘက်သတ် မှီခိုမှုသာ

ဖြစ်တယ်။

ဒီအခြေအနေကို အရှေ့အာရှနဲ့ လက်တင်အမေရိက နိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်ရအောင်။ ထိုင်ဝမ်မှာဆိုရင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုက အဆင့်သုံးဆင့်နဲ့သွားတယ်။ ၁၉၅၀ ပြည့်နှစ်တွေအတွင်းမှာ သွင်းကုန်အစားထိုးခြင်း။ ၁၉၆၀ ပြည့်နှစ်တွေအတွင်းမှာ လူသုံးကုန်ပစ္စည်းများကို တင်ပို့ခြင်း။ ၁၉၇၀ ပြည့်နှစ်တွေ အလယ်ကစလို့ လျှပ်စစ်နဲ့ ကွန်ပြူတာ စတဲ့ ကုန်ပစ္စည်းတွေကို ထုတ်လုပ်ခြင်းစတဲ့ အဆင့်သုံးဆင့်ကို တွေ့ရတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အကြီးအကျယ် ဝင်ရောက်လာတဲ့အချိန်မှာတော့ ထိုင်ဝမ်ဟာ စက်မှုကုန်ထုတ် စွမ်းဆောင်ရည်ကို တည်ဆောက်ထားပြီးပြီ။ ဒီလိုမျိုး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကနေတဆင့် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းအတွင်းပါဝင်မှုကြောင့် ထိုင်ဝမ်ဟာ ဖွံ့ဖြိုးတိုးတက်မှုကို ရလာခဲ့တယ်။ အချုပ်ဆိုရရင် တောင် – မြောက် ဆက်ဆံရေးရဲ့ အချို့ဒေသတွေမှာ စီးပွားရေးအရ အပြန်အလှန်အကျိုးဖြစ်မှု ရှိခဲ့ပေမယ့်၊ အခြားဒေသတွေမှာတော့ တဖက်သတ်မှီခိုရတဲ့ အနေအထားကို တွေ့ရတယ်။

ဒီအပိုင်းမှာဆိုရင် ကန့်ရဲ့ တတိယအမြင်ဖြစ်တဲ့ ဒီမိုကရေစီတွေကြားက အပြန်အလှန်အကျိုးဖြစ်တဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို လေ့လာခဲ့တယ်။ ဒီအခြေအနေမျိုးဟာ တည်ငြိမ်တဲ့ စက်မှုထွန်းကားပြီး ဒီမိုကရေစီနိုင်ငံတွေမှာ ကောင်းစွာ ဖြစ်ထွန်းတာကို တွေ့ရတယ်။ ကမ္ဘာ့တောင်ခြမ်းနိုင်ငံတွေနဲ့ စီးပွားဆက်ဆံရေးမှာတော့ တွေ့ရတဲ့ မြင်ကွင်းတွေက ရောနေတယ်။ ချို့နဲ့တဲ့နိုင်ငံတွေဆိုရင် သူများအပေါ် မှီခိုနေရပြီး၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေကတော့ အပြန်အလှန်မှီခိုမှုကနေ အကျိုးအမြတ်တွေရနေတယ်။ တောင်ပိုင်းက အားနည်းနေဆဲဖြစ်တဲ့ ဒီမိုကရေစီတွေဟာ မြောက်ပိုင်းက ထိပ်တန်းဒီမိုကရေစီတွေနဲ့ စီးပွားရေးအရ ဆက်ဆံရာမှာ အပြန်အလှန် အကျိုးဖြစ်အောင် မလုပ်နိုင်သေးဘူး။ ဒီတော့ကာ ကန့်ပြောတဲ့ အေးချမ်း

MYANMAR HARP

သောပေါင်းစည်းမှုအတွက် လိုအပ်တဲ့ တတိယအချက်ကို ပြည့်မှီအောင် လုပ်ဖို့ လိုနေသေးတယ်လို့ ဆိုရမယ်။

**ငြိမ်းချမ်းရေးဟာ ဒီမိုကရေစီရဲ့ရလဒ် ဟုတ်သလား**

အတိတ်ကာလတုန်းက ဒီမိုကရေစီနိုင်ငံတွေ အချင်းချင်း စစ်မဖြစ်ကြဘူး။ ဒီနေ့အချိန်မှာတော့ ကမ္ဘာမှာ အရည်အသွေးအဆင့်အတန်း ကွာခြားပေမယ့် ဒီမိုကရေစီလို့ ပြောနိုင်တဲ့ နိုင်ငံတွေ ပိုများလာနေတယ်။ ဒီလို ဒီမိုကရေစီ ပျံ့နှံ့ခြင်းဟာ နိုင်ငံတွေကြားက ငြိမ်းချမ်းရေးအတွက် ကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးပေးမလား။ ဒီမိုကရေစီဆီကနေ ငြိမ်းချမ်းရေးစီးဆင်းလာလိမ့်မယ်ဆိုတဲ့ သီအိုရီအခြေခံကို ကန့်ကပြောထားတယ်။ သူပြောတဲ့ ဒီမိုကရေစီတွေရဲ့ အေးချမ်းသောပေါင်းစည်းမှုက ဒေါက်တိုင်သုံးခုပေါ်မှုတည်တယ်။ (၁) ပဋိပက္ခတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းလိုတဲ့ ယဉ်ကျေးမှုကို ပိုင်ဆိုင်တဲ့ ဒီမိုကရေစီတွေရဲ့ တည်ရှိမှု။ (၂) ဘုံကျင့်ဝတ်အခြေခံတွေအရ ဒီမိုကရေစီနိုင်ငံတွေကြားမှာ ရှိနေတဲ့ ကျင့်ဝတ်နှောင်ကြိုး။ (၃) အပြန်အလှန် အကျိုးဖြစ်စေတဲ့ ဒီမိုကရေစီနိုင်ငံတွေရဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု။

ဒီအခန်းမှာ ဒီအချက်သုံးချက်ကို လတ်တလော ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေနဲ့ ဆက်စပ်ပြီးလေ့လာဆန်းစစ်ခဲ့တယ်။ ဒီအခါမှာတော့ ပဋိပက္ခတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းလိုတဲ့ ဒီမိုကရေစီယဉ်ကျေးမှုဟာ ဒီမိုကရေစီအသစ်တွေမှာ မဖွံ့ဖြိုးသေးတာကို တွေ့ရတယ်။ တကယ်တော့ အေးချမ်းသောပေါင်းစည်းမှုကို မရသေးခင် ဒီမိုကရက်တစ် စံနှုန်းတွေကို ကျင့်သားရနေဖို့ လိုအပ်ပြီး၊ ဒီလိုနိုင်ငံရေးယဉ်ကျေးမှု ဖွံ့ဖြိုးဖို့က အချိန်တော့ယူရမှာဖြစ်တယ်။ ဒီအချိန်မှာကိုပဲ၊ ဒီမိုကရေစီမဟုတ်တဲ့ အုပ်ချုပ်ရေးတမျိုးမျိုး ပြန်ရောက်သွားနိုင်ခြေကလည်း ရှိနေပြန်တယ်။

ဒုတိယအခြေအနေကတော့ ဒီမိုကရေစီတွေကြားမှာ ဘုံကျင့်ဝတ်

MYANMAR HARP

နှောင်ကြိုးတွေ တည်ရှိမှုဖြစ်တယ်။ ဒီလိုဆက်ဆံရေးမျိုးက အနောက်တိုင်းရဲ့ နိုင်မာသွားပြီဖြစ်တဲ့ ဒီမိုကရေစီတွေမှာတော့ ဖွံ့ဖြိုးခဲ့ပြီးပြီ။ ပြီးတော့လည်း အနောက်တိုင်းဒီမိုကရေစီနိုင်ငံတွေနဲ့ ဖွဲ့စည်းထားတဲ့ လုံခြုံရေးကွန်မြူနတီကို အရှေ့ဥရောပက ဒီမိုကရေစီအသစ်တွေ ပါဝင်လာနိုင်စေဖို့ အောင်မြင်စွာ ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ရတယ်။ ဒီအထဲကိုတော့ ကမ္ဘာ့တောင်ခြမ်းက ဒီမိုကရေစီအသစ်တွေ ပါဝင်နိုင်ချင်မှ နိုင်လိမ့်မယ်။ အတိတ်ကဆိုရင် အမေရိကန်က သူ့ရဲ့စီးပွားရေး ဒါမှမဟုတ် လုံခြုံရေး အကျိုးစီးပွားအတွက် တောင်ခြမ်းက ဒီမိုကရေစီတွေကို ဆန့်ကျင်ပြီး ဆောင်ရွက်တာရှိခဲ့တယ်။ ဒါ့အပြင် ဒီမိုကရေစီ အရောင်းမြှင့်တင်မှုကြောင့် လစ်ဘရယ်မဟုတ်တဲ့၊ ဒီမိုကရေစီမဟုတ်တဲ့ ရလာဒ်တွေ ပေါ်ထွက်လာမှာကိုလည်း စိုးရိမ်မှုတွေ ရှိတယ်။ ဒီလိုမျိုးဆိုရင်တော့ အေးချမ်းတဲ့ပေါင်းစည်းမှုဟာ အားကောင်း နိုင်မာလာမှာ မဟုတ်ဘူး။

နောက်ဆုံးအခြေအနေကတော့ ဒီမိုကရေစီတွေကြားက အပြန်အလှန်အကျိုးဖြစ်တဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပဲဖြစ်တယ်။ ဒီလိုမျိုး စီးပွားရေးအရ အပြန်အလှန်မှီခိုမှုက အနောက်တိုင်းက နိုင်မာသွားပြီဖြစ်တဲ့ ဒီမိုကရေစီတွေမှာ မြင့်မြင့်မားမား ဖွံ့ဖြိုးနေခဲ့ပြီးပြီ။ အရှေ့ဥရောပက ဒီမိုကရေစီအသစ်တွေဆိုရင်လည်း အီးယူအတွင်း ပါဝင်လာခြင်းဖြင့် ဒီဖြစ်စဉ်အတွင်းကို ရောက်လာတော့မှာဖြစ်တယ်။ ဒါပေမယ့် ကမ္ဘာ့တောင်ခြမ်းက အားအနည်းဆုံး နိုင်ငံတွေအတွက်တော့ အပြန်အလှန်မှီခိုမှုထက် တဖက်သတ်ဖြစ်နေတဲ့ စီးပွားရေးအရ မှီခိုရမှုကို ကြုံတွေ့ရဖို့ ရှိတယ်။

ဒီတော့ကာ ဒီမိုကရေစီအသစ်တွေကိုရော၊ အဟောင်းတွေကိုပါ စုစည်းမိစေမယ့်၊ ကမ္ဘာလုံးဆိုင်ရာ အေးချမ်းသောပေါင်းစည်းမှု ပေါ်ထွက်လာမယ်လို့တော့ သေချာပေါက် ပြောမရဘူး။ ငြိမ်းချမ်းရေးဇုန် ရှိနေမယ့် အေးချမ်းသောပေါင်းစည်းမှုဆိုတာက ရေရှည်ပရောဂျက်ဖြစ်တယ်။ ဒီပရောဂျက်

MYANMAR HARP

အောင်မြင်ဖို့ဆိုရင် ကန့်ပြောခဲ့တဲ့ အခြေအနေသုံးမျိုးစလုံး ဒီမိုကရေစီနိုင်ငံတွေမှာ ရှိနေဖို့လိုတယ်။ လက်ရှိအချိန်မှာတော့ အနောက်တိုင်းက စက်မှုထွန်းကားပြီး နိုင်ငံတွေမှာ အေးချမ်းသောပေါင်းစည်းမှုကို အမှန်တကယ်တွေ့နေရပြီး၊ အရှေ့ဥရောပက ဒီမိုကရေစီအသစ်တွေလည်း ပါဝင်လာဖို့ရှိတယ်။ တောင်ခြမ်းက ဒီမိုကရေစီ အတော်များများမှာတော့ ကန့်ပြောတဲ့ အခြေအနေသုံးမျိုးထဲက နှစ်မျိုး ကင်းမဲ့နေတယ်။ ပြီးတော့လည်း ဒီနိုင်ငံတွေအနေနဲ့က အသွင်ကူးပြောင်းမှုကို ရှေ့ဆက်တိုးအောင်မလုပ်နိုင်ဘဲ၊ အာဏာပိုင်စနစ်ဆီ နောက်ပြန်လှည့်သွားနိုင်ခြေတွေကလည်း ရှိနေပြန်တယ်။ ဒါပေမယ့်လည်း ယေဘုယျအားဖြင့် ပြောရမယ်ဆိုရင် ခိုင်မာသွားပြီဖြစ်တဲ့ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းရေးတို့ကြားမှာ အဆက်အစပ်ရှိတယ်ဆိုတာကိုတော့ ပယ်ချဖို့ခက်ခဲပါတယ်။

❑ ❑ ❑

MYANMAR HARP

အခန်း (၇)

# ဒီမိုကရေစီနှင့်
# ဒီမိုကရေစီအသွင်ကူးပြောင်း
# ခြင်း၏
# အနာဂတ်

## ဒီမိုကရေစီနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း၏အနာဂတ်

၂၀၀၆ ခုနှစ်အကုန်မှာ ဖရီးဒမ်းဟောက်စ်ရဲ့ အဆိုအရ နိုင်ငံပေါင်း ကိုးဆယ်ဟာ လွတ်လပ်တဲ့ နိုင်ငံတွေ ဖြစ်တယ်။ ဒါဟာ စစ်အေးခေတ်ကထက် ပိုပြီးတိုးတက်လာခြင်းဖြစ်တယ်။ ၁၉၇၂ ကဆိုရင် လွတ်လပ်တဲ့နိုင်ငံက ၄၃ နိုင်ငံပဲရှိခဲ့တယ်။ ဒီနေ့မှာတော့ ဒီမိုကရက်တစ် စိတ်ကူးစံတွေကို အများ ပြည်သူရဲ့ထောက်ခံမှုက အားကောင်းနေသလို၊ ဒီမိုကရေစီစံနှုန်းတွေကို လက်ခံဖို့ခက်မယ်လို့ ထင်ခဲ့တဲ့ လူ့အဖွဲ့အစည်းတွေမှာလည်း ဒီလိုအခြေ အနေမျိုးကို တွေ့ရတယ်။ ပြီးတော့လည်း နိုင်ငံရေးဒီမိုကရေစီကို အိုင်ဒီအို လိုဂျီအရ အဓိကယှဉ်ပြိုင်နိုင်တာက အစ္စလမ်ပဲရှိတော့တယ်။ ဒါပေမယ့်လည်း အယ်ဂျီးရီးယားနဲ့ အီရတ်တို့မှာလို ဒီမိုကရေစီအဖွင့်ကြောင့် အရင်အာဏာပိုင် စနစ်အောက်မှာ ဖိနှိပ်ခံရတဲ့ ဒီမိုကရေစီမဆန်တဲ့ အစ္စလမ်မစ်အဖွဲ့တွေ ရွေး ကောက်ပွဲမှာ အခြေအနေ ကောင်းလာတာမျိုးကို တွေ့ရသလို၊ အင်ဒိုနီးရှားနဲ့ တူရကီနိုင်ငံတွေကို ကြည့်ခြင်း အားဖြင့်လည်း ဒီမိုကရေစီနဲ့ အစ္စလမ်ကြားမှာ ယေဘုယျအားဖြင့် ကိုက်ညီမှုရှိအောင် လုပ်နိုင်တာကိုလည်း တွေ့ရပြန်တယ်။

အချုပ်ဆိုရရင် ဒီမိုကရေစီရဲ့ အိုင်ဒီယာက ကမ္ဘာလုံးဆိုင်ရာ အိုင်ဒီအိုလိုဂျီ အဆင့်မှာ အားကောင်းနေပြီဖြစ်ပြီး အာဏာပိုင်အုပ်ချုပ်ရေးကို တက်ကြွစွာ ခုခံကာကွယ်တဲ့ အာဏာရှင်တွေဆိုရင်လည်း အနည်းငယ်သာ ရှိတော့တယ်။

တချိန်တည်းမှာပဲ၊ မခိုင်မာသေးဘဲ၊ ကွဲလွယ်ရှလွယ်ဖြစ်နေတဲ့ ဒီမိုကရေစီတွေက မီးခိုးရောင်ဇုန်ထဲမှာ ရှိနေပြန်တယ်။ ဒီနိုင်ငံတွေထဲက အများစုအတွက်တော့ ဒီမိုကရေစီအလားအလာက သိပ်မကောင်းဘူး။ အခန်း (၂) မှာ ညှိုးဖျင်းတဲ့ ရွေးကောက်ပွဲတွေ၊ နိုင်ငံတော်ဖြစ်မှု ကင်းမဲ့နေခြင်းနဲ့ ထိပ်ပိုင်းအီလစ်တွေရဲ့ လွှမ်းမိုးမှုက အသွင်ကူးပြောင်းမှုကို ရပ်တန့်သွားအောင် လုပ်နိုင်တယ်ဆိုတာကို လေ့လာခဲ့တယ်။ အခန်း (၅) မှာတော့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနဲ့ လူ့အခွင့်အရေး ဖွံ့ဖြိုးမှုတွေဟာ မီးခိုးရောင်ဇုန်ထဲက နိုင်ငံတွေမှာ ရှိချင်မှရှိလိမ့်မယ်ဆိုတာကို လေ့လာခဲ့တယ်။ အခန်း (၆) မှာတော့ လက်တလော ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေကြောင့် ပိုငြိမ်းချမ်းတဲ့ ကမ္ဘာကြီး ဖြစ်လာချင်မှ ဖြစ်လာမယ်ဆိုတာကို လေ့လာခဲ့တယ်။ အသွင်ကူးပြောင်းလာတဲ့ နိုင်ငံတိုင်း အေးချမ်းသောပေါင်းစည်းမှုအတွင်း ပါဝင်လာဖို့ဆိုတာက ရေရှည်ပရောဂျက်ဖြစ်ပြီး၊ သေချာပေါက် အောင်မြင်မယ်လို့ အာမမခံနိုင်ဘူး။

ဒီနောက်ခံအခြေအနေတွေအရ အရေးတကြီးလုပ်ရမှာကတော့ မီးခိုးရောင်ဇုန်ထဲက ဒီမိုကရေစီနိုင်ငံတွေရဲ့ ဒီမိုကရေစီကို ဖွံ့ဖြိုးလာစေမယ့် အင်စတီကျူးရှင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနဲ့ လူမှုရေးဆိုင်ရာ အပြောင်းအလဲတွေကို ပြင်ဆင်ပြီး ရှေ့ကိုတိုးဖို့ပဲ။ ဒီမိုကရေစီကို နက်ရှိုင်းအောင်လုပ်တာက ခိုင်မာစေခြင်းဖြစ်စဉ်ရဲ့ သွင်ပြင်တစ်ခုပဲ။ နောက်သွင်ပြင်တစ်ခုကတော့ ဒီမိုကရေစီကို နိုင်ငံရေးယဉ်ကျေးမှုမှာ ပေါင်းစပ်သွားအောင် အပြောင်းအလဲလုပ်ဖို့ပဲ။

ဒီမိုကရေစီခိုင်မာစေခြင်းကို လွှမ်းမိုးတဲ့ အရေးအကြီးဆုံး အကြောင်းအချက်တွေနဲ့ ပတ်သက်လို့တော့ သီအိုရီ မရှိဘူး။ တချို့ကတော့ စီးပွားရေး

MYANMAR HARP

ဖွံ့ဖြိုး တိုးတက်မှုအဆင့်ကိုပြောတယ်။ နိုင်ငံရဲ့ ပျမ်းမျှတစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၆၀၀၀ နဲ့အထက်ရရင် ဘယ်လိုအခြေအနေမျိုးနဲ့ပဲ ကြုံတွေ့ကြုံတွေ့ ဒီမိုကရေစီ ဆက်ရှင်သန်မယ်လို့ ပြောကြတာလည်းရှိတယ်။ ဒါပေမယ့် လတ်တလော အသွင်ကူးပြောင်းမှုတွေကို ကြည့်ရင်တော့ သူတို့ရဲ့ စီးပွားရေး အဆင့်က ဒီအဆင့်အောက်ကို ရောက်နေကြတယ်။ ဒါဆိုရင် သူတို့တစ်တွေ ဒီမိုကရေစီနိုင်မာလာစေဖို့အတွက် သင့်လျော်တဲ့ အကြောင်းအချက်က ဘာဖြစ်မလဲ။ ပညာရှင်တွေကတော့ အရေးအကြီးဆုံး အချက်သုံးချက်ကို ပြောတယ်။

(၁) နိုင်ငံရေးစနစ်ရဲ့ တရားနည်းလမ်းကျမှု

(၂) အင်စတီကျူးရှင်းပီသသော နိုင်ငံရေးပါတီများ

(၃) အရပ်ဘက်လူ့အဖွဲ့အစည်းများ အားကောင်းမှု ဆိုတဲ့အချက် သုံးချက်ဖြစ်တယ်။

နိုင်မာသွားပြီဖြစ်တဲ့ ဒီမိုကရေစီတွေဟာ တရားနည်းလမ်းကျမှုကို အခြေခံကြတယ်။ ပြည်သူတွေက ခေါင်းဆောင်တွေရဲ့ အာဏာပိုင်စိုးမှုကို လက်ခံကြတယ်။ ဒါဟာ တစ်ဦးတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးကြောင့် မဟုတ်ဘဲ၊ အာဏာရယူတဲ့ စနစ်ကို လက်ခံတာကြောင့်ဖြစ်တယ်။ အာဖရိက နိုင်ငံတွေမှာတော့ တစ်ဦးတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို တရားနည်းလမ်းကျမှုအဖြစ် လက်ခံထားကြတာကို တွေ့ရလေ့ရှိတယ်။ ဒီလိုအခြေအနေမျိုးမှာ ဒီမိုကရေစီကို နိုင်မာအောင်လုပ်ဖို့က ခက်ခဲတယ်။ ဘာကြောင့်လဲဆိုတော့ တရားနည်းလမ်းကျမှုဆိုင်ရာ စည်းမျဉ်းကြီးတစ်ခုလုံးကို ပြောင်းလဲပစ်ရမှာကြောင့်ပဲဖြစ်တယ်။

နိုင်ငံရေးပါတီတွေဆိုရင်လည်း ဒီမိုကရေစီနိုင်မာစေဖို့ အလွန်ကို အရေးပါလှတယ်။ အခန်း (၂) မှာ ပြောခဲ့သလို၊ ဒီမိုကရေစီက နိုင်ငံရေးဖြစ်စဉ် အတွင်းမှာ မရေရာမှုတွေကို ဖြစ်စေတယ်။ ဒီမိုကရက်တစ် အင်စတီကျူး

MYANMAR HARP

ရှင်းတွေ၊ အထူးသဖြင့် တည်ငြိမ်တဲ့ ပါတီစနစ်က မရောရာမှုတွေကို လျှော့ချပေးတယ်။ နိုင်ငံရေးဖာတ်ကောင်တွေက စည်းမျဉ်းတွေကို သိကြပြီး၊ လိုလားချက်ကို ဘယ်လိုနည်းလမ်းနဲ့ ရယူရမလဲဆိုတာကိုလည်း သိကြတယ်။ ပါတီစနစ်က အင်စတီကျူးရှင်း ပီပြင်သွားရင် ဒီမိုကရေစီကလည်း ဖွံ့ဖြိုးလာတယ်။ နိုင်ငံရေးပါတီတွေ ပီပြင်တဲ့ အင်စတီကျူးရှင်းတွေ ဖြစ်လာတယ်ဆိုတာက နိုင်ငံရေးဖြစ်စဉ်အတွင်းမှာ သူတို့ဟာ တန်ဖိုးထားခံရပြီး၊ တည်ငြိမ်တဲ့ အဖွဲ့အစည်းတွေအဖြစ် ပေါ်ထွက်လာတယ်ဆိုတာကို ပြသနေတယ်။ အာဖရိက၊ အာရှနဲ့ လက်တင်အမေရိက နိုင်ငံအတော်များများမှာ အင်စတီကျူးရှင်းပီပြင်တဲ့ ပါတီစနစ်မရှိဘူး။ ဒီလိုအခြေအနေကြောင့် ဒီနိုင်ငံတွေရဲ့ ဒီမိုကရေစီ ခိုင်မာမှုဟာ ကြန့်ကြာနေရတယ်။ ဥရုဂွေးနဲ့ ချီလီလို အင်စတီကျူးရှင်းပီပြင်တဲ့ နိုင်ငံတွေမှာတော့ ဒီမိုကရေစီ ခိုင်မာစေဖို့ အလားအလာကောင်းတွေကို ရရှိနိုင်ခဲ့တယ်။

နိုင်ငံရေးပါတီတွေဟာ အရပ်ဘက်လူ့အဖွဲ့အစည်းလို့ခေါ်တဲ့ နိုင်ငံတော်မဟုတ်တဲ့ အင်စတီကျူးရှင်းတွေထဲက အစိတ်အပိုင်းတစ်ခုပဲ။ အသင်းအပင်းတွေ၊ အကျိုးစီးပွားအုပ်စုတွေ၊ နိုင်ငံသားအခွင့်အရေးအဖွဲ့တွေ စတဲ့ သိပ်သည်းတဲ့ ကွန်ရက်ဖြစ်တဲ့ ထိရောက်တဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေဟာ ဒီမိုကရေစီ ခိုင်မာစေဖို့အတွက် အကောင်းဆုံး အခြေခံတွေပဲ။ ဒီမိုကရေစီအသစ်တွေမှာက အရပ်ဘက်လူ့အဖွဲ့အစည်းတွေဟာ စတင်ပေါ်ထွက်လာခါစသာ ရှိသေးတာကြောင့် ဒီမိုကရေစီခိုင်မာစေဖို့ ဆောင်ရွက်ရာမှာ နောက်ထပ်ပြဿနာတွေကို ရင်ဆိုင်ရတယ်။

အချုပ်ဆိုရရင် အသွင်ကူးပြောင်းလာခါစနိုင်ငံတွေဟာ ဒီမိုကရေစီ မခိုင်မာသေးသလို ရှေ့အလားအလာတွေ လည်း မတူကြဘူး။ အပေါ်မှာပြောခဲ့တဲ့ အချက်သုံးချက်က ရှေ့အလားအလာတွေကို အရေးအကြီးဆုံး အဆုံးအဖြတ်ပေးနေတဲ့ အချက်တွေထဲမှာ ပါဝင်တယ်။ ဒီအချက်တွေကို ဆောင်ရွက်

MYANMAR HARP

နိုင်တဲ့ နိုင်ငံတွေမှာ အောင်မြင်နိုင်ခြေများပြီး၊ မဆောင်ရွက်နိုင်ရင်တော့ အောင်မြင်နိုင်ခြေ နည်းပါတယ်။ လက်တွေ့မှာလည်း ဒီအချက်သုံးချက်စလုံးကို ပိုင်ဆိုင်တဲ့နိုင်ငံက အနည်းငယ်သာရှိတယ်။ ဒါကြောင့်လည်း ကမ္ဘာတဝှမ်းမှာ ဒီမိုကရေစီ ခိုင်မာစေခြင်းနဲ့ ပတ်သက်လို့ အဆိုးမြင်မှုတွေကို တွေ့နေရတာဖြစ်တယ်။

အခုပြောခဲ့တာကတော့ ဒီမိုကရေစီအသစ်တွေရဲ့ အလားအလာနဲ့ ပတ်သက်လို့ပဲဖြစ်တယ်။ ခိုင်မာသွားပြီဖြစ်တဲ့ စက်မှုထွန်းကားပြီး ဒီမိုကရေစီတွေရဲ့ ဒီမိုကရက်တစ်စွမ်းအားနဲ့ပတ်သက်လို့လည်း ဖြစ်နိုင်ခြေတွေကို လေ့လာဖို့ လိုအပ်တယ်။ ရောဘတ်ပွတ်နမ်က အမေရိကန်မှာ လူမှုအရင်းတွေ လျော့ကျလာနေပြီ၊ ဒါဟာ ဒီမိုကရေစီ အရည်အသွေးအတွက် မကောင်းဘူးလို့ဆိုတယ်။ လူမှုအရင်းဆိုတာကတော့ လူမှုအဖွဲ့အစည်းရဲ့ သွင်ပြင်ဖြစ်ပြီး၊ တစ်ဦးကိုတစ်ဦး ယုံကြည်မှု၊ စံနှုန်းတွေနဲ့ ကွန်ရက်တွေ ပါဝင်တယ်။ ဒီသွင်ပြင်တွေက စုပေါင်းဆောင်ရွက်မှုကို ဖြစ်စေပြီး၊ လူ့အဖွဲ့အစည်းရဲ့ စွမ်းဆောင်ရည်ကို တိုးတက်စေတယ်။ လူမှုအရင်းကို ပြတဲ့ အဓိကမြားတံကတော့ အသင်းအပင်းအသီးသီးမှာ အဖွဲ့ဝင်အချိုးအစား ဘယ်လောက်ရှိနေကြသလဲဆိုတာပဲဖြစ်တယ်။ အမေရိကန်မှာဆိုရင် အဖွဲ့ဝင် အချိုးအစားဟာ လျော့ကျလာနေတယ်။ ၁၉၈၀ နဲ့ ၁၉၉၃ အတွင်းမှာ ဘိုးလင်းကစားသူ ၁၀ ရာခိုင်နှုန်းတိုးလာပေမယ့်၊ အဖွဲ့ဝင်အရေအတွက်ကတော့ ၄၀ ရာခိုင်နှုန်း လျော့ကျသွားတယ်။ ပွတ်နမ်က ဒီလို လူမှုအရင်း လျော့ကျမှုကြောင့် ခိုင်မာသွားပြီဖြစ်တဲ့ ဒီမိုကရေစီတွေရဲ့ စွမ်းအားကို ထိခိုက်စေလိမ့်မယ်လို့ ဆိုပါတယ်။

ပွတ်နမ်ရဲ့ လေ့လာမှုမှာ အားနည်းချက်တွေရှိပေမယ့်၊ ဒီမိုကရေစီရဲ့ အဆင့်အတန်း မကျသွားဘူးလို့ တထစ်ချ မပြောနိုင်ကြောင်း သူ့ရဲ့လေ့လာမှုက ပြသနိုင်ခဲ့တယ်။ အမှန်တကယ်လည်း ဒီမိုကရေစီ ဆက်လက်ရှင်သန်ဖို့အတွက်

MYANMAR HARP

အဆက်မပြတ် ကြိုးစားနေကြရတာဖြစ်တယ်။ ဒီမိုကရေစီကို ထိန်းသိမ်းမှုမှာ အရေးပါတဲ့ အချက်တစ်ခုကတော့ ပြည်သူအများရဲ့ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုနဲ့ ထောက်ခံမှုပဲဖြစ်တယ်။ လူမှုအရင်းလျော့ကျသွားတဲ့ အခါမှာတော့ ပြည်သူအများရဲ့ ပါဝင်ဆောင်ရွက်မှုနဲ့ ထောက်ခံမှုတွေကိုလည်း ထိခိုက်လာနိုင်တယ်။

ဒီမိုကရေစီအတွက် နောက်ထပ်စိန်ခေါ်မှုက ဂလိုဘယ်လိုက်ဇေးရှင်း ဆီကနေလာတယ်။ အမျိုးသားအစိုးရတွေဟာ သူတို့နိုင်ငံနယ်နမိတ်အတွင်းက အရေးအရာတွေကို ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် ထိန်းချုပ်နိုင်မှု လျော့ကျလာရင် ဒါဟာ ဒီမိုကရေစီကို ထိခိုက်စေလိမ့်မယ်။ နိုင်ငံရဲ့ ခေါင်းဆောင်တွေကိုတော့ ဒီမိုကရေစီမှုတွေအရ ရွေးချယ်ကောင်း ရွေးချယ်မယ်။ ဒါပေမယ့် စီးပွားရေးနဲ့ အခြားသော ဖွံ့ဖြိုးတိုးတက်ရေးတွေကို ပြင်ပအင်အားစုတွေက ဆုံးဖြတ်ပေးနေလို့ နိုင်ငံ့အရေးအရာတွေကို စီမံခန့်ခွဲနိုင်မယ့် ပါဝါမရှိဘူးဆိုရင် ဒီလိုရွေးချယ်ခံလို့ရော၊ ဘာအဓိပ္ပါယ်ရှိမှာလဲ။ ဒီမေးခွန်းနဲ့ ပတ်သက်လို့ ပြောရရင်တော့ ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ဒီမိုကရေစီအပေါ် ခြိမ်းခြောက်မှုဟာ အလွန်အငြင်းပွားရတဲ့ ကိစ္စဖြစ်တယ်။ အချို့ကဆိုရင် ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ဆိုးကျိုးဟာ အလွန်အမင်းချဲ့ကားပြောဆိုခံရတာသာ ဖြစ်ကြောင်း။ ဒီမိုကရက်တစ် အစိုးရတွေအနေနဲ့ နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို စီမံခန့်ခွဲနိုင်ဆဲပဲ ဖြစ်ကြောင်း ထောက်ပြကြတယ်။ အချို့သော နိုင်ငံရေးသမားတွေဟာ ဂလိုဘယ်လိုက်ဇေးရှင်းကို အပြစ်ဖို့ပြီး၊ နိုင်ငံရဲ့ အရေးကိစ္စတွေကို ပေါ့လစီချပြီး၊ တက်ကြွစွာ စီမံခန့်ခွဲရမယ့်အစား ဘာမှမလုပ်ပဲ နေကြကြောင်း ထောက်ပြကြတယ်။ အခြားသူတွေကတော့ ဂလိုဘယ်လိုက်ဇေးရှင်းက နိုင်ငံအစိုးရတွေရဲ့ လှုပ်ရှားခွင့်ကို ကျဉ်းပစ်လိုက်တာကြောင့် ပေါ်လစီချမှတ်တဲ့အပေါ် လေးလေးနက်နက် သက်ရောက်တယ်လို့ ဆိုကြတယ်။

MYANMAR HARP

ဒီမိုကရေစီက ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ စိန်ခေါ်မှုကို ဘယ်လို ရင်ဆိုင် နိုင်မလဲ။ အပြင်ကမ္ဘာနဲ့ အဆက်ဖြတ်ပြီး အထီးကျန်နေဖို့ကတော့ မဖြစ်နိုင်ဘူး။ ဂလိုဘယ်လိုက်ဇေးရှင်းမှာက အပြန်အလှန်အကျိုးဖြစ်ဖို့အတွက် အခြားသူတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းလည်း ပါဝင်တယ်။ ဥပမာအားဖြင့် စက်မှုထွန်းကားပြီး ဒီမိုကရေစီတွေက ဂလိုဘယ်လိုက်ဇေးရှင်းဆီကနေ ကြီးမားတဲ့ အကျိုးဖြစ်မှုကို ခံစားရတယ်။ အပြန်အလှန်မှီခိုမှု ပိုများလာတဲ့ ကမ္ဘာကြီးမှာက အထီးကျန်နေခြင်းက နိုင်ငံကို အကျိုးမဖြစ်စေဘူး။ အကျိုး မဖြစ်တာနဲ့ ပတ်သက်လို့ ဥပမာအားဖြင့် မြောက်ကိုရီးယားနဲ့ အခြားနိုင်ငံ အချို့ကို တွေ့ရမယ်။

လုပ်လို့ရတဲ့ နည်းလမ်းတစ်ခုကတော့ ဥရောပသမဂ္ဂလိုမျိုး ဒေသတွင်းပူးပေါင်းဆောင်ရွက်ခြင်းပဲ။ အီးယူရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာဆိုရင် ဂလိုဘယ်လိုက်ဇေးရှင်းကြောင့် အမျိုးသားအဆင့်မှာ ဆုံးရှုံးသွားတဲ့ အချို့သော အရာတွေကို ပြန်ရနိုင်ဖို့ အဖွဲ့ဝင်နိုင်ငံတွေက ကြိုးပမ်းကြခြင်းလည်းဖြစ်တယ်။ နက်နက်ရှိုင်းရှိုင်း ပူးပေါင်းဆောင်ရွက်မှုကြောင့် အခြားနိုင်ငံတွေရဲ့ ပေါ်လစီတွေအပေါ် လွှမ်းမိုးနိုင်ခွင့်ရလာပြီး။ ဒီလိုနဲ့ ဥရောပအဆင့်မှာ တိုက်ရိုက်ပတ်သက်နိုင်စွမ်းရှိလာတယ်။

ဒီမိုကရက်တစ် ရှုထောင့်ကနေ ကြည့်ရင်တော့ အီးယူရဲ့ ပူးပေါင်းဆောင်ရွက်မှုမှာ ပြဿနာနှစ်ခုရှိတယ်။ ပထမက သူများအပေါ် လွှမ်းမိုးနိုင်မှုရှိလာတာနဲ့အတူ သူတစ်ပါးရဲ့ ကိုယ့်အပေါ်လွှမ်းမိုးမှုကို ခွင့်ပြုပေးရတယ်။ ဒါပေမယ့် နိုင်ငံငယ်လေးတွေကရော ဒေသတွင်းနဲ့ နိုင်ငံတကာဖိုရမ်တွေမှာ ဘယ်လောက်အဆုံးအဖြတ်ပေးနိုင်သလဲ။ အားကြီးတဲ့ နိုင်ငံကြီးတွေရဲ့ ဦးဆောင်မှုနောက်ကိုလိုက်ဖို့ ဖိအားပေးမခံရဘူးလား။ ဒုတိယက အီးယူရဲ့ နိုင်ငံဖြတ်ကျော် အုပ်ချုပ်ရေးပုံစံက အမျိုးသားအဆင့် လွှတ်တော်တွေနဲ့ အစိုးရတွေရဲ့ အုပ်ချုပ်ရေးပုံစံလောက် ဒီမိုကရက်တစ် မဖြစ်ဘူး။ ဆုံးဖြတ်

MYANMAR HARP

ချက် အများအပြားကို ဒီမိုကရက်တစ် လုပ်ပိုင်ခွင့် အပ်နှင်းမခံရတဲ့ ဗျူရို ကရက်တွေနဲ့ ကော်မရှင်တွေဆီ လုပ်ပိုင်ခွင့်ပေးထားတာကြောင့်လည်း အီးယူမှာ ဒီမိုကရက်တစ်ချို့တဲ့မှု ရှိနေတယ်လို့ အချို့ကဆိုကြတယ်။

အီးယူရဲ့ နိုင်ငံဖြတ်ကျော်အုပ်ချုပ်ရေးပုံစံကို ကြည့်ခြင်းဖြင့် အမျိုးသားအဆင့်မှာ တွေ့ရတဲ့ ဒီမိုကရက်တစ် ပုံစံမျိုး ဖြစ်မနေတာကိုတွေ့ ရတယ်။ ဒီလို ဒေသတွင်း အဖွဲ့အစည်းမှာတောင် ဒီလိုပြဿနာမျိုး ရှိနေရင်၊ ကမ္ဘာလုံးဆိုင်ရာ အဆင့်မှာဆိုရင် ဒီထက်တောင်ပြဿနာက ပိုကြီးနိုင်သေး တယ်။ အချို့ဆိုရင် ကမ္ဘာအနှံ့ ဖြန့်ကျက်မယ့် ကော်စမိုပိုလီတန် ဒီမိုကရေစီ ဆိုတာကို ပြောလာကြတယ်။ ဒီမှာတွေ့ရမှာက အမျိုးသားနိုင်ငံတော်ကို အခြေမခံဘဲ၊ ကမ္ဘာအနှံ့ ဖြန့်ကျက်ထားတဲ့ ဒီမိုကရေစီတည်ဆောက်ပုံကို အခြေခံမယ့် ဒီမိုကရေစီမူဘောင်အသစ်ဖြစ်ပြီ။ ဒါက ဂလိုဘယ်လိုက်ဇေးရှင်း ရဲ့ စိန်ခေါ်မှုတွေကို တုံ့ပြန်မှာဖြစ်တယ်။ ဥပမာအားဖြင့် ပညာရှင် ဒေးဗစ် ဟဲလ်ကဆိုရင် နိုင်ငံစုံ နိုင်ငံသားဖြစ်နေသူတွေ ပါဝင်မယ့် ကော်စမိုပိုလီတန် ဒီမိုကရေစီဆိုတာကိုပြောတယ်။

နိုင်ငံစုံနိုင်ငံသား အယူအဆက ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်မှာ ပါဝင်နေတဲ့ ဒီမိုကရေစီအပေါ် စိန်ခေါ်မှုကို ပြသနေတယ်။ အခန်း (၂) မှာ တုန်းက ဒီမိုကရေစီအတွက် တင်ကူးအခြေအနေတွေကိုပြောခဲ့တယ်။ ပြည်သူ တွေအနေနဲ့ သူတို့ဟာ ဘယ်နိုင်ငံရေးကွန်မြူနတီအတွင်း ပါဝင်တယ်ဆို တာကို သိနေရမယ်။ နိုင်ငံစုံနိုင်ငံသား အယူအဆကတော့ ဒါနဲ့ ခြားနားသွားပြီ။ လူတွေဟာ ဒေသန္တရအဆင့်၊ နိုင်ငံအဆင့်၊ ဒေသတွင်းအဆင့်နဲ့ နိုင်ငံ ဖြတ်ကျော်အဆင့်တွေမှာ နိုင်ငံသားတွေ ဖြစ်နေလိမ့်မယ်။ ကော်စမိုပိုလီတန် ဒီမိုကရေစီက အမျိုးသားနိုင်ငံတော်ကို အခြေခံတဲ့ ဒီမိုကရေစီနဲ့ ခြားနားတယ်။ ဒီအဓိပ္ပါယ်အရ ဂလိုဘယ်လိုက်ဇေးရှင်းဟာ ဒီမိုကရေစီကို ကြီးကြီးမားမား စိန်ခေါ်နေတယ်။ အထူးသဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ထိတွေ့မှုကို

MYANMAR HARP

အများဆုံးခံရတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံတွေကို စိန်ခေါ်နေတယ်။ ပြောရရင်တော့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်စဉ်ဟာ ပြဿနာအသစ်တွေကို ဆက်လက် ရင်ဆိုင်ပြီး တုံ့ပြန်နေရမှာဖြစ်တယ်။ ဒီမိုကရေစီ အခိုင်မာဆုံးဆိုတဲ့ နိုင်ငံတွေမှာတောင်မှ ပြဿနာတွေကို ဖြေရှင်းဖို့ လိုအပ်နေတာဖြစ်တယ်။

တကယ်တော့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွေဟာ အစပြုခြင်းသာဖြစ်ပြီး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ရှေ့မှာတွဲပြီးပါလာမယ်လို့တော့ ကျိန်းသေမပြောနိုင်ဘူး။ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုတွေဆိုရင်လည်း အောင်မြင်သွားတာမျိုးကို တွေ့ရသလို၊ ရှုံးနိမ့်သွားတာကိုလည်း တွေ့မြင်နေရတာဖြစ်တယ်။ ဒါပေမယ့် အနာဂတ်ကို ကြိုတင်ပြဋ္ဌာန်း မထားပါဘူး။ ဒီမိုကရေစီ ဖွံ့ဖြိုးလာမှုဟာ ဒေသန္တရအဆင့်၊ နိုင်ငံအဆင့်နဲ့ ကမ္ဘာလုံးဆိုင်ရာအဆင့်တွေမှာရှိတဲ့ ဇာတ်ကောင်တွေရဲ့ ဆောင်ရွက်ချက်တွေအပေါ် မူတည်နေတာလည်းဖြစ်တယ်။ ဒီဇာတ်ကောင်တွေ အနေနဲ့က ဒီမိုကရေစီဖြစ်စဉ်ကို နက်ရှိုင်းပြီး အားကောင်းစေမယ့် နည်းလမ်းတွေကို ရှာတွေ့နိုင်ဖို့ လိုအပ်တယ်။ သူတို့ရဲ့ ဆောင်ရွက်ချက် အားလုံးကို မူတည်လို့ ဒီမိုကရေစီ အောင်မြင်သလား၊ ကျဆုံးသလားဆိုတာကို အဆုံးအဖြတ်ပေးလိမ့်မယ်။ ယနေ့ မြင်နေရတဲ့ အားနည်းနေဆဲ ဒီမိုကရေစီတွေဆိုရင် ယခင်တွေ့ခဲ့ရတဲ့ အာဏာရှင်စနစ်ထက်တော့ ရှေ့ခြေ တလှမ်း ရောက်နေခဲ့ပြီ။ ဒါပေမယ့် ဒီမိုကရေစီ ခိုင်မာစေဖို့အတွက်တော့ စစ်မှန်ပြီး၊ ရေရှည်တည်တံ့တဲ့ တိုးတက်မှုတွေကို လိုအပ်ပါလိမ့်မယ်။

သူရိန်မျိုးမြင့်

❑ ❑ ❑

MYANMAR HARP

## အကိုးအကား


1. Georg Sorensen, Democracy and Democratization, Westview Press, 2008.

2. Jeffrey Haynes (ed.), Routledge Handbook of Democratization, Routledge, 2012.

3. Mohn T. Ishiyama, Comparative Politics: Principles of Democracy and Democratization, Wiley-BlackwEll, 2012.


## သူရိန်မျိုးမြင့်၏ ထွက်ရှိပြီး လုံးချင်းစာအုပ်များ

(၁) ဒီမိုကရေစီနိုင်ငံများအား နှိုင်းယှဉ်လေ့လာခြင်း

(၂) နိုင်ငံရေးပညာရပ်အား လေ့လာခြင်း

(၃) ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေး

ယခု

ဒီမိုကရေစီနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း